www.burmeseclassic.com

# ရှန်းယော် ကင်ဒေါင်

## ဝင်းနုညိုးဝင်းသော



www.burmeseclassic.com

www.burmeseclassic.com

(စီစဉ်သူ—ကိုယဉ်နိုင်)

တစ်အုပ် — သုံးဆယ်ကျပ်

# မန်းမော်တင်အောင်

## 'ဝမ်းနည်းဝမ်းသာ'

အပေါင်းလက္ခဏာစာပေ
အမှတ် ၁၉၅/၃(က)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
☎ ၈၁၃၄၆၀

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၂၇၀/၉၄(၈) |
| မျက်နှာဖုံးခွင့်ပြုချက် | ၇၉၀/၉၄(၈) |
| ထုတ်ဝေသည့်လ | ၁၉၉၄၊ စက်တင်ဘာလ |
| အုပ်ရေ | ၂၀၀၀ |
| မျက်နှာဖုံးပန်းချီ | မောင်မောင်သိုက် |
| မျက်နှာဖုံးရိုက် | ဒေါ်ကျင်လွန်[၀၁၅၆၃]၊ မိုးသီတာပုံနှိပ်တိုက်၊ ၃၇၆၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးကျော်ဝေး(မြ၀၁၅၆၉)၊ ရွှေပြည်တော်စာပေ ၂၂၆၊ ၃၂ လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | ဦးစိန်ဝင်း (၀၁၃၈၆)ဝင်းမျိုးပုံနှိပ်တိုက် ၉၆၊ ၉၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

၁။ ပြည်ထောင်စု မပြိုကွဲရေး ....ဒို့အရေး

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ....ဒို့အရေး

၃။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ....ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ဖမ်ဆနက္ခသော တာဝန်ဖြစ်သည်။

BURMESE CLASSIC

## စာရေးဆရာ၏ ဝန်ခံချက်

ဤ'ဝမ်းနည်းဝမ်းသာ' ဝတ္ထုသည် စာရေးသူ၏ ဝတ္ထု မဟုတ်ကြောင်း ရှေးဦးစွာ ဝန်ခံခြင်းပြုရန် တာဝန်ရှိလိမ့်မည် ထင်လေသည်။ အဘယ်ကြောင့်ဆိုသော်ဤ 'ဝမ်းနည်းဝမ်းသာ' ဝတ္ထုသည် စာရေးသူက ရုပ်ရှင် ရိုက်ကူးရန် ရည်ရွယ်ပြင်ဆင်ထားသော ဇာတ်လမ်းတစ်ပုဒ်ကို ဝတ္ထုအဖြစ် ပြန်လည်ရေးသားခြင်း ပြုရသောကြောင့် ဖြစ်သည်။

ဤ 'ဝမ်းနည်း ဝမ်းသာ' ဇာတ်ညွှန်းကို 'ရွှေဟင်္သာရုပ်ရှင်ကုမ္ပဏီ'မှ ရုပ်ရှင်ရိုက်ကူးနေပြီလည်း ဖြစ်လေသည်။ မူလ ဇာတ်ညွှန်းရေးသူမှာ 'တက္ကသိုလ် မြတ်လေး' ကိုယ်တိုင် ဖြစ်၍ ဒါရိုက်တာ 'ဦးချစ်ခင်'က ရိုက်ကူးနေခြင်းမျှသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ရုပ်ရှင် ရိုက်ကူးနေပြီ ဖြစ်သော
ဇာတ်ညွှန်းတစ်ပုဒ်ကို အဘယ့်ကြောင့် စာရေး
သူက ဝတ္ထုရေးရသနည်း။ ထိုမေးခွန်းသည်
ပေါ်ထွက်လာလေသည်။ ထိုသို့ပေါ်ထွက်လာ
သော မေးခွန်းကိုလည်း စာရေးသူကိုယ်တိုင်
ဖြေကြားဖို့ တာဝန်ရှိလေသည်။

ရွှေဟသ်ာ ရုပ်ရှင် ကုမ္ပဏီမှာ ကုမ္ပဏီသ
ဖြစ်လေသည်။ ထိုကုမ္ပဏီကို ထူထောင်ကြသူမျ
သည် ခေတ်ပညာတတ်များလည်း ဖြစ်သ
သူတို့လူသိုက်သည် ရုပ်ရှင်လုပ်ငန်းကို တိုးမြှင့်
သော လူသိုက်လည်း ဖြစ်ကြသည်။

သို့ရာတွင် ထိုလူသိုက်သည် သူတို့ဘာသ
အေးအေးလုပ်မနေဘဲ ရင်းနှီးသောမိတ်ဆွေ
ဦးအနေနှင့် စာရေးသူအားလာရောက်၍ ဇာ
လမ်းကောင်းတစ်ပုဒ်ကို အရှာခိုင်းကြသ
အနုပညာသည်တစ်ဦး၏ဘဝနှင့်ပတ်သက်သေ
ဇာတ်လမ်းကို ပို၍ ရိုက်ချင်သည်ဟုလည်း
များကြသေးသည်။ ထို့ကြောင့် စာရေး
ကိုယ်လွတ်ရုန်းသည့်အနေနှင့် ပြင်သစ် စာ
ဆရာကြီး 'ရိုမင်ဂိုလင်' ရေးသော 'ဂျင်း
စတိုဖာ' ဝတ္ထုကို လက်ညှိုး ထိုးပြလိုက်သ



ထိုကဲ့သို့သော ဇာတ်လမ်းများကို ရေးနိုင်စွမ်း
သူမှာလည်း အခြားသူကို မမြင်မိဘဲ 'ဒဂုန်
တာရာ' ကို လက်ညှိုးထိုးပြလိုက်မိသည်။

သို့ရာတွင် ထိုကိစ္စသည် ဤမျှနှင့် မပြီးလိုက်
ပြန်ချေ။ တစ်နေ့သ၌ ရွှေဟသ်ာရုပ်ရှင်ကုမ္ပဏီ
ပိုင်ရှင်များသည် စာရေးဆရာ ဒဂုန်တာရာ၊
မင်းရှင်၊ ကျော်အောင်၊ သော်တာဆွေနှင့်
တက္ကသိုလ်မြတ်လေးတို့လူသိုက်ကို စာရေးသူ
၏နေအိမ်သို့ အဘင်းမဲ့ချလာသည်။ ဂျင်းခရစ်
စတိုဖာရိုက်၍ မလွယ်သေးသဖြင့် တက္ကသိုလ်
မြတ်လေး၌ အဆင်သင့် ရေးသားထားသော
ဇာတ်ညွှန်းတစ်ပုဒ်ကို ရုပ်ရှင်ရိုက်လိုရန် ပြောဆို
လာကြပြန်သည်။ ထို့ကြောင့် တက္ကသိုလ်
မြတ်လေး၏ ဇာတ်ညွှန်းကို ဝိုင်း၍ ဖတ်ကြပြန်
သည်။ အားနည်းချက်များကို ဝိုင်း၍ ရှာကြရ
ပြန်သည်။ သို့ရာတွင် သူ၏ ဇာတ်ညွှန်းမှာ ခိုင်
ခံ့ပြီးသားဖြစ်၍ ဘာမျှ အားဖြည့်ပေးရန် မလို
သလောက် ဖြစ်နေသည်။

သို့ရာတွင် ရွှေဟသ်ာရုပ်ရှင်ကုမ္ပဏီမှ တာဝန်
ခံ တစ်ဦးဖြစ်သော ဦးသန်းတင်(စာပေသစ်)
က ထိုဇာတ်ညွှန်းကို ယခုရေး၍ စာဖတ်ပရိသတ်
အား ပေးရလျှင် ပို၍ ကောင်းလိမ့်မည် ထင်
ကြောင်း ပြောဆိုလာသည်။ သို့ရာတွင် ထို

www.burmeseclassic.com

www.burmeseclassic.com

## အမှာ

ဇာတ်ညွှန်းကို ဝတ္ထုအဖြစ် ပြန်လည်ရေးသား ရန်အတွက် စာရေးဆရာ ဒဂုန်တာရာသည် လည်းကောင်း၊ မင်းရှင်နှင့် ကျော်အောင် တို့ သည်လည်းကောင်း၊ သော်တာဆွေသည် လည်း ကောင်း စိတ်အားထက်သန်မှုမရှိကြချေ။ ထိုသို့ မရှိရုံမျှသာလျှင် မဟုတ်သေး။ သူတစ်ပါးကိုပင် ချောက်တွန်းလိုက်ကြပြန်သည်။

နောက်ဆုံး၌ စာရေးသူအပေါ်သို့ ဝိုင်း၍ ပုံချကြလေသည်။ ဝိုင်း၍ အကျပ်ကိုင်ကြလေ သည်။

ဝမ်းရေးအကြောင်း ဝတ္ထုများကို အရေး အ သား ရ ခက်ခဲနေချိန်တွင် 'လွမ်း'ရေး အကြောင်း ဝတ္ထုများကို ရေးသားရန် စဉ်းစား နေရသော စာရေးသူအနေနှင့် ထိုဇာတ်ညွှန်း ကို ဝတ္ထုအဖြစ် ပြန်လည်ရေးသားရန် နောက် ဆုံး၌ ခေါင်းညိတ်လိုက်ရခြင်းမျှသာ ဖြစ်တော့ သည်။

**တင်အောင်**

# ဝမ်းနည်းဝမ်းသာ

**မိုးမလင်းနိုင်သော ညတစ်ည**

( ၁ )

သတ္တလောကကြီး တစ်ခုလုံးသည် အိပ်မောကျလျက် ရှိပေ သည်။ လုံလ ဝီရိယ ရှိလှသည်ဆိုသော ကျီးငှက်နှင့် စာငှက် များသည်ပင် လှုပ်လှုပ်ရှားရှားခြင်း မရှိကြသေး။ ၎င်းတို့၏ အသိုက်အမြုံများတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေကြတုန်း ဖြစ်လေသည်။

သို့ရာတွင် တစ်ယောက်တည်းသော ထိုသူသည်သာလျှင် အများတကာကဲ့သို့ အိပ်စက်ခြင်းပြုနိုင်ဟန် မရှိသောကြောင့် အဆုံးသတ်နိုင်သေးပုံမပေါ်သော ၎င်း၏ တစ်ပုဒ်သော ကဗျာ ကို ၎င်းဘာသာ တစ်ယောက်တည်း မြည်တမ်းရွတ်ဆိုလျက် ရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ဘေးပတ်ဝန်းကျင်နှင့် အနီးအနား တစ်ဝိုက်တွင် သက်မဲ့ သဘာဝသာလျှင် ရှိလေသည်။ သို့ရာတွင် ထိုသူသည် သူ၏ကဗျာကို တစ်စုံ တစ်ယောက်တလေများ ကြားသွားလေ ပြီလား ဟူသော စိုးရိမ်ပူပန်ချက်ဖြင့် ဆီမန်း မန်းသလို တိုးသာ ရွတ်ဆိုလျက်ရှိနေပေသည်။

တကယ်ဆိုတော့ ထိုသူသည် ကဗျာတစ်ပိုဒ်ကို ရွတ်ဆိုနေသာ ကဗျာဆရာတစ်ယောက်နှင့်တော့ကား မတူ၊ လူ့ဘောင် ဒွန်း၏ အမြင်တက်သို့ မကျေမချမ်းနှင့် ပြေးထွက်သွားပြီး နောက် ပြန်လည် ကြိမ်ဆဲနေရှာသော သတ္တဝါတစ်ကောင်နှင့်သာ တူလေသည်။

မိုးမှုကား မလင်းသေးချေ။ နေထွက် ပြူလာဖို့ကို ကား ထားဘိဦး၊ အရုဏ်သည်ပင် အရိပ်အယောင်လောက်မျှ မသန်း သေးချေ။ စကြဝဠာ၏ တစ်ဖက်စွန်းတွင် အလုပ်များနေတုန်း ဖြစ်ဟန်တူပေသည်။

ဩကာသ လောကကြီး တစ်ခုလုံးကို အအေးဓာတ်သည် တင်းတင်းကျပ်ကျပ် ရစ်ပတ်ထားလေသည်။ တဖွဲဖွဲ ကျဆင်း နေသော နှင်းထုကြီးကလည်း ကမ္ဘာမြေတစ်ပြင်လုံးကို ဖုံးလွှမ်း လျက် ရှိနေပေသည်။ ယင်းသို့ အအေးဓာတ်က ရစ်ပတ်ကာ နှင်းများ တဖွဲဖွဲကျဆင်းနေသော အရုဏ်မတက်မီ အချိန်တွင် သတ္တလောကကြီးသည် အိပ်မောကျလျက် ရှိနေခြင်းပင် ဖြစ် လေသည်။

လုံ့လဥဿာဟနှင့်ပြည့်စုံခြင်းရှိလှပေသည်ဆိုသော ကြီးငှက် နှင့် စာငှက်တို့သည်ပင် ၎င်းတို့၏ အသိုက်အမြုံများမှ မထွက်



နိုင်ကြသေး။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြတုန်းသာ ဖြစ် လေသည်။

သို့ရာတွင် တစ်ယောက်သည်သော ထိုကဗျာဆရာသည် သာလျှင် အများတကာကဲ့သို့ အိပ်စက်ခြင်း ပြုနိုင်ဟန် မရှိ သောကြောင့် အဆုံးသတ်နိုင်သေးပုံလည်း မပေါ်သော ၎င်း၏ တစ်ပုဒ်သော ကဗျာကို ၎င်းဘာသာ တစ်ယောက်တည်း မြည်တမ်းရွတ်ဆိုလျက် ရှိနေလေသည်တကား။

( ၂ )

တဖွဲဖွဲ ကျဆင်းလျက်ရှိနေသော နှင်းထုကြီး၏ အောက် တွင် ရန်ကုန်မြို့တော်၏ ကျက်သရေဆောင်နှင့် အပေါ်ယံ အလှတစ်ခုမျှသာ ဖြစ်သော ဗန္ဒုလပန်းခြံကြီးသည် မှောင်ရိပ် မှိုင်းပျ၍နေပေသည်။

နိုင်ငံခြားတော်၏ တရားဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရန် အတွက် မြင့်မြင့်မားမား ထူထောင် ဆောက်လုပ်ထားရှိသော တရားလွှတ်တော်ချုပ် အဆောက်အအုံကြီးသည်လည်း အအေး မိကာ ၎င်း၏ မျက်စိအောက်မှ ပန်းခြံကြီးကို တုံ့ကျုံ ဘာမှ ငုံ့ကြည့်နေသလား ထင်ရလေသည်။

www.burmeseclassic.com

မဟာဗန္ဓုလဟူ၍ ထည်ထည်ဝါဝါ ကင်ပွန်းတပ်ထားသော လမ်းမကြီး၏ တစ်ဖက်မှ မြို့တော်၏ ကျက်သရေဆောင် အဆောက်အအုံကြီးသည်လည်း အအေးဒဏ်ကို မခံနိုင်တော့၍လား မသိ၊ ၎င်းနှင့် မျက်စောင်းထိုးမှ တရားလွှတ်တော်ချုပ် အဆောက်အအုံကြီးကို စစ်ကူတောင်းသည့်အနေနှင့် မကြာခဏ လှမ်း၍ လှမ်း၍ ကြည့်နေသည်။

မဟာဗန္ဓုလ လမ်းမကြီးနှင့် ဆူးလေ လမ်းမကြီး တို့၏ ကြက်ခြေခတ်ပေါ်တွင် စံပယ်တော်မူလျက်ရှိသော စေတီတော်ကြီးမူကား တရားလွှတ်တော်ချုပ်အဆောက်အအုံနှင့်မြို့တော်၏ ကျက်သရေဆောင် အဆောက်အအုံကြီးများကဲ့သို့ မဟုတ်မူဘဲ ရင့်ကျက်တည်ငြိမ်ခြင်း ရှိလှပေသည်။ ဥပေက္ခာတရားကို နှလုံးသွင်းကာ စံပယ်တော်မူလျက် ရှိလေသည်။

အမျိုးသား လွတ်လပ်ရေး ပြန်လည် ရယူခဲ့ကြပြီ ဆိုသော အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုခြင်းပြုရန်အတွက် တိုင်းသူပြည်သားများ၏ အခွန်တော် ဘဏ္ဍာငွေများဖြင့် ဗန္ဓုလပန်းခြံ အလယ်ဗဟိုတွင် တခမ်းတနားနှင့် မြင့်မြင့်မားမား စိုက်ထူထားရှိခဲ့သော 'လွတ်လပ်ရေးကျောက်တိုင်ကြီး' သည်လည်း တဖွဲဖွဲ ကျဆင်းနေသော နှင်းထုကြီး၏အကြားတွင် ပျောက်ကွယ်လုခမန်း ဖြစ်နေပေသည်။

ယင်းသို့ နှင်းထုကြီး၏ အကြားတွင် ပျောက်ကွယ်လုခမန်း ဖြစ်နေသော လွတ်လပ်ရေးကျောက်တိုင်ကြီး၏အောက်ခြေရင်းတွင် တစ်ယောက်သော ထိုကဗျာဆရာသည် ၎င်း၏အဆုံးသတ်



နိုင်သေးပုံမပေါ်သော ကဗျာတစ်ပုဒ်ကို ၎င်းဘာသာ တစ်ကိုယ်ကြား မြည်တမ်းရွတ်ဆိုနေခြင်းမျှသာ ဖြစ်ပေသည်။

သူသည် လွတ်လပ်ရေးကျောက်တိုင်ကြီးကို မှီကာ မြို့တော်ခန်းမကြီးဘက်သို့ မျက်နှာမူလျက် ခြေပစ်လက်ပစ် ထိုင်လျက် ရှိနေလေသည်၊ အိပ်စက်ခြင်းကိုသော မပြုသော်လည်း ကဗျာဆရာသည် သူ၏ မျက်လုံးများကိုမူကား မဖွင့်ချေ။ မှိတ်ထားလေသည်။ သို့ရာတွင် သူ၏အထက်နှင့်အောက် နှုတ်ခမ်းများသည် လှုပ်ရှားနေကြသည်။

နှင်းများ တဖွဲဖွဲကျဆင်းကာ အအေးဓာတ်သည် ရစ်ပတ်လျက်ရှိသော်လည်း သဘာဝကို ကာကွယ်ခြင်းပြုရန် အတွက် ထိုကဗျာဆရာ၌ အရောင်အဆင်းမင် ထင်ရှားစွာ မမြင်ရတော့သော ကုတ်အင်္ကျီအဟောင်း တစ်ထည်တည်းသာ ရှိလေသည်။ သူသည် ထိုကုတ်အင်္ကျီဟောင်းကြီးကို တင်းတင်းကျပ်ကျပ် ဝတ်ဆင်ထားသည်။ သူ၏လုံချည်ကွင်းသည်လည်း အအေးဒဏ်ကို တွန်းလှန်ခြင်း ပြုနိုင်လောက်သော သက္ကလတ်ထည် မဟုတ်ချေ။ ပြည်တွင်းရက် ချည်လုံကွင်း အနွမ်းတစ်ထည်မျှသာ ဖြစ်လေသည်။ အဖာအထေးများနှင့်လည်း ဖြစ်ပေသည်။

ကဗျာဆရာသည် အသက်အစိတ်ခန့် ပတ်ဝန်းကျင် အရွယ် လူငယ်တစ်ဦးမျှသာ ဖြစ်ပေသည်။ သို့ရာတွင် အသက်မွေးလောက်သော အစားအစာနှင့် လိုအပ်သော ဆေးဝါးတို့ကို မှန်မှန်ကန်ကန် မှီဝဲခြင်း ပြုရဟန် မရှိသောကြောင့် ဖျော့တော့နွမ်းနယ်နေပေသည်။ ညိုးငယ် ပိန်ချုံးနေသကဲ့သို့လည်း ရှိလေသည်။

www.burmeseclassic.com



ထိုသူ၏ဆံပင်များသည် ဆီနှင့် ဝေးကွာနေရသည်မှာ ကာလအတန်ကြာခဲ့ပေါ်လေသည်။ သေရသည့်သဘ်မရှိ၊ ဖားလျားကျနေသည်။ သူ၏မျက်နှာသည် နုပျိုခြင်း ရှိသေးသည်ဟု ဆိုနိုင်သိမ့်ဦးမည်ဖြစ်သော်လည်း သဘာဝ၏ ပုတ်ခတ် ညှဉ်းပန်းမှုများကို ကြာရှည်လေးမြင့်ခံခဲ့ရဟန်ရှိသောကြောင့် ညိုးခြောက်နေပေသည်။ နေလောင်ထားပေသည်။

သို့ရာတွင် ကဗျာဆရာသည် ၎င်း၏ ကိုယ်ကိုသော် လည်းကောင်း၊ ၎င်း၏ ဘေးပတ်ဝန်းကျင်ကိုသော် လည်းကောင်း၊ အချိန်နာရီကိုလည်းကောင်း အလျဉ်းပင် အရေးထားရကောင်းမှန်း မသိသကဲ့သို့ ကျောက်တိုင်ကြီးကို ခြေပစ်လက်ပစ် မှီကာ ၎င်း၏ တစ်ပိုဒ်သော ကဗျာကို ရွတ်ဆိုမြည်တမ်းလျက် ရှိသေသည် တကား....။

( ၃ )

မိုးမှုကားမလင်းသေးချေ။ တစ်လောကလုံးပင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေတုန်းပင် ဖြစ်လေသည်။

သို့ရာတွင် ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးတစ်မြို့တွင် အိပ်စက်နားနေခြင်း ပြုရန် အမှုအတွက် ကျောတစ်ခင်းစာ နေရာကလေး တစ်



နေရာမျှပင် မရှိတော့သလို တစ်ယောက်သော ထိုကဗျာဆရာသည် အဒအားခါတ် ရစ်ပတ်လွန်ကဲကာ နှင်းမှုန်းတဖွဲဖွဲကျဆင်းလျက်ရှိသော လွတ်လပ်ရေးကျောက်တိုင်ကြီး၏ အောက်ခြေရင်းတွင် မှိုခိုလျောင်းစက်လျက်ရှိနေပေသည်၊ တကယ်ဆိုတော့ ထိုလွတ်လပ်ရေး ကျောက်တိုင်ကြီးသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုပင် မဟုတ်ပါသလော။ လွတ်လပ်သော ပြည်ထောင်စုသားတိုင်း ပိုင်ဆိုင်သော ကျောက်တိုင်ကြီးလည်း မဟုတ်သလော။ ကဗျာဆရာသည် ထိုအတိမ္မာနှင့် ထိုခံယူချက်များကို အခွင့်ကောင်းယူကာ ထိုကျောက်တိုင်ကြီးကို ၎င်း၏ လျောင်းစက်သော ဘုံဗိမာန်အဖြစ်ဖြင့် အသုံးချနေခြင်းလည်း ဖြစ်တန်ရာလေသည်။

သူသည် ထိုကျောက်တိုင်၏ အောက်ခြေ၌ အိပ်စက်နေထိုင်ရာ ကျောတစ်ခင်းစာမျှ ရှာကြံ၍ မရသော ညများတိုင်းလိုလိုတွင် ယခုကဲ့သို့ တိုးဝှေ့ခိုအောင်းခြင်းပြုလေ့ရှိပုံရသည်။

သူသည် ကဗျာဆရာတစ်ယောက်မျှသာလျှင် မဟုတ်သေး၊ လွတ်လပ်သော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သားတစ်ဦးတစ်ယောက်လည်းဖြစ်သည် မဟုတ်သလော။ အဘယ့်ကြောင့် သူသည် ထိုလွတ်လပ်ရေးကျောက်တိုင် အောက်ခြေရင်းမှ လွတ်လပ်သော ပြည်ထောင်စုသားကြီးတစ်ဦးကို ဘယ်ရာလက်လွှတ် မောင်းထုတ်ဖယ်ရှားခြင်း ပြုနိုင်သနည်း။ ကဗျာဆရာသည် ဤအခွင့်အရေးကို ကောင်းစွာ အသုံးချလျက် ရှိနေပေါ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘေးခေတ်၏ ဖိစီးမှုကြောင့် ကဗျာဆရာသည် ခိုက်ခိုက်တုန်လှုပ်ရှိမေသည်၊ သူ၏ နှုတ်ခမ်းများသည်ပင် ပြာနှမ်းနေလေသည်၊ သို့ရာတွင် သူသည် ကဗျာရွတ်ဆိုနေသော အမှုကို နား မပျက်ချေ။ သူသည် အဘယ်ကဲ့သို့သော ကဗျာကိုများ ရွတ်ဆိုနေသနည်း။

သူ၏ ကဗျာသည် အတိတ်ကို လွမ်းဆွတ် ဖွဲ့နွဲ့ထားသော ကဗျာတစ်ပုဒ်ပင် ဖြစ်လေမည်လော၊ သို့တည်းမဟုတ်လျှင်လည်း မိုးလင်းနိုင်သော ညတစ်ညကို ကျိန်ဆဲထားသော ကဗျာတစ်ပုဒ်များ ဖြစ်လိမ့်မည်လော။

အမှန်ကို ဘယ်သူသိနိုင်မည်နည်း၊ အဘယ်ကြောင့်ဆိုသော် ကဗျာဆရာသည် ၎င်း၏ အဆုံးသတ်နိုင်သေးပုံ မပေါ်သော ကဗျာတစ်ပုဒ်ကို ၎င်း၏ တစ်ကိုယ်ကြားမျှသာလျှင် ဆီမန်းမန်းသလို တီးတိုး မည်တမ်းနေသောကြောင့်ပင် ဖြစ်လေသည်၊ ထိုကဗျာတစ်ပုဒ်၏ အကြောင်းအရာကို သူတစ်ယောက်တည်းသာလျှင် သိရှိနားလည်နိုင်လိမ့်မည် ဖြစ်လေသည်ကား။

## ( ၄ )

ဗန္ဓုလပန်းခြံအလယ်ဗဟိုရှိ လွတ်လပ်ရေး ကျောက်တိုင်ကြီးကို ခြေပစ်လက်ပစ်မှီကာ တစ်ယောက်သော ထိုကဗျာ



ဆရာသည် ၎င်းဘာသာ တစ်ယောက်တည်း နားလည် ကြားနိုင်သော ကဗျာတစ်ပုဒ်ကို ဆီမန်းမန်းသလို ရွတ်ဆို မြည်တမ်းလျက် ရှိနေခိုက် သိမ်ကြီးဈေးဘက်ဆီလောက်မှ ဂျစ်ကားတစ်စီးသည် ဆီကုန်စက်ကုန်ဖွင့်ကာ မဟာဗန္ဓုလလမ်းမကြီးအတိုင်း ဆူးလေဘုရားဘက်ဆီသို့ တရကြမ်း မောင်းချလာလေသည်။

လူတကာ အိပ်မောကျ၍ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ဝိုက်သို့ သိမ်ကြီးဈေးဘက်လောက်ဆီမှ ဆီကုန်စက်ကုန်ဖွင့်ကာ မောင်းချဝင်ရောက်လာသော ဂျစ်ကားသံကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

မည်ကဲ့သို့သော အရေးအခင်းရှိနေခြင်းကြောင့် ထိုဂျစ်ကားသည် ထိုမျှ ဆူညံသံအသံထုတ်ကာ ဆီကုန်စက်ကုန် တရကြမ်း မောင်းချလာရသနည်း။ ဂျစ်ကားပေါ်တွင် လူ လေးယောက်မျှ ပါလာသည်။ ယောကျ်ားသုံးယောက်နှင့် မိန်းမတစ်ယောက်တို့ ဖြစ်ကြလေသည်။ ယောကျ်ား သုံးယောက် အနက် ကားကို မောင်းလာသူမှာ အသက် သုံးဆယ်သာသာခန့်အရွယ် လူရည်ခပ်လည်လည်ထဲကနှင့် တူလေသည်။ ကျန်နှစ်ယောက်မှာ အသက် နှစ်ဆယ်ခန့်နှင့် အစိတ်ခန့်အကြား လူငယ်လူရွယ်များ ဖြစ်ကြလေသည်။

ဒရိုင်ဘာလုပ်သူသည် မော်တော်ကားလီဗာကို ဒစ်ညှိ မောင်းနှင်ရင်း နောက်ပိုင်းသို့ မကြာမကြာ လှည့်၍ကြည့်ပေသည်၊ လူငယ်နှစ်ဦးတို့သည် တစ်စုံတစ်ရာအတွက် အလွန်တရာ စိုးရိမ်ထိတ်လန့်နေသော အမူအရာများ ပေါ်လွင်လျက်ရှိလေ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ လူရွယ်နှစ်ဦးအနက် တစ်ယောက်သောသူသည် ဂျစ်ကား၏ နောက်ခန်း တံခါးပေါက်ဝယ်မှ နောက်ကြောင်းသို့ ကြော်ငြာ လှမ်း၍လှမ်း၍ ကြည့်ရှုတတ်လေသည်။ မော်တော်ကား ဒရိုင်ဘာနှင့် ဘေးချင်းယှဉ်ကာ ကပ်ထိုင်၍ လိုက်ပါလာသော လူရွယ်သည်....

'မြန်မြန်မောင်းစမ်းပါ ကိုမြိုင်ကြီးရဲ့၊ ဘော်တော့်ကြာ မီသွားလို့ ချောက်ကျကုန်ပါ့မယ်'

ဟု တိတ်လန့်တကြား တိုက်တွန်းပြောဆိုလျက် ရှိလေသည်။ ထိုလူရွယ်၏ဘေးတွင် ကပ်ထိုင်၍ လိုက်ပါလာသော 'မိန်းမပျို'သည် အသက် နှစ်ဆယ်သာသာခန့်အရွယ်၊ သန့်ပြန့် မွန်ရည်သော မိန်းကလေးတစ်ဦးဖြစ်သည်။ သို့ရာတွင် အချိန်မဟုတ် အခါမဟုတ် စက်ကုန်ဆီကုန် အရကြမ်း မောင်းချလာသော ဂျစ်ကားပေါ်တွင် ထိုမိန်းကလေးသည် တရှုံ့ရှုံ့ ငိုယိုရင်း လိုက်ပါလာသည်။

ဂျစ်ကားပေါ်၌ လိုက်ပါလာကြသော လူရွယ်နှစ်ဦးနှင့် ဒရိုင်ဘာလုပ်သူတို့သည် ထိုမိန်းကလေးတစ်ယောက်၏ တရှုံ့ရှုံ့ ငိုလိုနေခြင်းကို အလျဉ်း အရေးထားနိုင်ဟန် မရှိကြချေ။ နောက်ရန်က မအေးသဖြင့် နောက်ကြောင်းကို ကြည့်လိုက်ကားကို စက်ကုန်ဖွင့်လိုက်နှင့် သောကများနေကြပုံပေါ်လေသည်။

မဟာဗန္ဓုလ လမ်းမကြီးအတိုင်း ဂျစ်ကားကလေးသည် ဆူးလေစေတီတော်ကြီးဘက်သို့ ဦးခိုက်ကာ တစ်နာရီလျှင် မိုင်ခြောက်ဆယ်နှုန်းခန့်မျှ ပြေးလွှားလျက် ရှိနေရာမှ စေတီတော်၏ ခြေရင်းသို့ရောက်ရှိလာသောအခါ ယာဉ်များ၏ သွားရိုးသွားစဉ် လမ်းအတိုင်း စေတီတော်ကို လက်ဝဲဘက်မှ ရစ်ပတ်သွားရမည့်အစား လက်ယာဘက်သို့ ချိုးကွေ့လိုက်လေသည်။ ထို့နောက် မော်တော်ယာဉ်များ၏ လမ်းခရီး စည်းကမ်းနှင့် ဥပဒေကို ချိုးဖျက်ကာ ပြည်သူ့ရင်ထောက်ပံ့ရေးရုံးကြီးဘက်သို့ ဆက်၍ မောင်းနှင်သွားလေသည်။



သို့ရာတွင် ပြည်သူ့ငထောက်ပံ့ရေးရုံးရှေ့သို့ အရောက်တွင် မော်တော်ကားမောင်းသူသည် တစ်စုံတစ်ရာသောအကြံကို ရရှိလိုက်သကဲ့သို့ ဘရိတ်ကို ဒစ်ကုန်အောင် စ်ဆောင့်၍ ဆောင့်၍ နင်းလိုက်သဖြင့် အရှိန်ခပ်ပြင်းပြင်းနှင့် မောင်းလာသော ဂျစ်ကားလေးသည် 'ကျွီ'ခနဲမြည်ကာ ဆောင့်အောင့်၍ ရပ်သွားလေသည်။ ဂျစ်ကားထဲ၌ လိုက်ပါလာကြသော လူများ အားလုံးကိုလည်း ခလောက်ဆန်လိုက်သကဲ့သို့ ဖြစ်သွားလေသည်။

မော်တော်ကား ရပ်သွားလျှင်ရပ်သွားခြင်း မော်တော်ကားမောင်းသူက ၎င်း၏ဘေးမှ လူရွယ်ကို တစ်စုံတစ်ရာ ပြောဆိုလိုက်သည်။ ထို့နောက် ဂျစ်ကား နောက်ဘက်ခန်းတွင် ပါလာသော လူရွယ်ကိုလည်း အလားတူ လှမ်း၍ ပြောဆိုခြင်းပြုလေသည်။

မော်တော်ကားသမားက ထိုသို့ ပြောဆိုလိုက်တော့မှပင် ဂျစ်ကား၏ရှေ့ခန်း၌ပါလာသော လူရွယ်သည် တစ်စုံတစ်ရာကို

www.burmeseclassic.com

www.burmeseclassic.com



သတိရလာပြီးလျှင် ၎င်း၏ဘေးတွင် တရှုံ့ရှုံ့ငိုယိုရင်း မျက်
လုံးသူငယ်နှင့်လိုက်ပါလာသော မိန်းမပျိုကို ၎င်း၏ဘေးမှကား
အောက်သို့ အတင်းအဓမ္မ အဆင်းခိုင်းလေသည်၊ သို့ရာတွင်
မိန်းမပျိုသည် ထိုသူအဆင်းခိုင်းတိုင်းမဆင်းချေ။ တစ်စုံတစ်ခု
ကို ထိတ်လန့်ကြောက်ရွံ့နေသကဲ့သို့အမူအရာဖြင့် ၎င်း၏နေရာ
တွင် တွယ်ကပ်၍နေလေသည်။

ထိုအခြေအနေကို တွေ့နေရသော မော်တော်ကားမောင်း
သမားက မိန်းမပျိုအား ကားပေါ်မှ အတင်းအဓမ္မအဆင်း
ခိုင်းနေသောလူရွယ်ကိုနောက်ထပ် တစ်စုံတစ်ရာ ပြောဆိုလိုက်
ပြန်လေသည်။

ဒုတိယအကြိမ်တွင် ထိုလူရွယ်သည်ကားပေါ်မှ ဆင်းနေ
ရစ်ခဲ့ရန် ကြောက်အားလန့်အားနှင့်ငြင်းဆန်နေသော မိန်းမ
ပျိုကိုနှုတ်ဖြင့်ပြောဆိုခြင်းမပြုတော့ချေ။ သူသည်ခွန်အားဗလ
အသုံးပြုကာ အလွန်တရာ ထိတ်လန့်နေပုံရသော မိန်းမပျို
ကို ဂျစ်ကားပေါ်မှ အတင်းအဓမ္မ တွန်းချခြင်းပြုတော့
သည်။

'ရှင်တို့ ဘယ်လိုလုပ်ကြတာလဲဟင်၊ ဒါ ဘယ်လိုလုပ်ကြ
တာလဲ'

မိန်းမပျိုသည်ဂျစ်ကားပေါ်မှ လိမ့်ကျမသွားစေရန်အတွက်
ကြောက်အားလန့်အားနှင့် ပြန်လည်ရုန်းကန်ရင်း ပြန်လ
ပြောဆိုလေသည်။ သို့ရာတွင် မိန်းမပျိုအား ဂျစ်ကားပေါ်မှ



အားစိုက်တွန်းချနေသောလူရွယ်သည် ၎င်း၏ပါးစပ်ပေါက်ကို
သုံးမပြုတော့ချေ။ ကြွက်သားကိုသာ အသုံးပြုကာအတင်း
အဓမ္မတွန်း၍တွန်း၍ ချနေလေသည်။

ယောက်ျားနှင့်မိန်းမတို့သည် ခွန်အားဗလချင်း မတူမျှကြ
အား မိန်းမပျိုသည် အဘယ်မျှ အားစိုက်၍ ခုခံသော်ငြား
သည်း အားချင်းကမမျှသဖြင့် ဂျစ်ကားပေါ်မှ လွင့်စဉ်၍
မ်းမကြီးပေါ်သို့ တလိမ့်ခေါက်ကွေး လိမ့်ကျ သွားလေ
သည်။

ဆုံးလေလမ်းမကြီးပေါ်သို့ ဒလိမ့်ကောက်ကွေး လိမ့်ကျ
သွားသော မိန်းမပျိုသည်၎င်း၏ကိုယ်ကို ၎င်း၏ခြေသလုံးသား
ပေါ်တွင် ပြန်လည် ထူထောင်ရပ်တည်ခြင်း မပြုနိုင်မီ
မော်တော်ကားမောင်းကျင်လည်သော ဒရိုင်ဘာသည် ၎င်းဂျစ်
ကားကို စက်လည်းနှိုး ဂီယာလည်းသွင်းထားပြီးဖြစ်လေသည်။

ကလပ်ချ်ကိုလျှော့၍ လီဗာကိုနင်းချလိုက်သည်နှင့်တစ်ပြိုင်
ဂျစ်ကားကလေးသည် ဝုန်းခနဲဆောင့်ထွက်၍ သွားလေ
သည်။ ယင်းသို့ မော်တော်ကားဆောင့်ထွက်သွားချိန်တွင် ဂျစ်
ကားနောက်ခန်းထဲ၌ပါလာသော လူရွယ်သည် ငွေတစ်ဆယ်
ငါးရွက်ကို ကားနောက်ခန်းတံခါးပေါ်မှနေ၍ လမ်းမ
ပေါ်တွင် ခွေခွေကလေးကျကျန်ခုစ်နေသော မိန်းမပျိုအား
ချထားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ငွေတစ်ဆယ်တန်စက္ကူ ငါးရွက်သည် မိန်းမ ဆီသို့ကား မရောက်ချေ။ ဆူးလေလမ်းမကြီးပေါ်တွင် ပြန့် လွင့်ကျန်ရစ်လေသည်။

( ၅ )

ဂျစ်ကားသည် စက်အရှိန်ကိုဖွင့်ကာ ကမ်းနားလမ်းဘက် သို့ တရကြမ်းမောင်းချသွားလေသည်။ ဂျစ်ကားပေါ်မှအတ အဓမ္မအတွန်းချခံရသဖြင့် ဆူးလေလမ်းမကြီးပေါ်တွင် ခွေ ကလေး လဲကျကျန်ရစ်သော မိန်းမပျိုသည် ၎င်းအပေါ် ရက်ရက်စက်စက်လုပ်ကိုင်ဆက်ဆံသွားခဲ့သောဂျစ်ကားက ကို မျက်စိတစ်ဆုံး ငေးစိုက်ကြည့်နေမိပြီးမှ တစ်စုံတစ်ရ ရုတ်တရက် သတိရလာပြန်သကဲ့သို့လဲကျနေရာမှ ဖုန်များခါ ကတိုက်ကရိုက် ထလိုက်သည်။

ထို့နောက် နောက်ကြောင်းသို့ တစ်ချက်မျှ ပြန်လှည့် ကြည့်လိုက်ပြန်သည်။ နားကိုလည်း စွန့်လိုက်လေသည်။



နောက်ရန် မအေးနိုင်သေးသော မိန်းမပျိုသည် ဘေးပတ် ကျင်ကိုလျှင်မြန်စွာကြည့်ရှုခြင်း ပြုရပြန်လေသည်။ သို့ရာ င် တစ်စုံတစ်ယောက်ကိုမျှတော့ကား မတွေ့ရချေ။

ခပ်လှမ်းလှမ်းတွင် ပြန့်ကြဲနေသော တစ်ဆယ်တန် ငွေစက္ကူ ရွက်ကိုတော့ တွေ့လိုက်သည်။ သို့ရာတွင် မိန်းမပျိုသည် ထို စက္ကူများကို အလွန်တရာနာကြည်းလှသော မျက်လုံးများ ားဖြင့် စိမ်းစိမ်းဝါးဝါး ကြည့်ရှုနေလေသည်။

သို့ရာတွင် မိန်းမပျိုသည် ထိုငွေစက္ကူများကို ကြာရှည် ြင့်စွာ ကြည့်ရှုနေရန် အချိန်မရလိုက်တော့ချေ။ မဟာ လေလမ်းမကြီးအတိုင်း စက်ကုန်ဖွင့်၍ တရကြမ်းမောင်းနှင် က်လာသော ဝါယာလက် ကားသံကို ကြားလိုက်ရသော ကြောင့် ခိုလှုံရာအရပ်ကိုရှာဖွေခြင်းပြုရန်အတွက်ဗန္ဓုလပန်းခြံ တွင်းသို့ အူယားဖားယား ပြေးဝင်သွားရလေ၏။

ဗန္ဓုလပန်းခြံအတွင်း၌ ၎င်း၏လုံခြုံမှုနှင့် ခိုလှုံရာအရပ်ကို ဖွေခြင်းပြုရန်အတွက် အရေးတကြီး ကြောက်လန့်တကြား ဝင်လာသော မိန်းမပျိုသည် နှင်းထုကြီး အကြားတွင် တဝါးရပ်နေသော လွတ်လပ်ရေး ကျောက်တိုင်ကြီးအား တ်တရက်မမြင်မိချေ။

ထိုအတူ ထိုလွတ်လပ်ရေး ကျောက်တိုင်ကြီးကို ၎င်း၏ ကျောင်းအိပ်စက်ခြင်းပြုရာ ဘုံဗိမာန်အဖြစ်နှင့် လွှတ်လွှတ်

www.burmeseclassic.com



လပ်လပ် အသုံးပြုနေသော ကဗျာဆရာတစ်ယောက်ကိုလည်း မမြင်နိုင်ခဲ့။

ဆီကုန်စက်ကုန်ဖွင့်၍လိုက်လာသော ဝါယာလက်ကားသည် ဆူးလေဘုရားကိုပတ်နေသော အချိန်ကျမှ ခိုလှုံရာ အရပ်ကို အခရေးတကြီးနှင့် ကြောက်လန့်တကြားရှာဖွေနေသောမိန်းမပျို သည် လွှတ်လပ်ရေးကျောက်တိုင်ကြီးကိုပြုန်းခနဲသွား၍ တွေ့ လေသည်။

ပြည်တောင်စုသားတိုင်းပိုင်ဆိုင်သော ထိုကျောက်တိုင်ကြီး ကို ၎င်း၏လုံခြုံမှုနှင့်ခိုလှုံရာစခန်းအဖြစ်ဖြင့် အရေးပေါ်အသုံး ပြုရန် မိန်းမပျိုသည် ချက်ချင်းပင်စဉ်းစားရလေသည်။

အဘယ်ကြောင့်ဆိုသော် အနောက်မှ တရကြမ်းလိုက်ပါ လာသော ဝါယာလက်ကားသည် ဆူးလေစေတီတော်ကြီးကို ပန်း၍ကျော်တက်လာပြီဖြစ်သောကြောင့် ဖြစ်လေသည်။

ယင်းသို့ လွတ်လပ်ရေးကျောက်တိုင်ကြီးကို ၎င်း၏လုံခြုံမှု နှင့် ခိုလှုံရာစခန်းအဖြစ်ဖြင့် အရေးပေါ် အသုံးချရန်အတွက် ကြောက်လန့်တကြား ကမူးရှူးထိုးပြေးတက်လာစဉ် မိန်းမပျို သည် တစ်ပိုဒ်သောကဗျာကိုဆီမန်း မန်းသလိုရွတ်ဆိုမြည်တမ်း နေသောကဗျာဆရာ၏ခြေသလုံးကို မမြင်မစမ်းနှင့်မတော်တဆ တက်နင်းလိုက်မိခြင်းမျှသာ ဖြစ်လေသည်အကား။



( ၄ )

'အား'

ကဗျာဆရာသည် အလန့်တကြား အော်ဟစ်လိုက်သည်။

လူတစ်ယောက်လုံးကို တက်နင်းမိခဲ့သော မိန်းမပျိုသည် လည်း များစွာ လှုပ်ရှား ချောက်ချားသွားပုံ ရလေသည်။ နောက်ရန်ကလည်းနီးကပ်နေသောအချိန်တွင်မှ လူတစ်ယောက် လုံးကိုမှ မမြင်နိုင်အောင်ဖြစ်ကာ တက်နင်းမိသော မိမိကိုယ် ကိုလည်း စိတ်ဆိုးမိပုံ ရလေသည်။

ကဗျာဆရာသည် ၎င်း၏ခြေသလုံးကို ပွတ်သပ်ရင်း မိန်းမ ပျိုကိုမော့၍ကြည့်လေသည်။ သို့ရာတွင် သူ၏ခြေသလုံးကိုတက် နင်းပြီးနောက် တောင်းပန်ခြင်းမပြုဘဲ တောင်ကြည့်မြောက် ကြည့်နှင့်ရပ်နေသော မိန်းမပျိုကို အဘယ်သို့ အနက်အဓိပ္ပာယ် ဖွင့်ဆိုရမှန်းမသိအောင် ဖြစ်နေပုံရလေသည်။

လူဦးရေသန်းပေါင်း နှစ်ဆယ်ခန့်မျှရှိသော ကျုံပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တွင် ကျွန်ုပ်လွတ်လပ်ရေး ကျောက်တိုင် ကြီးကို ခိုလှုံခြင်းပြုသူမှာ သူသာတစ်ယောက်တည်း ရှိသည်ဟု တွက်ချက်ထားသော ကဗျာဆရာသည် သူကဲ့သို့ အလားတူ ခိုလှုံလာသောလူသစ်တစ်ဦးကို အဘယ့်အတွက် အနက်ဖွင့် ဆိုခြင်း မပြုနိုင်ရသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ဝါယာလက်ကားသည် ဗန္ဓုလပန်းခြံရှေ့တွင် ရုတ်တရက် ထိုးရပ်သွားလေသည်၊

ထိုသို့ ကားရပ်သံကို ကြားလိုက်ရသျှင် ကြားလိုက်ရချင်း မိန်းမပျိုသည် ၎င်းတက်နင်းသွားခဲ့သော လူတစ်ယောက်လုံး ကိုပင် အကျိုးသင့်အကြောင်းသင့် ပြောဆိုခြင်းနှင့်တောင်းပန် ခြင်းပြုရန်အမှုကိုပင် ပမာဏမပြုနိုင်တော့ဘဲ ကျောက်တိုင် တစ်ဖက်သို့ပြေးလွှားကာ ပုန်းကွယ်နေလိုက်သည်။

မကောင်းသောကံသည် တစ်ခုတည်းမလာတတ်ဘဲ ရဲဘော် များပါခေါ်ဆောင်၍ လာတတ်သည်ဆိုသောစကားကိုကောင်း စွာနှလုံးသွင်းမိပုံရသောကဗျာဆရာသည် ၎င်း၏ခြေသလုံးကို တက်နင်းကာ တောင်းပန်ခြင်းမပြုဘဲ ကျောက်တိုင်တစ်ဖက် ဆီသို့ ထွက်ပြေးသွားသော မိန်းမပျိုကို ခွင့်လွှတ်မေ့ပျောက် လိုက်မိပြီးလျှင် ခပ်စောစောကကဲ့သို့ ကျောက်တိုင်ကိုပင် မှီကာ မျက်လုံးများကို မှိတ်ထားလိုက်ရပြန်လေသည်။

ထို့နောက် ၎င်း၏အဆုံးသတ်ရပုံမပေါ်သေးသော ကဗျာ တစ်ပိုဒ်ကို ဂါယာရွတ်သလို ရွတ်နေပြန်လေသည်။

ယင်းသို့ ကဗျာဆရာသည် မိုးလင်းခြင်းကိုစောင့်ဆိုင်းရင်း ၎င်း၏ တစ်ပိုဒ်သောကဗျာကို ပြန်လည်ရွတ်ဆို မြည်တမ်းနေ ခိုက်ပန်းခြံအတွင်းသို့အပြေးအလွှားဝင်ရောက်လာ သောခြေသံ များကိုလည်းကောင်း၊ ကျောက်တိုင်ပေါ်သို့ တက်ရောက်လာ သော ဖိနပ်သံများကိုလည်းကောင်း ကြားနေရပေသည်။



သို့ရာတွင် သူသည် မျက်လုံးကိုမဖွင့်တော့ချေ။ ကဗျာကို ည်း ရှဲမြဲရွတ်နေသည်။

သူ၏စိတ်ထဲတွင်မူကား ထိုခြေသံများသည် မကောင်းသော ၏ နောက်ဆုံးသော ရဲဘော်များပင် ဖြစ်ပါစေတော့ဟု ာက်မေ့နေပုံရလေသည်။

ဤတစ်ကြိမ်တွင် ထိုသူများသည် ၎င်း၏ခြေသလုံးကိုတက် င်းကြတော့ချေ။ သို့ရာတွင် သူ့ကိုမူကား ဝိုင်းဝန်းထားကြ သည်။

သို့ရာတွင် သူသည် မျက်လုံးကိုမှိတ်ထားသဖြင့် သူ၏ းပတ်ပတ်လည်တွင် ရဲအရာရှိတစ်ဦးနှင့် ရဲသားနှစ်ဦးတို့ ကြည့်နေကြသည်ကို မမြင်တော့ချေ။

'ဟေ့ လူ'

မင်းသံစိုးသံပါပါနှင့် ရဲအရာရှိလုပ်သူက ခပ်ထန်ထန် လေး ဟစ်ခေါ်လိုက်တော့မှပင် ကဗျာဆရာသည်တစ်ချက် သိမ်းဝေလိုက်ပြီးလျှင် မျက်လုံးများကို မဖွင့်ချင်ဖွင့်ချင်နှင့် လာသည်။

ရဲအမှုထမ်းများကို တွေ့ရသည့်အတွက် ထိုကဗျာဆရာသည် ံသြခြင်းရှိလှပုံမရချေ။ သူသည် မျက်လုံးများကို ခပ်အေးအေး ပွတ်သပ်နေလေသည်။

'ဟေ့ လူ....ခေါ်နေတာ မကြားဘူးလားဗျ'

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုသား တစ်ဦးဖြစ်သော ထို ကဗျာဆရာ၏ ပူးပေါင်းကူညီမှုကို မရခဲ့သောကြောင့် ရဲအရာရှိသည် စိတ်ညစ်ညူးသကဲ့သို့ ခပ်ပေါက်ပေါက်ကလေး မေးမြန်းခြင်း ပြုလိုက်သည်။

'ကြားသားပဲဗျ'

သူကတော့ မထိတက်သေး ပြန်ပြောသည်။

'ခင်ဗျား ဒီမှာထိုင်နေတုန်းမိန်းမတစ်ယောက်နဲ့ယောကျ်ားနှစ်ယောက်ဖြတ်သွားတာ မတွေ့လိုက်မိဘူးလား ဟင်'

ရဲအရာရှိသည် သူ၏ဝတ္တရားကိုထမ်းဆောင်ခြင်းနှင့် ပြုလာသည်။

'မိန်းမနှစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်တဲ့လား'

ကဗျာဆရာက ကောင်းစွာသဲကွဲခြင်းမရှိလှသကဲ့သို့ သေချာသည်ထက်သေချာအောင် ပြန်၍မေးလိုက်ပြန်သည်။

ရဲအရာရှိသည် သက်ပြင်းကို ချလိုက်၏။ ရဲသားနှစ်ယောက်တို့ကလည်း ကဗျာဆရာကို ထူးဆန်းလှသော သတ္တဝါတစ်ကောင်ကဲ့သို့ ငေးစိုက်ကြည့်ရှုနေကြ၏။

'မိန်းမနှစ်ယောက်နဲ့ယောကျ်ားတစ်ယောက်ကို မေးနေတာ မဟုတ်ဘူးဗျ၊ ယောကျ်ားနှစ်ယောက်နဲ့ မိန်းမတစ်ယောက်ကို မေးနေတာ'

စိတ်တိုသောင်းလာဟန်ရှိသော ရဲအရာရှိက ခပ်ကျယ်ကျယ် လောင်လောင်ကလေး အော်ဟစ်ရှင်းပြလေ၏။



'ခင်ဗျားမေးနေတဲ့ ယောကျ်ားနှစ်ယောက်နဲ့ မိန်းမတစ်ယောက်ကိုတော့ ဒီအနားတစ်ဝိုက်မှာ မတွေ့မိလိုက်ပါကလား ခင်ဗျာ'

ကဗျာဆရာသည် ရဲအရာရှိ အလိုရှိနေသော မေးခွန်း၏ အဖြေကို တိတိကျကျ ဖြေဆိုခြင်းပြုလိုက်သည်။ ထိုသို့ဖြေဆိုလိုက်သည့်အတွက် သူ၏အဖြေကိုလည်း မှန်ကန်ကြောင်းကဗျာဆရာသည် ကောင်းစွာစိတ်ချယုံကြည်ခြင်း ရှိပေ၏။

အဘယ်ကြောင့်ဆိုသော် သူသည် မိန်းမတစ်ယောက်ကိုသာ တွေ့မြင်လိုက်ရလျက် ရဲအရာရှိမေးမြန်းသော မိန်းမတစ်ယောက်နှင့် ယောကျ်ားနှစ်ယောက်တို့ကို တကယ်ပင်မမြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

'ခပ်ကြောင်ကြောင် သတ္တဝါတစ်ကောင်နဲ့ တူပါတယ်ဆရာ'

ဟု ရဲသားတစ်ယောက်က ရှုံ့ရှုံ့မဲ့မဲ့နှင့် မှတ်ချက်ချပြောလိုက်လေသည်။

'ဒီလိုဆိုရင်တော့ ကမ်းနားဘက်ကို လိုက်ကြည့်လိုက်ဦးမှပဲဟေ့'

ထိုသို့ပြောဆိုကာ ရဲအရာရှိသည် လွတ်လပ်ရေးကျောက်တိုင်ပေါ်မှ ခပ်သုတ်သုတ်ကလေးဆင်းသွားသည်။ လွတ်လပ်ရေးကျောက်တိုင်ကြီးကို ၎င်း၏ယောက္ခမသဆုံး၍အမွေရထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်သူမော မိတ်အေးလက်အေးမှီကာ စက်တော်ခေါ် နေပြန်သော အသည်းသည် လူတစ်ယောက်ကို ရဲသွေးနှစ်ဦးတို့သည် အလွန်သွေးဆန်း အံ့ဩဖွယ်ရာကောင်းလှသော သတ္တဝါ တစ်ကောင်ကဲ့သို့ လှည့်ကြည့် လှည့်ကြည့်နှင့် ၎င်းတို့၏ အဆက် အရာရှိနောက်သို့ လိုက်ပါ၍ သွားကြလေသည်။

( ၇ )

ဗန္ဓုလပန်းခြံရှေ့မှ ဝါယာလက်ကားသည် ကမ်းနားလမ်းဘက်ဆီသို့ ဝူးခနဲမောင်းထွက်သွားတော့မှပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အမြင့်မားဆုံးဖြစ်သော ကျောက်တိုင်ကြီးကို ၎င်း၏ ခိုလှုံရာစခန်းအဖြစ်ဖြင့် အရေးပေါ် အသုံးပြုနေရှာသော မိန်းမပျိုသည် သက်မကြီးကို ချလိုက်နိုင်လေသည်။ အသက်ကိုလည်း မှန်မှန်ကလေး ပြန်ရှူနိုင်လာပုံ ရလေသည်။

သို့ရာတွင် မိန်းမပျိုသည် ၎င်း၏ပုန်းအောင်းရာ ကျောက်တိုင်ခြေအားမှ ရုတ်တရက် ပြန်မထွက်ဝံ့ သေးသကဲ့သို့ ဟိုဟိုသည်သည်လှမ်း၍ အကဲခတ်ကြည့်ရှုနေသည်။



ဗန္ဓုလပန်းခြံအတွင်းနှင့် အနီးအနား တစ်ဝိုက်တွင်မူကား အသက်ရှုလှုပ်ရှားနိုင်သော သတ္တဝါ တစ်ကောင်တလေမျှကို တော့ မတွေ့ရသေးချေ။ ထိုပတ်ဝန်းကျင် တစ်ဝိုက်တွင် အအေးဓာတ်သည် လွန်ကဲကာ နှင်းများသည် တဖွဲဖွဲကျဆင်း နေတုန်းသာလျှင် ဖြစ်လေ၏။

မိန်းမပျိုသည် တရားလွှတ်တော်ချုပ် အဆောက်အအုံကို လှမ်း၍ကြည့်လိုက်သည်။

သို့ရာတွင် ၎င်းဒုက္ခကို အကူအညီပေးကယ်ခြင်း ပြုနိုင်ဟန် မရှိသောကြောင့် တရားမင်းများရုံးစိုက်ရာ အဆောက်အအုံသည် နှင်းထုကြီး၏နောက်ကွယ်၌ တစ်ဖက်သို့ မျက်နှာလှည့်နေ၏။

ထို့ကြောင့် ဒုက္ခိတနှင့်တူသော မိန်းမပျိုသည် ဆူးလေစေတီတော်ကြီးကိုလှမ်း၍ ဖူးမြော်ခြင်း ပြုလိုက်မိပြန်သည်။ နှင်းထုကြီးအကြားတွင် ခံနေသောကြောင့် သဲသဲကွဲကွဲဖူးမြော်ခြင်း မရရှာချေ။

စေတီတော်တွင် ပူဇော်ထားသော လျှပ်စစ်မီးရောင်ကိုသာ တဖွဲဖွဲကျဆင်းနေသော နှင်းများအကြားမှ ခပ်ရေးရေးသာတွေ့မြင်ရလေ၏။

မိန်းမပျိုသည် အဘယ်ကြမ္မာလေက တိုက်ခတ်လိုက်ခြင်းကြောင့် ယခုကဲ့သို့ လွင့်စဉ်လာရသနည်း။ သူမသည် အဘယ်အရပ်ကလာ၍ အဘယ်အရပ်သို့ သွားမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တိုင်၏ တစ်ဖက်သောအကွယ်မှ မိန်းမပျိုသည် ၎င်း၏ သေးအန္တရာယ်များ ရှင်းလင်းသွားလောက်ပြီဟု တွက်ချက်ကာ အပြင်သို့ ပြန်ထွက်လာလေသည်၊

သူမသည် ကျောက်တိုင်ထက်မှဆင်းကာဗန္ဒုလပန်းခြံအပြင်ဘက်သို့ထွက်သွားတော့မည်ဟု ကြံရွယ် စဉ်းစား ပြီးခါမှ တစ်စုံတစ်ရာကို ရုတ်တရက်သတိရလာသကဲ့သို့ ခြေလှမ်းများကို တုံ့ထားလိုက်ရ၏၊

၎င်းကဲ့သို့ ဤလွတ်လပ်ရေး မည်သော ကျောက်တိုင်ကြီးကိုပင် ခိုလှုံခြင်းပြုရာ အရပ်ဒေသအဖြစ်ဖြင့် အသုံးချနေရသောကျောက်တိုင်တစ်ဖက်မှ ထိုလူတစ်ယောက်ကို သတိရလာသည်။

သို့ရာတွင် ထိုလူသည် မည်သည့်အရပ်မှ ပေါ်လာ၍ မည်သည့်အရပ်သို့ သွားနေသူနည်း။ ထိုသူ၏ အမည်သညာသည် အဘယ်သို့ ခေါ်သနည်း။ သူသည် အဘယ်အလုပ်အကိုင် လုပ်ကိုင်သူဖြစ်သနည်း။

မည်သို့ပင်ဖြစ်စေ ထိုသူသည် ၎င်းကဲ့သို့ ဤလွတ်လပ်ရေးကျောက်တိုင်ကြီးကို လာရောက်ခိုလှုံခြင်း ပြုနေရသော ဘဝတူ လူတန်းစားတစ်ယောက်သာဖြစ်လေသည်။ ထို့ပြင်သာမကသေး၊ ထိုသူ၏ ခြေသလုံးကိုပင် ၎င်းသည် ခြေဖြင့်တက်နင်းခဲ့ရာ သွားရစဉ် မပြင်းမထန်နှင့် ဘက်နင်းခဲ့သေးသည် မဟုတ်သလော။



လူတစ်ဦးတစ်ယောက်ကို ထိုကဲ့သို့ စော်ကားလွန်ခဲ့ပြီးသည့်နောက် ၎င်းကိုယ်တိုင် တောင်းပန်ပြောဆိုခြင်း မပြုခဲ့ရသေးချေ။ ထို့ပြင်သာလျှင်လည်း မဟုတ်သေး၊ ထိုသူသည် ၎င်း၏ အန္တရာယ်ကိုလည်း ခုခံကာကွယ်ခဲ့လေသည်။ ထိုကဲ့သို့သော လူတစ်ယောက်ကို မိန်းမပျိုသည် ရိုင်းရိုင်းစိုင်းစိုင်းနှင့် သည်အတိုင်းပင် ထားခဲ့ခြင်းငှာ အားနာစရာမရှိချေ။

မိန်းမပျိုသည် ကျောက်တိုင်တစ်ဖက်သို့ လှည့်၍လာသည်။ သို့ရာတွင် ထိုသူတစ်ယောက်ကတော့မူ လွတ်လပ်ရေး ကျောက်တိုင်ကြီးကို ခြေပစ်လက်ပစ်မှီကာ မှိန်းစက်နေတုန်းဖြစ်သည်။ ၎င်း၏ အသုံးအစမရှိသော ကဗျာကိုလည်း တတွတ်တွတ် ရွတ်ဆိုနေတုန်းဖြစ်သည်။

မိန်းမပျိုသည် ထိုကဗျာဆရာကို အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေမိသည်။ သို့ရာတွင် ထိုသူတစ်ယောက်ကတော့မူ လူ့လောကကြီးတစ်ခုလုံး ဖြစ်ချင်ရာဖြစ်ဆိုသောအနေဖြင့် မျက်လုံးများကိုပင် မဖွင့်တော့ချေ။

မိန်းမပျိုသည် ထိုလူ၏ ရိုးသားကြည်လင်ခြင်း မှိုသော မျက်နှာနှင့် သန်မာထွားကျိုင်းသော ကိုယ်လုံးကိုယ်ထည်တို့ကို အတန်ကြာမျှ ငေးစိုက်ကာ ကြည့်နေသည်။ ထိုသို့ ငေးစိုက် ကြည့်နေမိပြီးမှ....

'ဒီမယ်ရှင့်... ဒီမယ်'

ဟု အသံပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာ လန့်၍နိုးလာသည်။ ထို့နောက်....သူ၏မျက်လုံးများကို ပွတ်သတ်ကာ မိန်းမပျိုကို မော့ကြည့်လိုက်လေသည်။

'ဒီမယ်ရှင့်....ဒီမယ်'

မိန်းမပျိုသည် ထိုသူကို ကောင်းစွာ သတိရသေးသည် ထင်သောကြောင့် ထပ်၍ အသံပြုနေသည်။

ကဗျာဆရာသည် ထိုမိန်းမပျိုကို ကောင်းစွာသတိရလာဟန်ရှိသည်။ ခပ်စောစောက ၎င်း၏ ခြေသလုံးကို တက်နင်းသွားသော သတ္တဝါမကလေးတစ်ကောင် မဟုတ်သလော။ ထို့ကြောင့် နောက်တစ်ကြိမ် ခြေသလုံး အနင်းခံရမည့်အရေးကို လက်မြန်ခြေမြန်ရှောင်ကွင်းခြင်းပြုရန်အတွက် သူသည်ကတိုက်ကရိုက် ထရပ်လိုက်မိသည်။ ထို့နောက် မိန်းမပျိုကို ကလေးသူငယ်တစ်ယောက်၏ အမူအရာဖြင့် ငေးမော ကြည့်ရှုနေပြန်သည်။

မိန်းမပျိုသည် အလွန်တရာ ကျေးဇူးတင်ရှိသည့်အကြောင်းကို ပြောဆိုခြင်း ပြုလိုလှသော်လည်း နှုတ်ဖြင့် မပြောဆိုနိုင်သေးဘဲ အပြုံးဖြင့် နိဒါန်းပျိုး ပြောဆိုလိုက်လေသည်။ သို့ရာတွင် ထိုသူသည် အပြုံးဖြင့် ပို့ဆောင်လိုက်သော မိန်းမပျို၏ ဆိုလိုချက်ကို အဓိပ္ပာယ် မဖမ်းယူတတ်သကဲ့သို့ ငေးမော ကြည့်ရှုမြဲ ကြည့်ရှုနေသည်။

မိန်းမပျိုသည် ထပ်၍ပြုံးလေသည်။ သည်တော့မှပင် ကဗျာဆရာသည် ပျောက်နေသော ကာရန်ကို ပြန်တွေ့သကဲ့သို့



ပြုံး၍ပြုံးလိုက်သည်။ သို့ရာတွင် သူ၏အပြုံးသည် ကြည့်ရှု၍ ကောင်းလောက်အောင် မကောင်းလှချေ။ လှပခြင်းမရှိသော အပြုံးဖြစ်လေသည်။

မိန်းမပျိုသည် ကရုဏာမကင်းလှသောအပြုံးဖြင့် ၎င်း၏ ကျေးဇူးရှင်ကို ငေးမောကြည့်နေသည်။ ထိုသို့ ကြည့်နေစဉ် သူမ၏မျက်လုံးအိမ်တွင် ပုလဲကလေးများ ဥလာကြသည်။

လွတ်လပ်ရေးကျောက်တိုင်ကြီး၏ ခြေရင်းတွင် အမည်မရှိသောကဗျာဆရာနှင့် ကင်ပွန်းမတပ်ရသေးသော မိန်းမပျိုတို့သည် ကြမ္မာလေ၏ တိုက်ခတ်ပို့ဆောင်မှုကြောင့် လာရောက်ဆုံဆည်းကြရလေ၏။ သို့ရာတွင် သူတို့သည် တစ်ဦးကိုတစ်ဦး မသိကြချေ။ ဘာဝချင်း အားဖြင့် တော့ကား သိနေကြပါပြီ။

ကဗျာဆရာသည် မိန်းမပျိုကို တဖြည်းဖြည်း ကျောခိုင်းလိုက်လေသည်။ မိမိကိုယ်ကိုမှ ကယ်တင်ခြင်း မပြုနိုင်သေးသော သူတစ်ယောက်သည် သူတစ်ပါး၏ဝန်ကိုအဘယ်သို့ထမ်းဆောင်ခြင်းပြု၍ ဖြစ်မည်နည်း။

ကိုယ့်ဝန်ကိုယ်ထမ်း၍ ကိုယ့်လမ်း ကိုယ်သွားရဦးမည်သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာသည် ကျောက်တိုင်ထက်မှ တစ်လှမ်းချ လေးလေးကန်ကန်ဆင်း၍ သွားလေသည်။ မိန်းမပျိုကိုပြန်လှ ကြည့်ဖော်မျှပင် မရတော့ချေ။

မျက်ရည်စကလေးများ အကြားမှ ၎င်းကို ကျောခိုင်း ဆင်းသွားသော ကဗျာဆရာကို မိန်းမပျိုသည် အတန်ကြာ ငေးမော၍ကြည့်ရှုနေသည်။

ထိုသူ ခပ်လှမ်းလှမ်းသို့ရောက်ရှိသွားတော့မှ ရုတ်တရ သတိဝင်လာသကဲ့သို့ မိန်းမပျိုသည် ကဗျာဆရာနောက်သ အပြေးကလေး ဆင်းလိုက်သွားသည်။

ကဗျာဆရာသည် ၎င်း၏ နောက်ပါးမှ အပြေးကလေ လိုက်လာသော ခြေသံများကိုတော့ ကြားတန်ကောင်း သည်။

သို့ရာတွင်သူသည် ဥပေက္ခာတရားကို စိုး ပိုင်ခြင်း ပြု သော ယောဂီကြီးတစ်ဦးကဲ့သို့ ပြန်လှည့်၍ပင်မကြည့်ချေ။ သူ ဝန်ကိုထမ်း၍ သူ့လမ်းကိုသာ သွားနေသည်။

နောက်မှ မီလိုက်လာသော မိန်းမပျိုသည်....

'ဒီမယ်ရှင့်....ဒီမယ်'

ဟု အသံပြုရင်း ကဗျာဆရာ၏ပခုံးကို ရဲရဲတင်းနှင့်ရင်းရင် နှီးနှီးကိုင်ကာ ဆွဲ၍လှည့်လိုက်သည်။ သူ၏ဝန်ကိုအောက်သ



ချေတ္တချလိုက်ရပြန်ရင်း ကဗျာဆရာသည် ညအမျိုကိုလှည့်၍ ကြည့်ရလေသည်။

'ရှင့်နာမည်က ဘယ်လိုခေါ်သတဲ့လဲဟင်'

မိန်းမပျိုသည် ကဗျာဆကို ရင်းနှီးလိုသောလေသံဖြင့် မေး မြန်းလိုက်သည်။

ကဗျာဆရာသည် အလွန်တရာ ခက်ခဲလှသော အမေးပုစ္ဆာ တစ်ခုနှင့် ရင်ဆိုင်ခြင်းပြုနေရသည့်အလား ဦးခေါင်းကိုကုတ်၍ အဖြေကို စဉ်းစားနေဟန်ရှိသည်။

နောက်ဆုံး၌ မိန်းမပျို၏အမေးပုစ္ဆာကို မည်ကဲ့သို့ အဖြေ ပေးရန် မရှိသော်ကြောင့်....

'ကျုပ်မှာ နာမည်ကလေး တစ်လုံးတောင်မှ မရှိတော့ပါ ဘူးဗျာ'

ဟု ဝန်ခံပြောဆိုလိုက်သည်။

'ဟင် ရှင့်မှာ နာမည်တောင် မရှိဘူးတဲ့လား'

မိန်းမပျိုက အလန့်တကြားနှင့် စိုးရိမ်မကင်းပြန်၍ မေး လိုက်၏။

ကဗျာဆရာသည် ၎င်း၏ဦးခေါင်းကိုသာ ညိတ်ပြခြင်းပြု လိုက်သည်။ ထိုကဗျာဆရာသည် ၎င်း၏ ပါးစပ်ကိုပင် အသုံး မပြုတော့ဘဲ ဦးခေါင်းကိုသာ အသုံးပြုလိုက်စဉ် မလှမ်း

www.burmeseclassic.com

မကာမ်းရှိ တရားလွှတ်တော်ချုပ် အဆောက်အအုံ ထက်ဆီမှ နာရီကြီးသည် တစ်ချက်ပြီးတစ်ချက် ဆိုသလို ငါးချက်တိတိ ထိုးလိုက်လေသည်။

တိတ်ဆိတ်ငြိမ်သက်နေသော ဗန္ဓုလပန်းခြံ တစ်ဝိုက်တွင် တရားလွှတ်တော်ချုပ် အဆောက်အအုံထက်ဆီမှ နာရီထိုးသံကြောင့် ရုတ်တရက် အသက်ဝင်လှုပ်ရှားလာသကဲ့သို့ ထင်မှတ်ရလေသည်။

ရန်ကုန် မြစ်ပြင်ဘက်ဆီမှ ဆူးလေလမ်းမကြီး အတိုင်း ရုတ်တရက် လေသည် ဝှေ့ယမ်း၍ တိုက်ခတ်လာလေသည်။ ခပ်စောစောက မဟာဗန္ဓုလလမ်းမကြီးနှင့် ဆူးလေလမ်းမကြီးတို့၏ ကြက်ခြေခတ်ပေါ်တွင် ဥဒပက္ခာပြုကာ စံပယ်တော်မူလျက်ရှိသော စေတီတော်ကြီးမှ ဆွဲလွဲသံများသည် ဆူဆူညံညံ ပေါ်ထွက်လာလေသည်။

ဆွဲလွဲသံများနှင့် မရှေးမနှောင်း ဥပသကာတို့တို့၏ သတိပေးထိုးနှက်သော ခေါင်းလောင်းသံများသည်လည်း နားကွဲလုမတတ်ပင် ပေါ်ထွက်လာပြန်သည်။

ယင်းသို့ နာရီသံ၊ ဆွဲလွဲသံနှင့် ခေါင်းလောင်း သံများကြောင့် မြို့တော်၏ကျက်သရေဆောင် အဆောက်အအုံထက်တွင် အသိုက်အမြုံများဆောက်လုပ်ကာ နေထိုင်လျက် ရှိကြသော၊ များပြားလှသော ခိုအုပ်ကြီးသည် လန့်ဖျပ်ကာ ရုတ်တရက်ထ၍ ပျံသန်းကြလေသည်။



ယင်းသို့ ခိုအုပ်ကြီးတစ်အုပ်လုံး အလန့်တကြား ပျံသန်းသွားသော အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဘက်ဆီ၌ ကြီးမားလှသော ပတ္တမြားလုံးကြီးတစ်လုံးသည်၊ အမှောင်ထုကြီးအတွင်းမှ ရုံးကန်ဖယ်ထွက်လျက် ရှိနေပြီဖြစ်လေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com

## မုန်တိုင်းကြားမှ သစ်တစ်ရွက်

( ၁ )

နေထွက်ပြူ၍လာသည်နှင့် တစ်ပြိုင်နက် နှစ်နှစ်ခြိုက်ခြိုက်နှင့် ခြေပစ်လက်ပစ် အိပ်မောကျနေဟန်ရှိသော ရန်ကုန်မြို့ကြီးသည် လူးလွန့်လှုပ်ရှားစ ပြုလာသည်။

တဖွဲဖွဲ ကျဆင်းနေသော နှင်းများလည်း တဖြည်းဖြည်း ပါးကာ ကျီးငှက်များ တအာအာနှင့် အော်မြည်ပျံသန်းသောအချိန်တွင် မြို့တော်၏လမ်းမကြီးငယ် အသွယ်သွယ်တို့၌ အသွားအလာများဖြင့်ယောက်ယက်ခတ်စပြုလာသည်။

အမျိုးမျိုး အစားစားသော ယာဉ်တို့သည် လမ်းမကြီးပေါ်၌ ဗျာမန်းခတ်မျှ ပြေးလွှားကြလေပြီ။ လမ်းသွားစကြံ



း တစ်လျှောက်တွင်လည်း သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ဝေ့ပြေးလွှားနေသောလူများဖြင့် ပြွတ်သိပ်ကျပ်ခဲလျက် ရှိပေသည်။

သူတို့သည် တစ်ဦးကိုတစ်ဦး ရှောင်ကွင်းခြင်း မပြုနိုင်ခင် တိုးကာဝှေ့ကာနှင့် အလုအယက်ပြေးလွှား နေကြပေသည်။

တစ်ထွာမျှသာလျှင်ရှိသော ဝမ်းဗိုက်ကို ပညာရှိသော ရှေးလူ ဟောင်းတို့က မဟာသမုဒ္ဒရာဟူ၍ တင်စား ခေါ်ဝေါ်ခြင်းပြု ကြလေသည်တကား။

မြစ်ကြီးငါးသွယ်နှင့် မြစ်ငယ်ငါးရာတို့သည် မဟာသမုဒ္ဒရာ တွင်းသို့ မပြတ်စီးဝင်လျက် ရှိကြပေသည်။ သို့ရာတွင် ဟာသမုဒ္ဒရာသည် အဘယ်သောအခါမျှ ပြည့်လျှံသည် ဟူ၍ ခဲ့ချေ။

ထို့အတူ လူတို့သည် အဘယ်ကဲ့သို့ ရှာကြံလုပ်ကိုင်ကြ ည်ဖြစ်စေ နေထွက်မှနေဝင်ကာ မိုးစုပ်စုပ် ကန်းသည်အထိ ဝမနား ပြေးလွှားလုပ်ကိုင်ခြင်း ပြုကြသည်ဖြစ်စေ ထမင်း ကြချေ။

ရှေးလူဟောင်းတို့သည် လူသားတို့၏ လိုခြင်းမရှိသော ဂုဏ်းတို့၏ အတွေ့အကြုံများမှ နောင်းလူတို့အတွက် သတိ းထားခဲ့ကြခြင်းနှင့်သာ တူပေသည်။

ဆူးလေလမ်းမကြီး၏ လက်ယာစကြံအတိုင်း တလှုပ်လှုပ် ာက်လာသောအမည်မရှိကာဗျာဆရာသည် ပိုလ်ချုပ်အောင်

www.burmeseclassic.com



ဆန်းလမ်းမကြီးနှင့်ဆူးလေလမ်းမကြီးတို့၏ ထောင့်တွင် ရ
လိုက်သည်။

လမ်းမကြီးပေါ်၌ ကြောက်မက်ဖွယ်ပင် တိုးဝှေ့ကျပ်ခဲ
သော မော်တော်ကားများကို သူသည် ငေးမောကြည့်ရှုနေ
ဝမ်းတစ်ထွာအတွက် သူ့ထက်ငါ အလုအယက် တိုးဝှေ့
ကြသော လူအုပ်ကြီးတစ်အုပ်က အတင်းအဓမ္မတိုးဝှေ့ နေ
သဖြင့် ကဗျာဆရာသည် လမ်းဘေးသို့လွင့်စဉ်၍ သွားလေ
သို့ရာတွင် သူသည် စိတ်တိုခြင်းမရှိ။ သူသည် သူ၏ကိုယ်ကိုပ
ရယ်မောလိုက်လေသည်။

အတ္တကြီးမားသော အဘယ်သတ္တဝါသည် မိမိကိုယ်ကို ပြ
လှန်ရယ်မောခြင်း ပြုနိုင်သနည်း။ သူတစ်ပါး၏ ရယ်မော
ခြင်းကိုပင်လျှင် လူသည် ဒေါသအမျက် ခြောင်းခြောင်းထွ
တတ်သည် မဟုတ်သလော။

အမည်မရှိ ကဗျာဆရာသည် ဗိုလ်ချုပ်အောင်ဆန်းလမ်း
ကြီး၏ လက်ယာဘက်စင်္ကြံအတိုင်း လူများကို အတတ်နိုင်ဆ
ရှောင်ကွင်းကာ ဆူးလေလမ်းမကြီးကိုကျော်ခိုင်း၍ ခပ်ဖြည်
ဖြည်းလျှောက်လာခဲ့လေ၏။

ပန်းဆိုးတန်းသို့ မရောက်မီ သူသည် ရုပ်ရှင်ရုံ ခြောက်
တိတိမျှ ဖြတ်သန်းလာရလေသည်။ ရုပ်ရှင်ရုံများအောက်ဖ
ကြော်ငြာပြသထားသော ပိုစတာကြီးများကို တစ်ခုပြီးတစ်
သူသည်ကြည့်ရှုခြင်းပြုခဲ့လေသည်။

ပန်းဆိုးတန်းလမ်းထိပ်သို့ ရောက်သောအခါသူသည်ရန်ကု
ဘုရားကြီးဘက်သို့ ကတိုက်ကရိုက် ဖြတ်ကူး ခဲ့လေသည်



ထို့နောက် ဘုရားရင်ပြင် စင်္ကြံပေါ်တွင်ရပ်ကာ သူသည်
နောက်ကြောင်းသို့ ပြန်လှည့်၍ကြည့်ရှုလိုက်ပြန်၏။

ရှိန်နှိမ့်ဗျက်အိုင်များထဲတွင် တောင်သူလယ်သမားများ ကုန်း
ရုန်းလုပ်ကိုင်၍ ရှာဖွေပေးထားသော ငွေကြေးများဖြင့် အား
နာရကောင်းမှန်းမသိဘဲ သူ့ထက်ငါ အလုအယက်နှင့်အပြိုင်
အဆိုင်ဇိမ်ယူ စီးနင်းနေကြသော ဇိမ်ခံကားကြီးများသည်
ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက်တွင်မျက်စိနောက်
လောက်အောင် စုန်ဆန်ပြေးလွှားနေကြလေသည်တကား။

(၂)

အမည်မရှိ ကဗျာဆရာသည် ရန်ကုန်ဘုရားကြီး၏ ကုန်း
ကျော် တံတားကို တလှုပ်လှုပ်နှင့်တက်လာသည်။

ထိုသို့ တက်လာရစဉ်....

'ဟင်....နာမည်တောင် မရှိဘူးတဲ့လား'

ဟူ၍ အလန့်တကြားနှင့် စိုးရိမ်မကင်း မေးမြန်းခြင်းပြု
သော အမည်မသိ မိန်းမပျို၏ အသံကလေးကို ကြားယော
သလိုလိုရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ထိုအာရုံကို သူသည် ရက်ရက်စက်စက်ပင် ဖြတ်တောက်ပစ်လိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် သူ၏ အကြောင်းကို သူသာလျှင် အသိဆုံးဖြစ်သောကြောင့်ပင် ဖြစ်လေသည်။

တောင်နှင့် မြောက်တို့သည် လည်းကောင်း၊ အရှေ့နှင့် အနောက်တို့သည်လည်းကောင်း ဘယ်တော့မျှမတွေ့ကြ မဆုံကြချေဟူ၍ သူသည် ကြားဖူးလေ၏။

ထို့အတူ ပြိုင်သောမျဉ်းနှစ်ကြောင်းတို့သည်လည်း စကြဝဠာအနန္တတို့၏ အစွန်းသို့သာလျှင် တိုင်လိမ့်မည်၊ဘယ်တော့မှ တွေ့ဆုံခြင်းရှိနိုင်ကြလိမ့်မည်မဟုတ် ဟူ၍လည်း ကျောင်းသင်ခန်းစာများ၌ သူသည် မတောက်တစ်ခေါက်သင်ကြားခဲ့ဖူးလေသည်။

သို့ရာတွင် ပြိုင်နေကြသော မီးရထားသံလမ်းများကိုတွေ့ရမြင်ရသောအခါတိုင်း ကဗျာဆရာသည် ကုန်းကျော် တံတားကြီးပေါ်တွင်ရပ်ကာ ဖွတ်မေ့ ပဒတ်မေ့ ငေးစိုက်ကြည့်ရှုနေလေ့ရှိသည်။

သူကြည့်ရှုနေခဲ့သော သံလမ်းများပေါ်တွင် လိမ့်ကာ မီးရထားသည်တစ်စင်းပြီးတစ်စင်း ထွက်ခွာလျက်ရှိနေကြသကဲ့သို့ တစ်စင်းပြီးတစ်စင်း ဝင်လျက်ရှိကြလေသည်။



ပြိုင်နေသော မီးရထားသံလမ်းများသည်ရန်ကုန်ဘူတာကြီး အကြောင်းကြောင်းခွဲကာဖြာထွက်နေကြသည်။ မီးရထားများသည် ဥသြဆွဲကာ မီးခိုးများထုတ်ကာ တရျှန်းရှန်းနှင့် တစ်စင်းပြီးတစ်စင်း ရန်ကုန်ဘူတာကြီးသို့ စွန့်ခွာထွက်ပြေးနေကြ၏။

သို့ရာတွင် နောက်ဆုံး၌ ဤဘူတာကြီးသို့ စက်ရှိန်ကိုသတ်ကာ တစ်စင်းပြီးတစ်စင်း ဆိုသလို ငုပ်လျှိုးဝင်ရောက်သာကြရပေသည်။

အမည်မရှိသော ထိုကဗျာဆရာသည် အဘိဓမ္မာတစ်ရပ်ကို အတ်နုတ်တူဆောင်ခြင်းပြုရန်အမှုအတွက် ကုန်းကျော်တံတားကြီးအပေါ်မှ အလုပ်များလှသော ရန်ကုန်ဘူတာကြီးကိုမှတ်ခဲ့နေလေသလား။

တစ်ခါတစ်ရံ ကဗျာဆရာသည် နှာရီဝက် သာသာခန့်မျှ ထိုကဲ့သို့ ဖွတ်မေ့ ပဒတ်မေ့ ရပ်ကြည့်နေတတ်လေသည်။ မီးရထားသံလမ်းများကို ရက်ရက်စက်စက်နင်းလိမ့်သွားနေသော မီးရထားသံဘီးကြီးများကိုငေးစိုက်ကြည့်ရှုရင်း သူသည်တစ်ခါတစ်ရံ ကြက်သီးမွေးညင်းများပင် ထလာတတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

မီးရထားကုန်းကျော်တံတားကြီးထက်တွင် ညောင်းညာလာသောအခါများ၌ ကဗျာဆရာသည် ရင်းမိခင် မုဆိုးမကြီးကို သတိရလာတတ်လေ၏။

သူသည် သူ၏မိခင်ထံသို့ သုံးရက်တစ်ကြိမ် တစ်ခေါက် သို့မဟုတ် လေးရက်တစ်ကြိမ် တစ်ခေါက်လောက်သာရောက်လာတတ်လေ၏။ မွေးသမိခင်ကြီး တစ်ယောက်လုံးကို သူသည် ဂရုမစိုက်နိုင်၍တော့ကား မဟုတ်ချေ။

ဂရုမစိုက်နိုင်၍မျှသာ ဖြစ်လေ၏။ဟုတ်သည်။သူသည် သူ၏ကိုယ်ကိုမှ ထမင်းနပ်မှန်အောင် ကျွေးမွေးနိုင်သူတစ်ယောက်ပင် မဟုတ်ချေ။ သူ၏ ကျောာတစ်ခင်းစာ နေရာထိုင်ခင်းမှုအတွက်ပင် ဘုံဗိမာန် ဆောက်လုပ် နိုင်သူလည်း မဟုတ်ချေ။

ခြေသလုံးကို အိမ်ဘိုင်ထူထားရသော သတ္တဝါကောင်မျှသာဖြစ်သောကြောင့် မိုးရွာသွန်းသေ၈ ကာလများ၌ သူ၏အတ္တဘောသည် စွတ်စိုထိုင်းမှိုင်းလျက် နေပွင့်သော ရာသီများ၌ခြောက်သွေ့ခြင်း ရှိရပေသည်။



အမည်မရှိသော ကဗျာဆရာသည် မုန်တိုင်းအကြား၌ လွင့်ပါနေရသော သစ်ရွက်တစ်ရွက်မျှသာ ဖြစ်လေသည်။ မည်ကဲ့သို့ပင်ဖြစ်စေ သူ့ကို ဝမ်းဗိုက်တွင် ဝန်လေးပင်ပန်းခြင်းကြီးစွာသယ်၍ သက်စွန့်ဆံဖျား မွေးထုတ်ကာ လူဖြစ်စေခဲ့သော ထိုမိန်းမကြီးကိုတော့ သူသည် သံယောဇဉ်ကြီးမား ငြိတွယ်လျက်ရှိလေသည်။

ထိုမိန်းမကြီးတစ်ဦးကလွဲ၍ သတ္တလောကကြီးတစ်ခုလုံးတွင် သူ့အဖို့ ခင်တွယ်စရာဆို၍ ဘာမျှမရှိတော့ချေ။ ကဗျာဆရာသည် သူ၏ကိုယ်ကိုပင်လျှင် များစွာအလေးထားခြင်း ပြုသောသူတစ်ယောက်ကား မဟုတ်တော့ချေ။

ထိုအဒေါ်ကြီးသည် တော်တော်ကလေး မကျန်းမမာဖြစ်နေသည်။ လူကြီးရောဂါပင် ဖြစ်သည်။ သို့ရာတွင် စိတ်၏ဝေဒနာသည်းပါရှိလိမ့်မည်ထင်သည်။

လင်သေသဆုံးပြီးနောက် သားအကြီးဆုံးဖြစ်သူ၏နေအိမ်တွင် ညှိုးငယ်ဝယ်နှင့် မှီခိုကပ်ရပ်နေထိုင်ခဲ့ရလေသည်။သမီးအလတ်သည်း ဘာမျှ အားကိုးအားထား မပြုနိုင်ချေ။

လင်သားကို များစွာကြောက်ရွံ့ရသော မိန်းမသား တစ်ယောက် ဖြစ်လေသည်။ အငယ်ဆုံးသားကိုလည်း လင်သေသဆုံးပြီးကတည်းက ကျောင်းမှ တစ်ပိုင်းတန်းလန်းနှင့် ထွက်ထားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သားကြီးနှင့် သမီးအလတ်တို့က တာတာဝန်မျှပင် မယူ
ချေ။ ၎င်းတို့ထဲတွင် ကပ်ရပ်နေထိုင်မည့်အရေးကိုပင် စိုးရိမ်သ
သို့ ထိုသူငယ်အား တင်းတင်းမာမာနှင့် ခက်ခက်ထန်ထန်ဆ
ဆိုခြင်းပြုလေ ရှိကြသည်။

မီးရထား သံလမ်းများကို ဖွတ်ခမ့် ပဒတ်မေ့ ငေးစိုက်ကြ
ရှုနေရာမှ ကဗျာဆရာသည် ၎င်း၏မိခင်ကြီးကို သတိရလာ
သည်၊

ထိုအမေကြီးထံသို့ မရောက်သည်မှာ တနှစ်နေ့ တစ်ပတ်
မျှပင် ကြာမြင့်သွားလေပြီ။ ထိုအမေကြီးသည် အဘယ်သို့မျှ
နေလေသနည်း၊ ကျန်းမာရေးအခြေအနေကကော အဘယ်သို့
နေသနည်း။

'အမေ....အမေ'

ကဗျာဆရာသည် မိမိ၏မိခင်ကို တမ်းတ ခေါ်ဝေါ်လို
မိသည်၊ အမေလုပ်သူကို အလွန်တရာ တွေ့ချင် မြင်ချင်လာ
သည်။

အမေ့ကို တွေ့ချင်လျှင် အမေမှီခိုကပ်ရပ်နေထိုင်ခြင်း ပြု
သော ကန်တော်ကလေးဘက်ရှိ ၎င်းအစ်ကိုကြီးလုပ်သူ၏ နေ
အိမ်သို့ သူသည် သွားရောက်ရပေလိမ့်မည်၊

တတ်နိုင်လျှင် ကဗျာဆရာသည် သူ၏ အစ်ကိုကြီးအိမ်သို့
မသွားချင်ဆုံး ဖြစ်လေသည်။ သူ့ကို အလွန်တရာအထင်အ



သေး၍ နှိမ်နှိမ်နင်းနင်း ပြောဆိုတတ်သော ထိုသူတကာဝါ၏ အိမ်
ရိပ်ကိုမျှပင် မနင်းလိုချေ။

၎င်းအပြင် သူ၏မရီးသည်လည်းအလွန်တရာ ခနဲ့ခနဲ့ ပြော
ဆိုတတ်လေ၏၊

ထို့ရာတွင် အမေ့ကို လက်ခံကျွေးမွေးထားသော အစ်ကို
နှင့် မရီးလုပ်သူတို့၏ အိမ်သို့မှမသွားလျှင် ကဗျာဆရာသည်
အမေ့ကို တွေ့ဆုံနိုင်ရန် အခြားနည်း မရှိချေ၊

ကန်တော်ကလေးရပ်ကွက်ရှိ ပျဉ်ထောင်ပျဉ်ခင်း အိမ်ကြီး
တစ်လုံးရှေ့တွင် ကဗျာဆရာသည် အတန်ကြာမျှငိုင်ကာရပ်ရင်း
တွေ့နေသည်။

အမေ့ကိုတွေ့ရန် အစ်ကိုလုပ်သူ၏ အိမ်ရှေ့သို့ ရောက်နေ
ပြီးကာမှပင် သူသည် အဘယ့်ကြောင့် တွေဝေနေရသနည်း။

'မင်းလို စာရေးဆရာယောင်ယောင်နဲ့ ဘယ်လိုမှ အသုံးချ
မရတဲ့ အကောင်တစ်ယောက်အတွက် ငါတော့ ရှက်မပါနဲ့ကွာ'

နောက်ဆုံးတစ်ခေါက် အမေ့ကိုတွေ့ရန် လာစဉ်က အစ်ကို
ကြီးလုပ်သူက ထိုသို့ ပြောဆိုခြင်းပြုခဲ့သည်။

ကဗျာဆရာသည် အစ်ကိုကြီးပင်ဖြစ်လင့်ကစား ဤသို့ ညီငယ်
လုပ်သူကို ချိုးချိုးဖဲ့ဖဲ့ နှိမ်နှိမ်နင်းနင်း ပြောဆိုခြင်း ခံလိုက်ရ
သည့်အတွက် 'တော်တော်ကြီး အခံရခက်လေသည်။

ထို့ရာတွင် အမေလုပ်သူ၏ မျက်နှာကို ထောက်၍ သူသည်
အကြိမ်ကြိမ် ခံခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုတော့ မိမိကြမ္မာကို မိမိဘာသာ ရွေးချယ်ဆုံးဖြတ်နိုင်နေပြီဖြစ်သော လူတစ်ဦးတစ်ယောက်၏ လွတ်လပ်ခွင့်ကို အဘယ်သူသည် စော်ကားပြောဆိုခွင့်ရှိသနည်း။

'ရှင့်ညီက လက်ပျဉ်းကြောတင်းအောင် လုပ်ကိုင်စားချင်တဲ့ လူတစ်ယောက် မဟုတ်ပါဘူးရှင်၊ အလကားနေရင်း သက်သက်ဘဝင်မြင့်နေတဲ့ အစားထဲကနဲ့ တူပါတယ်'

အစ်ကိုလုပ်သူ၏စကားကို သံယောင်လိုက်၍ မရီးလုပ်သူကလည်း ထိုကဲ့သို့ နှိမ်နင်းပြောဆိုခြင်း ပြုလိုက်ပြန်သေးသည်။

ကဗျာဆရာသည် မျက်နှာပင် နီမြန်းလာခဲ့ရပေ၏။

'ဘာမှပြန်ပြောမနေပါနဲ့ သားရယ်၊ သည်းညည်းခံပါကွယ်'

ဟု မိခင်က ဆုံးမစကားပြောကြားခြင်းပြု၍သာလျှင် ကဗျာဆရာသည် ၎င်း၏စိတ်ကို ချုပ်ထိန်းထားနိုင်ခဲ့ခြင်း ဖြစ်လေ၏။

ဘာဖြစ်ဖြစ် အမေ့စကားကိုတော့ နားထောင်ရပေလိမ့်မည်။ အမေတိုင်းသည် သားတို့၏ အကျိုးစီးပွားကိုသာလျှင် အလိုရှိကြသည် မဟုတ်လော။

တကယ်ဆိုတော့ သူ့ကို များစွာအထင်သေးကာ နှိမ်နင်းပြောဆိုခြင်းပြုလေ့ရှိသော အစ်ကိုနှင့် မရီးလုပ်သူတို့၏ အိမ်ရှေ့သို့ ရောက်ပြီးကာမှ အမည်မရှိ ကဗျာဆရာသည် ငိုင်နေခြင်းမျှသာ ဖြစ်လေသည်။

သို့ရာတွင် ထိုကဲ့သို့ ငိုင်နေရုံမျှနှင့် ကိစ္စက ပြီးစီးလိမ့်မည်တော့ကား မဟုတ်ချေ။



အမေသည် အိမ်ထဲ၌ရှိလေသည်။ အမေ့ကို တွေ့မြင်ကြည့်ရှုခြင်းပြုရန်အတွက် သူသည် အစ်ကိုနှင့် မရီးလုပ်သူတို့၏ အိမ်အတွင်းသို့ မဝင်၍မဖြစ်ပေ။

ဘာပဲပြောပြော ဘာပဲဆိုဆို သူသည် အမေ့ကို ကြည့်ရှုခြင်း ပြုရန်အတွက် ထိုနှစ်ထပ်အိမ်ကြီးအတွင်းသို့ ဝင်ရောက်ရပေလိမ့်မည်။

အမည်မရှိသော ကဗျာဆရာသည် အိမ်အတွင်းသို့ မာန်တင်းတင်း ဝင်ခဲ့၏။

အိမ်ရှေ့ဧည့်ခန်းဘက်တွင် လင်မယား နှစ်ယောက်တို့ကို မတွေ့ရသဖြင့် သူသည် များစွာ စိတ်သက်သာရာရရှိလေသည်။ အကြောင်း သူသည် အမေ့ကို သူတို့လင်မယားက ဖြစ်သလို ထားပေးသော အိမ်အောက်ထပ် အခန်းတွင်းသို့ တွန်းတွန်း ...မတ် ဝင်လာမိခဲ့၏။

အခန်းတွင်းသို့ ဝင်မိလျှင်ပင် အမေ့ကိုမတွေ့ရသေး၊ အမေ၏ ညည်းတွားသံကို ရှေးဦးစွာကြားရလေသည်။

'အမေ တော်တော်အနေရဆိုးသလားဟင်၊ အို...ကိုယ်တွေ ထဲ ပူလှိုပါလား'

အိပ်ရာထက်တွင် ညည်းတွားနေသော အမေ၏နဖူးပြင်ကို ကြင်နာနာ ယုယုယယစမ်းသပ်ရင်း သူသည် အလန့်တကြား မေးမြန်းပြောဆိုလိုက်မိသည်။

'သား....သား....သား....'

အမေသည် ဝမ်းသာအားရခေါ်ကာ မျက်လုံးများအတွင်းမှ၍ သားလုပ်သူကို ကြည့်ရှုခြင်း ပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အမေ တော်တော်ပဲ အနေဆိုးနေသလားဟင်'

သားလုပ်သူ ကဗျာဆရာက ၎င်း၏ ပထမမေးခွန်းပင် ပြန်၍ မေးလေသည်။

အမေသည် ထိုမေးခွန်းကို ဖြေကြားခြင်း မပြုချေ။ သားလုပ်သူ၏မျက်နှာကို မဝနိုင်သော ကြည့်ခြင်းမျိုးဖြင့်ကြည့်ရင်း...

'ငါ့သား ညဘက် ဘယ်တွေများ လျှောက်အိပ်နေသလဲ ဟင်၊ ထမင်းကော မှန်မှန်မှ စားရရဲ့လားကွယ်'

ဟု ၎င်းသောကရောက်နေရသောအကြောင်းကိုသာ အမေတကြီး မေးမြန်းလျက် ရှိလေသည်။

'ကျွန်တော့်အတွက် သိပ်ပူမနေပါနဲ့ အမေ၊ အမေ့ကိုယ်ကိုသာ ကျန်းမာလာအောင် ဂရုစိုက်စေချင်ပါတယ်'

ကဗျာဆရာသည် ဇောကကြီးမားလှသော မိခင်လုပ်သူကို စောင်ခြုံပေးရင်း စိတ်ချမ်းသာမှုရှိအောင် ပြောဆိုလိုက်သည်။

အမေသည် ချောင်းတစ်ချက်မျှ ဟန့်လိုက်ပြီးနောက်....

'ဒီဘဝတော့ မင်းတို့ညီအစ်ကိုမောင်နှမတစ်တွေ သေကွဲမကွဲ ရှင်ကွဲ ကွဲကြတော့မယ် ထင်ပါရဲ့ကွယ်'

ဟု ပြောဆိုရင်း မျက်ရည်စက်လေးများ ထွက်လာလေသည်။

ထိုစကားကို ဘာမျှ ပြန်၍ဖြေဆိုစရာမရှိသဖြင့် သားလုပ်သူသည် ဦးခေါင်းကို ငုံ့ကာ ငြိမ်သက်စွာ နားထောင်နေလိုက်သည်။ တကယ်ဆိုတော့ ညီအစ်ကိုမောင်နှမများ ဆိုသည်မှာ ယခုခေတ်နှင့် မျက်မှောက် လူနေမှုစနစ်ကြီး အတွင်းဝယ် သွေးသားတော်စပ်မှုပေါ်တွင် အခြေမခံတော့ဘဲ စီးပွားရေးဘဝအပေါ်တွင်သာလျှင် အခြေခံလေပြီ မဟုတ်သလော။



အမေသည် အိပ်ရာထက်မှ အားထုတ်ကာ ထနေပြန်သဖြင့် သားလုပ်သူက ဖေးမထူထောင်ပေးလိုက်ရပြန်လေသည်။ ဘို့ရာခင် လှမမာသည် ထိုမျှနှင့်လည်း ရပ်မနေသေးချေ။ ထိုင်နေရာမှ ထနေလိုက်ပြန်သည်။ အကြောင်းကို မသိသေးသော သားလုပ်သူက သူ့အမေ လဲပြိုကျမသွားစေရန်အတွက် ထူပေးရလေသည်။

'လာ...လာ...သား'

အမေကြီး ခေါ်ဆောင်ရာသို့ သားလုပ်သူသည် အားမှ[illegible]ကာ လိုက်ပါသွားရပြန်သေးသည်။

လှမမာသည် သားငယ်ကို ထမင်းစားခန်းဘက်သို့ ခေါ်သွားလေသည်။ ထမင်းစားခန်းသို့ ရောက်ရှိသောအခါ လှမမာသည် ကြောင်အိမ်အနီးသို့ သားငယ်ကို ခေါ်ဆောင်သွားပြန်လေသည်။

ကြောင်အိမ် အနီးသို့ ရောက်သောအခါ လှမမာသည် ကြောင်အိမ်ကို ဖွင့်လေသည်။ ထိုသို့ ကြောင်အိမ်ကို ဖွင့်ရင်း....

'ငါ့သား ပြန်များ လာကောင်းလာရင် စားရအောင်လို့ အမေ ညက သပ်သပ်ဖယ်ပြီး ချန်ထားတာကွယ်'

ဟု ပြောဆိုကာ ခန့်အိုးအောက်တွင် ဖွက်၍ထားသော ထမင်းနှင့် ကြက်ပေါင်ကြော်ကို ထုတ်ယူလိုက်သည်။ ထို့နောက်....

www.burmeseclassic.com

www.burmeseclassic.com



'...သွား မြန်မြန်ကလေး စားနော်'
ဟု ...ချေး ပြောဆိုလေသည်။

အညီမရှိသော ကဗျာဆရာသည် ထမင်းနှင့်မတွေ့ရသ...
...ာ နှာခေါင်း အစောင်ကြာလေပြီ။
ထို့ကြောင့် မိခင်လုပ်သူက အနှ်ရှ်ကျွေးသော ထမင်း...
ကြက်ပေါင်ကြော်တို့ကို လှမ်း၍အယူလိုက်တွင်....

'ဒီပေါက်လွှတ်ပဲစား ဘယ်ကပြန်လာပြန်သလဲ'

ဟူ၍ ကြိမ်းမောင်းပြောဆိုလိုက်သော အစ်ကိုလုပ်သူ၏အ...
ကို ကြားလိုက်ရလေသည်။
ကဗျာဆရာသည် အမေလှမ်းပေးနေသော ထမင်းပန်းက...
ကြက်ပေါင်ကြော်တို့ကို လှမ်းမယူဖြစ်တော့ဘဲ ထမင်းစားခ...
တံခါးဝတွင် ရပ်နေသော အစ်ကိုလုပ်သူကို လှမ်း၍ ကြ...
လိုက်မိသည်။
'အောင်မယ်...အမေကကော ဒါဘာလုပ်တာလဲ၊ ဒီကော...
ကို ထမင်းခိုးကျွေးနေတယ်ပေါ့လေ'
ဟု အစ်ကိုလုပ်သူသည် အမေ့ကိုလှမ်း၍ အပြစ်တင်ပြေ...
ဆိုလိုက်ပြီးနောက်...
'ဟေ့ကောင်...မင်းကို ငါဘာပြောထားသလဲ၊ အလ...
မလုပ်တဲ့အကောင် ငါ့အိမ်မှာ ထမင်းမစားရဘူးလို့ ပြောထ...
တယ် မဟုတ်လား'
ဟု ညီလုပ်သူကို မာန်မဲပြောဆိုလိုက်ပြန်လေသည်။



'အမေက ကျွေးလို့ပါဗျာ'
ကဗျာဆရာလုပ်သူက အစ်ကိုကိုမကြည့်ဘဲ ပြန်ပြောသည်။
'အဆိပ်ပင်ရေလောင်း၊ အမေက ဒီအကျင့်မျိုးမလုပ်ပါနဲ့၊
...ကျွေးတော့ ကျွန်တော်ကလုပ်ကျွေးနေတာပါ'
သားအကြီးလုပ်သူက ထိုကဲ့သို့ ပြောဆိုလိုက်သောအခါ
...မေ၏ မျက်နှာသည် ညိုမည်း၍သွားသည်။
'မင်းတို့ဟာ တစ်အူထဲကဆင်းလာကြတာတွေပါကွယ်'
ဟု ခပ်တိုးတိုးပြန်ပြောလိုက်၏။
'ဒီမယ်အစ်ကို၊ အမေ့ကို ခင်ဗျား ဒီအထိတောင်ပြောစရာ
...ပါဘူးဗျ၊ ကျုပ်ကလဲ ဆာဆာနဲ့မို့ အမေကျွေးတာကို
...မိတော့မလို့ပါ'
ကဗျာဆရာသည် ဒေါသသံကလေးနှင့် မြန်လည်ပြောဆို
...က်လေသည်။
ထိုအခိုက် အစ်ကိုလုပ်သူ၏ မိန်းမသည် လင်လုပ်သူ၏
...ာက်ဘက်မှ ရှေ့တန်းသို့တက်လာပြီးလျှင်...
'အမေက ကိုယ့်သားတော့ တယ်သထားပါလား၊ ဒီမှာ...
...မကတော့ ကျွန်မလင်လုပ်စာနဲ့ကျလာရင် ဘယ်သူ့ကိုမှ
...ထားဘူး'
ဟု ဒေါကလေးမောကလေးနှင့် ပြောဆိုပြီးနောက် ဆောင့်
...ဆောင့်အောင့်အောင့်လုပ်ကာ ပြန်ထွက်သွားသည်။
အမေ ကိုပါ ၎င်း၏လင်လုပ်စာကို မသုံးထားဘူးဟူသော စိမ်း
...ကြည့်၍ ပြောဆိုသွားသော မရီးလုပ်သူကို ကဗျာဆရာ
...သည် အံကိုခဲကာ စူးစိုက်၍ကြည့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲဗဟ ... မင်းက ငါ့မိန်းမကို ဘယ်လိုကြည့်တာလဲ'

အစ်ကိုလုပ်သူက မယားထိတော့ စားကြည့် ဟုအနေနှ[illegible] မာမာထန်ထန်ပြောဆိုလေသည်။

'ခင်ဗျားမိန်းမက ဘာအပေါက်ချိုးတာလဲဗျ၊ သူဘာပြော[illegible] တယ်ဆိုတာ အမေသဘောမပေါက်ပေမယ့် ကျုပ် နားလည်[illegible] တယ်ဗျ'

ကဗျာဆရာသည် ခပ်ကျယ်ကျယ်လောင်လောင်ကလေး ပြန်[illegible] ပြောလိုက်ကာ ထမင်းစားခန်းထဲမှ အိမ်ရှေ့ခန်းဘက်သို့ ထွက်[illegible] လာခဲ့သည်။

သူသည် ထိုအိမ်၌ ကြာကြာနေ၍ မဖြစ်သကဲ့သို့ အမေ[illegible] အခန်းအတွင်း၌ သူ့အမြတ်တနိုးသိမ်းဆည်းထားရှိဟန်ဘူသော[illegible] ဖိုင်တွဲတစ်တွဲနှင့် စာအုပ်သုံးလေးအုပ်တို့ကို ကတိုက်ကရိုက်ဝင်[illegible] ယူပြီးနောက် အိမ်အတွင်းမှ ခပ်သွက်သွက်ကလေး ထွက်၍လာ[illegible] ခဲ့သည်။

'ကဗျာရှုး စာရူး ကလေကဝ လူ့ပေါက်ပန်း ထွ'

အစ်ကိုလုပ်သူက အော်ဟစ်ပြောဆိုနေသည်။

ကဗျာဆရာသည် ချိုးချိုးဖဲ့ဖဲ့ ပြောဆိုနေသော အစ်ကို လုပ်သူကိုပင် မကြည့်တော့၊ အမေ့ကိုသာ သံယောဇဉ်မကင်း နိုင်၍ တစ်ချက်မျှ လှည့်ကြည့်လိုက်သည်။

အမေမျက်လုံးအိမ်တွင် မျက်ရည်တွေ ပြည့်လျှံနေသည်။ အမည်မရှိသော ကဗျာဆရာသည် အမေ့ကို လျင်မြန်စွာ ကျော ခိုင်းကာ အစ်ကိုလုပ်သူ၏ အိမ်ပေါ်မှ ဆင်းချလာခဲ့သည်။



ထိုအိမ်သို့ဝင်စဉ်က သူသည် ငိုင်ခဲ့သလို အထွက်တွင်လည်း ငိုင်ကာ ရပ်နေပြန်သည်။ ထိုအခိုက် လေကဝေ့ယမ်း၍ တိုက် ခိုက်လိုက်သဖြင့် သူ့ရှေ့လမ်းမပေါ်မှ သစ်ရွက်ခြောက်ကလေး တစ်ရွက်သည် လွင့်ပါး၍သွားလေသည်။

www.burmeseclassic.com

## တွယ်ရာမဲ့

(၁)

လေနှင့်အတူ ဝေ့ယမ်းလွင့်ပါ၍သွားသော သစ်ရွက်ခြောက်ကလေးကို ကဗျာဆရာသည် မျက်စိတစ်ဆုံး ငေးမော၍ ကြည့်နေမိသည်။

ထိုသစ်ရွက်ခြောက်ကလေးသည် အဘယ်ဌာနီသို့ ဝေ့ယမ်းလွင့်ပါသွားလေသနည်း။ သစ်ပင်ထက်မှ မြေကြီးပေါ်သို့ ကြွေလွင့်လာခဲ့ရသော ထိုရွက်ခြောက်သည် တွယ်ရာမဲ့ဖြစ်လေသည်။ သူ၏ကံကြမ္မာကိုလည်း သူကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့် မရှိတော့ချေ။



မြေကြီးသြဇာသာဖြစ်ဖို့ ရှိပေတော့သည်။ တစ်ခါတစ်ရံ လေရူးသည် ဝေ့ယမ်းတိုက်ခတ်တတ်လေသည်။ ထိုကာလမျိုး၌ ထိုရွက်ခြောက်သည် ကမ္ဘာမြေကြီး၏ တစ်နေရာမှ အခြားသောတစ်နေရာသို့ လေရူးဆောင်ယူခြင်း ပြုသည့်အတိုင်း မငြင်းသာ မဆန့်သာ လိုက်ပါသွားရရှာလေသည်။ စိတ်ရူးပေါက်သလောက် ဝေ့ယမ်းဆော့ကစားပြီးသောအခါ ကမ္ဘာမြေကြီး၏ တစ်နေရာ၌ လေရူးသည် ရွက်ခြောက်ကို ပစ်ချထားခဲ့ပေအံ့မည်။ မည်ကဲ့သို့ပင်ဖြစ်စေ၊ ရွက်ခြောက်သည် မြေကြီးသြဇာမျှသာ ဖြစ်လေသည်တကား။

လေနှင့်အတူ မြင့်လိုက်နိမ့်လိုက်နှင့် ဝေ့ယမ်းလွင့်ပါ၍သွားသော ရွက်ခြောက်ကို မျက်စိတစ်ဆုံး ကြည့်ရှုနေရာမှ အမည်ရှိ ကဗျာဆရာသည် သက်ပြင်းကို ချလိုက်လေသည်။

သူရှုမြင်လိုက်ရသော မြင်ကွင်းကို ကဗျာဆရာသည်အလေးအနက် နှလုံးသွင်း ဆင်ခြင်နေပုံရလေသည်။ တကယ်ဆိုတော့ တွယ်ရာမဲ့နေသော ရွက်ခြောက်သည် လေပြုသမျှကို ခံနေရသည်ပင် မဟုတ်သလော။

ထိုအတူ ကဗျာဆရာသည်လည်း ကြမ္မာလေဆောင်ပို့ရာသို့ ဝေ့ယမ်းလွင့်ပါနေရပေသည်။

အထက်ပန်းဆိုးတန်းလမ်းမကြီးအတိုင်း သူသည် ရန်ကုန်ဘူတာရုံကြီးဘက်သို့ တလှုပ်လှုပ် လျှောက်လာခဲ့လေသည်။ သူသည် ဘေးပတ်ဝန်းကျင်ကိုပင် ကြည့်ရှုခြင်းမပြုချေ။ ကျွဲကူးခြေကိုချကာ ချည့်နဲ့ချင်သလို ရှိနေသော ဒူးများကို အနိုင်နိုင်သယ်ဆောင်ခြင်း ပြုနေရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခွံများသည် ပြာဝေလျက် နားထဲမှ လေများသည် တဟူးဟူးထွက်နေပေသည်။ ကဗျာဆရာသည် သူ၏ရောဂါကို သိလေသည်။

ထိုရောဂါသည် ၉၆-ပါး အပြင်အပမှ ရောဂါတစ်မျိုးဖြစ်သည်။ ထိုရောဂါသည်လည်း လူ့အနွယ်ကြီးနှင့် အမျှ အိုမင်းလှပြီဖြစ်သော ရောဂါဘစ်ပါး ဖြစ်လေသည်။

လူ့ဘောင်အတွင်း၌ ထမင်းဆာလောင် ငတ်မွတ်ခြင်း ရောဂါထက် အဘယ်ရောဂါသည် ဆိုးဝါးနိုင်မည်နည်း။

ထိုရောဂါကို ကဗျာဆရာသည် နာရီပေါင်း ခုနစ်ဆယ်ကျော်မျှ ခံခန့်ခဲ့ရပြီးလေပြီ။ အစ်ကိုနှင့် မရီးလုပ်သူတို့ မသိရအောင် အမေလုပ်သူက ခိုးဝှက်ကျွေးမွေး၍ စားရခဲ့တော့မည့်ဆဲဆဲအချိန်တွင် သူသည် ထမင်းပန်းကန်ကို သည်းအားကိုး ကြည့်နေလိုက်သည်။

ထိုမျှသာမကသေး၊ အစ်ကိုနှင့် မရီးတို့၏ မြည်တွန်ပြောဆိုခြင်းကိုလည်း ခံလိုက်ရသည်။ သူ့ကိုသာလျှင် မဟုတ်သေး၊ သူ့အတွက်နှင့် ပတ်သက်၍လည်း အမေ့ကို ပြောလိုက်ဆိုလိုက်ကြသေးသည်။

'စာရူး—ကဗျာရူး'

အကိုလုပ်သူက သူ့ အင်မတန်မြတ်နိုးလှသော အလုပ်ကို မက်မက်စက်စက်ပင် ပြောဆိုခြင်းပြုလိုက်သေးသည်။

ကဗျာဆရာသည် ခံပြင်းမိလေသည်။ သို့ရာတွင် ခံပြင်းရုံမျှသာ ဖြစ်သည်။ လေဆော့တိုင်း ခံနေရသော သစ်ရွက်ခြောက်



နှင့် ဘာမျှလိုမျှ ခြားနားခြင်းမရှိလှသော သူ၏ဘဝက သူ၏ အသိကို အဆုံးအဖြတ်ပေးထားလေပြီ မဟုတ်သလော။

ဘူတာရုံဘေးတွင် အလုပ်သမားများနှင့် အောက်တန်းစားများ စားသောက်ကြသော ထမင်းဆိုင်ကလေးတစ်ဆိုင် ရှိလေသည်။

ဘူတာရုံ၏ တစ်ဖက်ဘောင်ပံတွင် တခမ်းတနား ထားရှိသော ဟိုတယ်နှင့်ကား မတူ၊ စရိုက်ကြမ်းတမ်းသည်။ ညစ်ပတ်သည်။ ဆူညံသည်။

ဘူတာရုံ အလုပ်သမား လေးငါးယောက်ခန့်နှင့် အောက်တန်းစား ခရီးသည် သုံးလေးဦးတို့သည် ထမင်းဆိုင်အတွင်း၌ ဆူဆူညံညံနှင့် ပေပေရေရေ စားသောက်လျက် ရှိနေကြသည်။ ကဗျာဆရာသည် ယင်းထမင်းဆိုင်နှင့် မလှမ်းမကမ်းတွင် ရပ်ကာ ဆိုင်အတွင်း၌ မြိန်ရည်ယှက်ရည်နှင့် ပလုတ်ပလောင်းစားနေကြသူများကို ငေး၍ကြည့်နေသည်။

မြိန်ရည်ရှက်ရည်နှင့် အားရပါးရ စားသောက်နေကြသူများကို ကြည့်နေမိသဖြင့် သူသည် ပို၍ ဆာလောင်လာသည်။ ပို၍ ဝူငြူပျက်ချင်သလို ဖြစ်လာလေသည်။

ရှေးလူဟောင်းတို့သည် 'ငတ်မရှက်' ဆိုသော စကားတစ်ခွန်းကို နှောင်းလူတို့အတွက် ထားပစ်ခဲ့ကြသည် မဟုတ်လော။

အချည်သာ မရှိသေးသော်ငြားလည်း သူသည် ကဗျာဆရာတစ်ယောက်ပင် ဖြစ်လေသည်။ ကဗျာဆိုသော ဝေါဟာရစကားလုံး၏အနက်သည် ကဝိသူမှန်တို့၏ မြွက်ဆိုချက်ဖြစ်၍ အဘိဓာန်

www.burmeseclassic.com



ချားက ဖွင့်ဆိုထားကြသည့်အတွက် ကဗျာဆရာ ဆိုသည်မှာ ကဝိသူမွန် ဟူ၍ ဆိုနိုင်ပေသည်။ သို့ရာတွင် ကဝိသူမွန်သည် အလွန်တရာ ငတ်မွတ်ဆာလောင်လာသောအခါ၌ လူပေါ်ခါစ လူကဲ့သို့ ဖြစ်ချင်လာလေသည်။ သူသည် ထမင်းဆိုင် အတွင်းသို့ အတင်းအဓမ္မ ဝင်ရောက်ကာ လုယက် စားသောက်ချင်သော စိတ်များပင် တဖွားဖွား ပေါ်ပေါက်လာမိသည်။ သို့ရာတွင် သူသည် နှစ်ဆယ်ရာစုနှစ်လယ်အတွင်း၌ အသက်ရှင် နေထိုင်ခြင်း ပြုရသော လူသတ္တဝါဖြစ်သည့် အကြောင်းကို ပြန်၍နှလုံးသွင်းကာ ရှေးလူရိုင်းစိတ်ကို ချုန်းအုပ်ရလေသည်။

ကဗျာဆရာသည် ထမင်းဆိုင်ကို ချာခနဲ ကျောခိုင်းလိုက်ရပေသည်။ တကယ်ဆိုတော့ ဘဝက အသိတရားကိုသာ အဆုံးအဖြတ်ပေးသည် မဟုတ်သလော။ သူ၏ဘဝက လူပေါ်ခါစ လောကက လူသတ္တဝါတစ်ကောင်နှင့် ဘာမျှ မခြားသကဲ့သို့ ရှိနေသောအခါ သူ၏ နှစ်ဆယ်ရာစုနှစ်လယ်မှ အသိတရားဖြင့် အဘယ်သို့ ချုန်းအုပ်၍ခံနိုင်ပါမည်နည်း။ ရှေးလူဟောင်းတို့သည် 'ငတ်မရှက်' ဟူ၍ သိမ်သိမ်မွေ့မွေ့ ဆိုထုံးပြုခဲ့ကြသည်၊ တကယ်ဆိုတော့ 'ငယ်လျှင် ရိုင်း၏' ဟူ၍ တိတိကျကျ ဆိုထုံးပြုဖို့ကောင်းပေသည်။



( ၂ )

ကုန်းကျော်တံတားကြီးပေါ်သို့ ကဗျာဆရာသည် တစ်ထော်ချင်း ပင်ပန်းကြီးစွာ တက်လာခဲ့ရသည်။ လှေကား တစ်ဝက်သာသာခန့်လောက်တွင် ဦးခေါင်းထဲ၌ မိုက်ခနဲ...မိုက်ခနဲ ဖြစ်လာသောကြောင့် ခေတ္တမျှ အနားယူကာ ရပ်နေလိုက်ခဲ့ရသေးသည်။ လှေကားထိပ်သို့ ရောက်အောင် သူသည် တော်တော်ကလေး အားပြု၍ တက်လာရလေသည်။

မောပန်းလှသောကြောင့် ရပ်နေကျ ဖြစ်သော နေရာတွင် ရပ်ရင်း သူသည် ကုန်းကျော်တံတားကြီးအောက်သို့ငုံ၍ ကြည့်လိုက်မိသည်။ -မီးရထား တစ်စီးသည် သဃ်န်းကျွန်းဘက်မှ သည်းကောင်း၊ အခြား တစ်စီးသည် ကြည့်မြင်တိုင်ဘက်မှ လည်းကောင်း တစ်ချိန်တည်းလိုလို ဝင်လာကြပြီးလျှင် စကြိုတစ်ဖက်တစ်ချက်စီတွင် ရှူးရှူးရှဲရှဲ မြည်ကာ ထိုးရပ်သွားကြသည်။ ကြောက်မက်ဖွယ်ရာ များပြားကြီးမားလှသော လူအုပ်ကြီး နှစ်အုပ်တို့သည် ရထားနှစ်စီးအတွင်းမှ တိုးဝှေ့ အန်ထွက်လာကြလေသည်။ ထိုလူအုပ်ကြီး၏ အကြားတွင် သတင်းစာရောင်းသမား၊ ရှာလပတ်ရည်ရောင်းသမားနှင့် မြေပဲဆားလှော်ရောင်းသမားကလေးများသည် အော်ဟစ် ဈေးခေါ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာသည် နားနှစ်ဖက်ကို ပိတ်ထားလိုက်ရသည်။ သူ၏ အာရုံကြောများသည် များစွာ အားနည်းနေဟန် ရှိ၏။ ထို့နောက် မျက်လုံးများကိုပါ မှိတ်ထားလိုက်ရပြန်လေသည်။

ထိုအခိုက် လော်ကယ်ရထားတစ်စီးသည် ခရီးသည်များကို အပြည့်အကျပ် တပ်ဆောင်ကာ မင်္ဂလာဒုံဘက်သို့ ဥသြပေး၍ ထွက်သွားသည်။ များမကြာမီ နောက်ထပ် လော်ကယ်ရထား တစ်စီးသည်လည်း အလားတူပင် ခရီးသည်များကို အပြည့် အကျပ်သယ်ဆောင်ကာ ကြည့်မြင်တိုင်ဘက်သို့ ခုတ်မောင်းသွား ပြန်လေသည်။

များမကြာမီကလေးကမှပင် သင်္ဃန်းကျွန်းဘက်မှ လော်ကယ်ရထားတစ်စီးသည် လည်းကောင်း၊ ကြည့်မြင်တိုင်ဘက်မှ လော်ကယ်ရထားတစ်စီးသည် လည်းကောင်း ခရီးသည်များကို အပြည့်အကျပ် တင်ဆောင်လာကာ ရန်ကုန် ဘူတာရုံကြီး အတွင်းသို့ ဝင်လာကြသည်။

ထိုခရီးသည်များကို ဘူတာရုံကြီးအတွင်းမှ မရှင်းလင်းနိုင်သေးမီ ခရီးသည်များကို ကျပ်ခဲပြွတ်သိပ်အောင် တင်ဆောင်ထားသော ရထားနှစ်စင်းသည် ဘူတာရုံ၏ တစ်ဖက်တစ်ချက်ဆီသို့ ခုတ်မောင်းနေကြပြန်ပါပကောလား။

ကဗျာဆရာသည် အသစ်သော ကဗျာ တစ်ပုဒ်အတွက် အကြောင်းအရာ တစ်ရပ်ကို ဆင်ခြင်မိဟန်ရှိလေသည်။ လူ့ အသိုက်အမြုံသည် တကယ်ဆိုတော့ ပျားအုံကြီးတစ်အုံနှင့်မတူ သလော။



မွတ်သိပ်ဆာလောင်၍ အားအင်တို့သည် ကုန်ခမ်းနေသော် ငြားလည်း ကဗျာဆရာသည် တစ်ပုဒ်သော ကဗျာကို သီကုံး ခြင်းအမှုအတွက် ဉာဏ်ကွန့်မြူး၍ အားထုတ်နေပုံရလေသည်။

သို့ရာတွင် အကြောင်းအရာသာလျှင် ရှိသော်ငြားလည်း ကာရံကိုမူကား သူသည် ရှာဖွေ၍ မတွေ့ချေ။ ဝေါဟာရစကား လုံးများကိုလည်း ကြံစည်၍ မရချေ။

ပိဋကတ်သုံးပုံကို စောင့်ရှောက်ခြင်း ပြုလေသူ ဆိုသော သူရဿတီမယ်တော်ကြီးကကော ချစ်သား ကဗျာဆရာလေးကို လျစ်လျူရှုထားလေပြီလော။ မဟုတ်ချေ။

ကဗျာဆရာသည် ထမင်း ဆာလောင်နေသောကြောင့်သာ ဖြစ်လေသည်။ ငတ်မွတ် ဆာလောင်နေသော သတ္တဝါတစ် ကောင်သည် အဘယ်အမှုကို ပြုနိုင်စွမ်းသနည်း။

(၃)

မိုးမလင်းနိုင်သော ညဥ့်ပေါင်းသုံးလေးညတို့ကို ကမ္ဘာမြေပြင် ၏ အနှံ့အပြားဌ် ကျော်လွှားလွန်မြောက်ခဲ့ရပြီးနောက် အမည် မရှိသော ကဗျာဆရာသည် ဘားလမ်းဘက်ရှိ နာမည်ကျော် မဂ္ဂဇင်းတိုက်ကြီး တစ်တိုက်ရှေ့တွင် ရပ်လိုက်လေသည်။

'ကြည်တော်မူ' အမည်ရှိသော မဂ္ဂဇင်းတိုက်ရှေ့တွင်ကဗျာ ဆရာသည် ရုတ်တရက် အတွင်းသို့ မဝင်ဝံ့ မဝင်ရဲသေးသကဲ့သို့ အတန်ကြာမျှ ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည်တော်မူမင်္ဂလာဇင်းသည် တစ်လတစ်လလျှင် ဆောင်ရွေ ငါးသောင်းနီးပါးခန့်မျှ တွင်တွင်ကျယ်ကျယ် ထုတ်ဝေဖြန့်ဖြူး နေသော နာမည်ကြီး မဂ္ဂဇင်းတစ်စောင် ဖြစ်လေသည်။

တိုင်းပြည်တွင် များစွာထင်ရှား ကျော်ကြားလျက် ရှိသော စာရေးဆရာ ကြီးငယ်များနှင့် ကဗျာဆရာကြီးငယ်များ ပါဝင် ရေးသားနေကြသော စာပေ မဂ္ဂဇင်းတစ်စောင်လည်း ဖြစ်လေ သည်။ တော်ရုံသင့်ရုံ စာရေးဆရာ ကဗျာဆရာများသည် ထို မဂ္ဂဇင်းအနီးသို့ပင် မသီနိုင်ကြချေ။ ထို့ကြောင့်လည်း အမည်မရှိ သော ကဗျာဆရာသည် ကြည်တော်မူ မဂ္ဂဇင်းတိုက်ရှေ့သို့ ရောက်ရှိနေပြီ ဖြစ်သည့်တိုင်အောင် မဂ္ဂဇင်းတိုက် အတွင်းသို့ ရှုတ်တရက် မဝင်ရောက်ဝံ့သေးခြင်းမျှသာ ဖြစ်လေ၏။

တကယ်ဆိုတော့ သူသည် အမည်မရှိသော ကဗျာဆရာ ကလေးတစ်ဦးတစ်ယောက်မျှသာ ဖြစ်လေ၏။ သူရေးစပ်သီကုံး ထားသော ကဗျာများ အမြောက်အမြားရှိနေပြီ ဖြစ်သော် လည်း မည်သည့်မဂ္ဂဇင်းနှင့် ဂျာနယ်တိုက်ကြီးများကမှ အသိ အမှတ်ပြုကာ ပုံနှိပ်ဖော်ပြခြင်း မပြုကြသေးချေ။

ထိုသို့ ပုံနှိပ်ဖော်ပြခြင်း မခံရသေးသည့်အတွက် သူသည် ကဗျာဆရာစာရင်းတွင် ထည့်သွင်းခြင်း မခံရသေးခြင်းပင် ဖြစ် လေသည်။

ကဗျာဆရာတစ်ယောက်အနေနှင့် စာရင်းအသွင်းခံဖို့အရေး သည် သေးငယ်လွယ်ကူလှသော အလုပ်တော့ကား မဟုတ်ချေ။ မိမိကဗျာကို ပုံနှိပ်ဖော်ပြခြင်းပင် ခံရဦးတော့။ တိုင်းပြည်က အသိအမှတ်ပြုဦးမှဖြစ်သည်။



အမည်မရှိသော ကဗျာဆရာသည် တိုင်းပြည်၏ အသိအမှတ် ...းခံရဖို့အရေးကို ထားဘိဦး။ တစ်ပုဒ်တလေသော ၎င်း၏ ...မျှကိုပင် ပုံနှိပ်ဖော်ပြခြင်း ခံရဖူးသူ မဟုတ်ချေ။ မည်ကဲ့ ...ဖြစ်စေ၊ အမည်မရှိသော ကဗျာဆရာသည် မိုးမလင်းနိုင် ... ညပေါင်းများစွာတို့ကို ကျော်လွှား လွန်မြောက်ခဲ့ပြီး ...တ် အလွန်တရာ ထင်ရှားကျော်ကြားလှသော ကြည်တော်မူ ...င်းတိုက်ရှေ့တွင် ရပ်တန့်လိုက်ခြင်းပင် ဖြစ်လေသည်။

...သည် ကြည်တော်မူမဂ္ဂဇင်းနှင့် အခြားနာမည်ကြီးမဂ္ဂဇင်း ...တွင် ထည့်သွင်း ဖော်ပြလေ့ရှိသော ကဗျာဆရာများကို ...ိုက် လေ့လာဖတ်ရှုသူ တစ်ဦးဖြစ်သည်။

...ဆက်ပါ မဂ္ဂဇင်းများကို ဝယ်ယူ ဖတ်ရှုနိုင်သောအချိန် ...များတုန်းက သူသည် ဝယ်ယူဖတ်ရှုသည်။ ဝယ်ယူဖတ်ရှု ...ပြုနိုင်သော ကာလများတုန်းက သူသည် ငှားရန်းဖတ်ရှု ...သည်။

...ထက် အခြေအနေများ ဆိုးဝါးလာသော အချိန်ကာလ ...တွင် သူသည် စာအုပ်စင်များ၌ စာအုပ်ကို ဝယ်ယူခြင်းပြု ...တန်မျိုးဖြင့် ဟိုလှန်ဒီလှန်လုပ်ကာ ခိုးဝှက် ဖတ်ရှုခြင်းပြု ...ည်။

...ရာတွင် ကြည်တော်မူအပါအဝင် ခေတ်ပေါ်မဂ္ဂဇင်းများ ...ထည့်သွင်းဖော်ပြနေသော ကဗျာများသည် များသောအား ...နည်းစုနှင့် အပေါ်ယံအကြောင်းအရာများ၊ လွမ်းရေး ...ခုနှ်သံများကို ဖွဲ့နွဲ့သော အကြောင်းအရာ ကဗျာများ ...င် ဖြစ်လေသည်။

www.burmeseclassic.com



လူများစုကြီး၏ ဘဝအခြေကို ဖော်ပြသော ကဗျာမျ
မတွေ့ရသလောက်ဖြစ်သည်၊ လူ့ဘဝ၏ ပင်ပန်းခြင်း
သော တိုက်ပွဲများအကြောင်း ဖော်ပြဖွဲ့နွဲ့သော ကဗျာ
လည်း မတွေ့ရချေ။ တွေ့ရသော ကဗျာတစ်ပုဒ်မှာ
'ဖက်ရှင်' ဆန်ဆန် ကဗျာများသာလျှင် ဖြစ်လေသည်။

အမည်မရှိသော ကဗျာဆရာတစ်ယောက် ဖြစ်နေ
နာမည်ကျော်ကြားနေသော မဂ္ဂဇင်းတိုက် တစ်တိုက်အတ
သူသည် မဝင်ရဲခြင်းတော့ကား မဟုတ်ချေ။

ထိုမဂ္ဂဇင်းက ပုံနှိပ်ဖော်ပြလေ့ရှိသော ကဗျာများနှင့်
ကဗျာများကို နှိုင်းယှဉ် စဉ်းစားမိသောကြောင့် ငိုင်၍
ခြင်းမျှသာလျှင် ဖြစ်ပေသည်။ သို့ရာတွင် သူသည် ကြည်
မဂ္ဂဇင်းတိုက်ရှေ့သို့ ရောက်လာခဲ့ပြီးကာမှ ထိုကဲ့သို့ တိုက
တွင် ကြာရှည်သဖြင့် စဉ်းစားနေ၍တော့ မဖြစ်ချေ။ ရပ်
လည်း မသင့်တော့ချေ။

(၄)

'ကြည်တော်မူ'

သူသည် ဆိုင်းဘုတ်ကြီးကို တစ်ချက်မျှ မော့၍ကြ
နောက် သူ၏ဖိုင်တွဲကြီးတစ်တွဲကိုပိုက်ကာ မဂ္ဂဇင်းတိုက်အ
သို့ ဝင်လာခဲ့လေသည်။



အတွင်းသို့ ရောက်လျှင် 'အယ်ဒီတာ' ဟူ၍ စာတန်းကလေး
ထားသော အခန်းကလေးတစ်ခုအတွင်းသို့ တန်းတန်းမတ်
တ် ဝင်၍ သွားသည်။

ကြည်တော်မူ မဂ္ဂဇင်း အယ်ဒီတာ အခန်းအတွင်း၌ အယ်ဒီ
တာနှင့် ၎င်း၏ မိတ်ဆွေ စာရေးဆရာနှင့် တူသော လူ
စ်ယောက်တို့ ထိုင်နေသည်။ ထို မဂ္ဂဇင်း အယ်ဒီတာနှင့်
င်း၏ စာရေးဆရာတို့သည် ဖိုင်တွဲတစ်တွဲကို ပိုက်၍ ဝင်လာ
သော ကဗျာဆရာ လူသစ်ကို မမြင်မိကြချေ။

အယ်ဒီတာ လုပ်သူသည် အမေရိကန်ပြည်ထုတ် ဂျာနယ်
စ်စောင်ကို စူးစိုက် ဖတ်ရှုနေသည်။ ထို အတူ ရှိသည့်
ာရေးဆရာကလည်း အင်္ဂလိပ်စာအုပ် ခပ်ကြီးကြီး ခပ်ထူထူ
စ်အုပ်ကို ကြည့်ရှုနေသည်။

ကဗျာဆရာလူသစ်သည် အခန်းတံခါးဝတွင်ရပ်ကာ အရိပ်
ခြေကို အကဲခတ်လေသည်။ ထိုအခိုက် စာအုပ်ကြီး ထူထူ
ဖတ်ရှုနေသော စာရေးဆရာက သူ့ကို မြင်သွားသဖြင့်
ယ်ဒီတာ လုပ်သူကို လက်တို့လိုက်လေသည်။

အယ်ဒီတာသည် အရောင်အဆင်းခပ်မွဲမွဲနှင့် ၎င်း၏ အခန်း
ံခါးဝတွင် ရပ်နေသော အမည်မရှိ ကဗျာဆရာကို လှမ်း၍
ကြည့်လိုက်သည်။

ကဗျာဆရာကို သူသည် ကဗျာဆရာဟု အကဲခတ်မိပုံမရ
ဲ။ အလှူခံ တစ်ယောက်ပါလိမ့်ဟူသော အကြည့်မျိုးဖြင့်
ာန်ကြာမျှ ကြည့်ရှုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာလူသစ်သည် တော်တော်ကလေး အနေရကျဉ်းကျပ် နေပုံရသည်။ သို့ရာတွင် သူ့ကိစ္စနှင့်သူဖြစ်၍ သူ၏ကိုယ်ကို တောင့်ထားရလေသည်။

'ဘာကိစ္စ ရှိလို့လဲ'

ဟု အယ်ဒီတာက မေးမြန်းခြင်း ပြုလိုက်တော့မှ အမည်မရှိ ကဗျာဆရာသည် အနေရခက်သော ချောင်ချိသလို ရှိသွားပြီးလျှင်....

'ကျွန်တော့်စာမူ တင်ပြချင်လို့ပါခင်ဗျာ'

ဟု ခါးညွတ်၍ ရိုရိုသေသေ ပြန်ပြောလိုက်ရသည်။

'ဪ—ခင်ဗျားက စာရေးဆရာ တစ်ယောက်လား'

ဟု အယ်ဒီတာက အထူးအဆန်းကဲ့သို့ မေးမြန်းလိုက်သည်။

အမည်မရှိသော ကဗျာဆရာသည် ထိုမေးခွန်းကို အဘယ်သို့ ဖြေဆိုရမှန်း မသိချေ။ သူသည် စာရေးဆရာတစ်ယောက် မဟုတ်ချေ။ ကဗျာဆရာ တစ်ယောက်လည်း မဟုတ်ချေ။ ယခု သူ ရေးစပ် ဖွဲ့နွဲ့ထားသော ကဗျာများကို တင်ပြရန် လာရောက်သူ ဖြစ်လေသည်။

သို့ရာတွင် ကြည်တော်မူ မဂ္ဂဇင်း၏ အယ်ဒီတာက ထိုကဲ့သို့ အဖြေရ ကျပ်လှသော မေးခွန်းကို ထုတ်လိုက်သောအခါ သူသည် အမည်မရှိသော ကဗျာဆရာ တစ်ဦးအနေနှင့် အဘယ်သို့ ပြန်လည် ဖြေကြားခြင်း ပြုရပါမည်နည်း။



မေးနေသော မေးခွန်းကိုလည်း မဖြေကြားသေး၍ မဖြစ်ချေ၊ ထို့ကြောင့်....

'စာရေးဆရာ တစ်ယောက်တော့ မဟုတ်သေးပါဘူး ခင်ဗျာ၊ ခုမှ ကြိုးစားတုန်းပါ'

ဟု ရိုရိုသေသေ ပြန်ပြောကာ အယ်ဒီတာ စားပွဲအနီးသို့ ခပ်ရို့ရို့ကလေး လျှောက်လာခဲ့ပြီးလျှင် ရင်းမိုက်လာသော ဖိုင်တွဲကြီးကို လှမ်း၍ ပေးလိုက်ရသည်။

အယ်ဒီတာလုပ်သူသည် အမည်မရှိသော ကဗျာဆရာ၏ စာမူများကို အရေးတယူ ကြည့်ရှုခြင်း မပြုနိုင်သေးသကဲ့သို့ စီးကရက်တစ်လိပ်ကို မီးညှိနေသည်။

သူသည် မြန်မာအမျိုးသား တစ်ယောက်ပင် ဖြစ်စေကာမူ သည်း ရင်းနှင့် တွေ့ဆုံရန် လာရောက်ခြင်း ပြုသော လူ တစ်ယောက်ကို အထိုင်မျှပင် မခိုင်းချေ။

သူ၏ အထိုင်မခိုင်းသည့်အတွက် ကုလားထိုင်အပို နှစ်လုံးမျှ ရှိသေးသော်ငြားလည်း အမည်မရှိ ကဗျာဆရာသည် မထိုင်ဝံ့ သကဲ့သို့ ရပ်မြဲရပ်နေလေသည်။

ဖိုင်တွဲကြီးတစ်တွဲမျှ ပါရှိသော စာမူများကို အယ်ဒီတာ လုပ်သူက ကိုင်တွယ်ကြည့်ရှုခြင်း မပြုသေးဘဲ စီးကရက်ကိုသာ ဖွာနေသဖြင့် ခပ်စောစောက အင်္ဂလိပ်စာအုပ် ခပ်ကြီးကြီး တစ်အုပ်ကို ဖတ်ရှုနေသော စာရေးဆရာသည် အမည်မရှိသော

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာ၏ ဖိုင်တွဲကို လှမ်းယူကာ လှန်လှောကြည့်ရှုနေလေသည်။

'အား...ကဗျာ တွေ ချည်း ပါပဲ လား၊ ဒါလောက်တောင် ကဗျာတွေချည့်ပဲ လာတင်တာ တစ်ခါမှ မတွေ့ဖူးပါဘူး'

စာရေးဆရာသည် ဖိုင်တွဲကို လှန်လှောကြည့်ရှုရင်း အလန့်တကြား ပြောဆိုလေသည်။

ကဗျာဆရာသည် အနည်းငယ် ပြုံးလိုက်ပြီးနောက်....

'ကျွန်တော့်မှာ ငွေကလေး နည်းနည်းအသုံး လိုနေလို့ပါ၊ ဒီကဗျာတွေထဲက ကြိုက်ရာကို ကြိုက်သလိုအသုံးပြုနိုင်ပါတယ်'

ဟုလည်း မရဲတရဲနှင့် ပြောဆိုလိုက်သည်။

'ဟား...ဟား... ဟား'

အယ်ဒီတာသည် ကဗျာဆရာ၏ စကားကို သဘောကျသွားသကဲ့သို့ ရယ်ထရက် ရယ်မောလိုက်သည်။

ကဗျာဆရာသည် နောက်သို့ တွန့်၍သွားလေသည်။

'ကိုယ့်လူက စာပေနယ်နဲ့ တော်တော်လေး ကင်းကွာနေသေးတယ်နဲ့တူတယ်၊ ကဗျာဆိုတာ ဘယ်တုံးကမှ တန်ဖိုးရတဲ့ ပစ္စည်းမှ မဟုတ်တာ၊ မဂ္ဂဇင်းဂျာနယ်တွေမှာ ကော်လံမပြည့် ပြည့်အောင် သုံးကြတဲ့ အဖြည့်ခံစာပေပဲဗျ'

အယ်ဒီတာသည် ကဗျာဆရာ လူသစ်အား ကဗျာ၏ တန်ဖိုးနှင့် အသုံးချပုံတို့ကို ဆက်လက် ရှင်းလင်း ပြောကြားခြင်း ပြုလေသည်။



သောက်တော့ ကျွန်တော်လဲ သိထားပါတယ်ခင်ဗျာ၊ ...'

ကဗျာဆရာ၏ စကားမဆုံးမီ...

မ်းပါဦး ကိုယ့်လူရ၊ ဘယ်ခေတ်ကျတော့ကော ကဗျာ အဖိုးတန်ဦးမှာတဲ့လဲဗျ'

စာရေးဆရာက ဝင်၍ပြောဆိုခြင်း ပြုလိုက်လေသည်။

ယ်မရှိ ကဗျာဆရာသည် မျက်နှာတစ်ခုလုံး နီရဲနေပေ သူ၏ အသားများသည်လည်း တဆတ်ဆတ် တုန်လာ ကြောင့် သူ၏ ကိုယ်ကို များစွာ ချုပ်တည်းထားရ

ဒီတာနှင့် စာရေးဆရာတို့သည် ကဗျာဆရာကို ကြောင်ထားပြီး ရယ်မောနေကြလေသည်။

ဆုံး၌ မည်ကဲ့သို့မျှ ဆက်လက်၍ ခံနိုင်ခြင်း မရှိ ကဗျာဆရာသည် အယ်ဒီတာ့ စားပွဲပေါ်မှ ၎င်း၏ တွဲကြီးကို ဆတ်ခနဲ လှမ်းယူလိုက်ပြီးလျှင် ၎င်းအား ရာ သတ္တဝါတစ်ကောင်ကဲ့သို့ အသုံးပြုလိုက်ကြသော နှစ်ယောက်တို့ကို နှုတ်ဆက်ခြင်းပင် မပြုတော့ဘဲ အခန်းထဲမှ ထွက်ခွာလာခဲ့လေသည်။

ကဗျာဆရာတွေပေါ့ဗျာ၊ လမ်းပေါ်မှာ ပင်နီကြွမ်း ပ်စုတ် စီးပြီး သော်နေကြတာ'

နောက်ကွယ်၌ ထိုကဲ့သို့ ပြောဆိုရင်း စာရေးဆရာ သူ ဘာသာ သူ သဘောကျသကဲ့သို့ ကျယ်ကျယ် ောင် ရယ်မောခြင်း ပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဗျာတွေ ခပ်များများကို မြေပဲလှော်ဆိုင် သွားရော
တော့ ပိုက်ဆံရမှာပဲဗျ၊ ဟဲ....ဟဲ....ဟဲ'

အယ်ဒီတာလုပ်သူကလည်း ထိုကဲ့သို့ ပြောဆိုကာ ရယ
နေလိုက်ပြန်သည်။

အမည်မရှိသော ကဗျာဆရာသည် ၎င်း၏ နားနှစ်ဖ
လက်နှစ်ဖက်နှင့် အဘင်းပိတ်ကာ နိုင်ငံကျော် ကြည်
မဂ္ဂဇင်းတိုက်အတွင်းမှ အပြေးအလွှား ထွက်လာခဲ့ရသည်

စင်လာစဉ်တုန်းကကဲ့သို့ အထွက်တွင် သူသည် ကြည်
မဂ္ဂဇင်းတိုက်ရှေ့တွင် အတန်ကြာမျှ ငိုင်၍ရပ်နေမိသည်။ သ
ဝိုင်းဝန်းနှိမ်နင်းကာ လှောင်ပြောင်၍ လွှတ် လိုက် ကြ
လူများကို စိတ်ဆိုးရမည်လော၊ သို့တည်းမဟုတ် မိမိကိုယ်
စိတ်ဆိုးရမည်လော။ ထိုလော နှစ်လောကို အမည်မရှိ
ကဗျာဆရာသည် မခွဲခြားတတ်အောင် ဖြစ်နေပုံရသည်။ သို့
သူသည် စိတ်အားလျှော့ခြင်းတော့ မရှိသေးချေ။

အဘယ်ကြောင့် ဆိုသော် သူ၏ ကဗျာများကို သူ
ယုံကြည်ခြင်း ရှိသေးသောကြောင့်ဖြစ်သည်။ သူ၏ကိုယ်ကို
ကဗျာဆရာတစ်ယောက် ဖြစ်မည်ဟု စွဲမြဲယုံကြည်နေသေး
ကြောင့် ဖြစ်သည်။

ကြည်တော်မှုကဲ့သို့ မဂ္ဂဇင်းကြီးတစ်စောင်က သူ့ ကဗျာ
ကို ငြင်းပယ်လိုက်လျှင် သူသည် အခြားနာမည်ကျော် ရှေ
ရှေလင်းယုံ၊ ရွှေဂျုံးဖြူနှင့် မြနန္ဒာ မဂ္ဂဇင်း တိုက်ကြီးမျ
သွားရောက်တင်ပြကာ ရောင်းချခြင်း ပြုနိုင်သေးသည် မ
သလော။ ထိုကဲ့သို့သော မဂ္ဂဇင်းကြီးများက သူ၏ကဗျာမျ



လူရာမသွင်းကြလျှင်လည်း စိတ်ပျက် အားငယ်စရာတော့ မရှိသေးချေ။ လင်းရောင်ခြည်၊ ပြည်သူ့အသံနှင့် အောင်မင်္ဂလာစသော တစ်ပတ် တစ်ကြိမ်ထုတ် ဂျာနယ် တိုက်ကြီးများသို့ စမ်းသပ်ပြသကြည့်ရန် အခွင့်အလမ်းရှိနေသေးသည်။

ကဗျာဆရာသည် ၎င်း၏ကိုယ်ကို အားပေးခြင်းပြုပြီးနောက် ၎င်းအား ရက်ရက်စက်စက် နှိမ်နင်း ပြောဆိုလွှတ်လိုက်သော ကြည်တော်မှု မဂ္ဂဇင်းတိုက်ကို ရဟ်တရက် ပြန်လှည့်ကြည့်လေသည်။

ကဗျာ ဆိုသည်မှာ အဖြည့်ခံ စာပေဟူ၍ နင့်နင့်သီးသီး ပြောဆိုလွှတ်လိုက်သော ထိုစာပေ ဝန်ထမ်းများကို သူသည် ရယ်မောပစ်လိုက်ချင် သကဲ့သို့ ဖြစ်လာသည်။ ရှေးယခင်က ကဗျာတစ်ပုဒ်နှင့် ထောင်ထုပ် ရရှိခဲ့ကြဖူးသော စာဆိုများ အကြောင်းကို ထိုစာပြုဝန်ထမ်း ဆိုသူများသည် တကယ်ပင် မသိရှိကြ၍လော၊ သို့တည်းမဟုတ် သိရှိပြီး ဖြစ်လျက်နှင့်ပင် သက်သက်မဲ့ စော်ကားလိုက်ခြင်း ဖြစ်သလော။

ကြည်တော်မှု မဂ္ဂဇင်းတိုက်ကို ပြန်လှည့်ကြည့်ရှုရင်း ကဗျာဆရာသည် ၎င်း၏ သတိနှင့် ဒေါသ စသည်တို့ကို ချုပ်တည်း ထိန်းသိမ်းခြင်း မပြုနိုင်တော့သကဲ့သို့ အသံကျယ်ကြီးများပင် ထွက်သွားအောင် တစ်ယောက်တည်း ရယ်မောခြင်း ပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ စိတ်အားရ ကျေနပ်လောက်အောင် ရယ်မောရင်း အမည် မရှိသော ကဗျာဆရာသည် နာမည်ကျော်ကြားလျက် ရှိသော ကြည်တော်မူ မင်္ဂဇင်းတိုက်ရှေ့မှ ထွက်လာခဲ့လေသည်။

( ၅ )

ကဗျာဆိုသည်မှာ ကဝိသူမွန်တို့၏ ပစ္စည်းဟူ၍ ဆရာ့ ဆရာများက အနက်ဖွင့်ဆိုထားကြသည်။ သို့ရာတွင် သူသည် ကဝိသူမွန်တစ်ဦးတစ်ယောက်တော့မှုကား မဟုတ်ချေ။ ထို အကြောင်းကိုလည်း အမည်မရှိကဗျာဆရာသည် ကောင်းစွာ သိရှိထားလေသည်၊ သို့ရာတွင် ကဝိသူမွန်တို့၏ ပစ္စည်းကိုမူ သူ သည် အလွန်တရာ တပ်မက်မြတ်နိုးသည်၊ ချစ်ခင်နှစ်သက် သည်၊

သူသည် ငယ်စဉ်ဘောင်ကျေး ကလေးအရွယ်လောက်မှ အစ ပြု၍ ကဝိသူမွန်တို့၏ပစ္စည်းကို ချစ်ခင်နှစ်သက်ရမှန်း သိလာခဲ့ သည်။ ကဗျာကို အသံသွင်း၍ထားသော ဂီတကိုလည်း တပ်မက် တ်နိုးခဲ့ရမှန်းသိလာခဲ့၏။



အခြားခြားသော ရင်နှင့် သက်တူရွယ်တူ ကျောင်းသူ ကျောင်းသားများသည် အတန်းစာကို ကျက်မှတ်ဖတ်ရှုနေကြ သော အချိန်များတွင် သူသည် ကဝိသူမွန်တို့၏ ပစ္စည်းများ ကြားတွင် ပျော်မွေ့နေတတ်၏။

ဆယ့်သုံးလေးနှစ်သားအရွယ် အလယ်တန်းကျောင်းသား လောက်ကတည်းက သူသည် ရတုဘွဲ့ရင် မင်းနတ်ရှင်၏ များ၊ မင်းနဝဒေး၊ လျှော်ကားသုံးတောင်မှူးနှင့် ရှင်သံခိုတို့ ရတုများကို အမြီးပြန်ခေါင်းပြန် ဖတ်ရှုလေ့လာကာ သွတ်များပင် ရနေခဲ့သည်။

လေးလုံးတစ်ပိုဒ် လင်္ကာကလေးများ၊ အချိုးကလေးများနှင့် းထပ်များကိုပင် ရေးစပ်သီကုံးတတ်နေခဲ့၏။ အလယ်တန်း ကျော်လွန်၍ အထက်တန်းသို့ ရောက်လာသောအချိန်တွင် သည် အင်းဝခေတ် ပျို့အစောင်စောင်နှင့် ကုန်းဘောင်ခေတ် အစောင်စောင်တို့ကို နေ့ာကျေနေအောင် ဖတ်ရှုလေ့လာ လေပြီ။

အထက်တန်းတွင် သင်ကြားခြင်းပြုရသောကဗျာများပြီးစီး၍ ဘွဲ့သိုလ်သို့ ဝင်ရောက်ရသောအခါ သူသည် ရှေးဟောင်း ာများကို ရွေးချယ်စီစစ်ကာ ဖတ်လာသည်။ အေးချင်းနှင့် ကွန်းများကို သူသည် ဖတ်ရှုလေ့လာခြင်း မပြုလှတော့ း

ကုန်းဘောင်ခေတ်နောက်ပိုင်းမှ အိုင်ချင်းများနှင့် အချိုး လေးများကို စုံစုံမက်မက် လေ့လာတော့သည်။ မြဘတ် ကိုလည်း ဂရုတစိုက်နှင့် အလေးပြု ဖတ်ရှုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖတ်ရှုလေ့လာခြင်းပြုရုံမျှနှင့် အားမရတော့သကဲ့သို့ ကိုယ်တိုင်လည်း ရေးစပ်ခြင်းပြုလာသည်။ သို့ရာတွင် သူသည် 'ငွေလရောင်ပျက်ခဲ့သောညတစ်ည' အကြောင်းကို လည်းကောင်း၊ 'အင်းလျားရေပြင်ကို မိုးနေသော ကောင်းကင်ပြာ' အကြောင်းကို လည်းကောင်း၊ 'ထင်းရှူးပင်ရိပ်မှချစ်သူနှစ်ဦး' အကြောင်းကို လည်းကောင်း အခြားအခြားသော တက္ကသိုလ်ကဗျာဆရာများကဲ့သို့ ရေးစပ်ခြင်း မပြုချေ။

သူ ရေးစပ်ဖွဲ့နွဲ့ခြင်းပြုသော အကြောင်းအရာများ အားလုံးလိုလိုသည် လူ့သမဂ္ဂအတွင်းမှ အနာအဆာများအကြောင်းသာ ဖြစ်လေသည်။ တကယ်ဆိုတော့ သူ၏ကဗျာများသည် ကဝိသုမှန်တို့၏ ပစ္စည်းဟူ၍ မပြောဆိုနိုင်လောက်အောင် ရှုန့်ရင်းကြမ်းတမ်းလှသည်။ သူသည် 'လှည်းတန်းထိပ်မှ ညအပျို' အကြောင်းကို တစ်တစ်ခွခွ ရေးစပ်၍ တက္ကသိုလ်ကျောင်းထုတ်နှစ်ပတ်လည်မဂ္ဂဇင်းသို့ ပို့ဖူးလေသည်။

မြန်မာဌာနစာတည်းက ကျော်မြောက်လွန်းလှသော ထိုညအပျိုကဗျာကို ဂုဏ်သရေရှိ မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခြင်း မပြုဝံ့၍ ပြန်ပို့ပေးခဲ့သည်။ သူ၏ ကဗျာတစ်ပုဒ်ကိုသာ သူကျောင်းမှ ထွက်လာရသောနှစ်က အိုးဝေမဂ္ဂဇင်း၌ ပုံနှိပ်ဖော်ပြခြင်း ခံရဖူးလေသည်။ ထိုကဗျာ၏ အမည်မှာ 'ဘတ်စ်ကားဆိပ်' ဖြစ်သည်။ ကမာရွတ်အဝိုင်းကြီးအနီးရှိ ဘတ်စ်ကားဆိပ်ကို ဖော်ပြထားသော ကဗျာတစ်ပုဒ်လည်း ဖြစ်လေသည်။

မော်တော်ဘတ်စ်ကားဆိပ်တွင် ကျောင်းတက်နေရမည့်အစား သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ရုန်းကန်တိုက်ပွဲဝင်နေ



ကြရရှာသောကလေးသူငယ်သုံးဦးတို့၏ဘဝကိုသူသည် ကဗျာ၏ ဝင်မ အကြောင်းအရာအဖြစ်ဖြင့် ရွေးချယ်ထားသည်။ ဆယ့်သုံးနှစ်သားအရွယ် မော်တော်ဘတ်စ်ကားစပယ်ယာကလေးတစ်ဦး၊ မြေပဲလှော် ရောင်းနေရသော ဆယ်နှစ်သားအရွယ် ကလေးသူငယ်တစ်ဦးနှင့် မျက်မမြင်ဘွားအေအိုကြီးကို တုတ်ဆွဲ၍ ခရီးသွား ခရီးလာများထံမှ ကရုဏာကြေး တောင်းခံကျွေးမွေးနေရသော ကလေးမကလေးတစ်ဦးတို့သည် သူ့ကဗျာ၏ ဇာတ်ဆောင်သုံးယောက် ဖြစ်ကြလေ၏။

အမည်မရှိ ကဗျာဆရာသည် လူ့ဘောင်ကြီး၏ အနာအဆာများကို အမြဲတစေ ၎င်း၏ကလောင်တံဖြင့် ထိုးဆွဲဖော်ထုတ်ကာ ပြည်သူများ၏ ခုံရုံး၌ စွဲချက်တင်လေ့ရှိသော 'ဆွဲချဒေါက်ဖြုတ်' ကဗျာဆရာတစ်ဦးကဲ့သို့ ဖြစ်နေပေသည်။ ထို့ကြောင့် သူ၏ ကြောက်မက်ဖွယ်ရာကောင်းလှခဲ့သော ကဗျာများကို အဘယ်သူကမှ လူရာမသွင်းလိုကြချေ။ ထို့အတွက် သူသည် စိတ်ပျက်အားငယ်မိပုံလည်း မရချေ။

တစ်နေ့သောအခါ သူ၏ ကဗျာများကို ပြည်သူများ၏ ခုံရုံးတက်တွင် ကြားနာခြင်းပြုလိမ့်မည်ဟု စွဲမြဲ ယုံကြည်ထားပေသည်။ သူ၏ ကိုယ်ကိုလည်း ကျော်ကြားသော ကဗျာဆရာတစ်ယောက် ဖြစ်လာရမည်ဟု အခိုင်အမာ ယုံကြည်ထားပေသည်။

ကဗျာကို အသံသွင်းထားသော ဂီတကိုလည်း သူသည် တပ်မက်မြတ်နိုးသော လူတစ်ယောက်ဖြစ်လေသည်။ ကဗျာကို နှစ်ကတ်သော အသက်အရွယ်လောက်မှ အစပြုလျှက် သူသည်

www.burmeseclassic.com

www.burmeseclassic.com



ဂီတကို စုံမက်တတ်လာခဲ့သည်။ ဆယ့်သုံးလေးနှစ်သား အရွယ် လောက်မှစ၍ သူသည် လက်ဆွဲဘာဂျာနှင့် ခတားတပ်၊ ဘော လယ်နှင့် ကာလပေါ်သီချင်းများကို ဆွဲနိုင်ဆိုနိုင်ခဲ့ပေသည်။ အထက်တန်းကျောင်းသားဘဝတွင် သူသည် မြန်မာ သီချင်း ကြီး သီချင်းခန့်များ၊ ဘွဲ့နှင့်ပတ်ပျိုးများကို နိုင်နိုင်နင်းနင် သီဆိုနိုင်ခဲ့သည်။

ဝါး၊ ပတ္တလားနှင့်တယော စသော တူရိယာများကို ကောင်း စွာ ဆွဲကိုင်တတ်လာသည်။ တက္ကသိုလ်ကျောင်းသို့ ရောက်သော နှစ်များတွင် သူသည် ပီယာနိုးကိုပင် ကောင်းစွာ ကစားတတ် လေပြီ။

သို့ရာတွင် သူသည် ယနေ့တိုင် ကဗျာဆရာအဖြစ်ဖြင့် လည်းကောင်း၊ ဂီတပညာရှင်တစ်ဦးအဖြစ်ဖြင့် လည်းကောင်း မည်သူ တစ်ဦးတစ်ယောက်၏ အသိအမှတ်ပြုခြင်းကိုမျှ မခံခဲ့ ရသေးချေ။ ထို့ထက် ဆိုးရွားစိတ်ပျက်ဖွယ်ရာ ကောင်းလှသော ကိစ္စများသည်ကား သူ့ကို စာရူး ကဗျာရူးဟူ၍ ရှုတ်ချနေ သော သူ၏ အစ်ကို အစ်မများနှင့် သူ၏ ကဗျာများကို မည် သည့် မဂ္ဂဇင်းများကမှ လူရာမသွင်းကြခြင်းပင်ဖြစ်လေသည်။

'ကဗျာတွေကို မြေပဲလှော်နဲ့ လဲစားပစ်လိုက်ပါလား'

ဟူ၍ မိနစ်ပိုင်းလောက်က ပြောဆိုခြင်း ခံခဲ့ရသည်များကို တွေးတောရင်းအမည်မရှိသေးသော ကဗျာဆရာသည် မဂ္ဂဇင်း တစ်တိုက်ပြီးတစ်တိုက်၊ ဂျာနယ် တစ်တိုက်ပြီး တစ်တိုက် ဝင် ရောက်ခြင်း ပြုလေသည်။



မဂ္ဂဇင်း တစ်တိုက်က သူ၏ကဗျာများကို ပယ်ချလိုက် သူသည် စိတ်မပျက်ချေ။ အခြား မဂ္ဂဇင်း တစ်တိုက်သို့ လေသည်။ ဤကဲ့သို့ မဂ္ဂဇင်းတိုက်များ တစ်တိုက်ပြီး တစ် ဆိုသလို သူ၏ ကဗျာများကို ခေါင်းခါ လွှတ်လိုက်ကြ အခါ၌လည်း ဇွဲကောင်းလှသော ထိုကဗျာဆရာသည် စိ မပျက်ချေ။ သူသည် ဂျာနယ်တိုက်များသို့ ဝင်ပြန်လေသ

ဂျာနယ်တိုက် တစ်တိုက်က ငြင်းဆန်လိုက်လျှင် နော တစ်တိုက်သို့ ဝင်လေသည်။ သို့ရာတွင် ဂျာနယ်တိုက်များကုန် မည်သည့် ဂျာနယ်တိုက်ကမှ သူ၏ ကဗျာများကို လက်ခံခြ မပြုကြသောအခါ အမည်မရှိသော ကဗျာဆရာသည် ၎င်း ကိုယ်ကို ကြီးစွာ သံသယ ဖြစ်လာပုံ ရလေသည်။

နောက်ဆုံး ဝင်ရောက်ခြင်း ပြုခဲ့သော အောင်မင်္ဂလ ဂျာနယ်တိုက်မှ ဆင်း၍ လာရသောအခါ သူ၏ မျက်လုံးမှု သည် ပြာဝေလျက် ရှိလေသည်။

သူ အမြတ်တနိုးနှင့် ကြိုးစားပမ်းစား အသက်သွင်းခဲ့ သော ကဗျာများကို ဘယ်သူ တစ်ဦးကမျှ လူရာလည်း မသွင်း ကြသောအခါ သူသည် အဘယ်သို့ ခံနိုင်စွမ်းရည် ရှိနိုင်တေ အံ့နည်း။

အောင်မင်္ဂလာ ဂျာနယ်တိုက်ပေါ်မှ ဦးခေါင်းကို ငုံ့က ဆင်းလာရသောအခါ ကမ္ဘာမြေကြီး တစ်ခုလုံးသည် ချာချ လည်နေသကဲ့သို့ ရှိလေသည်။

နောက်ဆုံးသော လှေကားထစ်မှ သူသည် မြေကြီးပေ သို့ ခြေမချရဲအောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဇါ မျှော်မှန်း ထားခဲ့တာတွေ သွားပြီ၊ ဒီတစ်သက်မှာ ငါဟာ ဘယ်နည်းနဲ့မှ ကဗျာဆရာတစ်ယောက် မဖြစ်နိုင်တော့ဘူး၊ ငါကြိုးစားဝမ်းစား ရေးစပ်ထားရတဲ့ ကဗျာတွေကိုလဲ ဘယ်သူတွေကမှ တန်ဖိုး မထားကြတော့ဘူး၊ ငါ့ဘဝကြီးဟာ အလကားပဲ'

လှေကား၏ အောက်ဆုံး လှေကားထစ်တွင် ဝိုင်၍ရပ်ရင်း အမည်မရှိသော ကဗျာဆရာသည် ငိုကြွေး မြည်တမ်းခြင်း ပြုလိုက်သည်။

သို့ရာတွင် အမည်မရှိသော ကဗျာဆရာ၏ ငိုကြွေး မြည်တမ်းသံကို အဘယ်သူ ကြားနာရမည်နည်း။ လမ်းသွား လမ်းလာ တစ်ယောက်ယောက်က ကြားနာလိုက်ရသည် ထားပါဦး…အဘယ်သူ တစ်ဦး တစ်ယောက်က သူ၏ မျက်ရည်စများကို သိမ်းဆည်း ပေးကြပါမည်နည်း။

'ကဗျာဆိုတာ အဖြည့်ခံ စာပါပဲ…'

'ကဗျာတွေကို မြေပဲလှော်နဲ့ လဲစားလိုက်ပါလား….'

'ခုခေတ်ဟာ ကဗျာခေတ်မှ မဟုတ်တော့ဘဲ….'

ထိုကဲ့သို့ မှတ်ချက်ချလိုက်ကြသော အသံဗလံများနှင့် နှိမ်နင်း ပြောဆိုလိုက်ကြသောအသံဗလံများကို အမည်မရှိ ကဗျာဆရာလည်း ကြားယောင်လာလေသည်။

ဘယ်တုံးကမှ မိမိကိုယ်ကို သံသယ မဖြစ်ခဲ့ဖူးသော ကဗျာဆရာသည် ယခုအခါတွင် ၎င်း၏ကိုယ်ကို ကြီးမားသော သံသယများသာလျှင် ရှိလာရုံမျှ မဟုတ်သေး။ အယုံအကြည်ပင် ကင်းမဲ့မှန်းမသိ ကင်းမဲ့လာလေသည်။



လူ့လောကကြီးတွင် မိမိကိုယ်ကို အယုံအကြည်ကင်းမဲ့နေရသူလောက် ဆိုးဝါးသော သူ အဘယ်မှာ ရှိနိုင်ဦးမည်နည်း။

'သွားပြီ….သွားပြီ….ငါဟာ ဘယ်နည်းနဲ့မှ ကဗျာဆရာတစ်ယောက် မဖြစ်နိုင်တော့ဘူး'

ကဗျာဆရာသည် ၎င်း၏ကိုယ်ကို ကျိန်ဆဲခြင်းပြုလိုက်သည်။ မိကိုယ်ကို ကျိန်ဆဲခြင်းပြုသူလောက် ဆိုးဝါးလှသော သတ္တဝါသည် အဘယ်မှာ ရှိသေးသနည်း။

ချာချာလည်နေသော ကမ္ဘာမြေကြီးကို သူသည် မကြည့်ဝံ့ခြင်ရဲသဖြင့် မျက်လုံးကို မှိတ်ထားလေသည်၊ ထို နောက်သူ၏ ကဗျာဆရာဘဝကို စွန့်လွှတ်ခြင်းပြုရန်အတွက် မြေကြီးပေါ်သို့ ခုန်း၍ဆင်းလိုက်လေသည်။

ထိုသို့ အဆင်းလိုက်တွင် ချာချာလည်နေသော ကမ္ဘာမြေကြီးနှင့်အတူ သူသည်လည်း ချာချာလည်၍ သွားလေသည်။

(၆)

နေဝင်၍ အခမှောင်ရိပ်များ ယှက်သန်းစပြုသော အချိန်တွင် အမည်မရှိခဲ့ရရှာသော ကဗျာဆရာသည် သူ၏ နောက်ဆုံးခိုလှုံရာ ဘုံဗိမာန်၏ ဝင်းတံခါးဝ၌ လေးလံထိုင်းမှိုင်းစွာ ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဗန္ဓုလပန်းခြံအတွင်း၌မူကား လူမရှင်းသေးေ
အပန်းဖြေနေကြသော လူတော်တော်များများ ရှိနေသေးသည်
လွတ်လပ်ရေး၏ အသီးအပွင့်ကို မြိန်ရည်ယှက်ရည် စားသော
နေကြသော နိုင်ငံခြားသား အတော်များများကို လွတ်လပ်ေ
ကျောက်တိုင်ကြီး၏ အရိပ်အာဝါသအောက်တွင် တွေ့နေမြင်ေ
ရလေသည်။

သို့ရာတွင် သူသည် ပန်းခြံအတွင်းမှ လူများကို များစွာစိ
ဝင်စားခြင်း မရှိလှချေ။ ပန်းခြံအဝင်ဝတွင် ဒယ်အိုးကြီး တ
လုံးနှင့် မြေပဲလှော်များ ထုပ်ပိုးရောင်းချနေသော အဒေါ်ကြီး
တစ်ဦးကိုသာ စိတ်ဝင်စားသလို ဖြစ်နေမိသည်။

ထိုသို့ မြေပဲလှော် အဒေါ်ကြီးကို ရပ်ကာ ငိုင်၍ ကြည့်ေ
ခိုက်...

'ကဗျာတွေ ခပ်များများနဲ့ မြေပဲလှော်ဆိုင် သွားရောင်းရ
တော့ ပိုက်ဆံရမှာပဲ--ဟဲ--ဟဲ...ဟဲ'

ဆိုသော အသံတစ်သံကို နားထဲတွင် ကြားယောင်လာေ
သည်။ တကယ်ဆိုတော့ ထိုစာရေးဆရာသည် သူ့ကို လှော
ပြောင်ခြင်းမျှသာ ဖြစ်လေသည်။ တကယ် မြေပဲလှော်နှင့်
စားဖို့ရန်အတွက် ခြောက်ခြိမ်း ပြောဆိုလိုက်ခြင်းတော့ကား
မဟုတ်တန်ရာချေ။

သို့ရာတွင် သူ၏လက်ဝယ်မှ ဖိုင်တွဲကြီးတစ်တွဲနှင့် ကဗျာများ
သည် ယခုအခါ၌ သူ၏အဖို့ အဘယ်သို့ အဓိပ္ပာယ်ရှိပါသနည်း
မည်သည့်မဂ္ဂဇင်းနှင့် ဂျာနယ်တိုက်များကမှ သူ၏ကဗျာများကို
လက်မခံချေ။ ပယ်လိုက်ကြလေပြီမဟုတ်သလော။



နောက်ဆုံးဖြစ်သော အောင်မင်္ဂလာဂျာနယ်တိုက်မှ ဆင်း
ခဲ့ရစဉ် သူသည် အင်မတန် ခုံမင်တပ်မက်ခြင်းရှိလှသော
ကဗျာဆရာဘဝကို စွန့်လွှတ်ခြင်းပင် ပြုလိုက်ခဲ့ပြီ မဟုတ်
သလော။

ထိုကဗျာဆရာ၏ ဘဝကို ခံယူရန်အတွက် ညပေါင်းများ
နှင့် နာရီပေါင်းများစွာ အကုန်ခံကာ ရေးစပ်သီကုံးခဲ့သော
များသည်ကော အဘယ်သို့ အဓိပ္ပာယ်ရှိနိုင်ဦးမည်နည်း။

သူသည် ဒယ်အိုးခင်းကြီးထဲမှ မြေပဲလှော်များကို တစ်ထုပ်
တစ်ထုပ်ဆိုသလို ထုပ်နေသောအဒေါ်ကြီးကို လည်းကောင်း၊
၏လက်ထဲမှ ကဗျာဖိုင်တွဲကြီးကိုလည်းကောင်း တစ်လှည့်စီ
ည့်ရင်း မျက်နှာတစ်ခုလုံးတွင် ချွေးသီးချွေးပေါက်များ ပြန်
လျက်ရှိလေသည်။

သူ၏ ဝမ်းဗိုက်အတွင်း၌ လေများသည် ဟိုက်တိုး သည်က
တိုးနေကြသဖြင့် မခံမရပ်နိုင်အောင်လည်း ဖြစ်နေပုံရသည်။
ယ်ဆိုတော့ သူ၏ နောက်ဆုံးထမင်းသည် နာရီပေါင်း
ယ်မျှပင် ကျော်လွန်ခဲ့ပြီ မဟုတ်သလော။

နောက်ဆုံး၌ သူသည် သူ၏ ကဗျာများနှင့် အပြီးအပိုင်
ယာဇဉ် ဖြတ်တောက်ရန် အဆုံးအဖြတ် ပြုလိုက်သကဲ့သို့
ကြားတွင်ညှပ်ထားသော ကဗျာဖိုင်တွဲကြီးကို ရုတ်တရက်
ထုတ်လိုက်သည်။

ထိုသို့ အထုတ်လိုက်တွင် ၎င်း၏ ကျောနောက်နားမှ
ရိုတစ်ရာကို ရပ်၍ကြည့်ရှုနေဟန်တူသော မိန်းမပျိုလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အား ၎င်း၏ဘောင်ဆစ်နှင့် တိုက်ခတ်မိသွား
လေသည်။

'ဘယ့်နှယ်ဟာလဲရှင့်၊ လူတစ်ယောက်လုံးကိုမှ မမြင်ဘူး
လား'

ကတ္တားက ကံကို ကြိုယာအတွက် ထုချေလွှာတောင်းသ
ထိုမိန်းမပျိုက ချက်ကျကျ ပြောဆိုလိုက်လေဖူးသည်။

ထို့ကြောင့် သူသည် ထိုမိန်းမပျိုကို ပြန်လှည့်၍ ကြည့်လို
ရသည်။ ထိုမိန်းမပျိုကို သူသည် မြင်ဖူးသလိုလိုရှိသည်။
တွင် ဘယ်မှာမှန်းတော့ ရုတ်တရက် စဉ်းစား၍မရ၊ ဘယ်
ကမှန်းလည်း သတိမရသလို ဖြစ်နေသည်။ မြင်တော့ကား
ဖူးလေသည်။

မိန်းမပျိုသည် သူ့ကို မချိမချဉ်ပြုံးကာ ကြည့်နေသည်၊
ရာတွင် သူသည် ဆန့်ကျင်ဘက်လိင်နှင့် လူ့အနွယ်ကြီး တိုးတ
ပွားများရေး ပြဿနာများကို စိတ်ကူးထည့်နိုင်သော လူ
ယောက်ကား မဟုတ်ချေ။

တကြုတ်ကြုတ် အော်မြည်နေသော ဝမ်းပိုက်ပြဿနာ
အရေးတကြီး ဖြေရှင်းရမည့် ဘဝအခြေတွင်သာ ဖြစ်လေသ
ထို့ကြောင့် မချိမချဉ်ပြုံးနေသော မိန်းမပျိုကို ကျော်ခိုင်းလို
လေသည်။

မြေပဲလှော် ရောင်းချနေသော အဒေါ်ကြီးအား ၎င်း
ကဗျာဖိုင်တွဲကြီးကို ရက်ရက်ရောရော ထိုး၍ပေးရင်း....



'အဒေါ်ကြီး၊ ဟောဒါ အဒေါ်ကြီး မြေပဲလှော်ထုပ်ဖို့
ကဗျာစာရွက်တွေ၊ ကျွန်တော့်ကို မြေပဲလှော် သုံးထုပ်လောက်
ပေးပါ'

ဟု တောင်းဆို ပြောကြားလိုက်လေသည်။

မြေပဲလှော် ရောင်းနေသော အဒေါ်ကြီးသည် ၎င်း၏ကဗျာ
တွဲကြီးကို ထိုးပေးနေသော အမည်မသိ ကဗျာဆရာဟောင်း
ကြ်ချက်မျှ လှမ်းမော့၍ ကြည့်လိုက်ပြီးနောက် ကဗျာဖိုင်တွဲ
ကြီးကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

ထို့နောက် မြေပဲလှော် သုံးထုပ်တောင်းနေသော ကဗျာ
ဆရာဟောင်း၏ တောင်းဆိုချက်နှင့် ၎င်း၏ပစ္စည်း တန်ဖိုး
ကို စစ်ဆေးကြည့်ရှုရန်အတွက် ကဗျာဖိုင်တွဲကြီးကို ဟိုလှန်
သည်လှန် လုပ်ကြည့်နေသည်။ မြေပဲလှော်သည် အဒေါ်ကြီး
သည်ကဗျာစာရွက်များကို စက္ကူအဟောင်းဆိုင်မှ စက္ကူများ
ကဲ့သို့ ဘောထားပုံ ရလေသည်။ ထို့အတွက် ထိုအဒေါ်ကြီး
ကိုအပြစ်ဆို၍ မဖြစ်ချေ။ စာအုပ်နှင့် မဂ္ဂဇင်းဂျာနယ်များထုတ်
ဝေနေကြသူများကပင်လျှင် သူ၏ကဗျာများကို ခါးခါးသီးသီး
ပယ်ခဲ့ကြပြီ မဟုတ်သလော။

ကဗျာဆရာဟောင်းသည် အဒေါ်ကြီး၏ အကြောင်းပြ
ကြားချက်ကို ရင်တမမနှင့် စောင့်မျှော်နေပုံရသည်။ ထိုအတူ
င်း၏နောက်ကွယ်မှ မိန်းမပျိုသည်လည်း ထိုကန့်လှယ်မှုကို
စိတ်ဝင်စားစရာကဲ့သို့ ဘေးမှ စောင့်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပဲလှော်သည် အဒေါ်ကြီးသည် ဘယ်ကမှမစ္စ၍ ၎င်း
လက်ထဲသို့ ရောက်ရှိနေသော စက္ကူများကို အခေါက်ခေါ
အခါခါ လှန်လှော ကြည့်ရှုပြီးနောက် ပီယာချိန် အနေ
ဘယ်လောက် ဘယ်မျှရှိလိမ့်မည်ကို စူးစမ်းသိရှိလိုသေးသကဲ့
လက်ထဲတွင် ချိန်ဆလိုက်နေပြန်သေးသည်။

ကဗျာဆရာဟောင်းသည် ၎င်း၏ ကဗျာများ၏ အသ
ပွဲတော်ကို မသက်မသာ ကြည့်နေရင်းက သက်ပြင်းတစ်ခ
ချလိုက်လေသည်။ ထိုအတူ ၎င်း၏ နောက်ကွယ်နားမှ
ကုန်ဖလှယ်မှုကို စိတ်ဝင်စားစွာ စောင့်ကြည့်နေသော မိန်းမ
သည်လည်း ကြည့်ရှုနေသော အလုပ်ကိုပင် မောပန်းခြင်း
လာသကဲ့သို့ သက်ပြင်းကို မသိမသာ ချလိုက်လေသည်။

'သုံးထုပ်တော့ များတယ် မောင်ရင်၊ နှစ်ထုပ်ပဲ ပေး
မယ်'

ဟု မြေပဲလှော်သည် အဒေါ်ကြီးက ဈေးခေါ်လိုက်တော
ကဗျာဆရာဟောင်းသည် အသက်ဝင်လှုပ်ရှားလာသည်၊ ပင်ပန်း
လာလောင်နေရုံမျှ သူတစ်ယောက်သာမဟုတ်သေး၊အလွန်တ
စိတ်ပျက်နေသူ တစ်ယောက်လည်း ဖြစ်လေသည်။ ထို့ကြော
နှစ်ထုပ်နှင့် ဈေးခေါ်နေသော မြေပဲလှော်သည် အဒေါ်ကြီး
ထပ်မံ၍ ဈေးဆစ်မနေတော့ဘဲ....

'ကဲဗျာ....နှစ်ထုပ်သာပေးပါတော့'

ဟု ပြောဆိုလိုက်သည်။သို့သို့ ၎င်း၏ကဗျာအမြောက်အမြ
ပါရှိသော ကဗျာဖိုင်တွဲကြီး တစ်တွဲလုံးကို နှစ်ထုပ်မျှသော မြေ
လှော်နှင့် ကုန်ချင်းဖလှယ်ရန် ထိုသူက သဘောတူလိုက်သည်နှ



ပြိုင်နက် ခပ်စောစောက ထိုသူ၏ တံတောင်နှင့် အတွက်ခံ
ားရသော မိန်းမပျိုသည် ရှေ့တန်းသို့ တက်လာပြီးလျှင်....

'သူ့ကို တစ်ထုပ်သာပေးပါ ဒေါ်ဒေါ်၊ တံတောင်ဆစ်နဲ့
ွက်ခံထားရတဲ့အတွက် ကျွန်မကိုတော့ တစ်ထုပ်ပေးမှ ဖြစ်
မှာယ်'

ဟု ဝင်၍ပြောဆိုလိုက်သည်။

ကဗျာဆရာဟောင်းသည် ၎င်း၏ နှစ်ထုပ်မျှသာရတော့သော
ြေပဲလှော်ထဲမှ တစ်ထုပ်ကို အတင်းဝင်ကုတ်ရန် လှမ်းတက်လာ
သော မိန်းမပျိုကို မျက်စောင်းထိုး၍ကြည့်လိုက်သည်။ မိန်းမပျို
တော့ သူ့ကို မချိမချဉ်ပြုံးကာ ကြည့်နေသည်။ သည်တော့
သူသည် ထိုမိန်းမပျိုကို သတိရလာပြီးလျှင်....

'ဘယ့်နှယ် ခင်ဗျားကို တစ်ထုပ် ခွဲပေးရမှာလဲဗျ၊ ဒါထက်
န်ခဲ့တဲ့ လေးငါး ခြောက် ရက် လောက် က ခင်ဗျား ကျုပ်
ခြသလုံး တက်နင်းသွားတာကိုကော မှတ်မိသေးရဲ့လား'

ဟု ပြန်လှန် ပြောဆိုလိုက်လေသည်။

မိန်းမပျိုသည် မချိမချဉ်ပြုံးနေသည့်သို့ရာတွင် ဘာမျှတော့
န်မပြောလိုက်ချေ။

ထိုအခိုက် ကဗျာဆရာဟောင်းသည် မြေပဲလှော်သည် အမယ်
ီးက လှမ်းပေးနေသော မြေပဲလှော် နှစ်ထုပ်ကို ဆတ်ခနဲ
ယူလိုက်ပြီးလျှင်....

'ကျုပ်ခြေသလုံးကို ခင်ဗျားတက်နင်းသွားတာနဲ့ခင်ဗျားကို
ပ်က တံတောင်နဲ့ တွက်မိတာနဲ့ ထေလိုက်ကြပါစို့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဂွင်း၏အနီးမှ မိန်းမပျိုကို ခပ်ဟည်ဟည်နှင့် ပြော ပြီးနောက် ချာခနဲ လှည့်ထွက်သွားလေသည်။

မိန်းမပျိုသည် တော်တော်ကြီး စိတ်မကောင်းသွားသော အမူအရာဖြင့် ထိုသူကို လှမ်း၍ကြည့်နေသည်။ သို့ရာတွင် ထို သည် ဂွင်း၏ ကျောနောက်တွင် ကျန်ရစ်ခဲ့သော မိန်းမပျို ပြန်လှည့်ကြည့်ဖော်ပင် မရှိတော့ချေ။ သူသည် မြေပဲလှော် တစ်ထုပ်ကို ကဘိုကီကရိုက်ဖြေကာ တကျွတ်ကျွတ် ကိုက် စားသောက်ရင်း လွတ်လပ်ရေး ကျောက်တိုင်ကြီးဘက်ဆီ တဖြည်းဖြည်း လျှောက်သွားလေသည်။

မိန်းမပျိုသည် ထိုသူကို မျက်စိတစ်ဆုံး ငေးကြည့်နေရာ မြေပဲလှော်သည် အဒေါ်ကြီးကို ရယ်မော၍ ကြည့်ရှုရင်း...

'ကျွန်မက ကစားလိုက်မိတာပါ ဒေါ်ဒေါ်ရယ်၊ အားနာ စရာတော့ အကောင်းသား၊ ဒီလူကိုကြည့်ရတာက စာရေးဆရာ တစ်ယောက်နဲ့ တူပါတယ်'

ဟု ဂွင်း၏ ဝေဒနာ၊ စေတနာနှင့် ထင်မြင်ချက်များကို ပြောဆိုခြင်းပြုလိုက်သည်။

'စာရေးဆရာတော့ ဟုတ်မယ် မထင်ပါဘူး တူမရယ် ချာရေးဆရာနဲ့ တူပါတယ်'

မြေပဲလှော်သည် အဒေါ်ကြီးက ရယ်မောပြောဆိုလေသည်။

'ဒေါ်ဒေါ်ပြောတာ ဘာ၊ ချာရေးဆရာတဲ့ ဟုတ်လား'

မိန်းမပျိုက စိတ်မကောင်းလှသော အမူအရာဖြင့် ဈေးသည် အဒေါ်ကြီးအား ပြန်၍မေးလိုက်လေသည်။



'ဪ...မိန်းကလေးနှယ် အပါလေးရဲ့ကွယ်၊ စာတွေ ရေးတဲ့ အချာတွေရေးနေလို့ မိန်းကလေးရဲ့ လူက ဒီပုံပန်း ပေါက်နေတာပေါ့တဲ့'

မြေပဲလှော်သည်အဒေါ်ကြီး ပြောဆိုလိုက်သော စကားကို မိန်းမပျိုသည် ကြားလိုက်မိဟန်မရှိချေ။ အဘယ်ကြောင့်ဆိုသော် ချာဖိုင်တွဲကြီး တစ်တွဲကို မြေပဲလှော်နှင့် လဲလှယ်စားသော ထိုလူတစ်ယောက်ကို ငေးမောကြည့်ရှုနေသောကြောင့် ဖြစ်လေသည်။

ထိုသူကတော့ ဂွင်း၏ နောက်ပိုင်းကို ရှိလေသည် ဟူ၍မှ အောက်မေ့သကဲ့သို့ နောက်ကြောင်းသို့ပင် တစ်ချက်တလေမျှ လှည့်ကြည့်ခြင်း မပြုတော့ချေ။ လွတ်လပ်ရေးကျောက်တိုင်ကြီး ပေါ်သို့ သူ၏ယောက္ခမအိမ်ထက်သို့ တက်ရသလို ပိုင်စိုးပိုင်နင်း တက် ရောက် သွား ပြီး နောက် ကျောက်တိုင်၏ ခြေရင်းတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com

## မျှားမိတဲ့ငါး

(၁)

စာဌက်များ အသိုက်အမြုံမှဆင်း၍ ကျီးဌက်များ တအားအားနှင့် အော်မြည် ပျံသန်းကြသော အချိန်တွင် ထိုသူသည် အိပ်ခက်ရာမှ နိုးလေသည်။ တစ်နေ့သည် သစ်လေပြီဖြစ်၍ သူသည် သူ၏ ခိုလှုံ အိပ်စက်ရာ ကျောက်တိုင်ကြီးဘေးမှ လေးလေးလံလံနှင့် ထိုင်းထိုင်းမှိုင်းမှိုင်း ထလိုက်ရသည်။ ထို့နောက် ကျောက်တိုင်ဘေးတွင် အတန်ကြာမျှ ငိုင်ကာ ရပ်နေသည်။

ထိုသူသည် အတိတ်ကို ပြန်လည်လွမ်းဆွတ် နေလေသလော။ မနေ့က ညနေချမ်းအချိန်တွင် သူသည် အမည် မရှိရှာသော ကဗျာဆရာကလေးတစ်ဦးကို ဗန္ဓုလပန်းခြံ ဝင်းတံခါးဝတွင် သင်္ဂြိုဟ်မြှုပ်နှံခဲ့ပြီ မဟုတ်သလော။ ထို ကဗျာဆရာကလေး၏ နေ့ရက်နှင့် နာရီပေါင်းများစွာ အကုန်ခံ၍ ရေးစပ် သီကုံးထားခဲ့သော ကဗျာများကိုလည်း ဖျက်ဆီးလိုက်ပြီ မဟုတ်သလော။ သူသည် နာရီပိုင်းမျှသာ ရှိဦးမည်ဖြစ်သော အတိတ်ကို ပြန်လည် လွမ်းဆွတ်လျက် နေလေသလော....။



သုံးလူတို့၏ နတ်မင်းက ဘဝဟူသည် ဒုက္ခပါတကားဟူ၍ အဘယ်ကဲ့သို့ ရှင်းလင်း ပြောကြား စေခဲ့မူကာလည်း သူသည် မိမိ၏ဘဝကို တပ်မက်ခြင်း ကြီးမားလှသည်။ သေဆုံးသွားခဲ့ပြီ ဖြစ်သော ထိုအမည်မရှိ ကဗျာဆရာကလေးသည်လည်း သူလိုငါလို သတ္တဝါတစ်ကောင်မျှသာ ဖြစ်လေသည်။ ထို့ကြောင့် သူပီပီ သူသည် သူ၏ ဘဝဟောင်းကို စွဲလမ်းခြင်း ကြီးမားလှသည်သာ ဖြစ်လေသည်။

သို့ရာတွင် အတိတ်ဘဝဟောင်းကိုသာ စွဲလမ်း လွမ်းဆွတ်၍ ရှိနေလျှင် ထိုသတ္တဝါသည် ပစ္စုပ္ပန်၌ အဘယ်သို့ အသက်ရှင် နေထိုင်နိုင်မယ်နည်း။ အနာဂတ်မူကား ဝေလာဝေးဖို့သာ ရှိလေတော့သည်။

သူသည် သူ၏ ကဗျာကလေးများကို တလွမ်းလွမ်း တဆွတ်ဆွတ် ဖြစ်နေသည်။ သူ၏ ဝိညာဉ်ကိုပါ ထုတ်သွင်း ရေးစပ်ခဲ့ရသော ထိုပစ္စည်းကလေးများကို သူသည် အဘယ်သို့ လွယ်လင့်တကူ ဖြတ်တောက်နိုင်ပါမည်နည်း။ သို့ရာတွင် ထိုကဲ့သို့ သူ လွမ်းလွမ်းဆွတ်ဆွတ်ဖြစ်နေသော အချိန်လောက်တွင် သူ၏ ကဗျာများသည် မြေပဲလှော်ထုပ်များဘဝသို့ ကူးပြောင်းကာ အရပ်တကာနှင့် လမ်းတကာတွင် ပြန့်ကျဲနေတန် လောက်ပေပြီ။

လမ်းမကြီးများပေါ်တွင် ယာဉ်များ သွားလာကြသော အသံဗလံများသည် တစ်စထက်တစ်စ ကျယ်လောင် ဆူညံ၍ လာလေသည်။ သဲ့ဒွါရ ဝမ်းတစ်ထွာအတွက် တိုးဝှေ့ ပြေး

www.burmeseclassic.com



လွှားနေကြသော လှည်းများကိုလည်း တစ်စထက်တစ်စ ကျယ်ကျယ်လောင်လောင် ကြားလာရပေပြီ။

သူသည် ထုံးစံအတိုင်း ကျောက်တိုင်ထက်မှ တလှုပ်လှုပ်ဆင်းလာသည်။ ထိုနောက် ပန်းခြံအပြင်သို့ လေးလေးလံလံ ထွက်လာခဲ့သည်။ သူသည် ဆူးလေ လမ်းမကြီးအတိုင်း လျှောက်လာပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးအတိုင်း ပန်းဆိုးတန်းအထိ လျှောက်ပြန်သည်။ ထိုနောက် ရန်ကုန်ဘူတာရုံကြီးဘက်သို့ ကူးလေသည်။ ဘူတာရုံ၏ စင်္ကြံတွင် ရပ်ကာ ထုံးစံအတိုင်း ကတ္တရာစေး လမ်းမကြီးများပေါ်တွင် တလိမ့်လိမ့် ပြေးလွှားနေကြသော ဇိမ်ခံ ကားကြီးများကို ပြန်လှည့် ကြည့်ရှုပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးကို ကတ္တရာစေးခင်းထားသော ခေတ်မီ လမ်းမကြီးအဖြစ်ဖြင့် သူသည် မမြင်ရတော့ချေ။ လယ်သမားများ၏ ကျောပြောင်ကြီးများဖြင့် ခင်းကျင်းထားသော လမ်းမကြီးအဖြစ်နှင့် မြင်နေသည်။

မျက်စိ နောက်လာသောအခါ သူသည် ကုန်းကျော်တံတားကြီးပေါ်သို့ တဖြည်းဖြည်းတက်လာသည်။ ထိုနောက် ကုန်းကျော် သံတံတားကြီးထက်တွင် ဖွတ်မေ့ ပဒက်မေ့ ရပ်ကာ မီးရထား သံလမ်းများနှင့် မီးရထား သံဘီးကြီးများကို ကြည့်နေပြန်သည်။

မီးရထား သံလမ်းများပေါ်သို့ မည်းမတာ နင်းလှိမ့်သွားသော မီးရထား သံဘီးကြီးများကို ကြည့်ရှုနေရာမှ ကြက်သီးမွေးညင်းများ ထလာသောအခါ သူသည်....



'အမေ... အမေ'

ဟု မြည်တမ်းကာ သူ၏အမေကို လိုက်လိုက်လှဲလှဲ သတိရလာသည်။ အမေ၏ ကျန်းမာရေး အခြေအနေ အဘယ်သို့များ ရှိနေပါလိမ့်မည်နည်း။ သူသည် အမေ့ကို အလွန်တရာ တွေ့ချင် မြင်ချင်လာသည်။ အမေရှိရာသို့ အပြေးအလွှား သွားချင်စိတ်များလည်း ပေါ်ပေါက်လာသည်။ ထို့ကြောင့်သူသည် ကုန်းကျော် သံတံတားကြီးထက်မှ အထက် ပန်းဆိုးတန်းဘက်သို့ ခပ်သုတ်သုတ်ကလေး ဆင်းလာခဲ့သည်။

'အမေ....အမေ'

သူသည် အမေ့ကိုသာ တသခေါ်မည်ရင်း အထက်ပန်းဆိုးတန်း လမ်းမကြီးအတိုင်း ခပ်သုတ်သုတ်ကလေး လျှောက်လာသည်။

'အမေ့ ရောဂါ သက်သာပါစေဗျာ၊ အမေ စိတ်ချမ်းသာမှု ရပါစေဗျာ....'

သူသည် အမေ့အတွက်လည်း ဆုတောင်းမေတ္တာ ပို့လာသည်။ သို့ရာတွင် အစ်ကိုလုပ်သူ၏ ပျဉ်ထောင် ပျဉ်ခင်း အိမ်ကြီးရှေ့သို့ ရောက်သောအခါ သူ၏ ခြေလှမ်းများသည် တုံ့၍ ဆောင့်ဆွဲလိုက်ခြင်း ခံရသကဲ့သို့ ရုတ်တရက် ရပ်သွားလေသည်။ သူသည် အိမ်ထဲသို့ တော်တော်နှင့် မဝင်ဖြစ်သေးဘဲ အတန်ကြာမျှ ငိုင်ကာ ရပ်နေမိပြန်သည်။

'စာရူး....ကဗျာရူး အလကားကောင်....'

အစ်ကိုလုပ်သူ ပြောဆိုလွှတ်လိုက်သော စကားများကို ကြားယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်လင် လုပ်စားကို ကျုပ်က ဘယ်သူ့ကိုမှ သထားတာ မဟုတ်ဘူး…'

ဆိုသော မရီး၏ ပြောဆိုသံများကိုလည်း သတိရလာသည်။ သို့ရာတွင် ထိုသို့ ပြောဆိုကြသော အစ်ကိုနှင့် မရီးလုပ်သူတို့၏ အိမ်ထဲတွင် အမေသည် ရှိနေသည်။ အမေ့ကို တွေ့ချင်လျှင် အိမ်ထဲသို့ ဝင်မှသာ တွေ့နိုင်လိမ့်မည်။ အမေ့ကို ကြည့်ရှု တွေ့မြင်နိုင်ဖို့အတွက် အခြား နည်းလမ်းသည်လည်း မရှိတော့။ သို့ရာတွင်း အမေ့ကိုတော့ သူသည် အင်မတန် တွေ့ချင်လှလေသည်။ အဘယ်သားသမီးတို့သည် မိခင်ကို မခင်တွယ်ဘဲ ရှိတတ်သနည်း။ လူမဆိုထားနှင့်၊ အဟိတ်တိရစ္ဆာန်တို့သည်ပင် ၎င်းတို့ကို ကျွေးမွေးသော မိဘတို့ကို ခင်တွယ်ရမှန်း နားလည်လေသည်။

( ၂ )

သူသည် မျက်စိကိုစုံမှိတ်ကာ ထိုအိမ်အတွင်းသို့ ဝင်လိုက်သည်။

'ဘာလာလုပ်တာလဲ၊ နင့်အစ်ကို ဘာပြောထားသလဲ'

မရီးလုပ်သူ၏ ဟိန်းဟောက်သံကို အိမ်ထဲသို့ ဝင်လျှင်ဝင်ချင်း ကြားလိုက်ရသည်။



သူ၏ ခြေလှမ်းများသည် ရပ်တန့်နေလေသည်။ မရီးလုပ်သူ၏ မျက်နှာကို မကြည့်မိ မမြင်မိစေရန်အတွက် သူသည် တစ်ဖက်သို့ မျက်နှာလွှဲထားလိုက်ရသည်။

'ပြောနေတာ မကြားဘူးလားဟဲ'

တွေတွေကြီးရပ်နေသော မတ်လုပ်သူကို မရီးက ဒေါက်တိုက်ပြန်လေသည်။

အစ်ကိုလုပ်သူက အစ်ကိုကဲ့သို့ ဆက်ဆံခြင်း မပြုသည့်အတွက် မရီးဖြစ်သူက အစ်ကို၏ နောက်ယောင်ခံလိုက်ကာ ဒေါက်ငန်းခြင်း ပြုနေသည်ကိုကား ခံရခက်လှလေသည်။

သို့ရာတွင် ကိုယ့်အစ်ကိုကမှ အဟုတ်မဟုတ်သောအခါ မရီးလုပ်သူကို ဘာပြောစရာလိုသေးသနည်း။ အသားထဲက လောက်ထွက်နေသော အမှုသာ ဖြစ်လေသည်။

ကဗျာဆရာဟောင်းသည် မရီးကို မျက်စောင်းထိုး၍ ကြည့်လိုက်သည်။ ထိုသို့ မျက်စောင်းထိုး အကြည့်ခံရသော မိန်းမပျိုသည် ဆွေ့ဆွေ့ခုန်မျှ နာကြည်းလှသကဲ့သို့…

'နင်က ငါ့ကို ဘာ ပမာမခန့်လုပ်နေသေးတာလဲ'

ဟု ထပ်မံ၍ အော်ဟစ်ဒေါက်ငန်း ပြောဆိုလိုက်ပြန်သည်။

သူသည် တော်တော်ကြီး ခံပြင်းမိလေသည်။ သို့ရာတွင် အံကိုသာ ကြိတ်ထားလိုက်ရသည်။ ဘာတစ်ခွန်းမှတော့ ပြန်၍ မပြောလိုက်ချေ။

'နင့်အစ်ကိုက အိမ်ရိပ်ကိုတောင် မနင်းနဲ့လို့ ပြောထားတာများ နင်မို့လို့ ရှက်ရမှန်းမသိဘဲ အိမ်ထဲကို ဝင်လာတာများ အံ့ဩပါရဲ့ဟယ်'

www.burmeseclassic.com

www.burmeseclassic.com



သူသည် မခံမရပ်နိုင်ဖြစ်လာလေသည်။ သူ၏ကိုယ်ကိုလည်း ချုပ်တည်းခြင်း မပြုနိုင်တော့ဘဲ မရီးလုပ်သူအား မျက်နှာချ ဆိုင်လိုက်ပြီးလျှင်....

'ကျုပ်အမေရှိတဲ့အိမ်ကိုတောင်မှ ကျုပ် မလာရတော့ဘူး လားဗျ၊ ခင်ဗျား စကားပြောတာဆိုတာ ဆင်ခြင်ပြီးပြော ကောင်းလိမ့်မယ်ထင်တယ်၊ လူဆိုတာ စိတ်ကောင်းတဲ့အခိုက် လဲရှိသလို စိတ်မကောင်းတဲ့အခိုက်လဲရှိတယ်ဆိုတာ သိထားပေ ပါဦး၊ စိတ်ကောင်းနေတုန်းတော့ ကိစ္စမရှိဘူးဗျ၊ မကောင်းနေ တုန်းအခိုက်ဆိုရင် ဒုက္ခများတတ်တယ်'

ဟု ခပ်မာမာထန်ထန်ပင် ပြန်လည်ချေပပြောဆိုခြင်း ပြု လိုက်မိသည်။

'အောင်မာ...အောင်မာ၊ နင်ကများ ငါ့ကို မခန့်မလေးစား ပြန်ပြောတယ်ပေါ့လေ ဟုတ်လား၊ နင့်အစ်ကို ပြန်လာတော့ မှ နင် စော်ကားတာကို တိုင်လိုက်ရဦးမှာပေါ့ကွယ်'

မရီးလုပ်သူက ကက်ကက်လန်အောင် ရန်တွေ့ ပြောဆိုလေ သည်။

သို့ရာတွင် အမေ့ကို တွေ့ရ ကြည့်ရအောင် လာရောက် ခြင်းဖြစ်သော ကဗျာဆရာသည် မရီးလုပ်သူနှင့် နောက်ထပ် တဖက် ပြောဆိုခြင်း မပြုမနေတော့ဘဲ ၎င်းမိခင်၏ အခန်း ဘက်သို့ ထွက်သွားတော့မည့်အပြုတွင် အစ်ကိုလုပ်သူသည် အပြင်သို့ သွားနေရာမှ အိမ်ထဲသို့ ဝင်လာသည်။ လင်လုပ်



အိမ်ထဲသို့ ဝင်လာလျှင် လာခြင်း ၎င်း၏မယားက မျက်ရည် ...း၍ ၎င်းအား စော်ကားခြင်း ပြုသည့်အကြောင်းကို ပုံကြီး ... တိုင်ကြား ပြောဆိုခြင်း ပြုလေတော့သည်၊ မယားစကား ယုံကြည်လွယ်တတ်သော ယောကျ်ားတို့၏ ထုံးစံအတိုင်း ...ဖက်သော စကားကို ကြားနာခြင်း မပြုနိုင်တော့ဘဲ....

'ဟေ့ ကောင်....မင်းက ငါ့အိမ်ထဲဝင်ပြီး ဘာ စော်ကား ...ာလဲကွ'

ဟု ညီလုပ်သူအား ကျားဟိန်းသလို လှမ်း၍ ဟိန်းလိုက် ...သည်။

'ခင်ဗျားသာ မယားစကားကို ဘုရားစကားလို ကြပ်ကြပ် ...ပေါ့'

သူသည် အစ်ကိုလုပ်သူအား ထိုကဲ့သို့ ပြောဆိုပြီးနောက် အမေ့ ခန်းထဲသို့ ဝင်လာခဲ့လေသည်။

အပြင်ဘက်တွင် အစပထမ၌ မရီးလုပ်သူနှင့် လည်း ...ကောင်း၊ နောက်ပိုင်း၌ အစ်ကိုလုပ်သူနှင့် လည်းကောင်း ...ကား ကဘောက်ကဆ များနေသံကို ကြားနေရကတည်းက ...မာ အမယ်ကြီးသည် အိပ်ရာထက်တွင် ထိုင်လျက် ရှိလေ သည်။

'အမေ...ကျွန်တော် လာပြီမေ၊ နေလို့ ထိုင်လို့ ဘယ်လို များ နေသေးသလဲဟင်'

သူသည် အမေ့အနီးတွင် ကျုံ့ကျုံ့ကလေး ဝင်ထိုင်ကာ အမေ၏ ခြေဖျားလက်ဖျား ကလေးများကို ယုယုယယ နှိပ် ...ပ်ရင်း မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခမသည် ဘာမျှပြန်မပြောချေ၊ မျက်ရည်များသာ စီးဆင်းနေသည်။

'အို....အမေကလဲဗျာ၊ ဘာဖြစ်လို့ စိတ်မကောင်း ဖြစ်နေရပြန်တာလဲဟင်'.

အခမသည် ဘာမျှတော့ ပြန်မပြောချေ၊ မျက်ရည်စများကို တဘက်စကလေးနှင့် သိမ်းဆည်းနေလေသည်။

'အမေ့အတွက် ကျွန်တော် ဘာလုပ် ပေးရမလဲဟင်'

အမေကတော့ ဘာမျှ ပြန်မပြော၊ ငိုင်၍ နေလေသည်။

'အမေ ဘာတွေများ စားချင် သောက်ချင်စိတ် ရှိသလဲဟင်၊ ကျွန်တော် ရှာကြံပြီး ဝယ်လာခဲ့ပါမယ်'

အမေ၏ ခြေသလုံးသားများကို ဆုပ်နယ်ပေးရင်း အားပေး ပြောဆိုနေခိုက် အစ်ကိုလုပ်သူသည် အခန်းတွင်းသို့ ဝင်လာပြီးလျှင် အမေ့ အိပ်ရာဘေးရှိ ပန်းကန်ပြား တစ်ချပ်ထဲသို့ ပန်းသီးကြီး သုံးလုံးကို ထည့်ပေးရင်း....

'အမေက ပန်းသီး စားချင်ပါသတဲ့ကွာ၊ ဟောဒီ ပန်းသီးမျိုးတဲ့ကွာ'

ဟု ခနဲ့တဲ့တဲ့ လေသံနှင့် ပြောဆိုလိုက်သည်။

အမေသည် သားအကြီးအား လှမ်း၍ ကြည့်နေရာမှ သားအငယ်အား လှမ်း၍ ကြည့်လေသည်။ အမယ်ကြီး၏ မျက်နှာသည် တစ်ခဏချင်းအတွင်း များစွာ အိုမင်းရင့်ရော် သွားသကဲ့သို့ ထင်မှတ်ရသည်။ ထို့နောက်မှ....

'ဒီကွာ မရှာပါနဲ့တော့ သားရယ်၊ ခင်း ရှာဖွေလာတာကိုလဲ မေမေ မစားရက်ပါဘူးကွယ်'



ဟု ငိုသံပါနှင့် ပြောဆိုလိုက်သည်။

ထိုအခိုက် အခန်း တံခါးပေါက်ဝတွင် ရပ်ကြည့်နေသော လင်လုပ်သူက အခမ ထိုကဲ့သို့ ပြောဆိုခြင်းကို မခံမရပ်နိုင် ...သို့ အခန်းတွင်းသို့ ခြေတစ်လှမ်း ဝင်လာပြီးလျှင်....

'သိပြီ မဟုတ်လားဟင်၊ ရှင့်ပိုက်ဆံတော့ ကုန်စေ၊ ဟိုသား ...ဆံတော့ မစားရက်ဘူးတဲ့ ဆိုတာ'

ဟု ခပ်သွက်သွက်ကလေး ပြောဆိုလိုက်လေသည်။

...ယားလုပ်သူ၏ အလွန်ကို တားဆီးရန်အတွက်....

'ခြော် .. မင်းကလဲကွာ'

ဟု လင်လုပ်သူက လှမ်း၍ ဟန့်လိုက်သည်၊ သို့ရာတွင် ...ယားကိုကား ဟန့်၍ မရတော့ချေ။

'ဘာမင်းကလဲ၊ ဒီလို တစ်ဖက်စီးနင်း လူမမာမျိုး ရှင် ...ပြီး ပြုစုနေရင် တစ်နေ့ကျရင် ကျွန်မကိုပါ ရှင် ပေါင်ရ ...မှာယ်'

ဟု အော်ဟစ် ပြောဆိုလေသည်။

'မင်းကလဲ ခက်ပါဘိတော့ကွာ၊ အမေကမစားရက်ပါဘူး ...ပြောလို့ ဘယ်လို ပြောရဦးမှာတဲ့လဲကွ၊ ဒီခွေးကောင် ...းသီး ဝယ်ပေးနိုင်ဖို့သာသာ သူ့ဂမ်းတောင် နှပ်မှန်အောင် ...းနိုင်ရဲ့လား'

ဟု လင်လုပ်သူက အမေနှင့် မယားအကြားတွင် ပြေလည် ...ရှိအောင် ပြောဆိုလိုက်သော အခါ၌လည်း....

'ဟုတ်ပါဘယ်....ဟိုသားကသာ ဝယ်ကျွေး ကြည့်ပါလား၊ ...သန်ထမယ့်ဟာမျိုး၊ ရှင့်သုပ်စားနဲ့တော့ ဒီလူမမာမျိုးက ဟင်း...

www.burmeseclassic.com

www.burmeseclassic.com



ဟု မယားလုပ်သူက ဆက်လက်၍ ဆောင့်အောင့် ေ
ဆို နေပြန်သဖြင့် ကဗျာဆရာဟောင်းသည် အမေ့ကို အဘ
မျှ သံယောဇဉ် ငြိတွယ်နေစေကာမူလည်း ထို ပတ်ဝန်းကျ
မည်ကဲ့သို့မျှ အသက်ရှူ၍ မရတော့သဖြင့် အမေ့ အခ
အတွင်းမှ ခပ်သုတ်သုတ် ထွက်လာခဲ့ရသည်။

သူသည် အိမ်ရှေ့တွင် ရပ်ကာ အတန်ကြာမျှ ငိုင်ခနေ
သည်၊ အိမ်အတွင်းသို့ကား ပြန်လှည့် မကြည့်ရဲတော့ေ
သူတို့ လင်မယား တစ်ယောက် တစ်ခွန်း စကား ကတော
ကဆ ပြောဆိုသံများကိုလည်း ကြားနေရသည်၊

သူ၏ရှေ့မှ ပြည်သူ့လမ်းမကြီးက သူ့ကို ဖိတ်ခေါ်ေ
လေသည်။ ထိုနေရာနှင့် အရပ်သည်သာ သူ၏ အရပ်နှင့် ေ
ရာများ ဖြစ်လေသည် တကား....။

မေတ္တာ ကရုဏာ

(၁)

မီးခိုးများ တလူလူထွက်ကာ တဂျုန်းဂျုန်း ခုတ်ထွက်
ားသော မင်္ဂလာဒုံ လော်ကယ်ရထားတွဲများကို ကုန်းကျော်
ံတားကြီးပေါ်မှ ဖွတ်မေ့ ပဒတ်မေ့ ငေးမော ကြည့်ရှု
ာမှ သူသည် ရှည်လျားလှသော သက်ပြင်းကို ချလိုက်
သည်။ ထို့နောက် သူ၏ ကုတ်အင်္ကျီဟောင်းကြီး၏ ဘေး
ိတ်ကပ်အတွင်းမှ တစ်ရွက်တည်းသော ရှာတတ်သော တစ်
ပ်တန် ငွေစက္ကူကို ထုတ်ယူကာ စူးစိုက် ကြည့်ရှုနေပြန်
ည်၊ ထိုငွေတစ်ကျပ်သည် သူ၏ ကုတ်အင်္ကျီ အိတ်ကပ်ထဲ
င် ရောက်ရှိနေသည်မှာ သုံးဆယ့်ခြောက်နာရီမျှပင် ကျော်
ပြီ၊ သူ၏ ဝမ်းဗိုက်သည် အဘယ်မျှ ဒေါသူပုန်ထကာ

www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်း ဆူပူက်နေခဲ့စေကာမူလည်း သူသည် ထို
တစ်ကျပ်ကို မသုံးရက် မစွဲရက်ခဲ့ချေ။

မနေ့က ခပ်စောစော ဗန္ဓုလပန်းခြံက အထွက်
သူသည် ကျောင်းနေဘက် သူငယ်ချင်းတစ်ဦးနှင့် ဆုံးလေ
လမ်းမကြီး၏ဘေးတွင် မမျှော်လင့်ဘဲ တွေ့ခဲ့ရသည်။ ကျေ
မှာတုန်းက လူချင်း တော်တော်ခင်ခဲ့ကြသည်။ လူချင်းကွဲ
ကြသည်မှာလည်း နှစ်တာလ အတန်ကြာပြီဖြစ်၍ တစ်
အခြေအနေကို တစ်ဦးက မေးမြန်း ပြောဆိုရင်း ထိုကျေ
နေဘက် သူငယ်ချင်းက သူ့ကိုငွေတစ်ကျပ် ပေးကမ်းထော
ပံ့ သွားခဲ့ခြင်း ဖြစ်လေသည်။

'ငါလဲ လခ မထုတ်ရသေးတာနဲ့မို့ ဘိုင်ကျနေသေး
ကွာ၊ ငါ့မှာ အခုပါလာတဲ့ငွေကလေးနှစ်ကျပ်ထဲက မင်းအတွ
တစ်ကျပ်တော့ ငါ့စိတ်ချမ်းသာအောင် ယူထားလိုက်စမ်းပါ
ကျောင်းနေဘက် သူငယ်ချင်းက အခြေအနေအကျိုး
လင်းပြောဆိုကာ သူ၏ ကုတ်အင်္ကျီအိတ်ဟောင်းကြီးအတွင်း
တစ်ကျပ်တန် ငွေစက္ကူကလေးတစ်ကျပ်ကို အခမ့်ထိုးထည့်
သွားခဲ့သည်။

ထိုသို့ ပေးကမ်းထောက်ပံ့သော ငွေတစ်ကျပ်ကို သူသ
ဟန်လုပ်ငြင်းဆန်ခြင်းပင် မပြုလိုက်မိချေ။ ဝတ်မှတ်သော ကာ
၌ အဘယ်သူသည် ရက်တုတ်သနည်း။ သူသည် လူအမျာ
မေ့လျော့ထားခြင်းကိုခံသော ကဗျာဆရာဟောင်းတစ်ယော



ဖြစ်လေသည်။ သို့ရာတွင် သူ့ကို ငွေတစ်ကျပ်မှ ပေးကမ်း
ထောက်ပံ့ခြင်း ပြုလာသော ထိုသူငယ်ချင်းဖြစ်သူကို ဘယ်
အတွက် ဟန်လုပ်ရမည်နည်း။

'ငါ အခု တံတားကလေးက စိတ္တဇဆေးရုံမှာ စာရေးလုပ်
နေတယ် သူငယ်ချင်း၊ မင်း အခြေအနေ သိပ်ဆိုးနေရင်လဲ လ
ဆန်းရက်တွေလောက် လှည့်ပြုလာပါလားကွာ'

'ကျေးဇူးတင်လှပါတယ် သူငယ်ချင်းရာ'

အက်ကွဲနေသောအသံဖြင့် သူသည် မြန်သည် ပြောဆို
လိုက်ရသည်။

'ဒါလောက် ငတ်လှပြတ်လှတဲ့ စာရေးဆရာ ကဗျာဆရာ
အလုပ်ကို သိပ်ပြီးတော့လဲ အစွဲအလမ်း ကြီးမနေပါနဲ့တော့
သူငယ်ချင်းရာ၊ သင့်လျော်မယ့် အလုပ်တစ်ခုခုကို ဝင်လုပ်ဖို့လဲ
စိတ်ကူးစမ်းပါဦးကွာ'

သူသည် ကြေကွဲဝမ်းနည်းစွာပြုံးလိုက်သည်။ သို့ရာတွင်
ဘာမျှတော့ ပြန်လှန်ပြောဆိုခြင်းမပြုလိုက်ချေ။

'ဒီလို အလုပ်အကိုင်မျိုးတွေက လူကြီးမိဘတွေရဲ့လုပ်စာနဲ့
ကျောင်းနေရတုန်းသာ လုပ်လို့ကိုင်လို့ ကောင်းတာပါကွာ။
ကိုယ့်ဝမ်းကိုယ်ကျောင်းရတဲ့ ဘဝကြတော့ မစားသာလှပါ
ဘူး'

စိတ္တဇဆေးရုံတွင် စာရေးကြီးလုပ်နေသော သူငယ်ချင်းက
တကယ့် စေတနာနှင့် သတိပေးပြောဆိုလိုက်ဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



‘အဲသူတွေကမှ ငါ့ကို ကဗျာဆရာတစ်ယောက်ရယ်လို့ အသိအမှတ်လဲမပြု၊ စာရင်းလဲ မသွင်းကြတော့လို့ ငါ့အင်မတန် နှစ်သက်လှတဲ့ ကဗျာဆရာဘဝကို စွန့်ခဲ့ရပါပြီကွာ’

သူသည် ဝမ်းနည်းပက်လက်ပြောဆိုလိုက်လေသည်။

‘ကောင်းပါတယ်ကွာ၊ စိတ်ကူးယဉ်တဲ့အလုပ်ဆိုတာ မိဘတွေနဲ့ လုပ်စာသုံးပြီး တာဝန်မဲ့ နေရထိုင်ရတဲ့ အရွယ်တုန်းသာ ကောင်းတာပါ၊ ကိုယ့်ထမင်းအိုးနဲ့ ကိုယ်စားလာရတဲ့ အခါမျိုးကျတော့ အယ်လိုမှ လုပ်မရနိုင်တဲ့ အလုပ်မျိုးတွေပါ ကွာ’

ထိုသူသည် လေးနက်သော စကားများကို ပြောဆိုနေလေသည်။

ထိုသူငယ်ချင်းနှင့် ခွဲလာခဲ့ပြီးနောက် သူသည် ငွေတစ်ကျပ်ကို လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ ပန်းသီးများ ရောင်းချခြင်းပြုသော သစ်သီးဈေးဘက်သို့ ခပ်သုတ်သုတ်ကလေး ထွက်လာခဲ့လေသည်။ သူသည် အဘယ်မျှ ငတ်မွတ် ဆာလောင်နေသော်လည်း ထိုငွေတစ်ကျပ်ကို သူ၏အတွက် သုံးစွဲရန် အနည်းငယ်မျှ မစဉ်းစားမိချေ။ အမေ့အတွက် ခေတ်စာကျွေးရန် ပန်းသီးဝယ်ခြမ်းဖို့သာ စိတ်စောနေလေသည်။

မှန်သေတ္တာများနှင့် တခမ်းတနား ခင်းကျင်း ပြသထားသော ပန်းသီးဆိုင်ကြီးတစ်ဆိုင်ရှေ့သို့ ရောက်သောအခါ သူ၏



ခြေလှမ်းများသည် ရပ်တန့်သွားလေသည်။ ပန်းသီးဆိုသည်မှာ လူမမာများကို ကျွေးမွေးရသော ခေတ်စာပင်ဖြစ်သော်ငြားလည်း လူမမာအတိုင်းအတွက်ကား ဟုတ်ဟန်မတူလှချေ။ ပိုက်ဆံချမ်းသာ လူမမာများအတွက်သာ ဖြစ်နေပုံရလေသည်။

ပန်းသီးဆိုင်ရှေ့တွင် ဇိမ်ခံကား သုံးလေးစီးမျှ ထိုးရပ်ထားလေသည်။ မော်တော်ကားရှင်များသည် ပန်းသီးဆိုင်အတွင်း၌ ပန်းသီးများကို ဝယ်ခြမ်းနေကြလေသည်။

သူသည် တစ်ကျပ်တန်ငွေစက္ကူတစ်ရွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ပန်းသီးဆိုင်ရှေ့မှရပ်၍ ပန်းသီးအရောင်းအဝယ်ကို ငေးမောကြည့်ရှုနေလေသည်။

‘ပန်းသီးခြောက်လုံးကို ဘယ်လောက်ပေးရမလဲ’

မော်တော်ကားရှင်တစ်ဦးက ဆိုင်ရှင်ကို လက်ကိုင်အိတ်ဖွင့်ရင်း မေးမြန်းနေသည်။

‘ဖောက်သည်မို့ အယ့်ငါးကျပ်ပဲထားလိုက်ပါ့မယ်’

ဆိုင်ရှင်က ထိုကဲ့သို့ပြန်လည်ပြောဆိုလိုက်သည်။

ကဗျာဆရာဟောင်းလည်း ရုတ်တရက် မျက်လုံးပြူးသွားရာမှ ဦးခေါင်းကို ဖြည်းညင်းစွာခါယမ်းနေလိုက်သည်။ ဝယ်ခြမ်းနေကျဖြစ်သော ဖောက်သည်တစ်ဦးကိုပင်လျှင် တစ်လုံး နှစ်ကျပ်ခွဲနှင့် ရောင်းချခြင်းပြုနေသော ထိုပန်းသီးကို သူငယ်ချင်းတစ်ယောက်က ပေးကမ်းထောက်ပံ့ခြင်း ပြုလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ငွေတစ်ကျပ်မျှနှင့် လူမမာမိခင်ကြီးအတွက် အဘယ်သို့ ဝယ်ခြ
ပါမည်နည်း။

သူသည် ပန်းသီးကိုပင် စိတ်နာကြည်းချင်သလို ဖြစ်လာ
ည်။ ထိုအချင်းအရာကိုလည်း စာတစ်ပုဒ်လောက် ဖွဲ့ချင်စိတ်
များ တဖွားဖွား ပေါ်လာသည်။ သို့ရာတွင် သူသည် ကဗျာ
ဆရာတစ်ယောက်ကား မဟုတ်တော့ချေ။ ထိုဘဝကို သူသည်
မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပြီ မဟုတ်သလော။

မော်ဟော်ကားသစ်ကြီးများနှင့် ပန်းသီးလာရောက် ဝယ်
ခြမ်းကြသူများသည် ၎င်းတို့ ဝယ်ခြမ်းစရာ ရှိသည်တို့ကို ဝယ်
ခြမ်းကြပြီးနောက် ပန်းသီးဆိုင်ရှေ့မှ တစ်ဦးပြီးတစ်ဦး ထွက်
ခွာသွားကြလေသည်။ သူသာ တစ်ယောက်တည်း ပန်းသီး
ဆိုင်ရှေ့တွင် ငိုင်၍ ကျန်ရစ်လေသည်။

'ဘာလိုချင်လို့လဲ'

ဟု ဆိုင်ရှင်၏ မေးမြန်းခြင်းကို ခံလိုက်ရတော့မှ သူသည်
ငွေတစ်ကျပ်ကို ကုတ်အင်္ကျီအိတ်ကပ်အတွင်းသို့ အသာ ပြန်
သွင်းကာ ဦးခေါင်းကိုခါယမ်း၍ ပြလိုက်ရလေသည်။ နောက်
ထပ် ထိုဆိုင်ရှေ့တွင် ရပ်ကြည့်နေရန်လည်း အကြောင်း မရှိ
သောကြောင့် သူသည် ဆိုင်ရှေ့မှ ချာခနဲလှည့်ကာ ပြန်ထွက်
လာတော့မည်အပြုတွင် သူမြင်ဖူးသလိုရှိသော မောရစ်စ်ကား
ကလေးတစ်စီးသည် ပန်းသီးဆိုင်ရှေ့တွင် သူး၍ ရပ်လိုက်လေ
သည်။ ထို့ကြောင့် သူသည် ပန်းသီးဆိုင်ရှေ့မှ ထွက်မသွား



သေးတဲ့ မော်တော်ကားထဲမှ အမျိုးသမီးတစ်ဦးကို လှမ်း၍
ကြည့်နေမိလေသည်။

မောရစ် စ် ကားကလေးပေါ်မှ အသက် သုံးဆယ်ခန့်
မိန်းမတစ်ယောက်သည် လှပသော လက်ကိုင်အိတ်ကလေးတစ်
အိတ်ကိုဆွဲကာ ဆင်း၍လာလေသည်။ ကားထဲ၌ ကျန်ရစ်သော
အခြားမိန်းမတစ်ယောက်က တစ်စုံတစ်ခုကို ပြောဆိုမှာကြားနေ
ပုံ ရလေသည်။

ပန်းသီးဆိုင်အတွင်းသို့ ကုတိုက်ကရိုက် ဝင်လာသော ထို
မိန်းမသည် ရပ်နေသော ထိုသူကို မြင်မိဟန် မရှိချေ။ ပန်းသီး
ခြောက်လုံးကို အကြည့်ခိုင်းနေသည်။ ထိုနောက် လက်ကိုင်
သားရေအိတ်ကိုဖွင့်ကာ ပိုက်ဆံများနှိုက်၍နေသည်။

ဆိုင်ရှင်များက စက္ကူအိတ်နှင့် ထုပ်ပေးသော ပန်းသီးအိတ်
ကိုယူကာ ကျသင့်သော ပိုက်ဆံကို ပေးပြီးနောက် ပြန်လှည့်
ထွက်သွားတော့မည်အပြုတွင် ငွေတစ်ကျပ်နှင့် ပန်းသီးဝယ်ရန်
စိတ်ကူးယဉ်လာခဲ့သော ထိုသူက—

'မမ....'

ဟု လှမ်းခေါ်လိုက်လေသည်။

မောရစ် စ် ကားနှင့် ပန်းသီးဝယ်ရန်လာသော မိန်းမပျို
သည် ပြန်လှည့်၍ ကြည့်လေသည်။ ထို့နောက်....

'ဟင်....နင် ဒီမှာ ဘာလာလုပ်နေတာလဲ'

ဟု ပြန်၍မေးလိုက်သည်။

'အမေ တော်တော်နေမကောင်းနေလို့ မမ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက သူပြောဆိုလိုသော အကြောင်းကို တိုတိုပဲ ပြောလိုက်သည်။

'ငါလဲ အိမ်အလုပ်တွေ များနေတာနဲ့ မေမေ့ဆီကိုတောင်မှ မရောက်အားပါဘူးကွယ်'

'နင်ကလဲ အရေးထဲ ငါ့ကို အပြစ်တင်နေပြန်ပါပြီကွယ်၊ ငါ့လင်အကြောင်းကို နင်လဲအသိသားနဲ့ကွယ်'

'မေမေ့ကို ခုလိုဖြစ်ထားတာတော့ မတော်ပါဘူး မမရယ်'

'မေမေ့အတွက် ဓာတ်စာစားဖို့ ပန်းသီး နည်းနည်းပါးပါး လောက်တော့ ဝယ်မပေးလိုက်နိုင်ဘူးလားဟင် မမ'

'ငါ့မှာ ပိုက်ဆံအပိုမပါပါဘူးကွယ်၊ ငါ့လင်က အတိုင်းနဲ့ ပေးနေတာ နင်လဲ အသိသားနဲ့'

ထိုအခိုက် မောရစ်စ် ကားပေါ်မှ ဟွန်းသံသည် အဆက်မပြတ် ပေါ်ထွက်လာသောကြောင့် မောင်အရင်းလုပ်သူကိုပင် ထိုမိန်းမသည် စကားဆုံးအောင် မပြောနိုင်တော့ဘဲ ချာခနဲ လှည့်ကာ မော်တော်ကားဆီသို့ ထွက်သွားလေသည်။

အစ်မလုပ်သူက သူ့ကိုပစ်ထားခဲ့ပြီးနောက် ကတိုက်ကရိုက် ထွက်ခွာသွားသောအခါ သူသည် သက်ပြင်းကို ခပ်ရှည်ရှည် ချရင်း ဦးခေါင်းကိုလည်း ခါယမ်းလိုက်မိသည်။ ထို့နောက် ပန်းသီးဆိုင်ရှေ့မှသူသည် တလှမ်းလှမ်းနှင့် ထွက်လာခဲ့သည်။

အမေ့အတွက် အနည်းဆုံး ပန်းသီးတစ်လုံး ဝယ်ယူသွားပေးဖို့အတွက် သူသည် ငွေတစ်ကျပ်ခွဲလောက် လိုနေသည်၊ သို့ရာတွင် ထိုငွေတစ်ကျပ်ခွဲကို အဘယ်မှာ အဘယ်သို့ ရှာဖွေရမည်နည်း။ သူ့အဖို့ နည်းလမ်းနှစ်ခု ရှိသေးသည်။ တစ်ခုမှာ



သူငယ်ချင်းတစ်ယောက်ယောက်ကို မတွေ့တွေ့အောင် လိုက်လံရှာဖွေ၍ တောင်းရမ်းခြင်းပြုရန်ဖြစ်လျက်၊ တစ်ခုသော နည်းလမ်းမှာကား တောတွင်းဥပဒေကို လိုက်နာခြင်းပြုရန် ဖြစ်လေသည်။

သူသည် ဒုတိယနည်းလမ်းကိုမူကား စိတ်ကူးခြင်း မပြုသေးချေ။ နာရီပေါင်းများစွာ လူသွားလူလာ များပြားသော လမ်းအသွယ်သွယ်တို့၌သာလျှင် ကိုးချင်း ကိုးချင်းလျှောက်ကာ တစ်ယောက်သော အသိမိတ်ဆွေကို တွေ့ရလိမ့်နိုးနိုးနှင့် လိုက်လံရှာဖွေခြင်း ပြုခဲ့သည်။ သူသည် သူငယ်ချင်း သုံးလေးဦးတို့ကိုကား တွေ့ရလေသည်။

သို့ရာတွင် ထိုသူငယ်ချင်းများသည် စိတ္တဇဆေးရုံတွင် စာရေးကြီး လုပ်ကိုင်နေသော သူငယ်ချင်းကဲ့သို့ကား မဟုတ်ကြချေ။ သူ့ကို အတွေ့မခံဘဲ ရှောင်ကွင်း၍သာ သွားကြလေသည်။ ထို့ကြောင့် လူမမာအမေကြီးအတွက် ဓာတ်စာကျွေးရန် ပန်းသီးတစ်လုံးမျှ ဝယ်ခြမ်းယူသွားဖို့ သူသည် နောက်ထပ်ငွေတစ်ကျပ်ခွဲကိုပင် အဘယ်ကမျှ ရှာဖွေ၍ မရခဲ့ချေ။ နောက်ဆုံး၌ သူသည် ရောက်နေကျဖြစ်သော ကုန်းကျော်တံတားကြီးပေါ်သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

* * *

www.burmeseclassic.com

( ၂ )

ကုတ်အင်္ကျီအိတ်ထဲမှ တစ်ရွက်မျှ ရတတ်သော ငွေစက္ကူကို ဆုတ်ယူကာ သူသည် အတန်ကြာမျှ ငေးစိုက်၍ ကြည့်ရှုနေပြန်သည်။ ထိုသို့ မသုံးစွဲရက်သော တစ်ကျပ်တန် ငွေစက္ကူကို ငေးမောကြည့်ရှုနေစဉ် သူ၏ဝမ်းဗိုက်နှင့် အူသိမ်အူမများအတွင်းမှ ပိုးမျိုးရှစ်ဆယ်တို့သည် ရပ်တည်ခြင်း မပြုနိုင်လောက်အောင် သူ့ကို လေးဘက်လေးတန်မှ တိုက်ခိုက်လျက်လည်း ရှိနေကြလေသည်။ ထိုအချိန်၌ သင်္ဃန်းကျွန်းဘက်မှ လော်ကယ်ရထားတစ်စီးသည် ခရီးသည်များကို အပြည့်အကျပ် တင်ဆောင်ကာ ဆူဆူညံညံ ဥသြပေးလျက် ဘူတာကြီးအတွင်းသို့ စက်ရှိန်သတ်ကာ ဝင်လာသဖြင့် သူသည် ငွေတစ်ကျပ်ကို ငေးစိုက်ကြည့်ရှုနေရာမှ မီးရထားဘီးကြီးများကို လှမ်း၍ ကြည့်လိုက်မိသည်။ ထို့နောက် ကြက်သီးများ ဖြန်းဖြန်းနှင့် သူသည် ကုန်းကျော်တံတားကြီးအတိုင်း လျှောက်လာခဲ့ပြီးလျှင် အထက်ပန်းဆိုးတန်းဘက်သို့ ဆင်းလာခဲ့လေသည်။

ဘူတာရုံကြီးအနီးရှိ ဖြစ်တတ်သလို ခင်းကျင်းရောင်းချနေသော ထမင်းဆိုင်ရှေ့တွင် သူသည် ကုတ်အင်္ကျီ အိတ်ကပ်အတွင်းမှ ငွေတစ်ကျပ်တန်စက္ကူကိုစမ်းရင်း ရပ်လိုက်လေသည်။ ထမင်းဆိုင်အတွင်း၌ လူရှင်းနေသည်။ ဆိုင်ရှင် အဒေါ်ကြီး



နှစ်ဦးနှင့် ထမင်းစားနေသော စုတ်စုတ်ပြတ်ပြတ် အဘိုးကြီးတစ်ယောက်တို့ကိုသာ တွေ့မြင်ရလေသည်။ စုတ်စုတ်ပြတ်ပြတ်နှင့် ထမင်းစားနေသော အဘိုးကြီးသည် သူ့ကိုကျောပေး၍ ထမင်းကိုငုံ့၍ စားနေသောကြောင့် သူ့ကို မြင်ဟန်မတူချေ။

သူသည် ထမင်းဆိုင်အတွင်းသို့ မရဲတရဲနှင့် ဝင်လာသည်။ ထို့နောက် ထမင်းကိုသာ ငုံ့၍စားနေသော အဘိုးကြီး၏ ကျောနောက်နားတွင်ထိုင်ကာ ထမင်းတစ်ပွဲနှင့် ငါးဟင်း တစ်ပန်းကန်ကို မှာလိုက်သည်။ သူသည် အလွန်တရာ ဝမ်းမွတ်ဆာလောင်နေသူ ဖြစ်လေသည်။ ထို့ကြောင့် ထမင်းတစ်ပန်းကန်နှင့် ငါးဟင်းတစ်ပွဲကို သုံးလေးမိနစ်မျှနှင့် ပြောင်သွားအောင် ရှယ်ပစ်လိုက်လေသည်။ နပ်ကျော်နေရသူ တစ်ဦးအတွက် ထမင်းတစ်ပန်းကန်သည် ဆင့်ပါးစပ် နှမ်းပက်သလိုသာ ရှိလေသည်။

ထို့ကြောင့် သူသည် ထမင်းတစ်ပန်းကန်ကို နောက်ထပ်မှာ၍ ငါးဟင်းရည် နည်းနည်းတောင်းလိုက်ရသည်။ နောက်ထပ် ထမင်းတစ်ပန်းကန်ကိုလည်း သူသည် မိနစ်အနည်းငယ်အတွင်းရှင်းလင်းပစ်လိုက်လေသည်။ သို့ရာတွင် နေသာရုံမျှပင် ရှိသေးချေ။ သို့ရာတွင် ငွေတစ်ကျပ်သာပါသဖြင့် သူသည် ချက်နိုင်ကောဘဲ ထမင်းနည်းနည်းနှင့် ငါးဟင်းရည် နည်းနည်းတောင်းလိုက်ရလေသည်။

ဆိုင်ရှင်အဒေါ်ကြီးသည် ထမင်းရောဟင်းရောပါ အလကားတောင်းနေသော ဖောက်သည် အပေါ်၌ မျက်နှာမသာ

www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။ ဆိုင်ရှင်သည် ၎င်း၏ ပစ္စည်းများကို အလကား ပေးတောင်း၍ ရသည်လည်း မဟုတ်ချေ။

သူသည် ထမင်းမစားသေးချေ။ သို့ရာတွင် သူ့အိတ်ထော ထဲတွင် ငွေတစ်ကျပ်သာ ပါသည်။ နောက်ထပ်၍ အလကား တောင်းရန်မှာလည်း ဆိုင်ရှင့်မျက်နှာက မသာလှတော့ချေ။ ထို့ကြောင့် လက်ဆေးရင်း....

'ဘယ်လောက် ကျပါသလဲခင်ဗျာ'

ဟု မေးလိုက်ရတော့သည်။ ဆိုင်ရှင်က....

'ထမင်းနှစ်ပွဲက ငါးမူး၊ ငါးဟင်းက သုံးမတ်၊ အားလုံး ပေါင်း ငါးမတ်ကျဘာယ်'

ဟု တွက်ချက်ပြောဆိုလိုက်သောအခါတွင် သူသည် ကမ္ဘာ မြေကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားလေပြီလားဟူ၍ အောက်မေ့လိုက်မိသည်။

သူသည် လက်ထဲတွင် ငွေတစ်ကျပ်ကို ဆုပ်ကိုင်ရင်း တွေ ကြီး ရပ်နေမိသည်။ ထိုပြဿနာကိုလည်း အဘယ်သို့ ပြေလည် အောင် ရှင်းလင်းခြင်းပြုရမှန်း မသိတော့ချေ။ စဉ်းစား၍လည်း မရတော့ချေ။

'ငါးမတ်ကျတယ်ဟေ့ မောင်ရင်'

ထမင်းဆိုင်ရှင် အဒေါ်ကြီးက ၎င်း၏ အဖိုးအခကို သတိ ပေး တောင်းဆိုလိုက်ပြန်သည်။

သူသည် ဘာမျှ မလုပ်တတ်သဖြင့် ငိုင်မြဲငိုင်နေသည်။

'ထမင်းဖိုး ငါးမတ်ကျတယ်ဟေ့ သူငယ်'



ဟု ဆိုင်ရှင်အဒေါ်ကြီးက တတိယအကြိမ် ပြောဆိုလိုက် သောအခါ သူသည် ထိုအဒေါ်ကြီးကို မကြည့်ဘဲ ၎င်း၏လက် ထဲမှ ကျပ်တန်တစ်ရွက်ကို လှမ်း၍ပေးလိုက်သည်။

'မင်းဟာက တစ်ကျပ်တည်းပါလားကွယ့်၊ တစ်မတ်လိုသေး တယ်'

သူသည် တစ်ဖက်သို့ မျက်နှာလှည့်နေလိုက်ရသည်။

'တစ်မတ် ထပ်ပေးဦးလေ'

သူသည် ဆိုင်ရှင်ကို မရဲတရဲနှင့် ပြန်လှည့်၍ ကြည့်လိုက် လေသည်။

'ကျွန်တော့်မှာ ဒါပဲပါလို့ပါခင်ဗျာ'

ဟု မျက်နှာငယ်ကလေးနှင့် တောင်းပန် ပြောဆိုလိုက်လေ သည်။

'ဒါပဲပါတယ် ဆိုတာနဲ့ ပြီးရောဘာ့မှာလားကွယ့်၊ မင်းတို့ ဟာက ထမင်းမစားခင် ကိုယ့်ပိုက်ဆံ ဘယ်လောက်ရှိတယ်လို့မှ ကြည့်မိဘူးလား'

ဆိုင်ရှင်သည် ဆန့်ကျင်နှုန်းများ တက်နေ၍ စိတ်တို့နေဟန် ရှိလေသည်။

'ကျွန်တော် ဝမ်းနည်းပါတယ်ခင်ဗျာ'

သူကတော့ တောင်းပန်ခြင်းအမှုကိုသာ ပြုရလေသည်။

'မင်း ဝမ်း နည်း တာ က ဘာအရေးလဲကွယ့်၊ ငါ့ပိုက်ဆံ တစ်မတ်ကိုတော့ အလကားသက်သက် ဆို့လိုက်ပြီ မဟုတ် လား'

www.burmeseclassic.com

www.burmeseclassic.com



ထင်းသို့ ဆိုင်ရှင် အဒေါ်ကြီးက ထမင်းစားသူ တစ်ဦး အခေါ်၌ ပိုက်ဆံကလေး တစ်မတ်အတွက် လောက်နှင့် ထိုကဲ့သို့ နှင့်နှင့်သီးသီး ပြောဆိုနေခြင်းကို နားကြားပြင်းကတ်လာ ရသော ကျန်ထမင်းစားနေသူ အဘိုးကြီးသည် ၎င်း၏ ထမင်း စားပွဲမှ ခပ်ယိုင်ယိုင်ကလေး ထလာပြီးလျှင်....

'ကိုယ့်ဆိုင်ကို မေတ္တာရှေ့ထားပြီး ထမင်းလာစားတဲ့ လူ တစ်ယောက်လုံးကို ပိုက်ဆံကလေး တစ်မတ်လောက်နဲ့ ဒီအထိ ပြောရသလားဗျာ'

ဟု ဆိုင့်ရှင်အဒေါ်ကြီးကို ပြောဆိုခြင်းပြု လိုက်လေသည်။

'ရှင်က ဘာဆိုင်လို့ ကြားထဲက ဝင်ပြောရတာလဲ'

အဘိုးကြီးကိုမျက်စောင်းထိုး၍ကြည့်ရင်း ဆိုင့်ရှင်အဒေါ်ကြီးကလှမ်းကာ ကြိမ်းမောင်းလေသည်။

'ဘဝတူ ထမင်းဝယ်စားသူချင်းမို့လို့ ဝင်ပြောရတာပေါ့ ဟဲ့၊ နင့်ပိုက်ဆံတစ်မတ်က ဓာယ်လောက်များတန်ဖိုးရှိလို့တုံး'

ဟု ပြောဆိုကာစုတ်စုတ်ပြတ်ပြတ်နှင့်အဘိုးကြီးက ၎င်း၏ အိတ်ကပ်အတွင်းမှ ပိုက်ဆံတစ်မတ်ကိုထုတ်ယူပြီးလျှင် ဆိုင့်ရှင် အဒေါ်ကြီးအား လှမ်း၍ပစ်ပေးလိုက်သည်။

၎င်းအတွက် ဆုံးရှုံးရလေပြီဟူ၍ တွက်ချက် ထားသော ပိုက်ဆံတစ်မတ်ကို ပြန်လည် ရရှိလိုက်သောအခါ ဆိုင့်ရှင် အဒေါ်ကြီးသည် ကျေနပ် သွားပုံရလေသည်။ နောက်ထပ် ဘာမျှပြောဆိုခြင်းမပြုတော့ဘဲ ၎င်း၏မူလနေရာသို့ ပြန်လှည့် သွားလေသည်။



ဈယ်သည် ၎င်းအတွက် ပိုက်ဆံတစ်မတ်ကိုစိုက်ထုတ်ပေး စုတ်စုတ်ပြတ်ပြတ်နှင့် အဘိုးကြီးကို ကျေးဇူးတင်ရှိလှ မျက်လုံးကြီးများဖြင့် ငေးစိုက်ကြည့်နေလေသည်။ သို့ ထိုကျေးဇူးရှင်အဘိုးကြီးကိုသူသည် အဘယ်မျှကျေးဇူး ကြောင်းကိုမူကား နှုတ်ဖြင့် မပြောတတ်ချေ။ အရေး ကြီက် ပေါင်းသင်းရသောမိတ်ဆွေသည်သာလျှင် မိတ်ဆွေ တ်ဆွေမှန် မဟုတ်သလော....။

လောကကြီးမှာ အဆင်မပြေတဲ့ အခါ များကျရင်.... ဆံတစ်မတ်လဲ အဆင်မပြေတတ်တာပါဘဲ သူငယ်ရာ' အဘိုးကြီးသည် အဘိဓမ္မာပညာရှင်၏စကားကို ဆိုလိုက် ၏။

အဘိုးကြီးသည် အရက်များ သောက်စားထားပုံ ရလေ ၏။

ကျွန်တော် တစ်ယောက်ကတော့ အဆင်ပြေတဲ့အခါရယ် ာနေ့အထိ တစ်ခါမှ မရှိခဲ့သေးပါဘူး ဦးလေးရာ'

ာရွယ်သည် သူ၏ လောကအမြင်ကို ယခုမှပင် တွေ့ဆုံ မ်းရသော စုတ်စုတ်ပြတ်ပြတ်နှင့် ကဇော်သမားကြီး ီးအား ထုတ်ဖော်ပြောဆိုလိုက်သည်။

စိတ်မလျှော့ပါနဲ့ ငါ့တူရယ်၊ မင်းဟာ အသက် ငယ်ငယ် သေးရှိပါသေးတယ်ကွယ်၊ လောကကြီးမှာ လူလုပ်ဖို့အချိန် အများကြီးလဲ ကျန်ပါသေးတယ်၊ ဦးလေးဟာ အသက် ကီးဆယ်ကျော်လို့ အလုပ်လက်မဲ့ ဖြစ်နေတာတောင် လျှော့သေးဘူးကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဦးလေးမှာ သားသမီးများကော မရှိဘူးလား'

သူသည် ထိုအဘိုးကြီးကို စိတ်ဝင်စားစွာ မေးမြန်း မိသည်။

'မယားလဲသေ၊ သားသမီးလေးလဲသေ၊ ဆွေမျိုး ပစ်သားလို့လောကကြီးမှာဖြစ်သလို နေ့ နေတဲ့ လူတစ်ယေ လို့ ဆိုကြပါစို့ကွယ်'

'ဩော်....ဩော်....ဩော်'

'အရင်ကတော့ ဦးလေးဟာ မီးရထားဌာနက အ အမားတစ်ယောက်ပေါ့ကွာ၊ မြန်မာပြည် မီးရထားက လက်ထက်ကတည်းကစပြီး လုပ်ကိုင်လာခဲ့တာပေါ့'

'ဩော်....ဩော်....ဩော်'

'အသက်အရွယ်ကြီးလာလို့ ခိုင်းဖို့စေဖို့ မကောင်းတဲ့ ကျတော့ ဦးလေးကို အလုပ်ကထုတ်ပစ်လိုက်တယ်ကွ'

'ဩော်....ဩော်....ဩော်'

'သားထောက် သမီးခံကလဲမရှိ၊ စားစရာ နေစရာ မရှိတော့ ဒီဘူတာရုံကြီးမှာပဲ ကပ်နေရတယ်၊ တစ်ခါ ဘဝတူအလုပ်သမားဟောင်းတွေက ပေးကမ်းထောက်ပံ့ သူတို့တစ်တွေရဲ့ ထောက်ပံ့ကြေးနဲ့ပဲ အသက် ဆက်နေ တယ်လေ'

'ဩော်....ဩော်....ဩော်'

'သူငယ်က ဦးလေးကို သတိမထားမိလို့ သတိ ပေမယ့် ကုန်းကျောင်တံတားကြီးပေါ်မှာ မကြာမကြာ



ရပ်ရပ်နေတဲ့ သူငယ့်ကို ဦးလေးကတော့ တွေ့နေမြင် ပါပဲကွယ်'

ဩော်....ဟုတ်လား'

ခါက်ကို ဦးလေးကိုတွေ့ရင်လဲ နှုတ်ဆက်ပေါ့ကွယ်၊ သား၊ ဒါထက် ဦးလေး ထမင်းစား လိုက်ပါရဲ့စေဦး

ရထားအလုပ်သမားဟောင်းသည် ထိုကဲ့သို့ ပြောဆိုပြီး စောစောကစားလက်စဖြစ်သော ၎င်း၏ထမင်းစားပွဲ ား၍ ထိုင်လေသည်။

ငယ်သည် ထမင်းဆိုင်အတွင်းမှ ထွက်လာ သော အခါ ထား ဌာနမှ အလုပ်သမားဟောင်းကြီးကို ကျေးဇူး မဆုံးနိုင်အောင် ဖြစ်နေလေသည်။

လောကထဲ၌ ဆင်းရဲဒုက္ခရောက်နေရသော သူများကို ကြင်နာတတ်သောလူများ ရှိနေကြပါသေးကလား ဆို အသိတရားကိုလည်းရလာသည်။ ထိုသို့ခင်မင်ကြင်နာ သောလူများ၊ ကူညီစောင့်ရှောက်တတ်သော လူများ လူ့အောက်တန်းစား အလုပ်သမားများသာလျှင် ဖြစ် သည်တကားဟူ၍လည်း သူသည် လေးလေး နက်နက် ာပေါက် လာခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကျွယ်လွန်သူကဗျာဆရာနှင့် ကရုဏာမိခင်

(၁)

'ကိုသစ္စာ'

ထိုအသံကို ကြားဖူးသလိုလိုလည်း ရှိသည်။ သို ကိုသစ္စာဆိုသော်သူ၏ ထိုနာမည်ကို ထိုအသံရှင်သည် အ သို့ သိရှိနိုင်သနည်း။ ထိုနာမည်ကို သူသည် အင်မတန်ပင် မက် မြတ်နိုးလှမေသည်။

သူ၏ ထိုနာမည်ကို လူအများက အသိအမှတ် ပြ အတွက်လည်း သူသည် ဝတ်မှတ်သော နေ့ရက်ပေါင်း မ များစွာကို ဇွဲကောင်းကောင်းနှင့် ကျော်လွှားရန် ကြိ အားထုတ်ခဲ့ပေသည်။ သို့ရာတွင် မည်သူ တစ်ဦးကမှ ထိုနာမည်ကို အသိအမှတ်လည်း မပြု လက်လည်းမခံ လည်း မခေါ်ခဲ့ကြချေ။

ထိုအမည်ကို သူသည် သူ၏ကိုယ်ထက်ပင် ချစ်ခင် ခဲ့လေသည်။ ထိုနာမည်အတွက်နှင့် သူ၏နှလုံးသားသည်



ဖူးလေသည်၊ အသည်းပြင်တွင် ကြီးမားသော အမာရွတ် ည်လည်း ကျန်ရစ်ခဲ့ပေသည်။

ထိုမျှသာလျှင် မကသေး၊

အစ်ကိုများ အစ်မများနှင့် အပေါင်းအသင်း မိတ်ဆွေများ အထင်အမြင်သေးခြင်းနှင့် လျစ်လျူ ပြုခြင်းများကိုလည်း ခံခဲ့ရလေသည်။ သူ့အဖို့ ခြေသလုံးကိုသာ အိမ်တိုင်ထူ၍ တ်လပ်မရေးကျောက်တိုင်နှင့် ပန်းခြံတို့ကို အိမ်အဖြစ် ဖြင့် အသုံးပြုခဲ့ရသည်။ သူသည် ပြည်သူ့ လမ်းမကြီးများပေါ်တွင် သလွင့် လျှောက်သွားနေခဲ့ရသော သတ္တိသား တစ်ယောက် သည်း ဖြစ်ခဲ့ရပေသည်။

ထိုနာမည်ကို တပ်မက်မြတ်နိုးခြင်း ရှိလှသည့်အတွက် သူ သည် အမျိုးမျိုးသော ဆင်းရဲခြင်းကို ခံလျက် အဖုဖုသော ကွတို့ကိုလည်းခံလျက် သူ၏ကိုယ်ကို ထိုနာမည်ဖြင့် မှည့်ခေါ် န် ရုန်းကန်ခြင်းများ ပြုခဲ့ပြီးပေပြီ။ ရန်ကုန်တက္ကသိုလ်မှ က်ခဲ့ရသော နောက်ဆုံးနှစ်က ထုတ်ဝေခြင်း ပြုခဲ့သော န်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ၏ ကြွေးကြော်သံ ဖစ်သော အိုးဝေမဂ္ဂဇင်း၏ ထိုနှစ် အယ်ဒီတာက လွဲ၍ သူ၏ ထိုနာမည်ကို အဘယ်သူ တစ်ဦးတစ်ယောက်ကမှ လူရာမသွင်း ခဲ့ကြချေ။ ထို့ကြောင့် အဘယ်သူကမှလည်း သူ့ကို မောင်သစ္စာဟူ၍ လည်းကောင်း၊ ကိုသစ္စာဟူ၍ လည်းကောင်း ခေါ် ဆက်ဆံခြင်း မပြုခဲ့ကြချေ။

ယခုကဲ့သို့ ဒီမိုကရေစီ ထွန်းကားလှသည်ဆိုသော ခေတ် အခါ သမယကြီးတွင် မိမိကိုယ်ကို မိမိဘာသာ တံဆိပ်ကပ်၍

www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ကောင်းသည် မဟုတ်ချေ။ ထိုသူအများက ဝိုင်းဝန်းအသိ အမှတ် ပြုကြမှသာလျှင် ဖြစ်နိုင်သည် မဟုတ်လော။

သူ့ကို အဘယ်သူ တစ်ဦးတစ်ယောက်ကမှ ကိုသစ္စာ အဖြစ် နှင့် လည်းကောင်း အသိအမှတ်လည်း မပြု၊ လက်လည်း မခံ ကြသေးအခါ သူ့အဖို့ မည်ကဲ့သို့မှ မရပ်တည် နိုင်တော့သဖြင့် ထိုနာမည်နှင့် ထိုဘဝတို့ကို အပြီးအပိုင် စွန့်လွှတ်ခြင်း ပြုလိုက် ရပြီပင် မဟုတ်သလော။ ထို အကြောင်းပုပ်ကိုလည်း သင်္ဂြိုဟ် မြှုပ်နှံခြင်း ပြုခဲ့ပြီးလေပြီ။

'ဒီမယ်ရှင့်... ကိုသစ္စာ...'

ထိုအသံကို ထပ်မံ၍ ကြားလိုက်ရပြန်လေသည်။ အသံရှင် သည် ဘင်တစ်ပါးသို့ ပြောင်းရွှေ့ ရောက်ရှိနေပြီ ဖြစ်သော ကိုသစ္စာကို အဘယ့်အတွက် အဓိပ္ပာယ်မရှိ ခေါ်ဝေါ် နေ သနည်း။ သက်သက်မဲ့ လှောင်ပြောင်ခြင်း နေသကဲ့သို့လည်း ဖြစ်နေသလော၊ သို့ရာတွင် အသံရှင်၏ အသံ၌ ကရုဏာနှင့် ခင်မင်ခြင်းလှိုင်းများ ပါနေသည်။

သူသည် ယခုအခါတွင် သူနှင့် မည်ကဲ့သို့မျှ သက်ဆိုင်ခြင်း မရှိတော့သော ထိုနာမည်ကို ရင်းရင်းနှီးနှီး ခေါ်ဝေါ်နေ သော အသံရှင်ကို လှည့်ကြည့်ဖို့အရေးကို ကြောက်ရွံ့သဖြင့် ဖြစ်နေလေသည်။ ကွယ်လွန်သွားလေပြီ ဖြစ်သော မောင်သစ္စာ ကို မြှုပ်နှံထားရာ တစပြင်မှ နာနာဘာဝ တစ်ကောင်ကောင် သည် သူ့ကို ချောက်လှန့် ဖမ်းစားခြင်းပြုရန် ရည်ရွယ်ချက် များနှင့် ယခုကဲ့သို့ အချိန်မပုပ် နေရာမဟုတ်တွင် လာရောက် လှည့်စားနေလေသလော။



သူသည် ကြက်သီးများပင် ထလျက် ရှိသေးသည်။

'ဩော်... ကိုသစ္စာ တစ်ယောက်ကလဲနော်'

အသံရှင်သည် သူ၏ ကျောနောက်နားမှ အပြေးကလေး ရောက်လာရင်း အပစ်တင်ချင်သလို၊ ညည်းတွားခြင်း ပြုသလို ပြောဆိုနေသည်။

သူသည် လှည့်မကြည့်ဂရုသကဲ့သို့ ဘယ်တော့မှ တွေ့ထိခြင်း မရှိသော်လည်း တွေ့ထိနေရသကဲ့သို့ ထင်ရသော မိုးကုပ်စက် ဝိုင်းဆီသို့ ငေးစိုက်၍ ကြည့်နေသည်။ မိုးနှင့် မြေကြီးတို့သည် သညကာလသို့တိုင်အောင် တွေ့ဆုံခြင်း မပြုကြလိမ့်မည်သာလျှင် မဟုတ်သော်လည်း ကြည့်ရသူအဖို့တွင် တွေ့ထိ နေကြသကဲ့သို့ ဖြစ်ကြသည်တကား...။

(၂)

သူမသည် အကျႌဖြူနှင့် ပြာသော် တမီကို မြန်းဆင်ကာ အနီရောင် ဖဲထီးကလေးကို ဆောင်းထားလေသည်။ လက်ကိုင် အိတ်နှင့် ဖိနပ်တို့သည် အဝါရောင်များ ဖြစ်ကြသဖြင့် ရောင်စုံ ဒေဝီကလေး တစ်ယောက်ကဲ့သို့ ထင်မှတ်ရလေသည်။

ဒေဝစ္ဆရာကိုမူကား သူသည် ပြန်လှည့်၍ မကြည့်ချေ။ မိုးနှင့် မြေကြီးတို့ ဖက်ယမ်း နမ်းရှုံ့ နေကြသကဲ့သို့ ထင်ရသော မိုးကုပ်စက်ဝိုင်းဆီသို့သာ သူရူးတစ်ယောက်ကဲ့သို့ ငေးကြည့် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်သို့မျှ ၎င်း၏ နှုတ်ခွန်းဆက်စကားကို တုံ့ပြန်ခြင်း မပြုသော ထိုသူကို ရောင်စုံဒေဝီသည် စိတ်ပျက်ဟန် မရှိချေ။ သူ၏ ကျောနောက်နားတွင် ရပ်၍ သူ၏ ရှည်လျားလှသော ဆံပင်များကို လည်းကောင်း၊ ရှိပြီနေပြီဖြစ်သော ကုတ်အင်္ကျီကြီးကို လည်းကောင်း၊ အရောင်အဆင်းပင် ကောင်းစွာ မ... တော့သော လုံကွင်းနှင့် ပါးလှပ်နေလေပြီဖြစ်သော လေယာဉ်ပျံ ဖိနပ်တို့ကို လည်းကောင်း တစ်ခုပြီးတစ်ခု ကြည့်ရှုနေသည်။ ထိုကဲ့သို့ ကြည့်ရှုရင်း စိတ်မကောင်း ဖြစ်နေပုံလည်း ပေါ်လေသည်။

ထိုသို့ ကျောနောက်မှနေ၍ ထိုသူကို စေ့စေ့စပ်စပ် ကြည့်ရှုပြီးနောက် မိန်းမပျိုသည် ထိုသူ၏ လက်ဝဲဘက်မှ ပန်း... တက်ကာ သူနှင့် မျက်နှာချင်းဆိုင်ကာ ရပ်လိုက်လေသည်။

မိုးကုပ်စက်ဝိုင်းကို ရောင်စုံဒေဝီကလေးက ကာဆီးလိုက်သဖြင့် သူသည် အသက်ဝင်လှုပ်ရှားလာလေသည်။ သူ၏မျက်လုံးများကိုပင် မှိတ်သပ်ကာ သူမြင်နေရသော မြင်ကွင်းသစ်ကို အလန့်တကြား ကြည့်ရှုနေသည်။ သူ၏မျက်လုံးသည် ပြူးကျယ်ကျယ်၊ ပါးစပ်သည်လည်း ဟနေသည်။

သူမသည် ပြုံးနေလေ၏။ မျက်နှာ အပေါ်ယံ အပြုံးတော့ကား မဟုတ်ချေ။ အတွင်းက လှိုင်းထလာသောအပြုံး ဖြစ်လေသည်။ ထို့ကြောင့် အင်မတန် ကြည်လင်လှပခြင်း ဖြစ်လေသည်။

သူနှင့် အိုးဝေမဂ္ဂဇင်းအယ်ဒီတာ တစ်ယောက်တို့က လွဲ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ သိလည်းမသိ၊ အသိအမှတ်



လည်း မပြုကြသော ထိုနာမည်ကို ထိုမိန်းမပျို အဘယ်သို့ စုံစမ်းသိရှိနသည်း။ သူသည် ထိုအကြောင်းကို သိချင်လာသည်။

'ရှင့်မှာ နာမည်လေးတစ်လုံးတောင် မရှိတော့ဘူးလို့ မြင့်ကို ဘာပြုလို့ လိမ်ပြောခဲ့ရတာလဲဟင် ကိုသစ္စာ'

ထိုမိန်းမပျိုသည် အပြစ်တင်နေသည်တော့သည်ကား မဟုတ်ချေ။ ကရုဏာဒေါသောကလေးနှင့် ပြောဆိုနေခြင်းသာ ဖြစ်လေ၏။ သို့ရာတွင် ထိုသို့ ပြောဆိုနေခြင်းထဲမှ မိန်းမပျိုသည် ၎င်း၏ နာမည်ကိုလည်း ထုတ်ဖော်ပြောဆိုလိုက်သကဲ့သို့ ရှိလေသည်။

သူမ၏နာမည်သည် 'မြင့်'ဖြစ်လေသည်တကား။

'ကျုပ်မှာ လိမ်ပြောစရာအကြောင်းမှမရှိတာဘဲ၊ ဘာပြုလို့ လိမ်ပြောရမှာလဲ'

သူသည် ကလေးတစ်ယောက်ကဲ့သို့ ပြောဆိုလိုက်လေသည်။

'ဒါဖြင့် ကိုသစ္စာဆိုတာကကော ဘယ်သူတဲ့လဲ'

မြင့်က ကျောင်းဆရာမကြီးက ကျောင်းသားကလေး တစ်ယောက်ကို မေးခွန်းထုတ်သလို ထုတ်လိုက်သည်။

'ကိုသစ္စာဆိုတာ သေသွားပါပကောလား၊ ကျုပ်နာမည် အခု မောင်သစ္စာမဟုတ်တော့ဘူး၊ ကျုပ်နဲ့ မောင်သစ္စာနဲ့ ဘာမှလဲ မဆိုင်တော့ဘူး'

'ရှင် တကယ်ပြောနေတာလား ကိုသစ္စာရယ်'

မြင့်က ညိုးငယ်သော မျက်နှာကလေးနှင့် ပူပန်စွာ မေးမြန်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါထက် ကျုပ်နာမည် မောင်သစ္စာဆိုတာကို ဘယ်လိုက ဘယ်လိုလုပ်ပြီး သိလာခဲ့သလဲဟင်၊ အဲဒါကို ကျုပ် ဘယ်လိုမှ စဉ်းစားလို့ မရဘူး'

'ရှင်က မြင့်အကြောင်း ဘာပြုလို့ ကဗျာစပ်ရသလဲ ဆိုတာကိုသာ ဖြေစမ်းပါဦး'

'ခင်ဗျားအကြောင်းကို ကျုပ်က ကဗျာစပ်သတဲ့လား၊ ဖြစ်မှ ဖြစ်ရလေဗျာ'

'လှည်းတန်းထိပ်က ညအပျိုဆိုတဲ့ ကဗျာကလေးတစ်ပုဒ်ကို မြင့် သိပ်ချစ်တာပဲ ကိုသစ္စာရယ်'

'ဟိုက် ချောက်ပဲ'

ကဗျာဆရာသည် အလန့်တကြားပြောဆိုလိုက်သည်။

'ကြေးရတတ် လှူချမ်းသာတွေရဲ့ သားတွေ ဖြစ်ကြတဲ့ ကောလိပ်ကျောင်းသားတစ်စုက ဖျက်ဆီးပစ်လိုက်ကြတဲ့အတွက် ပျက်စီးသွားရတဲ့ လှည်းတန်းက မိန်းကလေး တစ်ယောက်အကြောင်းကို ရှင်ဘယ်လိုလုပ်သိပြီး ဘယ်လိုလုပ်ကဗျာစပ်တာလဲဟင် ကိုသစ္စာရယ်'

မြင့်က လိုက်လိုက်လှဲလှဲ ပြောဆိုမေးမြန်းနေသည်။

ထိုကဗျာကို ရေးစပ်ခဲ့ဖူးသော ကဗျာဆရာတစ်ယောက်အနေနဲ့ သူသည် ကဗျာတဏှာသူတစ်ဦးကို ထုချေလွှာ တင်သွင်းခြင်း ပြုလိုဟန် မရှိချေ။

'ဒါထက် ကျုပ်နာမည် မောင်သစ္စာဆိုတာကို ဘယ်လိုလုပ်ပြီး သိပါသလဲဆိုတာ ကျုပ်သိပါရစေ၊ နောက်ပြီးတော့လဲ



လှည်းတန်းထိပ်က ညအပျိုဆိုတဲ့ကဗျာကိုလဲ ဘယ်မှာ တွေ့ဖူးသလဲဟင်၊ ဒါတွေကို ပထမ ရှင်းပြစမ်းပါဦး'

'ဗန္ဓုလပန်းခြံအဝင်ဝက မြေပဲလှော်ရောင်းတဲ့အဒေါ်ကြီးကို ရှင် သတိရသေးသလားဟင်၊ မြေပဲလှော်နှစ်ထုပ်နဲ့ ရှင့်ကဗျာတွေကို လဲလိုက်တာကိုရော မှတ်မိသေးသလား'

မောင်သစ္စာသည် သက်ပြင်းကို ချလိုက်လေသည်။ သူသည် မြင့်ကို လက်မြှောက်လိုက်ရပေတော့၏။

တတ်နိုင်လျှင် သေဆုံးသွားခဲ့ပြီ ဖြစ်သော ကဗျာဆရာကလေး မောင်သစ္စာ၏အကြောင်းကို သူသည် မေ့ထားချင်၏။ သူသည် တစ်ပြင်ကုန်းတွင် ပြန်လည်ဝိုယိုခြင်းလည်း မပြုလိုတော့ချေ။ သူ၏ မျက်ရည်တို့သည်လည်း ခန်းခြောက်လျက်ရှိလေပြီ။ သို့ရာတွင် သူသည် ကွယ်လွန်သွားသော မောင်သစ္စာကို အံ့ဩချစ်ခင်သော ကဗျာချစ်ဘတ်သူ အမျိုးသမီးတစ်ဦးနှင့် ပက်ပင်းကြီး တိုးနေရပါပကော။

'မြေပဲလှော်သည် အဒေါ်ကြီးဆီက ရှင့်ကဗျာတွေအားလုံး မြင့် လေလံဆွဲပြီး ဝယ်လိုက်တယ် ကိုသစ္စာ၊ အဒေါ်ကြီးက တစ်မတ်တောင်းတယ်၊ မြင့်က တန်ဖိုးထားပြီး တစ်ကျပ်ပေးခဲ့မိလို့ မြေပဲလှော်သည် အဒေါ်ကြီးက ဒီကလေးမ စိတ်မှကောင်းသေးရဲ့လားလို့ တောင် အမေးခံခဲ့ရသေးတယ်ရှင့် ကိုသစ္စာရဲ့'

'ဩော် ဩော် ဩော်'

'မြင့် ရှင့်ကဗျာတွေအကုန်လုံးဖတ်ကြည့်တယ်၊ ကဗျာတိုင်းကိုလဲ သဘောကျတယ်၊ ကြိုက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်သူကဗျာဆရာမောင်သစ္စာသည် အတော်ကလေး အနေကျပ်ပုံပေါ်နေ၏။ ထို့ကြောင့် သူသည် ဦးခေါင်းကို ငုံ့ထားလိုက်သည်။

ဘတ်စ်ကားဆိပ်ဆိုတဲ့ ကဗျာကလေးကလဲ ရင်နာစရာကလေးပဲ ကိုသစ္စာရဲ့၊ ရဲဘော်ဈေးဆိုတဲ့ ကဗျာကိုလဲ မြင့် သိပ်ကြိုက်တယ်၊ အို... ရှင့်ကဗျာတွေအားလုံး မြင့်ကြိုက်တာချည့်ပဲ’

မြင့်သည် ၎င်း၏ အစွင်းသဘောကို ပွင့်ပွင့်လင်းလင်း အန်ချလိုက်ဟန်တူလေ၏။ ထိုမိန်းမသည် ဟန်လုပ်ခြင်း ပြုတတ်ပုံလည်းမရ။

မောင်သစ္စာ မဟုတ်တော့သော မောင်သစ္စာသည် မြင့်ကို အလန့်တကြား ကြည့်ရှုလိုက်ပြန်လေ၏။ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက် နှစ်ပတ်လည်မဂ္ဂဇင်းအယ်ဒီတာကြီးက ရင့်ရင့်သီးသီး ပယ်ချလိုက်သော ‘လှည်းတန်းထိပ်မှညအမျိုး’ အမည်ရှိ ကဗျာတစ်ပုဒ်ကို ‘မြင့်သိပ်ချစ်တာပဲ’ ဆိုလာသော ထိုအမျိုးသမီးကို သူသည် အဘယ်သို့ လက်ခံနားလည်ခြင်း ပြုရပါမည်နည်း။ လူအများက ငြင်းပယ်လိုက်ကြသောကြောင့် ကာယကံရှင်ကိုယ်တိုင်ကပင်လျှင် စွန့်လွှတ်မြှုပ်နှံခြင်း ပြုထားခဲ့ရပြီးဖြစ်သော ထိုအလောင်းကောင်ကို မြင့်ဆိုသော ထိုမိန်းမပျိုသည် အဘယ့်အတွက် တူးဖော်နေရသနည်း။

* * *



( ၃ )

သူ့စွန့်ပစ်ခြင်း ပြုလိုက်ရသည်ဆိုသော ကဗျာများကို ချစ်ခင် ်မက်လှပါသည်ဆိုသော မြင့်ကို ကွယ်လွန်သူ မောင်သစ္စာ သည် အံ့သြနေသလော၊ သို့မဟုတ် အနက်မဖွင့်တတ်အောင် နေသလား။

သူလို ကဗျာဆရာတစ်ယောက် အဖြစ်နှင့် လည်းကောင်း၊ ာင်သစ္စာဆိုသော ကဗျာဆရာကလေး၏ ကဗျာများကိုလည်း ည်းကောင်း၊ အဘယ်သူ တစ်ဦးတစ်ယောက်ကမျှ အရေး ည်းမထား အသိအမှတ်လည်း မပြုကြသောအချိန်တွင် ထိုည ပျိုကလေးတစ်ယောက်တည်းကသာ သူ၏အတွက် ဝမ်းနည်း ကြွေးနေပေသည်။ လွမ်းဆွတ်နေပေသည်။

ကဗျာဆရာ မောင်သစ္စာကိုယ်တိုင်တွင် သူ၏ အလောင်း ာင်ကို တွင်းတူး မြှုပ်နှံထားခဲ့ပြီးသော အချိန်တွင် ထိုည ပျိုသည် ကဗျာဆရာကလေး မောင်သစ္စာ၏ အလောင်းကို စ်ယောက်တည်းပြန်လည်တူးဖော်လျက် ရှိနေပေသည်။ ထိုည ပျိုသည် တကယ့်သတ္တိနှင့် ပြည့်စုံလှသော သူရဲကောင်းမ ီးတစ်ဦး ဖြစ်လေသလား၊ သို့မဟုတ် မွေးဖွားခြင်း မခံရမီ ပင် သေဆုံးသင်္ဂြိုဟ်ခဲ့ရသော မောင်သစ္စာကို ပြန်လည် ဖွား ခြင်းပြုရန် အားထုတ်နေသော အမေသစ်တစ်ယောက်များ ား။

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ဘဝတွေအကြောင်းတော့ ပြောတန်သလောက် ပြေ
ပြီးသွားပြီ ကိုသစ္စာ၊ ရှင် အခု ဘယ်ကလာလို့ ဘယ်ကိုသွား
မလဲဆိုတဲ့ အကြောင်းကိုလဲ ပြောစမ်းပါဦးလေ'

မြင့်သည် ကိုသစ္စာကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း မေး
မြန်းလိုက်ပြန်လေသည်။

ကိုသစ္စာသည် ထိုမေးခွန်းအတွက် အလွန်တရာ တုန်လှုပ်
ချောက်ချားသွားပုံရလေသည်။ ထိုမေးခွန်းမျိုးကို အမေးခံရမည်
ဟု သူသည် ဘယ်တုန်းကမှ မျှော်လင့်ထားခဲ့ပုံလည်း မရချေ။
တကယ်ဆိုတော့ မြင့်၏မေးခွန်းသည် သူ၏ ဘဝကြီးတစ်ခု
နှင့် သက်ဆိုင်သော မေးခွန်းဖြစ်လေသည်။ သူ၏ အဘိဓမ္မာ
ကြီး တစ်ရပ်လုံးနှင့်လည်း သက်ဆိုင်နေသော မေးခွန်းဖြစ်လေ
သည်။

ထိုမေးခွန်းသည် သူ၏ကိုယ်ကို သူ့ကိုယ်တိုင်က မေးမြန်းခြင်း
ပြုရမည့် မေးခွန်းဖြစ်လေသည်။ သို့ရာတွင် သူသည် ထိုအ
တရား မရှိခဲ့ချေ။ မုန်တိုင်းကြားမှ သစ်ရွက်တစ်ရွက်လို ကြွေ
လေဆောင်ပို့ရာသို့ သက်ဆင်းကာ လေလွင့်နေခဲ့လေသည်။
ကိုသစ္စာသည် အလွန်တရာတုန်လှုပ် ချောက်ချားလျက် ရှိ
သည်။ မြင့်ဆိုသူသည် ကျေးဇူးတင်ရမည့်ဖြစ်သည်။ သို့ရာ
ကျေးဇူးတင်ရကောင်းမှန်းသည်း မသိသေးချေ။

'မြင့်မေးတာကို ဖြေစမ်းပါဦး ကဗျာဆရာလေး ကိုသစ္စာ'

မြင့်သည် ရင်းနှီးသည်ထက် ရင်းနှီးလာသကဲ့သို့ သူ၏လက်
မောင်းကို ခင်ခင်မင်မင် ကိုင်တွယ်ကာ လှုပ်ခါရင်း မေးမြန်း
လိုက်ပြန်လေသည်။



ကိုသစ္စာသည်ဦးခေါင်းကိုသာငုံ့နေလေသည်။ တစ်ဖက်သား၏
မေးခွန်းကိုတော့ ဖြေကြားခြင်း မပြုချေ။ တာဝန်မဲ့သော
ကောင်းသားကလေး တစ်ယောက်ကဲ့သို့ ခပ်ပေပေခံနေသည်။

'ရှင့်ကို လွတ်လပ်ရေးကျောက်တိုင်အောက်မှာ စတွေ့ရတယ်၊
ာက် ပန်းခြံအဝင်ဝမှာတွေ့တယ်၊ မကြာခဏ ဆိုသလို
မ်းမကြီးတွေဘေးမှာ တလှုပ်လှုပ် လျှောက်သွားနေတာကို
တွေ့ရတယ်၊ ဟော....ကနေ့တော့ ဘူတာရုံကြီးဘေးနား
လာတွေ့နေရပြန်တယ်'

ကိုသစ္စာသည် မြင့်ကို အလန့်တကြား မော့ကြည့်လိုက်မိ
သည်။ မြင့်သည် သူ၏အကြောင်းကို အဘယ့်အတွက် ဤမျှ
ဝင်စားနေရသနည်း။ အဘယ်အတွက် ဤမျှဂရုစိုက်နေရ
နည်း။ မြင့်သည် ပုံနှိပ်ခြင်းပင် အပြုမခံလိုက်ရသော သူ၏
ျာများကို သာမန်ချစ်ခင် အားပေးနေသော ကဗျာဖတ်သူ
ဦးမျှသာလျှင် ဖြစ်လေသလော။

'ဟင်...ကိုသစ္စာ ရှင်ဘယ်ကလာလို့ ဘယ်ကိုသွားနေတာလဲ
တာ မြင့်တစ်ယောက်ကိုတော့ ပြောပြသင့်ပါတယ် ရှင်'

မြင့်သည် ကိုသစ္စာ၏လက်မောင်းကို ကိုင်လှုပ်ရင်းအတင်း
မေးမှကဲ့သို့ တောင်းဆိုခြင်း ပြုနေပြန်လေသည်။

ယင်းသို့ မြင့်ဆိုသောကဗျာဖတ်သူ မိန်းမပျိုက တကယ်
မေးမြန်း နေတော့မှပင် ကဗျာဆရာသည် ကြာမြင့်စွာ မေ
ပျော်၍နေရာမှပြန်လည် အသက်ဝင်လာသကဲ့သို့တဖြည်းဖြည်း
နိုး၍လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ၏အတိတ်ဘဝတစ်ခုလုံးကို သွမ်း၍ မြင်လိုက်ေ
သည်၊ ထို့ကြောင့် သူလေးလှင့်သောင်တင်နေသော ပစ္စ
ကိုလည်း မြင်လာသည်၊ မိမိ၏ကာလသုံးပါးအနက် နှစ်
သောကာလကိုမြင်သော သူသည် ကျန်တစ်ပါးသော ကာ
ကိုလည်း အနေးနှင့်အမြန် မြင်လာရပေမည်။

'ဟုတ်တယ်မြင့်၊ ကျုပ်ဟာ မရေရာလှတဲ့ အတိတ်က
ဖျားခံလာခဲ့ရပြီး မသေချာတဲ့ သမုဒ္ဒရာထဲကို မျောပါနေတ

ကဗျာဆရာလေးမောင်သစ္စာသည် ယခုမှပင် ကဗျာဆ
တစ်ယောက်၏ အတွေးအခေါ်ဖြင့် ကဗျာဆန်ဆန် ပြန်လ
ပြောဆိုခြင်း ပြုလိုက်နိုင်ပေတော့သည်။

'ရှင်က ဘုရားဆုပန်ထားတဲ့ မင်းယောကျ်ားတစ်ယော
ပါ ကိုသစ္စာရယ်၊ ဘာပြုလို့ကံဆိုးတာကို သူရဲဘောကြေ
ကြောင် အရှုံးပေးပြီး သံသရာကြီးထဲမှာ ထွက်ပြေးနေတ
လဲ'

ညကြီးအချိန်မတော် ရဲအဖွဲ့ဝင်များ လိုက်လံရှာဖွေခြ
ခံခဲ့ရဖူးသော မြင့်ကဲ့သို့ ညအပျိုကလေး တစ်ယောက်ထံ
ထိုကဲ့သို့သောဩဝါဒမျိုးကို ကြားနာရလိမ့်မည်ဟု မျှော်လ
မထားသော ကဗျာဆရာသည် တုန်လှုပ်သွားလေသည်။

'သံသရာထဲက ရှင်ထွက်ပြေးလို့ကော လွတ်ဦးမှာတဲ့လာ

မြင့်သည် ကွယ်လွန်သူ ကဗျာဆရာကို မိခင်က သားငယ်
အား ဩဝါဒပေးသလို ပေးလိုက်ပြန်သည်။

'ဘယ်သူမပြုမ[illegible]ရိုတဲ့ မြန်မာစကားဟာ ဘုရားဟော
မဟုတ်ပေမယ့် ဘုရားဟောလို လူတိုင်း နှုတ်သည်လွယ်အော



ထင်သာနိုင်အောင် ရှေးဟောင်းတွေက ကြံစည်ထားခဲ့
ဒလို မြင့်ထင်တယ်၊ ရှင့်ကိုယ်ကို ပြန်စဉ်းစားစမ်းပါ
ရယ်၊ ရှင့်ဘဝကြီးကို ဒီလို ရေစုန်အမျောခံနေတော့မှာ
လဲ'

ကွယ်လွန်သူ ကဗျာဆရာသည် အသိက်ဝင်လျက် ရှိလေ
ယခင်ကကဲ့သို့ သူသည် သေဆုံးခြင်း ရှိမနေတော့၊
သက်ဝင်လာသည်နှင့်အမျှ သူသည် မိုးနှင့် မြေကြီးတို့ တွေ့
သည် ထင်ရသော စက်ဝိုင်းအကြားတွင် အနန္တ မကာခံသော
ဥဩကြီးတို့ ရှိနေကြသေးသည်ကိုလည်း တွေ့လာမြင်လာ

မြင့်...'
သူသည် အားတက်သရော အော်ခေါ်လိုက်မိသည်။

ထိုရာတွင် ထိုအချိန်၌ မြင့်သည် သူ၏အပေါ်၌ အာရုံတို
လျော့ပါးစ ပြုလေပြီ။ အဘယ်ကြောင့်ဆိုသော် ခပ်လှမ်း
မှ ဆိုက္ကားသမားတစ်ဦးက လေချွန်၍ ခေါ်ခေါ်နေ
သောကြောင့် ဖြစ်လေသည်။ မြင့်သည် ဆိုက္ကားသမားကို
၍ ကြည့်ရှုနေသည်၊ ထို့ကြောင့် သူသည်လည်း မြင့်နှင့်
ထိုဆိုက္ကားသမားကို လှမ်း၍ကြည့်မိလေသည်။
ဆိုက္ကားသမားသည် မြင့်နှင့် မည်ကဲ့သို့သော အချိန်း
က်များ ပြုလုပ်ထားသည်တော့ကား မသိရချေ။ ထိုခြ
ကြက်သားကို အရှင်းပြု အသက်မွေးနေရသော လိုင်း
အလုပ်သမားက မြင့်ကိုကြည့်ကာ မီးရထားဟိုတယ်ဘက်

www.burmeseclassic.com



မှ ဇိမ်ခံ မော်တော်ကားတစ်စီး လက်ညှိုးထိုး၍ ပြသနေ
သည်။ မြင့်ကလည်း ဦးခေါင်းကို ပြန်၍ ညိတ်ပြနေလေသ
ငှင်း၏ကိစ္စ ပြီးသွားသောအခါ ငှင်းချစ်ခင် အုံ့ဩ
ကဗျာဆရာဘက်သို့ မြင့်သည် လှည့်လာသည်။ ကိုသစ္စာသ
ဦးခေါင်းကို ငုံ့၍ထားလေသည်။

'မြင့်တော့ ရေစုန်မျောရလိမ့်ဦးမယ် ကိုသစ္စာ၊ ဘယ်
တင်လို့ ဘယ်သောင်ကို ဆိုက်ရလိမ့်ဦးမယ်လဲ မသိနိုင်တော့
ပါပေမယ့် မြင့်အတွက်ကတော့ ထားပါလေ၊ ကိုသစ္စာသ

မြင့်သည် နှိမ့်ချသောလေသံကလေးနှင့် ပြောဆိုပြီးနော
ငှင်းချစ်သော ကဗျာဆရာကလေး ကိုသစ္စာကို ချာခနဲ ေ
ခိုင်းလိုက်လေသည်။ သည်တော့မှပင် ကဗျာဆရာသည်
သမီခင်၏ စွန့်ပစ်ထားခြင်းကို ခံရတော့အံ့ဆဲဆဲ သားငယ်
သို့ အလန့်တကြား ငိုကြွေးလိုက်လေသည်။ သို့ရာတွင် သ
ငိုကြွေးမြည်တမ်းသံသည် အပြင်သို့ကား ထွက်မလာချေ။ 
ထဲ၌ ဖြစ်လေသည်။

မြင့်သည် သူမ မွေးထုတ်ထားခဲ့သော သားတစ်ယော
သည်တိုင်းပစ်ထားခဲ့ကာ ခြေလှမ်း လေးငါးလှမ်းမျှလျှေ
သွားပြီး နောက်ဆံတင်းလှသကဲ့သို့ ရပ်တန့်လိုက်ပြန်သည်
သို့ရပ်တန့်ကာ ခေတ္တမျှ ငိုင်နေလိုက်ပြီးနောက် ချာခနဲပြန်
ကာ ကဗျာဆရာထံသို့ အပြေးကလေး လာလေသည်။

ကိုသစ္စာသည် ရယ်မောခြင်း ပြုလိုက်လေသည်။ သို့ရာ
အပြင်သို့ကား အသံထွက်မလာချေ။ ဝမ်းထဲ၌ ဖြစ်လေသ



မြင့်သည် ငှင်း၏ အဝါရောင် လက်ကိုင်အိတ်ကလေးကို
ကာ အတွင်းမှ တစ်ဆယ်တန် ငွေစက္ကူတစ်ရွက်ကို ဆွဲထုတ်
သည်။ ထို့နောက် ကဗျာဆရာလက်ထဲသို့ လျင်မြန်စွာ
ပေးထားခဲ့ပြီးနောက် ငှင်း၏ကံတရားကို ဖိတ်ခေါ်ရာသို့
ပြေးထွက်သွားလေသည်။

တစ်ဆယ်တန် ငွေစက္ကူတစ်ရွက်ကို လက်ထဲ၌ တင်းတင်း
ကြပ် ဆုပ်ကိုင်ထားရင်း ကဗျာဆရာ မောင်သစ္စာသည်
တရား၏ နောက်သို့ တကောက်ကောက် ပြေးလွှား
က်မသွားသော ငှင်း၏ မိခင်ကလေးကို ဝမ်းနည်းဝမ်းသာ
းမော ကြည့်ရှုနေလေသည်။

မြင့်သည် မီးရထား ဟိုတယ်ရှေ့ စကြံတွင် ရပ်ထားသော
င်းမောက် မော်တော်ကားတစ်စီးဆီသို့ ပြေးလွှားသွားလေ
သည်။ မော်တော်ကားပေါ်တွင် အမျိုးသမီး တစ်ယောက်မျှ
တွေ့ရ၊ အမျိုးသား နှစ်ယောက်တို့သာ ရှိလေသည်။ ကား
ါမှ ယောကျ်ားတစ်ယောက်က အပေါ်မှနေ၍ တံခါးဖွင့်
းလိုက်သောအခါ မြင့်သည် ပလိုင်းမောက် ကားသစ်ကြီး
ါ်သို့ ကျင်လည်ပေါ့ပါးစွာ တက်၍ သွားလေသည်။ မြင့်
ာ်တော်ကားပေါ်သို့ရောက်လျှင် အဆင်သင့် စက်နှိုးထားပြီး
ေသော ကားသည် ဝူးခနဲ ဆောင့်ထွက်၍ သွားလေသည်။
ကဗျာဆရာကလေး မောင်သစ္စာသည် သူ၏မိခင်ကိုတင်
ဆောင်သွားသော ပလိုင်းမောက် ကားသစ်ကြီးကို မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ထွက်လုမတတ် စူးစိုက် ကြည့်ရှုနေသည်။ ထိုသို့ ကြ... နေခိုက် မြင့်သည် မော်တော်ကား နောက်ခန်းတံခါးမှ ခေ... ပြူထွက်၊ နောက်ကြောင်းသို့ မြန်လည် လှည့်ကြည့်ရင်း ၎... လက်ဝဲလက်ကို ထုတ်ကာ ဝှေ့ယမ်း ခါပြသွားလေသည်။

## အတိတ်၏ သင်္ချိုင်းကုန်း

(၁)

ဘဝတစ်ခုတည်းတွင် ကဗျာဆရာကလေးမောင်သစ္စာသည် ဒုတိယအကြိမ်မြောက် မီးရှူးသန့်စင် ဖွားမြင်ခြင်းကို ခံလိုက်ရပြန်လေသည်။ သို့ရာတွင် ကဗျာဆရာသည် ထိုအဖြစ်နှင့် အကြောင်းကို မသိချေ။ သူ့ကို ကြီးမားလှသော ကရုဏာနှင့် သန့်စင် ဖွားမြင်ခြင်း ပြုပေးခဲ့သော အမေသစ်ကိုလည်း သူသည် မသိချေ။

အမေသစ်က အဘယ်သို့ ရှာဖွေကာ ပေးလိုက်မှန်း မသိသော ငွေတစ်ဆယ်ထဲမှ ငွေငါးကျပ်ကို ဖဲ့၍ အမေဟောင်းအတွက် ပန်းသီးနှစ်လုံးကို အပြေးအလွှား သွားဝယ်ခဲ့သည်။ အမေဟောင်းကို ပန်းသီးနှစ်လုံး ကျွေးမွေးပြီးနောက် ကျန်သော ငွေငါးကျပ်ကို ကုတ်အင်္ကျီအတွင်း၌ ထည့်ကာ ဝတ်မှတ်

www.burmeseclassic.com



ခြင်း သံသရာမှ ရုန်းထွက်၍ လွတ်မြောက်ရန်အတွက် အလ[ုပ်]အကိုင် တစ်ခုခုကို လိုက်လံ ရှာဖွေခဲ့လေသည်။

အလုပ်တိုက်တစ်တိုက်က သူ့ကို အလိုမရှိသေး သ[ည့်]အကြောင်း ပြောဆိုလိုက်လျှင် သူသည် နောက် အလုပ်တို[က်]သို့ သွားပြန်သည်။ ထိုအလုပ်တိုက်က အလုပ်ရှင်များကလည်း သူ့ကို ငြင်းပယ်လိုက်သောအခါ သူသည် စိတ်မပျက်ချေ။ အခြား အလုပ်တိုက် တစ်တိုက်သို့ ပြေးခဲ့ပြန်သည်။ လက်ထ[ဲ]တွင် ရှိသော ငွေငါးကျပ်ကို အားပြုသော ကဗျာဆရာ မော[င်]သစ္စာသည် ရက်သတ္တပတ် သာသာခန့်အတွင်း သူ့အား ငှာ[း]ရမ်း ခိုင်းစေခြင်းပြုရန် အလုပ်ရှင်ပေါင်း နှစ်ဒါဇင်ထက်မနည်း ဖူးမြော်ခြင်း ပြုခဲ့လေသည်။ သို့ရာတွင် မည်သည့် အလုပ်ရှ[င်]ကမှ သူ့ကို မျက်စိမကျခဲ့ချေ။ ခေါင်းခါ၍သာ လွှတ်ကြလေသည်။

သူသည် စိတ်မပျက်ချေ။ ဇွဲကောင်းလှသော ကဗျာဆရာ တစ်ယောက်ပင် ဖြစ်လေသည်။ ဇွဲရှိလျှင် အောင်မြင်နိုင်သည် ဆိုသော စကားလည်း ရှိသည် မဟုတ်လော။

သို့ရာတွင် ရက်သတ္တပတ်မျှ ကုန်ဆုံး၍ လက်ထဲ၌ ရှိသော ငွေငါးကျပ်သည်လည်း ကုန်ခန်းသွားသောအခါ မောင်သစ္စာသည် အားငယ်စ ပြုလာလေသည်။ ယခင်က သူသည် အလုပ်အကိုင် မရရှိသေးသည့်တိုင်အောင် လက်ထဲတွင် ငွေစ ကြေးစလေးများ ရှိတန်သလောက် ရှိနေသေးသောကြောင့် အား[ရှိ]တန်သရွေ့ ရှိသေးသည်။ တစ်ရက်မရလျှင် နောက်တစ်ရက်တော့ ရနိုင်ကောင်းသည်ဟု အားခဲနိုင်သည်။ သို့ရာတွင် လက်ထဲတွင်



ငါးပြားစေ့ တစ်စေ့မျှပင်လျှင် မကျန်သောအခါ သူသည် အားအင် လျော့ပါးလာလေသည်။ အလုပ်ရှာထွက်ရင်း ခြေလှမ်းများကို မသယ်နိုင်အောင် ဖြစ်လာသည်။

ငွေငါးကျပ် ကုန်ခန်း၍ ညစာလည်း စားသောက်ခြင်း မပြုရသောညက သူသည် ကျောက်တိုင်ဘေးတွင် မှီရင်း သူ၏ အမေသစ်ကို လွမ်းလွမ်းဆွတ်ဆွတ် ဖြစ်မိလေသည်။ သူမ၏ နာမည်သည် မြင့် ဖြစ်လေသည်။ သူမကိုယ်တိုင် 'မြင့်က — မြင့်က' ဟု ခေါ်ဝေါ် မြည်ဆိုခြင်း ပြုသောကြောင့် ကဗျာဆရာ မောင်သစ္စာသည် ထို မိန်းမပျိုကို 'မြင့်' ဟူ၍ သိရှိ မှတ်သားထားမိခြင်း ဖြစ်လေသည်။ နာမည် အပြည့်အစုံကိုတော့ကား မေးမိခဲ့ချေ။

မြင့်ကို ကဗျာဆရာသည် သတိရနေသည်။ ဤလောက၌ ညီသူ တစ်ဦးတစ်ယောက်ကမျှ ၎င်းအား ကဗျာဆရာ တစ်ယောက်အဖြစ်ဖြင့် အသိအမှတ်ပြုရန်နှင့် အတည်ပြုလက်ခံရန် ခါးခါးသီးသီး ငြင်းဆိုနေကြသော အချိန်တွင် မြင့်က သူ့ကို ကဗျာဆရာ တစ်ဦးအနေနှင့် လေးလေးစားစား အသိအမှတ်ပြုလေသည်။ သူ၏ ကလောင်နာမည်ဖြစ်သော မောင်သစ္စာကို ရင်းရင်းနှီးနှီး အသိအမှတ်ပြုလျက် သူ့ကို ကိုသစ္စာဟူ၍ ခင်ခင်မင်မင် ခေါ်ဝေါ်ခြင်း ပြုလေသည်။ ဘယ်သူမှ ပုံနှိပ်ဖော်ပြရန် လက်မခံသော သူ၏ကဗျာများကို တပ်တပ်မက်မက် ဖတ်ရှုသည်။ ထိုကဗျာများ၏ အကြောင်းကို စုံရေကော်ရေ ပြောဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင့်သည် လူအများ၏ မေ့လျော့ထားခြင်းကို ခံနေရသော သူ့ကို လူတစ်ယောက်က အလေးထားလှသည်။ ဘယ်ကလာ၍ ဘယ်ကို သွားနေသလဲတာပင် စိုးရိမ် ပူပန်စွာ မေးမြန်း ခဲ့ရှာသည်။ သို့ရာတွင် သူသည် ယောက်ျားတစ်ယောက် ဖြစ်လေသည်။ ယောက်ျား တစ်ဦးတစ်ယောက်အဖို့ အဆိုးဝါးဆုံး ဖြစ်နိုင်သော ကိစ္စသည် အကျဉ်းထောင်နှင့် ကြိုးစင်တို့သာ ရှိလေသည်။ သို့ရာတွင် မိန်းကလေး တစ်ဦး တစ်ယောက် အတွက်……။

ကဗျာဆရာ မောင်သစ္စာသည် ထိုမိန်းမပျို၏ အကြောင်းကို ဆက်၍မတွေးရဲအောင် ဖြစ်နေသည်။ သူသည်ကော ဘယ်က လာသနည်း။ သူမသည် အဘယ်သို့ သွားနေသနည်း။ သူသည် ဆိုက္ကားသမား အချက်ပေး လေချွန်သံကို ကြားယောင်လာသည်။ ဆိုက္ကားသမားက ထိုးပြနေသော လက်ညှိုးနှင့် ပလိုင်း မောက်ကားတို့ကိုပါ တစ်ချပြီးတစ်ခု မြင်ယောင် လာ သည်။ နောက်ဆုံး၌ထိုမိန်းမပျိုကလေးသည် သူ့ကိုလက်ယမ်းနှုတ်ဆက်ကာ ကံတရား၏ မောင်းနှင်ရာသို့ လိုက်ပါသွားလေသည်။

သူသည် မြင့်အတွက် စိတ်မအေးဖြစ်မိလေသည်။ သို့ရာတွင် မိမိကိုယ်ကိုမှ မကယ်တင်နိုင်သော သူတစ်ယောက်သည် အခြား အဘယ်သူတစ်ဦးကို ကယ်တင်နိုင်မည်နည်း။

* * *



(၂)

အလုပ်ရှင်သူဌေးနှင့် လူကိုယ်တိုင် တွေ့ဆုံစကားပြောဆိုရန် အတွက် မနေ့က မန်နေဂျာက ချိန်းဆိုထားခဲ့သည့်အတိုင်း လမ်းမတော်လမ်းရှိ သီရိမင်္ဂလာပုံနှိပ်တိုက်ရှေ့တွင် သူသည် ရပ်လိုက်ရသည်။ သီရိမင်္ဂလာပုံနှိပ်တိုက်သည် သုံးထပ်တိုက်ကြီး တစ်တိုက် ဖြစ်၍ ပုံနှိပ်ရေးဆိုင်ရာ လုပ်ငန်းများကို ခေတ်မီမီနှင့် ကြီးကြီး ကျယ်ကျယ် လုပ်ကိုင်နေသော ပုံနှိပ်တိုက်ကြီးတစ်တိုက် ဖြစ်လေသည်။

အောက်ဆုံးအထပ်တွင် နောက်ဆုံးပေါ် ခေတ်မီ စာပုံနှိပ်စက်ကြီး ငါးလုံး၊ ဆေးရောင်စုံရိုက် စက်ကြီးနှစ်လုံးနှင့် စာအုပ်ချုပ်စက်ကြီး တစ်လုံးကို ထားရှိလေသည်။ အလယ်ထပ်တွင် စာအုပ်ချုပ်အလုပ်သမားများ ငါးဆယ်သာသာခန့်နှင့် အလုပ် လုပ်ကိုင်လျက် ရှိလေသည်။ အပေါ်ဆုံးထပ်တွင်ကား ရုံးဘက် ဆိုင်ရာ အလုပ်သမားများနှင့် သူဌေး၏ ရုံးခန်း ထားရှိလေသည်။

အလုပ်တိုက် တစ်တိုက်ဝင် တစ်တိုက်ထွက်နှင့် အလုပ်အကိုင် တစ်ခုခုကို အမဲလိုက်သလို လိုက်လံရှာဖွေနေသော ကဗျာဆရာ မောင်သစ္စာသည် မနေ့က သီရိမင်္ဂလာပုံနှိပ်တိုက်၌ အလုပ် အတွက် ဝင်ရောက်စုံစမ်းမေးမြန်းခဲ့လေသည်။ ထိုနေ့က အလုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှင် သူဌေး အလုပ်တိုက်သို့ ခပ်စောစောကပင် လာရောက်ကြည့်ရှုပြီးနောက် နေအိမ်သို့ ပြန်သွားသောကြောင့် သူသည် သူဌေးမင်းနှင့် လူကိုယ်တိုင် မတွေ့လိုက်ရချေ။ ၎င်း၏မန်နေဂျာနှင့်သာ တွေ့ရလေသည်။

မန်နေဂျာနှင့်သာ စကား ပြောဆိုရလေသည်။ မန်နေဂျာသည် အလုပ်ခန့်အပ်နိုင်သော တန်ခိုးအာဏာတော့ကား မရှိချေ။ သူဌေးကသာ ခန့်နိုင် ထုတ်နိုင်သောကြောင့် အလုပ်ကိစ္စသည် မပြီးပြတ်ခဲ့ချေ။

မန်နေဂျာသည် ကဗျာဆရာကို တော်တော်ကလေး မျက်မှန်းတန်းမိပုံရလေသည်။ ၎င်းတို့ ပုံနှိပ်တိုက်ပိုင်ရှင် အင်္ဂလိပ် မြန်မာနှစ်ဘာသာစလုံး တတ်ကျွမ်းသော စာပြင်ဆရာတစ်ယောက် အရေးတကြီး လိုနေသည့် အကြောင်းကို ပြောဆိုလေသည်။ သူဌေးမင်းက သဘောကျလျှင် တစ်လ တစ်ရာငါးဆယ်လောက် ပေးလိမ့်မည်ထင်ကြောင်းကိုလည်း ထင်ကြေးအနေနှင့် ပြောဆိုလေသည်။ သို့ရာတွင် အလုပ်ခန့်အပ်ဖို့ကိစ္စတွင် သူဌေးမင်းကသာ အဆုံးအဖြတ်ပြုသောကြောင့် သူဌေးနှင့် လူကိုယ်တိုင် တွေ့ဆုံစကားပြောဆိုဖို့အတွက် မန်နေဂျာလုပ်သူက ကဗျာဆရာအား မနေ့ညနေက ချိန်းဆိုလိုက်သည်။ သူဌေးမင်းကိုလည်း ၎င်းက တတ်နိုင်သလောက် လက်ခံပြောဆိုခြင်းပြုပေးမည့် အကြောင်းကိုပါ အားတက်ဖွယ်ရာ ပြောဆိုလိုက်လေသည်။ ထို့ကြောင့် ကဗျာဆရာကလေး မောင်သစ္စာသည် စိတ်အားထက်သန်စွာဖြင့် မနေ့က မန်နေဂျာလုပ်သူချိန်းဆိုလိုက်သည့်အတိုင်း သီရိမင်္ဂလာပုံနှိပ်တိုက်သို့ ပြေးလွှားရောက်ရှိလာခြင်း ဖြစ်လေသည်။



မောင်သစ္စာသည် အလုပ်တိုက်ရှေ့တွင်ရပ်ကာ တိုက်အတွင်းသို့ အကဲခတ်ကြည့်ရှုလိုက်ပြီးနောက် ရှေးဦးစွာ မန်နေဂျာနှင့်တွေ့ဆုံရန် ဒုတိယအထပ်ပေါ်သို့တက်လာခဲ့လေသည်။ ဒုတိယအထပ်သို့ ရောက်သောအခါ သူဌေးအခန်းနှင့် ကပ်နေသော မန်နေဂျာအခန်းအတွင်းသို့ ရှေးဦးစွာ ဝင်လာခဲ့လေသည်။ မန်နေဂျာအခန်းတွင်းသို့ ဝင်ရန်အတွက် သူဌေး၏ရုံးခန်းကို လျှောက်၍ဖြတ်လာစဉ် သူဌေး၏ရုံးခန်းရှေ့တွင် ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကလေးကိုလည်း သူသည် ခရီးသွားဟန်လွှဲကြည့်ရှုမိခဲ့သည်။

ဦးတင်ထွန်း ဘီအေ (ဂုဏ်ထူး) ဘီအယ်(လ်)

ထို့ကြောင့် သူနှင့်စကားပြောဆိုရမည့် အလုပ်ရှင်သည် ခေတ်ပညာတတ် လူတော်တစ်ယောက် ဖြစ်သည့်အကြောင်းကို မောင်သစ္စာသည် ကောင်းစွာရိပ်မိလိုက်လေသည်။

'လာဟေ့ မောင်သစ္စာ၊ ဦးလဲ ခုတင်ကပဲ ဦးတင်ထွန်းနဲ့ မောင့်အကြောင်းကို ပြောထားတယ်၊ မောင်သစ္စာ ရောက်ရောက်ချင်း သူ့ဆီကို ခေါ်လာတွေ့ဖို့လဲ ပြောထားလို့'

အသက်လေးဆယ်သာသာခန့် မန်နေဂျာကထိုင်ရာမှထလာ ပြောဆိုသည်။ ထို့နောက် မောင်သစ္စာကိုပင် ၎င်း၏အခန်းအတွင်း၌ အထိုင်ခိုင်းမနေတော့ဘဲ သူဌေးလုပ်သူ၏ ရုံးခန်းဘက်သို့ ရှေ့ဆောင်ခေါ်ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ထွန်းဟုသာ ဆိုရသော်လည်း တိုက်ရှင်သည် အသက်အစိတ်နှင့် သုံးဆယ်ခန့် လူရွယ်တစ်ဦးဖြစ်လေသည်။ တက္ကသိုလ်ကျောင်းတိုက်တွင် ဂုဏ်ထူးတန်းတက်ခဲ့ရသောကြောင့် မျက်မှန်တပ်ထားရဟန်လည်း ရှိလေသည်။ ဦးတင်ထွန်းသည် အလုပ်နှင့်သက်ဆိုင်သော ဖိုင်တွဲတစ်တွဲကို လှန်လှောကြည့်ရှုနေရာမှ....

'ဪ....ဦးမြ လာထိုင်ပါ'

ဟု ၎င်း၏ မန်နေဂျာကို ပြောဆိုရင်း မန်နေဂျာ၏ နောက်နားက ပါပ်ပါလာသော ကဗျာဆရာကိုလည်း ခေါင်းဆုံးခြေဖျား အကဲခတ် ကြည့်ရှုလိုက်လေသည်။

'ထိုင်ပေါ့ မောင်သစ္စာ'

ဟု မန်နေဂျာလုပ်သူက အဆိုင်ခိုင်းတော့မှ ကဗျာဆရာ မောင်သစ္စာသည် သူဌေးနှင့် မျက်စောင်းထိုး ကုလားထိုင်အလွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်လေသည်။

'ဦးမြပြောတဲ့ စာပြင်ဆရာဆိုတာလား'

တိုက်ရှင်သည် လက်ထဲမှဖိုင်တွဲကို ဘေးသို့ချလိုက်ပြီးနောက် စီးကရက်တစ်လိပ်ကို ထုတ်ယူ မီးညှိရင်း မေးမြန်းလေသည်။

'ဟုတ်ပါတယ်၊ သူဌေးမင်းနဲ့လူချင်းတွေ့ရအောင် ကျွန်တော်ခေါ်လာပေးတာပါ'

တိုက်ရှင်သည် ၎င်း၏မန်နေဂျာကို ဦးခေါင်းညိတ်ပြလိုက်ပြီးနောက် စီးကရက်ကို ဖွာရင်း....

'ကိုယ့်လူနာမည်က မောင်သစ္စာတဲ့လား'

ဟု ရယ်တာမောကာနှင့် မေးမြန်းလိုက်သည်။



ကဗျာဆရာ၏ နာမည်ရင်းသည် မောင်သစ္စာ မဟုတ်ချေ။ မောင်သစ္စာသည် သူမြတ်နိုးလှသော ကလောင်နာမည်မျှသာ ဖြစ်လေသည်။ သို့ရာတွင် ထိုနာမည်ကို သူသည် အခုအခါ အလွန်တရာ မြတ်နိုးလျက် ရှိပေသည်။ ထိုနာမည်ကို ဘယ်သူ့ကမှ အသိအမှတ် မပြုကြ၍ သူသည် မြေမြှုပ်ခဲ့ဖူးလေသည်။ သို့ရာတွင် တစပြင်မှ ထိုနာမည်ကို တူးဖော်ကာ သူ့ကို ပြန်သည့် ကင်ပွန်းတပ်ပေးသောသူက ပေးလိုက်ပြီ မဟုတ်သလော။

'ဟုတ်ကဲ့'

သူသည် ခပ်တိုတိုပဲ ဖြေလိုက်သည်။

'ကျောင်းက ဘယ်တုံးက ထွက်သလဲ'

အလုပ်ရှင်သည် အလုပ်သဘောအရ ဆက်လက် မေးမြန်းလေသည်။

'တစ်နှစ်ကျော်ကျော်လောက်တော့ ရှိသွားပါပြီ'

'ဒီကြား ဘယ်တွေမှာ လုပ်ဖူးသေးသလဲ'

'ဘယ်မှာမှ အလုပ်မလုပ်ဖူးသေးပါဘူး ခင်ဗျာ'

'ဘယ်နှစ်တန်းအထိ သင်ခဲ့ဖူးသေးသလဲ'

'အထက်တန်းတော့ အောင်ပါတယ်'

သူသည် လျှော့ပေါ့၍ပင် ပြောဆိုခြင်း ပြုလိုက်လေသည်။

'အိမ်ထောင်နဲ့လား'

'မရှိသေးပါဘူး ခင်ဗျာ'

'တိုက်မှာလာနေဆိုရင်ကော နေချင်ပါ့မလား'

'နေဖို့လိုရင် လာနေပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ—ဒါဖြင့် ဦးမြပဲ မောင်သစ္စာကို နေရာချထားပေးလိုက် တော့ပေါ့ဗျာ ဟုတ်လား'

ဟု မန်နေဂျာလုပ်သူအား ပြောဆိုပြီးနောက်....

'ခုလာမယ့် လဆန်း ၁-ရက်နေ့ကစပြီး ခင်ဗျားကို တစ်လ တစ်ရာ့ငါးဆယ်နဲ့ စာပြင်ဆရာ အလုပ် ခန့်လိုက်တော့မယ် ကိုသစ္စာအလုပ်နဲ့ သက်ဆိုင်တဲ့ တာဝန် ဝတ္တရားတွေကိုတော့ ဦးမြက ပြောပြလိမ့်မယ်'

ဟု ကဗျာဆရာဘဝမှ စာပြင်ဆရာဘဝသို့ ချက်ချင်း က ပြောင်းသွားသော မောင်သစ္စာအား တိုက်ရှင် ဦးတင်ထွန်းက ပြောဆိုလိုက်သည်။

မောင်သစ္စာသည် ဝမ်းသာ၍သွားလေသည်။ ထိုနောက် သူ သည် ဦးမြနှင့် အတူထကာ ဦးတင်ထွန်း ရုံးခန်းအတွင်းမှ ပြ ထွက်လာခဲ့သည်။ သူသည် သူ့ဘေးကိုယ်တိုင်က အပ်လိုက်သော မန်နေဂျာနှင့် နာရီဝက်ခန့် ပြောဆိုစရာရှိသော စကားများကို ပြောဆိုပြီးနောက် တိုက်အောက်ထပ်သို့ ဆင်းလာခဲ့လေသည် ထိုသို့ဆင်းလာရစဉ် သူသည် အစ်ကိုနှင့် မရီးလုပ်သူတို့၏ အိမ် တွင် ညိုးညိုးငယ်ငယ်နှင့် ကပ်ရပ်နေထိုင်ရသော လူမမာ မိခ ကြီးကို ရှေးဦးစွာ သတိရမိသည်။ သူသည် အမေကို ကောင်း စွာ ပြုစုနိုင်တော့မည်။ ထို့ကြောင့် သူသည် ဝမ်းသာမိသေ သည်။ ပထမ အမေ့အကြောင်းကို သတိရစဉ်းစားမိပြီးနောက် သူသည် ဒုတိယ အမေကိုလည်း သတိရလာပြန်သည်။ ဒုတိယ အမေကိုလည်း သူသည် တွေ့ချင်လှပေသည်။ သို့ရာတွင် အမေ



းကို သူသည် မည်သည့်အရပ်တွင် မည်သို့ လိုက်လံရှာဖွေရ ည်နည်း။

ပထမ မေ့းသမိခင်ကို အစ်ကိုနှင့် မရီးလုပ်သူတို့၏ အိမ်တွင် သည် အချိန်မရွေး သွားရောက် ဖမ်းဆီးနိုင်သည်။ သို့ရာတွင် ယ မွေးသမိခင်ကို သူသည် အဘယ်လော်ဂျင်နှင့် ဟိုဘယ် း၌ လိုက်၍ဖမ်းရပါမည်နည်း။

သူသည် ပုံနှိပ်တိုက်အတွင်းမှ ဒုတိယ မွေးသမိခင် ၏ ကြောင်းကို ပူပန်စွာ တွေးတောရင်း ထွက်လာခဲ့ပြီးနောက် ာလည်း ခြစ်ခြစ်တောက် ပူလှသဖြင့် ကုတ်အင်္ကျီအိတ်ကပ် မှ ဦးထုပ်အပျော့ကလေးကို ထုတ်၍ဆောင်းကာ အလုပ်တိုက် ရှိ ကုက္ကိုပင်ရင်းတွင် ရပ်လိုက်မိသည်။

အလုပ်ကား ရလေပြီ။ သုံးလေးရက်ခန့်ကြာတွင် လကုန် ာမည်ဖြစ်၍ သူသည် လဆန်း ၁-ရက်နေ့တွင် အလုပ်ဝင်ရ တော့မည်။ တစ်လလျှင်လည်း တစ်ရာ့ငါးဆယ် ရရှိပေတော့ ည်။

ထိုကဲ့သို့ သိရိမင်္ဂလာ ပုံနှိပ်တိုက်ရှေ့တွင်ရှိသော ကုက္ကိုပင် တွင်ရပ်ကာ ဝမ်းမြောက်ဝမ်းသာ ရှိနေခိုက် အော်စတင် းသစ်ကလေးတစ်စီးသည် ဖရေဇာလမ်းဘက်ဆီမှ လွှစွာလမ်း တိုင်း ခပ်ဖြည်းဖြည်း ခပ်မှန်မှန်ကလေး မောင်းလာပြီး ာက် သူရပ်နေသော ကုက္ကိုပင်နှင့် မလှမ်းမကမ်း တိုက်ရှေ င် ညင်သာစွာ ထိုးရပ်လိုက်လေသည်။

အော်စတင်ကားကလေးကို အသက်နှစ်ဆယ် သုသယာခန့် ာ်တော် ချောမောလှပသော မိန်းမပျိုကလေးတစ်ယောက်

www.burmeseclassic.com



သည် ကိုယ်တိုင် မောင်းလာပေသည်။ မိန်းမပျိုသည် ကော
သော အဝတ်အစားများနှင့် ဝင်းလက်သော ရတနာများ
လည်း ဆင်မြန်းထားပေသည်။ နေ၏အပူရှိန်ကို ကာကွယ်
ပြုရန်အတွက် နေကာမျက်မှန် လှလှကလေးကိုလည်း တပ်
ထားလေသည်။

ထိုသို့ မော်တော်ကားကို ကိုယ်တိုင်မောင်း၍ လာသေ
မိန်းမပျိုကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် စာပြင်ဆ
လောင်း မောင်သစ္စာသည် တုန်လှုပ်ချောက်ချား၍ သွားသ
သည်။ ထိုမိန်းမပျိုက သူ့အား တွေ့မြင်သွားမည်ကို အ
တရာ စိုးရိမ်ခြင်းရှိလှသကဲ့သို့ သူ၏ ဦးထုပ်ပျော့ကလေးကို
၏ မျက်နှာအား ဖုံးကွယ်နိုင်သမျှ ဖုံးကွယ်ထားနိုင်အော
အောက်သို့ ဆွဲချပစ်လိုက်လေသည်။

နေကာမျက်မှန်နှင့် မော်တော်ကားမောင်းလာသော မိန်း
ပျိုသည် သစ်ပင်အောက်တွင် ခိုကပ်နေသော ကဗျာဆ
လောင်းကို အရေးထား ကြည့်ရှုခြင်းမပြုသောကြောင့် မ
ချေ။ ကားတံခါးကို သူ့ဘာသာ သူဖွင့်ကာ မော်တော်ကာ
ပေါ်မှ ခပ်နွဲ့နွဲ့ကလေးဆင်းလာသည်။

ထို့နောက် ပုံနှိပ်တိုက်အပေါ်ထပ်ကို တစ်ချက်မျှ မော့ကြ
လေသည်။ တိုက်အပေါ်ထပ်ကို မော့ကြည့်ပြီးနောက် ၎င်း
ထားခဲ့သော အော်စတင်ကားကို ပြန်လှည့်ကြည့်ပြန်လေသ
ထို့နောက် တိုက်အပေါ်ထပ်သို့ ခပ်သုတ်သုတ်ကလေး တ
သွားလေသည်။



မောင်သစ္စာသည် သစ်ပင်ရိပ်မှ တိုက်အပေါ်ထပ်သို့ ခပ်
သုတ်သုတ်ကလေး တက်သွားသော နေကာမျက်မှန်အနှင့်
မိန်းမပျိုကို ခိုးကြောင်ခိုးဝှက် ကြည့်ရှုရင်း သက်ပြင်းကို ခပ်
လေးလေးချလိုက်လေသည်။ ထို့နောက် ဦးခေါင်းကို လေးတွဲ့
တွဲ့ ခါယမ်းရင်း....

'ပြုံး....ပြုံး....ပြုံး'

ဟု မြည်တမ်းလိုက်မိသည်။

ကဗျာဆရာကလေး မောင်သစ္စာ၌ အတိတ် ရှိခဲ့ဖူးလေ
သည်။ ရင်နာခဲ့ရသော အတိတ်လည်းဖြစ်လေသည်။ ထိုအတိတ်
ကို သူသည် တစ်ရံရောအခါက မြေမြှုပ်ပစ်ခဲ့ရလေသည်။ သို့ရာ
တွင် အတိတ်၏ သင်္ချိုင်းကုန်းတွင် လွန်ခဲ့သော တစ်ချိန်က
ငိုကြွေးမြှုပ်နှံထားခဲ့သော ပြုံးကို မမျှော်လင့်သော အချိန်တွင်
သရဲကဲ့သို့ ပြုန်းခနဲ တွေ့လိုက်ရသောအခါ တစပြင်မှ ထို
တစ္ဆေသည် ကဗျာဆရာကို ဖမ်းချောက်လှန့်ခြင်း ပြုလေတော့
သည်။

www.burmeseclassic.com

www.burmeseclassic.com

## နေထွက်သောညတစ်ညနှင့် မိုးမလင်းသောညများ

(၁)

သစ္စာတရားကို ရှာဖွေဖော်ပြရန် အားထုတ် နေသော ကဗျာဆရာကလေးမောင်သစ္စာအနေနှင့် ပြုံးသည်သူ့ကို မသိချေ။ အသိအမှတ်လည်း မပြုချေ။ ရံဖန်ရံခါ ပြုံးသည် ကဗျာဆရာကလေး မောင်သစ္စာကိုသာမက မောင်သစ္စာ၏ ကဗျာလေးများကိုပင် လှောင်တတ် ပြောင်တတ်သေးသည်။ ထို ထက်ဆိုးဝါးသော ကာလများ၌ ပြုံးသည် ကဗျာဆရာမောင်သစ္စာကိုပင် ရယ်မောခြင်းပြုတတ်လေသည်။

ပြုံးသည် သူ့ကို ရန်ကုန်တက္ကသိုလ် ကျောင်းတက် သားချင်းတစ်ဦးအနေနှင့်သာ သိလေသည်။ ဥပမာ အထက်တန်းကျောင်းသား ကိုမောင်မြင့်တစ်ယောက်အနေနှင့်သာ လက်ခံသည်။ ရုပ်ရည်သန့်ပြန့်၍သန်မာထွားကျိုင်းသော လူငယ်တစ်ဦးအနေနှင့် သဘောကျပုံရလေသည်။ အပျော်တမ်း ဂီတသမား



ဦး ပီယာနိုးအတီးကောင်းသူတစ်ဦးအနေနှင့် အံ့ဩခင်မင်သည်။

မြင့်နှင့်ပြုံးတို့သည် ဆန့်ကျင်ဘက် ဖြစ်လေသည်။ မြင့်သည် သူ့ကိုက ကဗျာဆရာကလေးမောင်သစ္စာအဖြစ်နှင့်သာ ရှိလေ ခံ၍ လေးစားအံ့ဩခြင်းလည်းရှိသလောက် ပြုံးက ့ကို ကဗျာဆရာတစ်ယောက်အနေနှင့်အသိအမှတ်ပြုဖို့ကား းလေစွ၊ သရော်ခြင်းပင်ပြုခဲ့ဖူးသည်။ မြင့်ကသူ့ကို ကိုသစ္စာ ၍ အမြဲတမ်းခေါ်လေသည်။ သို့ရာတွင် ပြုံးက သူ့ကို ယ်တုံးအခါကမှ ကိုသစ္စာဟူ၍ မခေါ်ခဲ့ဖူးချေ။ ကိုမောင် ဟူ၍သာ ခေါ်လေသည်။

သူသည် တက္ကသိုလ်ကျောင်းတွင် အပေါင်းအသင်းကျယ် န့်သော ကျောင်းသားတစ်ယောက် ဖြစ်ခဲ့လေသည်။ ကိုအချိန် သူ၏ဖခင်သည် မဆုံးသေး။ ရိုက္ခာတော်ရအမှုထမ်းဟောင်း တ်ဦးဖြစ်သည်။ ထို့ကြောင့် ကျောင်းတွင် အထိုက်အလျောက် ထိုင်နိုင်ခဲ့သည်။

သူသည် မာဖတ်သင်းများနှင့် သဟာယ သင်းများတွင် က်တက်ကြွကြွလုပ်ဆောင်ခဲ့သော ကျောင်းသားတစ်ဦးဖြစ် ည်။ အားကစားဘက်တွင်လည်း တံခွန်မစိုက်နိုင် ခဲ့သည် င်အောင် ထင်ရှားခဲ့သူတစ်ဦးလည်း ဖြစ်လေသည်။

အပေါင်းအသင်းကျယ်ပြန့်သော ကျောင်းသား၊ ထင်ရှား သောကျောင်းသားနှင့် ဂီတသမားကျောင်းသားတစ်ဦး ဖြစ်ခဲ့ းသောသူနှင့် သင်တန်းကျောင်းဆောင်မှ ထင်ရှားပေါ်လွင်

www.burmeseclassic.com

www.burmeseclassic.com



မှုကို ချစ်ခင်သောပြုံးတို့သည် တစ်ဦးနှင့်တစ်ဦး တစ်စထ
တစ်စ ရင်းနှီးခဲ့ရသည်မှာ အဆန်းတော့မဟုတ်ချေ။

ပြုံးသည် ပျော်ပါးမှုကို တပ်မက်သည်။ ဂီတကိုလည်း
ဝါသနာပါသည်။ ထိုအခွင့် အလမ်းများကို အသုံးချ
လည်း ကြောခတောက်နောက်ခံရှိသည်။ ပြုံး၏ မိဘများသ
လူချမ်းသာ ကြေးရတတ်များထဲက ဖြစ်ကြလေသည်။ ပြ
သည် တစ်ယောက်တည်းသောသမီးဖြစ်၏။ အလိုလိုက်အ
ပေးခြင်းကိုလည်းခံရသည်။ ထို့ကြောင့် ပြုံးသည် ပညာတ
မိန်းကလေးတစ်ယောက်အနေနှင့် မိမိ၏လွတ်လပ်ခွင့်ကို တ
ပြည့်ကျပ်ပြည့် ယူငင်ခဲ့လေသည်။

ပြုံးနှင့် ကိုမောင်မြင့်တို့သည် အတန်းတူ တက်ကြ
သောကြောင့် ပိုမို၍ ရင်းနှီးမှုရှိလာကြလေသည်။ ပြုံး၏အလ
အပကို ကိုမောင်မြင့်က အံ့သြစွဲလမ်း၍ ကိုမောင်မြင့် ဂီ
ကို ပြုံးက ကိုးကွယ်လေသည်။

တစ်ညနေ အင်းလျားကန်ပေါင်တွင် နှစ်ယောက် အတ
လမ်းလျှောက်ရင်း စကား ပြောဆိုကြသော အကြောင်းက
သူသည် ပြန်လည်သတိရလာလေသည်။

လေချိုကသွေးနေသဖြင့် ကန်ရေပြင်သည် ငြိမ်လိုက်ခြင်း
မရှိချေ။ လှိုင်းခွက်ကလေးများ ထကြွကာ လှုပ်ရှားနေသည်။
ကန်ပေါင်ရိုးတစ်လျှောက်ရှိ သစ်ပင်များသည်လည်း ယိမ်းကာ
နွဲ့ကာနေကြသည်။ ထိုနေ့ညက သူသည် ပြုံးကိုခမ်းထဲ၌မျှသိ
ထားရသော အစိုင်အခဲကို အန်ထုတ်ပြလိုက်သည်။



'ဒီလိုဆိုရင်ပြုံးကို ကိုမောင်မြင့် ဘယ်လောက် ချစ်တယ်
ဘာကို ဖော်ပြတဲ့အနေနဲ့ သီချင်းကလေး တစ်ပုဒ်လောက်
ပေးပါလား ဟင်'

ပြုံးက ထိုကဲ့သို့ တောင်းဆိုလိုက်သည်။

ထိုညနေက လူချင်းခွဲခါနီးတွင် နောက်တစ်ပတ်ကြာလျှင်
ချင်း ကျုံနေရာတွင် ပြန်တွေ့ဖို့နှင့် တွေ့ကြသောအခါ သူက
လှတဲ့ သီချင်းတစ်ပုဒ်ကို ယူဆောင်လာဖို့ သဘောတူခဲ့ကြ
သည်။ သူသည် ပြုံးနှင့် ပြန်မတွေ့ရမီ တစ်ပတ်အတွင်း ပြုံး
တောင်းဆိုသော ဂီတအတွက် ရှာဖွေရလေသည်။ ထို့အတူ
းအတွက် သူ၏သဘောနှင့် သူလက်ဆောင် ပေးချင်သော
လှတဲ့ကဗျာတစ်ပုဒ်အတွက်ကိုလည်း ကာရံများဆို ရှာဖွေ
လေသည်။ သူသည် အတန်းစာကိုပင် မကျက်အားချေ။

ပြုံးနှင့်နောက်တစ်ပတ် အင်းလျားကန်ပေါင်ရိုးတွင် ,နေ
အေးအေးနှင့် လမ်းလျှောက်ကြရသောအခါ သူ၏ ဂီတကို
ပြုံးက ဟက်ဟက်ပက်ပက် လက်ခံလေသည်။ သူသည် ပြုံး၏
အလှကို ကျော်ကြားလှသောမယ်ပနှင့်လည်းကောင်း၊ မယ်
မှာနှင့်လည်းကောင်း၊ဖိုးလမင်းကြီးနှင့်လည်းကောင်းတင်စား
ခြင်းမပြုချေ။ ဆည်းဆာရောင်နှင့် တင်စားထားလေသည်။
ဆည်းဆာတောက်သော အချိန်များတွင် မိန်းမငယ်တို့သည်
သနပ်ခါးမလိမ်းဘဲနှင့် လှဘတ်ကြသည် မဟုတ်လော...။

သို့ရာတွင် သူ၏သဘောနှင့် ဘွဲ့ရေးစပ်သော မယ်ဖွဲ့ကဗျာ
ကိုမူကား ပြုံးသည် ဖတ်ရုံမျှသာ ဖတ်ရှုကြလေသည်။ ပြုံး
သည် ဂီတလောက်ကဗျာကို လေးလေးစားစား ခင်မင်တတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



မရှေ့ချေ။ ကိုမောင်မြင့်က 'ဆည်းဆာအလှ' သီချင်းကို တိုးတိုး ခပ်အုပ်အုပ်သီဆိုပြသောအခါ ပြုံးရယ်ကာမော နှင့် နားထောင်လေသည်။ သို့ရာတွင် ကဗျာကို ရွတ်ပြ အခါ နားထောင်ရုံသာ နားထောင်နေသည်။

ပြုံးနှင့် ကိုအောင်မြင့်တို့၏ သမီးရည်းစား ဘဝသည် ကုန် တက္ကသိုလ် ကျောင်းတိုက်၏ ပတ်ဝန်းကျင်တွင် အ လည်နှီးပါးခန့်မျှ ရှည်လျား ကြာမြင့်ခဲ့လေသည်။ ဘင် (ဟောလ်)၏ ညောင်ခန်းဆောင်လယ်၌ လည်းကောင်း၊ အ လျားကန် ဘောင်ရိုးနှင့် အင်းလျားကမ်း တစ်လျှောက် လည်းကောင်း၊ တိရစ္ဆာန်ရုံနှင့် ရုပ်ရှင်ရုံများတွင် လည် ကောင်း ကြက်တောင်ရိုက် ကစားကွင်းနှင့် ဂီတဆောင် အခမ်းအနားများ၌ ချစ်သူနှစ်ဦးတို့သည် အပူအပင် အကြော ကြ ကင်းမဲ့စွာ ပျော်နိုင်ခဲ့ကြသည်။ သူတို့နှစ်ဦး၏ အနာဂ အရေးသည် သူ တာသာ အလိုလို ဖြစ်လာမည်ကဲ့သို့ သဘော ထားကာ သူတို့နှစ်ဦးသည် လွှတ်လွှတ်လပ်လပ်နှင့် အေးအေး ဆေးဆေး နေထိုင်ခဲ့ကြသည်။ မိုးမမြင် လေမမြင် ဖြစ်ခဲ့ကြ သည်။

(၂)

နောက်ဆုံးစာမေးပွဲကို ဖြေဆိုခြင်းပြုရန် ရက်သတ္တ နှစ်ပတ် သာသာ သုံးပတ်ခန့်လောက် အလိုတွင် ကိုမောင်မြင့်သည်



ပြုံးထံမှ အရေးတကြီး ဆင့်ခေါ်ခြင်းကို ခံရလေသည်။ သူရော အပြုံးပါ စာကိုဖိ၍ ကျက်နေရသောကြောင့် တစ်ယောက်နှင့် တစ်ယောက် မတွေ့နိုင်ကြသည်မှာ ရက်သတ္တပတ်ခန့် အကြာ တွင် ပြုံးက သူ့ကို အရေးကြီးသော ကိစ္စကို တိုင်ပင် ပြော ကြားရန်ရှိ၍ ဘင်တန်သို့ ညနေဘက်တွင် လာဖြစ်အောင် ဆက်ဆက်လာခဲ့ရန် မှာကြားလိုက်ခြင်း ဖြစ်လေသည်။

တစ်ဦးနှင့်တစ်ဦး တနင်္ဂနွေ တစ်ပတ်ခန့်မျှ မတွေ့ရသဖြင့် သူကလည်း ပြုံးကို အင်မတန် တွေ့ချင် မြင်ချင်နေခိုက် ဖြစ် လေသည်။ ထို့ကြောင့် အရေးတကြီး ဖတ်စရာနှင့် ကျက်စရာ ရှိသော စာများကို သည့်အတိုင်း ပစ်ထားခဲ့ပြီးလျှင် ညနေ စောင်းလျှင် စောင်းချင်း ရေမိုးချိုး အဝတ်အစား လဲလှယ် ကာ ပြုံးရှိရာ ဘင်တန်ဘက်သို့ ကတိုက် ကရိုက် ထွက်လာခဲ့ လေသည်။

ညောင်ခန်းဆောင်လယ်မှ ပြုံး၍ စောင့်နေသော ပြုံးကို သူ ကလည်း ပြန်၍ပြုံးလိုက်သည်။ ပြီးတော့မှ...

'အမိန့်တော်မြတ် သတ်မှတ်စောင့် မှာခမ်းပါဦး မောင့်သခင် မကလေးရယ်'

ဟု နှစ်ကိုယ်ကြား ပြောဆိုလိုက်သည်။

'လာမယ့် ဆန်းဒေးမှာ ပြုံးတို့အိမ်မှာ ဘုရားကိုးဆူ ကပ် လိမ့်မယ် ကိုမောင်မြင့်'

ပြုံးက အကြောင်းကို ပြောဆိုလေသည်။

'အဲဒီတော့ ကိုယ်က ဘာ တာဝန်ယူရမလဲဟင် ပြုံး'

www.burmeseclassic.com



သူသည် ပြုံး၏ဘေးတွင် ဝင်၍ထိုင်ရင်း ပြုံးကာ ရယ်ကာနှင့် မေးလိုက်လေသည်။

'ပြုံးဆိုဖို့သီချင်းတစ်ပုဒ် စပ်ပေးရမယ် ဟုတ်လား'

'အမိန့်တော် အတိုင်းပေါ့ပဲ သခင်မကလေးရယ်'

'နောက်ပြီး....ကိုမောင်မြင့်က ပီယာနိုး တီးပေးရမယ် နော်...'

'ဖြစ်ပါ့မလား ပြုံးရဲ့....'

'ဘာပြုလို့ မဖြစ်ရမှာလဲ၊ မမမကိုယ်တိုင်က ကိုမောင်မြင့်ကို အဖိတ်ခိုင်းလားတာပဲ'

'ဟင်... ပြုံးမမမက ကိုမောင့်မြင့်ကို သိနေပြီလား'

'ပြုံးကမဲ ဖွင့်ပြောလိုက်တယ် ကိုမောင်မြင့်'

'ဟင်....ဟုတ်လား'

'ကိုမောင်မြင့် ပြုံးဆီ လာလာနေတာကို မမမ တွေ့တွေ့နေတာ သုံးလေးခါလောက်ရှိပြီထင်တယ်၊ ဒါကြောင့် ပြုံးကို ဘယ်က သူငယ်လဲလို့ မေးလို့ ပြုံးနဲ့ အင်မတန် ခင်ကြတဲ့ သူငယ်ချင်းတစ်ယောက် ဖြစ်တဲ့အကြောင်း ဖွင့် ပြော လိုက်တယ်'

'ဩော်...ဩော်....ဩော်'

'မမမက ကိုမောင်မြင့်ကိုတွေ့ချင်လို့ ဘုရားကိုးဆူကို ဖိတ်ဖြစ်အောင်ဖိတ်ခဲ့ပါလို့ ပြုံးကိုမှာနေတယ်'

'ဒီလိုဆိုတော့လဲ ကောင်းသားပဲ ပြုံးရဲ့'

'သီချင်းစပ်ဖို့နဲ့ တက်ပေးဖို့တော့ ကိုမောင်မြင့် မြန်မြန်ကလေးစီစဉ်မှဖြစ်လိမ့်မယ်ထင်တယ်'



'ပြုံးကခိုင်းရင် ကိုယ်က ဘာမဆို မဖြစ်ဖြစ်အောင် လုပ်မယ့်သူတစ်ယောက်ဆိုတာကို ပြုံးက ခုထက်ထိ စိတ်မချသေးဘူးနဲ့ တူတယ်'

'စိတ်မချလို့တော့ မဟုတ်ပါဘူး ကိုမောင်မြင့်ရဲ့၊ ရက်ကလဲ နည်းနေလို့ စိုးရိမ်မိတာပါ'

'မိုးကောင်းကင်ထက်က ကြယ်တံခွန်ကို ကိုယ်လိုက်ဖမ်းပြီး ပြုံးအတွက် ယူပေးစေချင်သေးသလားဟင် ပြုံး'

သူက ကြွားကြွားဝင့်ဝင့်ပြန်ပြောလိုက်မိသည်။

သူ၏ စကားကို ပြုံးက များစွာ အားရကျေနပ်သွားဟန်ရှိသည်။

'ဒါပဲနော်'

ပြုံးက ချစ်သူတို့ ဘာသာဘာဝ မျက်စောင်းကလေးချီ၍ ခပ်ပြုံးပြုံးကလေး ပြောဆိုလိုက်သည်။

( ၃ )

ပြုံးတို့တိုက်သည် ရွှေတောင်ကြားဘက်တွင် ဖြစ်လေသည်။ ကျယ်ဝန်းသော ခြံကြီးတစ်ခုအတွင်း၌ ခံ့ခံ့ညားညားဆောက်လုပ်ထားသော နှစ်ထပ်တိုက်ကြီး တစ်လုံးလည်း ဖြစ်သည်။ သစ်ပင် ပန်းပင်များကိုလည်း သူ့နေရာနှင့်သူ ကြည့်၍ ပသာဒရှိအောင် လှလှပပစိုက်ပျိုးထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုးဆူကပ်လှူခဲ့သောညက ပြုံးတို့တိုက်ကြီးနှင့် ခြံဝင်းကြီးတစ်ခုလုံးသည် လျှပ်စစ်မီးရောင်စုံများဖြင့် လင်းထိန်ကာ အဝေးမှပင် မြင်နိုင်ခဲ့သသည်။ အဖိုးတိုက် အဖိုးတန် ဇိမ်ခံမော်တော်ကားကြီးများသည် ဝင်းခြံအတွင်း၌ ဆိုက်ကပ်စရာ နေရာပင် မကျန်တော့၍ အချို့သော ကားများကို တိုက်ရှေ့ လမ်းဘေးတွင် နေရာချထားပေးရလေသည်။

ပြုံး၏မိဘများသည် အစိုးရဗိုလ်ရော၊ ကုန်သည်ပိုင်းပါ နှစ်ဖက်စလုံး ဝင်ဆံ့သူများ ဖြစ်သောကြောင့် ၎င်းတို့၏ အိမ်၌ ကျင်းပသော ဘုရားဝတ်ပြုပွဲတွင် မင်းပိုင်း စိုးပိုင်းကရော သူဌေးကုန်သည်ပိုင်းကပါ ဝေဝေဆာဆာ တက်ရောက်ကြလေသည်။ အထက်တန်းစားများ၏ ဘုရားဝတ်ပြုပွဲဖြစ်၍ ဘုရားကိုဆုသဘင်တွင် ပိုး ဖဲ စိန် ရွှေများဖြင့် တလက်လက်ဖြစ်နေသည်။

ပြုံးက အိမ်ရှင်ပီပီ ဘုရားဝတ်ပြုရန် ကြွရောက်သော ဧည့်ပရိသတ်များကို 'နေထွက်သောညများ' အမည်ရှိ သီချင်းဖြင့် သီဆိုဧည့်ခံလေသည်။

ထိုသီချင်းများကို ၎င်း၏ချစ်သူ ကိုပေါင်မြင့်ကစပ်ဆိုးလေသည်။ ထိုသီချင်းကို ပြုံးက သီဆိုဧည့်ခံသောအခါ ၎င်း၏ဘေးတွင် ၎င်း၏ချစ်သူက ပီယာနိုဖြင့် လိုက်ပေးလေသည်။

ဘုရားဝတ်ပြုရန်အတွက် လာရောက်ကြသော ဧည့်ပရိသတ်သည် 'နေထွက်သောညများ' သီချင်းကို တော်တော် နှစ်သက်ကြဟန် ရှိလေသည်။



ထို့ထက် ထိုသီချင်းကို သီဆိုသော ပြုံးကို ပိုမို၍အရေးပေးဟန် ရှိကြလေသည်။ ထို့ကြောင့် ပြုံးကို ထိုသီချင်းအား ခါပြန်ပင် အဆိုခိုင်းကြလေသည်။ ငယ်လည်း ငယ်ရွယ်၊ မိန်းရင်လည်းဖြစ်သော ပြုံးက ဧည့်သည်များ၏ တောင်းဆိုချက်အတိုင်း သုံးကြိမ်သုံးခါမျှ ပြန်လည်သီဆိုခြင်းပြုသည်။ သို့ရာတွင် သီချင်းကို ရေးစပ်ပေးရသော ဂီတပညာရှင်ကိုမူကား ပြုံး၏ ဘေးတွင် ပီယာနိုး တီးနေသော်လည်း အဘယ်သူ တစ်ဦး တစ်ယောက်ကမျှ အရေးထားခြင်းယော်လည်းကောင်း၊ စိတ်ဝင်စားခြင်းသော်လည်းကောင်း မရှိကြချေ။

'နေထွက်သောညများ'

သီချင်းတစ်ပုဒ်ကို ဧည့်ပရိသတ်များက သုံးကြိမ်သုံးခါမျှပင် ပြုလိုက်ရသောကြောင့် ပြုံးသည် တော်တော်ကလေး ပင်ပန်းသွားလေသည်။ များပြားလှသော ဧည့်ပရိသတ်ကိုလည်း ငြီးငွေ့သို့ ရှိလာသည်။ ထို့ကြောင့် ၎င်း၏တာဝန်ကို ထမ်းဆောင်ပြီးနောက် ပြုံးသည် ၎င်း၏ မိဘများ အလစ်တွင် ချစ်သူကို ခေါ်လက်တို့၍ခေါ်ကာ ခြံကြီးထဲသို့ဆင်းလာခဲ့သည်။ တိုက်၏နောက်ဖေးတက်တာင်စိုက်မျိုး၍ထားသော မရမ်းပင်ကြီးတစ်ပင်အောက်ရှိ ခုံတန်းလျားပေါ်တွင် တစ်ဦးနှင့် တစ်ဦး မှုးပူး ယှက်တစ်ထိုင်ကာ ကြည်နူးနေကြသည်။ အပန်းဖြေနေကြသည်။

ထင်းသို့ ပြုံးနှင့် ပြုံး၏ ချစ်သူတို့သည် မရမ်းပင်ကြီးအောက်တွင် မည်မျှကြာမြင့်သည်တိုင်အောင် ထိုကဲ့သို့ အနှီးကာ ကြည်နူးနေလိုက်မိကြသည်ကို နှစ်ဦးလုံးပင် သတိမထားမိကြချေ။

www.burmeseclassic.com

www.burmeseclassic.com



'သမီးရေ...ပြုံး'

ဟူသော ပြုံး၏ မိခင် ခေါ်သံကို ကြားလိုက်ရတော ချစ်သူနှစ်ဦးတို့သည် သတိရလာကြပြီးလျှင် လူချင်း ခွာလို ကြရလေသည်။

ပြုံး၏ မိခင်သည် ခေတ်မီသော ပညာတတ် အမယ်ကြီ တစ်ဦး ပီသလေသည်။ ထိုအမယ်ကြီးသည် သမီးလုပ်သူ ခပ်လှမ်းလှမ်းမှသာ အသံပြုလေသည်။ သမီးနှင့် သမီးချစ် ရှိရာသို့ကား မလာချေ။

'မေမေ'

ပြုံးက အသံ ပြန်၍ပြုလိုက်လေသည်။

'ဆန်နီတို့ ပါလာကြတယ်ဟေ့၊ သူ့ဒက်ဒီနဲ့ မာမီလဲ ပါ လာကြတယ်၊ ပြုံးကိုလဲ မေးနေကြလို့'

ပြုံး၏မိခင်က ပြုံးကို ၎င်း၏ချစ်သူနှင့် ခွဲရာ၌ပင် ခေတ်မီ တစ်ဦးပီပီ အကြောင်းပြချက်ကလေးနှင့် ခွဲခဲ့လေသည်။

'ပြုံး လာပါပြီ မေမေ'

ပြုံးသည် မိခင်လုပ်သူကို ထိုကဲ့သို့ ပြန်လည် ပြောဆို နောက်....

'ကိုမောင်မြင့်...ရှင် မပြန်နဲ့ဦးနော်၊ ဒီကပဲ စောင့်နေ၊ ဟု လား'

ဟု ၎င်း၏ချစ်သူကို မှာကြားကာ တိုက်ဘက်သို့ ထွက်သွား ခဲ့လေသည်။



သူသည် မရမ်းပင်အောက်ရှိ ခုံတန်းလျားပေါ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။ မိမိချစ်သောသူနှင့် နှစ်ယောက်တည်း ကြည်နူးသာယာနေခိုက် ချစ်သူက ထွက်သွားရသောကြောင့် ဖတ်တင့်နှင့် ဖြစ်နေခိုက် ပြုံး၏ မိခင်သည် မမျှော်လင့်ဘဲ မရမ်းပင်အောက်သို့ ဝင်လာသည်။

'ဩော်...ဒေါ်ဒေါ်ပါလား'

သူသည် ထိုင်နေရာမှ ထကာ ပြုံး၏မိခင်ကို ဂါရဝပြုလိုက်လေသည်။

'ထိုင်ပါ....ထိုင်ပါ'

ပြုံး၏မိခင်က ပြုံးပြုံးရွှင်ရွှင်နှင့်ပင် သူ့ကိုအထိုင်ခိုင်းရင်း သူကိုယ်တိုင်လည်း ခုံတန်းလျားတွင် ဝင်၍ ထိုင်လေသည်။ ထို့ကြောင့် သူသည် မရဲတရဲနှင့်ပြန်၍ ထိုင်လိုက်ရလေသည်။

'မောင်ရင့်နာမည်က ဘယ်သူတဲ့ ဟင်'

ပြုံး၏မိခင်က ၎င်းသိရှိလိုသောကိစ္စကိုမေးလေသည်။

'မောင်မောင်မြင့်လို့ ခေါ်ပါတယ်'

ဟု သူသည် မရဲတရဲနှင့်ပင်ပြန်၍ ဖြေဆိုလိုက်ရလေသည်။

'ပြုံးနဲ့ တော်တော်ခင်ကြတယ်မှတ်တယ်'

'ဟုတ်ပါတယ်ဒေါ်ဒေါ်'

'လူချင်းသိကြတာကော ကြာပြီလား'

'နှစ်နှစ်လောက်ဘော့ ရှိသွားပါပြီ ဒေါ်ဒေါ်'

'ဩော်...ဟုတ်လား၊ ဒါထက် မောင်ရင်က ဘယ်အတန်း ရောက်နေပြီလဲ ဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ပြုံးနဲ့ အတူတူပါပဲဒေါ်ဒေါ်၊ ဉပစာ အထက်တန်းမှာပါ'

'အေး...အေး၊ ပညာကိုတော့ ကြိုးစားသင်ပေါ့ကွယ်'

အမယ်ကြီးက လူကြီးစကားကို ဆိုလာသောကြောင့် သူသည် မျက်နှာပင့်၍ တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် ဦးခေါင်းကို ငုံ့ထားလိုက်သည်။

'ဒါထက် မောင်ရင့်မိဘတွေကကော ဘယ်သူတွေလဲကွယ့်'

ပြုံး၏မိခင်သည် မေးခွန်းသစ်တစ်ခု မေးမြန်း လိုက်ပြန်လေသည်။

'ဦးထင်ကျော်နဲ့ဒေါ်အေးကြည်ပါတဲ့ ဒေါ်ဒေါ်'

'ဘာအလုပ် လုပ်ကိုင်ကြသလဲ ဟင်'

'ဖေဖေက အငြိမ်းစား တိုက်ပိုင် အင်ဂျင်နီယာ တော်ပါ ဒေါ်ဒေါ်'

'ညီအစ်ကို မောင်နှမ ဘယ်နှစ်ယောက်ရှိသလဲကွယ့်'

'သုံးယောက် ရှိပါတယ်၊ ကျွန်တော်က အငယ် ဆုံးပါ၊ ကျွန်တော် အထက်မှာ အစ်မတစ်ယောက်နဲ့ အစ်ကိုကြီးတစ်ယောက်ရှိကြပါသေးတယ်'

'နေတော့ကော ဘယ်မှာနေလဲ ဟင်'

'တောင်ညွန့်ဘက်မှာနေကြပါတယ် ဒေါ်ဒေါ်'

၎င်းသိရှိလိုသော အကြောင်းအရာများကို မေးမြန်းစုံစမ်းတန်သမျှကို စုံစမ်းမေးမြန်းပြီးသောအခါ ၎င်းပြောလိုသော အကြောင်းကို ချက်ချင်းဆက်၍ မပြောဆိုသေးဘဲ ပြုံး၏



မိခင်သည် အနားယူနေသည်။အနားယူရင်း ထိုသူကိုအကဲခတ်ကြည့်ရှုနေသည်။

သူသည် တော်တော်ကလေး အနေရကျပ် အထိုင်ရကျပ်လာသည်။ ယခင်က ပြုံး၏မိခင်နှင့် 'စကားလည်းတစ်ခါမှ မပြောဘူး မဆိုဘူးချေ။ ယခု အကြိမ်သည် ပထမအကြိမ်ပြောဆိုရခြင်းဖြစ်လေသည်။ ပြောဆိုရသောအခါ၌ သူသည် စာမေးပွဲအာစစ်ခံရသလို ဖြေကြားပြုနေရသည်။

'မောင်ရင့်နာမည်က မောင်မောင်မြင့်တဲ့နော်၊ ဟုတ်လား'

ပြုံး၏မိခင်က စေ့စေ့စပ်စပ် မေးမြန်းခြင်း ပြုလိုက်ပြန်သည့်အတွက်....

'ဟုတ်ပါတယ် ဒေါ်ဒေါ်'

ဟု သူက ဦးခေါင်းကိုငုံ့ထားရာမှ ပြန်လည်ဖြေဆိုလိုက်ရသည်။

'မောင်မောင်မြင့် က ခေတ်ပညာကိုသင်ကြားနေတဲ့လူငယ်တစ်ယောက်လဲဖြစ်တယ်၊မိကောင်းဖခင် သားသမီးတစ်ယောက်ဖြစ်တယ်၊ ဒါကြောင့် ဒေါ်ဒေါ်က ပြုံးရဲ့မိခင်အနေနဲ့ မောင်မောင်မြင့်ကို ပွင့်ပွင့်လင်းလင်းနဲ့ ရင်းရင်းနှီးနှီးစကားပြောချင်တယ်'

သူသည် ပွင့်ပွင့်လင်းလင်းနှင့် ရင်းရင်းနှီးနှီး စကားပြောမည်ဟု ဆိုလိုက်သည့်အတွက် လှုပ်ရှားချောက်ချားရှိသွားသည်။ ဦးခေါင်းကိုငုံ့နေရာမှ ပြုံး၏ မိခင်ကို အလန့်တကြားမော့ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီနှစ် စာမေးပွဲဖြေပြီးရင် ပြုံးကို ဒေါ်ဒေါ်တို့ နေရာ ထားဖို့အတွက် အားလုံးစီမံထားပြီးဆိုတဲ့အကြောင်း မေ မောင်မြင့်ကို ပြောပြလားချင်တယ်'

'ခင်ဗျာ'

သူသည် ကယောင်ကတမ်းနှင့် အာမေဋိတ်ပြုလိုက်မိသ သူ၏နားကိုလည်း သံသယဖြစ်နေပုံရလေသည်။

'ပြုံးကို ဒေါ်ဒေါ်တို့ အခုလာမယ့် နွေရာသီကျောင်းပိ ရက်အတွင်းမှာ အိမ်ထောင်ချထားစေဖို့အတွက် စီစဉ်ပြီးက ကြပြီဆိုတဲ့အကြောင်းပြောတာကွယ့်'

ပြုံး၏မိခင်က တစ်လုံးချင်းစီ၍ သွက်သွက်ကလေးထ ပြောလိုက်သည်။

သူသည် ထိုင်ရာမှရုတ်တရက် ထလိုက်မိသည်။

'ပြုံးကို အိမ်ထောင် ချပေးတော့မလို့တဲ့ ဟုတ်လ ဒေါ်ဒေါ်'

သူသည် အလန့်တကြား မေးမြန်းလိုက်မိသည်။

'ထိုင်ပါကွယ့် မောင်မောင်မြင့်ရဲ့'

ပြုံး၏မိခင်က သူ့ကို အေးအေးဆေးဆေး အထိုင်ခိုင်း လေသည်။

သို့ရာတွင် ထိပ်ကို မြွေအကိုက်ခံနေရသောလူတစ်ယော သည် အဘယ်သို့ အေးဆေးခြင်း ရှိနိုင်ပါမည်နည်း။ သူ မျက်လုံးများသည် ပြာဝေလျက် သူ၏ဦးခေါင်းတစ်ခုလုံးသ လည်း မူးဝေနောက်ကျိလာလေသည်။ ပြုံး၏မိခင် ထိုင်ခိုင် သည့်အတိုင်း သူသည် မထိုင်နိုင်ချေ။



ပြုံးအတွက် တာဝန်ရှိနေတဲ့ မိခင်တစ်ယောက်အနေနဲ့ ဒေါ်ပြောရမယ့်စကားကို ပြောနေရတာပဲမို့ ဝိုကောင်း သားသမီးတစ်ယောက်အနေနဲ့ဒေါ်ဒေါ်ပြောတာဆိုတာ ခေါင်းအေးအေးထားပြီး နားထောင်စေချင်တယ်ကွယ့်'

ပြုံး၏မိခင်သည် အလွန်တရာပါးနပ်လိမ္မာလှသောအမယ် တစ်ဦးပင် ဖြစ်လေသည်တကား။

သူသည်ပြန်၍ ခုံတန်းလျားပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချ မိသည်။ ဦးခေါင်းကလည်းကျိုးသွားသကဲ့သို့ တွဲလောင်း ဖြစ်နေသည်။ တကယ်ဆိုတော့ သူသည် ကမ္ဘာမြေကြီး ခုလုံးကို လက်လွတ်ဆုံးရှုံးရတော့မည့်ဆဲဆဲ ကမ္ဘာသား ဦးပင် ဖြစ်သည်မဟုတ်လော။

'ဒေါ်ဒေါ် သမီးနဲ့မောင်မောင်မြင့်နဲ့ ရင်းရင်းနှီးနှီးခင်မင် ကြတာကို ဒေါ်ဒေါ်သိထားတာကြာပါပြီ။ မင်းတို့ နှစ် ယောက်ရဲ့ ခင်မင်နေကြတာကိုလဲ ဘယ်လိုဖြည့်စွမ်း ပေးရပါ့ ဆိုတာကိုလဲ ဒေါ်ဒေါ်အချိန်ယူပြီး လေးလေးနက်နက် စားခဲ့ပါသေးတယ်'

ပြုံး၏မိခင်သည် အလွန်တရာ စကားပြောတတ်လှေသည်။ သူသည် ငြိမ်သက်စွာနားထောင်နေရပေသည်။ ဦးခေါင်း သည်းမဖော်ရဲတော့ချေ။

'ပြုံး ဆင်းရဲချို့ငဲ့မယ့်အရေးကို ပြုံးရဲ့မိခင်အနေနဲ့ ဒေါ်ဒေါ် နည်းနဲ့မှ မကြည့်နိုင်ဘူး၊ မောင်မောင်မြင့်ကလဲ ဒေါ်ဒေါ် ပြုံးကို တကယ်ချစ်ရင် ပြုံးတစ်ယောက် မိဘတွေနဲ့ ခွဲ ကွဲပြီး ဆင်းရဲချို့ငဲ့တာကို ဘယ်လိုနည်းနဲ့ ကြည့်ရက်နိုင်မလဲ

www.burmeseclassic.com

www.burmeseclassic.com



မယ်မဟုတ်ဘူးလို့ ဒေါ်ဒေါ်ယုံကြည်ပါတယ်ကွယ်'

ပြုံး၏မိခင်သည် ကရားမှ ရေလွှတ်သကဲ့သို့ ပြော
သော စကားကို တတွတ်တွတ်ပြောဆိုလျက် ရှိလေသည်။

သူသည် ဘာမှ ဝင်ရောက်ပြောဆိုခြင်း မပြုနိုင်သဖြင့်
ရှိသာလျှင် နားထောင်၍ နေရလေသည်။

'မင်း ပြုံးကို တကယ်ချစ်တယ်ဆိုရင် ပြုံးကောင်းစား
ချမ်းသာတာကို ကြည့်လိုမြင်လိုတယ် မဟုတ်လားဟင်
အောင်မြင့်'

ပြုံး၏မိခင်က သူ့ကို ပိုင်ပိုင်နိုင်နိုင်ချည်နှောင်ခြင်းပြု
လေသည်။

သူသည် အဘယ်သို့ ရုန်းထွက်ရပါမည်နည်း။ ချစ်
မေတ္တာဆိုသည်မှာ မိမိတစ်ယောက်တည်းကသာ ချစ်ရ
အလုပ်မဟုတ်ချေ။ မိမိ တကယ်ချစ်သောသူ တစ်ယော
ကောင်းစားရေး၊ ချမ်းသာရေးနှင့် ပျော်ရွှင်ရေးတို့ အတွ
သာ အဓိကထား၍ ကြည့်ရှုခြင်းပြုရသည် မဟုတ်လော။
ဆုံး ထို့အတွက် မိမိကိုယ်ကိုပင် အနစ်နာခံသင့်က အနစ်
ရသည်လည်း မဟုတ်လော။ တစ်ကိုယ်ကောင်းကြည့်သော
သည် ချစ်ခြင်းမေတ္တာအစစ် မဟုတ်နိုင်ချေ။

သူ၏ ဦးခေါင်းကိုသာ ညိတ်ပြလိုက်ရလေသည်။

'သာဓုပေါ့ကွယ်....သာဓု.. သာဓု'
ပြုံး၏မိခင်က သာဓုများပင် ခေါ်နေလေပြီ။



သူသည် ထိုင်ရာမှ လေးလံစွာ ထလိုက်သည်။ ကမ္ဘာမြေကြီး
ကြောက်မက်ဖွယ်ပင် ချာချာလည်နေသလားပင် ထင်ရ
သည်။

ပြုံးကို မောင်မောင်မြင့် နောက်ထပ် လူချင်းတွေ့တောင်
းစားစေချင်ဘူး၊ မောင်မောင်မြင့်ကိုယ်ကို မောင်မောင်မြင့်
သိမ်းပါ၊ ဒေါ်ဒေါ် သမီးပြုံးကို ဒေါ်ဒေါ် တာဝန်ယူ
တယ်'

ကောင်းပါပြီ ဒေါ်ဒေါ်'

သူသည် ထိုကဲ့သို့ ကတိပေးပြီးနောက် ပြုံးတို့၏ အိမ်ဝင်း
င်းမှ မှောင်ရိပ်များကို ကပ်ခိုကာ အိမ်ဝင်းအပြင်ဘက်သို့
လာခဲ့လေသည်။ အိမ်ဝင်းအပြင်ဘက်သို့ ရောက်ရှိနေသော
သူသည် ကျောင်းသို့ မပြန်နိုင်သေးဘဲ ကုက္ကိုပင်ကြီးတစ်
၏ အရိပ်တွင် ခိုကပ်ကာ လှပစိုပြည်နေသော ပြုံးတို့၏တိုက်
ကို အတန်ကြာမျှ ငေးမော ကြည့်ရှုနေမိသေးသည်။ သို့ရာ
ခပ်စောစောက 'နေထွက်သောညများ' သီချင်းကို သာအော
၍ သုံးကြိမ်တိတိမျှ သီဆိုခြင်း ပြုခိုင်းခဲ့ကြသောမင်းပရိသတ်
သည် ထိုသီချင်းကို ရေးစပ်သော လူတစ်ယောက်အား ရှိ
သည်ဟူ၍မျှပင် သဘောထားကြတော့ဟန် မရှိချေ။
ရယ်ကာမောကာနှင့် စကားပြောဆိုနေကြသည်။ သူ့ချစ်သူ
တစ်ယောက်သည်ပင်လျှင် သူ့အဖြစ်ကို သိချင်မှ သိတော့
ည်၊ တကယ်ဆိုတော့ ပြုံးသည် ထိုပတ်ဝန်းကျင်နှင့် အသိုင်း

www.burmeseclassic.com

www.burmeseclassic.com



အခန်းတို့၏ သမီးငယ် တစ်ယောက်မျှသာလျှင် ဖြစ်လေ တကား....။

(၄)

သူသည် ထိုညက ကျောင်းသို့ ဆယ်နာရီကျော်လေ ပြန်၍ ရောက်ရှိလေသည်။ အဆောင်သို့ပြန်ရောက်လျှင် ချင်း သူသည် မြေပြိုသော သတင်းတစ်ရပ်ကို ကြားလိုက် လေသည်။ မကောင်းသောကံသည် တစ်ယောက်တည်း လာတတ်၊ လမ်းတွင်တွေ့သော ရဲဘော်ရဲဘက်များကိုပါ ကျုံးခေါ်ဆောင်၍ လာလေသည်တကား။

'ခင်ဗျား အစ်ကို ခုတင်ကပဲ လာပြီး ပြန်သွားတ ကိုမောင်မြင့်'

ဟု ၎င်းနှင့် အခန်းနီးချင်း ကျောင်းသားတစ်ဦးက သတင်း၏အစကို ထိုကဲ့သို့ ပြောဆိုခြင်းပြုလေသည်။

'ဘာများ ပြောသွားသေးသလဲဗျ'

သူကလည်း ခပ်ပေါ့ပေါ့ပင်တင်၍ ခပ်ပေါ့ပေါ့ပင် ပြန် လိုက်လေသည်။

ထိုကျောင်းသားသည် နှုတ်အနေသူ တစ်ဦးကဲ့သို့ အ ကြာမျှ သူ့ကို စေ့စိုက်ကြည့်နေပြီးမှ....



'ခင်ဗျားအဖေ လေဖြတ်လို့ ညနေ ၄ နာရီလောက်ကပဲ ဆုံးပြီ ဗျာ'

ဟု ပြောဆိုလိုက်သည်။ ထိုသို့ ပြောဆိုပြီးနောက် ထိုအခန်း နီးချင်း ကျောင်းသားသည် သူ၏အခန်းအတွင်းမှ ချက်ချင်း ပြန်၍ ထွက်သွားလေသည်။

သူချစ်သော ပြုံးကို စွန့်လွှတ်ခြင်းပြုရသော ညကပင် သူ၏ အားထားရာ ဖခင်တစ်ယောက်လုံးကိုလည်း ဆုံးပါးခဲ့ရသည်။ သူ၏ဖခင် ဆုံးပါးရခြင်းသည် သူ၏အနာရှတ်ကြီးတစ်ခုလုံးနှင့် သည်း ဆက်စပ်နေပေသည်။

သူ၏ဖခင်ကို မြေမြှုပ်ပြီးနောက် နောက်တစ်နေ့တွင် သူသည် မေးပွဲကို ဖြေဆိုရလေသည်။ ထိုမျှ နာကျင်နေခဲ့ရသော လူ တစ်ယောက်သည် စာမေးပွဲကို အဘယ်သို့ ဖြေဆိုနိုင်ပါမည် နည်း။

ဘာသာရပ်များ အားလုံးကို ဖြေဆိုပြီးစီးသော ညနေခင်း က သူသည် ကတိပြုခဲ့သော်လည်း နောက်ဆုံးတွေ့သည့် အနေ နှင့် ပြုံးကို တွေ့ဆုံခြင်းပြုရန် ဘင်တန်သို့ သွားရောက်ခြင်း ပြုခဲ့ သည်၊ သူသည် ပြုံးကို ပြောရန်ဆိုရန်ရှိသော စကားများကို ရှင်းလင်း ပြောကြားခြင်းပြုရန်အတွက်လည်း ထိုသို့ သွားရောက်ခြင်း လည်း ဖြစ်လေသည်။

သို့ရာတွင် ဘင်တန်သို့ရောက်သောအခါ ပြုံးကို မတွေ့ရ သောချေ၊ စာမေးပွဲ ဖြေဆိုခြင်းမပြုမီ သုံးလေးရက်လောက် ကတည်းက ပြုံးကို သူ့မိခင်က အိမ်သို့ပြန်ခေါ်သွားကြောင်း သိရှိခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြုံးတို့အိမ်တွင် ဘုရားကိုးဆူကပ်လှူသော ညသည် သူ ပြုံးတို့၏ နောက်ဆုံးသောည ဖြစ်လေသည်။ ထိုနောက် ယောက်ကိုတစ်ယောက် လူချင်း မတွေ့ကြရတော့ချေ။ ထိ နေ့ကျောင်းပိတ်ရက်များတွင် ပြုံး လက်ထပ်သော သတင်း ကြားလိုက်ရသည်။ သူသည် အသည်းများ ကြေမွလုမတ ခံလိုက်ရသည်။

သူ့အဖေ သေဆုံးပြီးနောက် သူတို့သားအမိ နှစ်ယော သည် အစ်ကိုလုပ်သူ၏အိမ်သို့ ခိုကပ်ခဲ့ရသည်။ အစ်ကိုလုပ်သူ စာမေးပွဲကျသော ညီလုပ်သူကို ကျောင်းဆက်ထားရန် စိ မကူးတော့ချေ။ အလုပ်တစ်ခုကိုသာ ဝင်အလုပ်ခိုင်းလေသည် သို့ရာတွင် သူသည် အသည်းနာနေရသော ကဗျာဆရာလေးတ ယောက် ဖြစ်လေသည်။ သူ၏အသည်းကို ကုစားရန် အခါ ပေးရင်း သူရေးချင်သော အကြောင်းအရာများကို ကဗျာဖွဲ့ ခဲ့သည်။

သူ၏ အစ်ကိုနှင့်မရီးတို့သည် တစ်စထက်တစ်စ သူ့ကို မုန်း တီးလာကြသည်။ နောက်ဆုံး တစ်စထက်တစ်စ ကျန်းမာရေး ပျက်ပြားနေသော အမေ့မျက်နှာကိုမျှပင် မထောက်ဘဲ သူ့ကို အိမ်ပေါ်မှ အတင်းနှင်ချလိုက်ကြလေသည်။

ထိုအချိန်မှအစပြု၍ ကဗျာဆရာလေးမောင်သစ္စာအမည် ခံ ကိုမောင်မြင့်သည် မိုးမလင်းနိုင်သောညများကို တစ်ညပြီး တစ်ည ကျော်လွှားလာခဲ့ရခြင်းပင် ဖြစ်လေသည်တကား။

## ဘာမျှမတော်စပ်သော လင်မယား

( ၁ )

နေကာမျက်မှန်နှင့် သီရိမင်္ဂလာစာပုံနှိပ်တိုက်အပေါ်အထပ် သို့ ခပ်သွက်သွက်ကလေး တက်သွားသော ပြုံးသည် ဆယ် မိနစ်ခန့်အကြာတွင် ခပ်သုတ်သုတ်ကလေးပင် ပြန်၍ဆင်းလာ သည်။

သူသည် ကုက္ကိုပင်တစ်ဖက်ဘေးသို့ ခိုဝင်ကာ ဦးထုပ်ပျော့ ကို မျက်နှာအား ဖုံးနိုင်သမျှဖုံးအောင် ဆွဲ၍ ချထားလိုက်ပြီး နောက် လှပချောမောသော ပြုံးကို ခိုးကြောင်ခိုးဝှက် ချောင်း ၍ ကြည့်နေသည်။

သူ၏ ရင်တွင်း၌ ကျက်သရေလေးဘက်ရှိနေပြီဖြစ်သော အနာ ဟောင်းသည် ရုတ်တရက် ပြန်ထချင်သလိုရှိလာသဖြင့် သူသည် နှလုံးသားများကို ရင်အုံထက်မှ အသာဖိထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြုံး အိမ်ထောင်ကျသွားသည်မှာ အခါလည်သာသာမျှ ပင် ရှိပေတော့သည်။ သို့ရာတွင် ပြုံးသည် ယခုတိုင်လည်း ယခင် တက္ကသိုလ်ကျောင်းသူဘဝနှင့်တုန်းကနှင့် မခြား လှတုန်း ပတုန်းဖြစ်၏။ သူသည် ပြုံးကို ခိုးကြောင်ခိုးဝှက်နှင့်ပင် ငေးမော ကြည့်ရှုနေမိသည်။

ပြုံးသည် ကားပေါ်သို့ တက်သွားပြီးနောက် စက်နှိုးလေသည်။ သို့ရာတွင် စက်သည် လွယ်လွယ်နှင့် မနိုးချေ။

ပြုံးသည် ဘယ်ကလာသနည်း။ ဘာကိစ္စအတွက်နှင့် သီရိမင်္ဂလာပုံနှိပ်တိုက်သို့လာရသနည်း။ သူသည် ထိုအကြောင်းများကိုလည်း တွေးနေ၏။ မော်တော်ကားစက်ကို ခါတိုင်းလို လွယ်လွယ်နှင့် နှိုးမရသောကြောင့် စိတ်အားငယ်နေပုံရသော ပြုံးကိုလည်း ခိုးဝှက်၍ ကြည့်နေသည်။

‘ဝူး’

မော်တော်ကား စက်နိုးလာပြီးနောက် ပြုံးသည် ဂီယာကို သွင်းကာ မော်တော်ကားကို ရုတ်တရက် မောင်းထွက်ပစ်လိုက်သည်။ ပြုံးသည် မော်တော်ကားကို ကောင်းစွာ မောင်းတက်သေးဟန်မတူချေ။ သူရပ်နေသော ကုက္ကိုပင်နှင့် ဆယ်ကိုက်သာသာခန့်တွင် ကားသည် ထိုးရပ်သွားပြန်လေသည်။

ပြုံးသည် သူ့ကို မမြင်ချေ။ မြင်သည့်တိုင်အောင်လည်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော သူ့ကိုသူမှန်း သိနိုင်လိမ့်မည့်ပုံ ကား မပေါ်ချေ။ ထိုအထဲတွင် သူသည် မျက်နှာကို တတ်နိုင်သမျှ ဖုံးကွယ်ထားလိုက်သေး၏။

ပြုံးသည် မော်တော်ကားစက်ကို နှိုးကြည့်ပြန်ခဲ့လသည်။



သို့ရာတွင် မနိုးချေ။

သူသည် ပြုံးကို နောက်မှနေ၍ ခိုးဝှက်ကြည့်နေသည်။ ရင်ထဲမှ အနာသည်လည်း တဖြည်းဖြည်းပြန်ယဉ်းလာသကဲ့သို့ ဖြစ်နေသည်။

‘ဒီမယ်ရှင့်ဆရာကြီး၊ မော်တော်ကားစက်နှိုးမရလို့ တဆိတ်လောက် တွန်းပေးပါလား’

သူမှန်းမသိ၍ ဆရာကြီးဟု ခေါ်ကာ အကူအညီတောင်းနေသော ပြုံး၏အသံကို ကြားလိုက်ရသောအခါ သူသည် တုန်လှုပ်ချောက်ချား၍သွားလေသည်။ ရပ်နေရာမှ ကမ္ဘာမြေကြီး၏ တစ်ဖက်စွန်းသို့ ကဆုန်ပေါက် ထွက်ပြေးသွားချင်စိတ်များလည်း ပေါ်ပေါက်နေသည်။

‘မော်တော်ကားကို တဆိတ်လောက် တွန်းပေးပါလားရှင်’

ထိုကဲ့သို့ ဒုတိယအကြိမ် ပြုံးက အကူအညီ တောင်းလိုက်ပြန်သောအခါ သူသည် ဦးထုပ်ပျော့ကို မျက်နှာအားလုံး ဖုံးနိုင်သမျှဖုံးကွယ်အောင် ထပ်မံဆွဲချပြီးနောက် မော်တော်ကား ရပ်နေသော နေရာသို့ လျှောက်လာခဲ့ရသည်။ အခက်အခဲတွေ့နေရှာသော ငယ်ချစ်ကိုလည်း သူသည် တတ်နိုင်သမျှ ကူညီချင်သည်။ သို့ရာတွင် သူမှန်းလည်း မသိစေလိုချေ။

သူသည် ချစ်သူဟောင်း၏ မော်တော်ကားကို အားစိုက်၍ တွန်းပေးခြင်း ပြုလေ၏။ အကယ်၍ သူမှန်းသာသိလျှင် ပြုံးသည် ထိုကဲ့သို့ အတွန်းခိုင်းပါမည်လား။

ထိုသို့ တွေးနေခိုက် မော်တော်ကားသည် ရုတ်တရက် စက်နိုးသွားလေ၏။ သို့ရာတွင် ပြုံးသည် မော်တော်ကားကို ပထမ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကကဲ့သို့ ငွေခနဲ မောင်းထွက်မသွားချေ။ စက်ကို ပူလာအောင် လီဗာကို ခပ်နာနာကလေး နင်းနေရင်းက ၎င်း၏ လက်ကိုင်အိတ်ကလေးကို ဖွင့်လေသည်။ ငွေတစ်ကျပ်တန်စက္ကူကို ထုတ်ယူလိုက်ပြီးလျှင်....

'ရော့... ဆရာကြီး ဈေးသုံးဖို့'

ဟု ပြောဆိုကာ လှမ်း၍ပေးလေသည်။ သို့ရာတွင် လှည့်၍ တော့ကား မကြည့်ချေ။

သူသည် ထိုငွေတစ်ကျပ်ကို အဘယ်သို့ ယူရပါမည်နည်း။ ထို့ကြောင့် လှမ်းမယူဖြစ်ဘဲ ဦးခေါင်းကို ငုံ့ထားလိုက်သည်။

ပြုံးသည် အရေးတကြီး သွားစရာ ကိစ္စတစ်ခုခု ရှိနေဟန်တူလေသည်။ ဂီယာကိုသွင်းပြီးပြီဖြစ်၍ ငွေတစ်ကျပ်တန် စက္ကူကလေးသည် မော်တော်ကားစက်က ရိုက်ခတ်လိုက်သော လေအရှိန်ကြောင့် မြေကြီးပေါ်သို့ မကျဘဲ လွင့်၍ပါသွားလေသည်။

သူသည် လေနှင့်အတူလွင့်ပါသွားသော ငွေစက္ကူကို ပထမ ငိုင်၍ကြည့်နေသည်။ ထို့နောက်မှ သတိရကာ ငွေစက္ကူနောက်သို့ အပြေးကလေး လိုက်လေသည်။ လေဆောင်ရာသို့ လွင့်ပါသွားသော ချစ်သူဟောင်း၏ အလှူဒါနနောက်သို့ လိုက်ရာ၌ သူသည် ခြေးပတ်ဝန်းကျင်ကိုမျှပင် သတိမရတော့ချေ။

လူစ္စလမ်းနှင့် ဖခဲရဇာလမ်းထိပ်သို့ ရောက်သောအခါမှ ငွေစက္ကူသည် မြေကြီးပေါ်သို့ ပြန်၍ကျလေသည်။ ထိုသို့ ပြန်ကျသောအချိန်တွင် ထိုငွေစက္ကူကလေးကို တစ်စုံတစ်ယောက်က ဖိနပ်နှင့် နင်းထားလိုက်သဖြင့် သူသည် ထိုဖိနပ်နှင့် နင်းထားသူ



ကို စိတ်ဆိုးမာန်ဆိုးနှင့် မော့၍ ကြည့်လိုက်မိသည်။ ထိုသို့ အကြည့်လိုက်တွင် သူ၏ မျက်လုံးများသည် ဝိုင်းဝိုင်းလည်၍ သွားလေသည်။

(၂)

'မြင့်လဲ ငါးမူးဆိုင်ဘယ်နေ့ ကိုသစ္စာ'

မြင့်က သူ့ကို ကလေးသူငယ်တစ်ယောက်လို သဘောထားကာ ရယ်မော ပြောဆိုလိုက်သည်။

ချစ်သူဟောင်းက ကူလီခ အဖြစ်ဖြင့် စွန့်ကြဲပေးကမ်းခြင်း ပြုခဲ့သော ထိုငွေတစ်ကျပ်ထဲမှ သူသည် သူ၏ မိခင်သစ်ကို တစ်ဝက် ခွဲပေးနိုင်ပါမည်လား။ သူသည် မြင့်ကိုသာ ပါးစပ်အဟောင်းသားနှင့် ငေးစိုက်ကြည့်နေသည်။

'ရေအဆုံး ကုန်းတစ်ဝက် ဆိုတဲ့ စကား ရှိတယ်မဟုတ်လားရှင့် ကဗျာဆရာကြီးရဲ့'

အကြောင်းရင်းကို ဘာမှ မသိရှာသော မြင့်က နင်းထားသော ငွေစက္ကူကို နင်းမြဲ နင်းထားရာမှ ရယ်မော၍ ပြောဆိုလိုက်ပြန်သည်။

'ထမင်းလဲ မစားရသေးလို့ပါ မြင့်ရယ်၊ ပြီးတော့ ကိုသစ္စာမှာလဲ ဒီငွေကလေး တစ်ကျပ်တည်းသာ ရှိလို့ပါ'

သူသည် အရှိုးခံအတိုင်း ပြောဆိုခြင်း ပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဒါဖြင့် ဟန်ကျတာပဲ၊ မြင့်လဲ မနက်စာ မစားရသေးဘူး၊ ကိုသစ္စာနဲ့လိုက်ပြီး ကပ်စားရလိမ့်မယ် ထင်တယ်'

မြင့်က သို့သို့ ပြောဆိုရင်း နင်းထားခဲ့သော ငွေဘစ်ကျပ်ကို ကုန်း၍ကောက်ယူကာ ကိုသစ္စာအား လှမ်းပေးရင်း ပြောလေသည်။

'လာ...ဒါဖြင့် သွားစားကြရအောင်၊ နည်းအမျှ များအောင် ပေါ့ မြင့်ရယ်'

သူသည် ငွေဘစ်ကျပ်ကို လှမ်းယူကာ ပြောဆိုပြီးနောက် လှည်းလမ်းအတိုင်း ထွက်လာသည်။

မြင့်သည် သူ၏နောက်မှ လိုက်လာသည်။

ဖရဲဇာလမ်းကို ဖြတ်၍ လမ်းဘက်သို့ ရောက်ခဲ့သောအခါ မြင့်သည် သူနှင့် ဘေးချင်းယှဉ်ကာ လျှောက်လိုက်လာရာမှ—

'ရှင်ကော အလုပ်အကိုင်ကလေးများ မရသေးဘူးလားဟင် ကိုသစ္စာ'

ဟု စိတ်ဝင်စားစွာ မေးလိုက်သည်။

သည်တော့မှပင် သူသည် လဆန်းလျှင် အလုပ်ဝင်ရတော့မည့်အကြောင်းကို ပြန်၍သတိရလာသည်။ ထို့ကြောင့်—

'ကနေ့ပဲ အလုပ်ကိစ္စအတွက် စကားပြောလာခဲ့တယ် မြင့်'

ဟု ပြန်ဖြေလိုက်သည်။

'ဟုန်ကျမယ်တဲ့လားဟင် ကိုသစ္စာ'

မြင့်က စိတ်အားထက်သန်စွာ မေးသေးသည်။

'လဆန်းတစ်ရက်နေ့ ဝင်ရမယ်တဲ့ မြင့်၊ တစ်လကို တစ်ရာ့ငါးဆယ် ပေးမယ်လို့ ပြောတယ်'



'ဝမ်းသာလိုက်တာ ကိုသစ္စာရယ်၊ ရှင့်အတွက်ဖြင့် ဝမ်းသာလိုက်တာ'

မြင့်သည် ဝမ်းသာအားရ ပြောနေသည်။

သို့ရာတွင် သူသည် အလုပ်ရသည့်အတွက် ဝမ်းသာနေသော်လည်း မိန်းမျှအတွက် စာပြင်ဆရာ ဖြစ်ရသည့် ဝမ်းမသာနိုင်ရှာချေ။ ထို့ကြောင့်—

'မြင့်အတွက်လဲ ကိုသစ္စာ စိတ်မကောင်းပါဘူး မြင့်ရယ်'

ဟု ဝမ်းနည်းစကား ပြောဆိုလိုက်သည်။

'ဟင်...ရှင်က ဒါကို စွဲစွဲမြဲမြဲ မှတ်ထားတာကိုး၊ ဒါပေမယ့် မြင့်ဒီလို စိတ်ဆင်ရာ အရှဲ့တိုက်ပြီး လျှောက်လုပ်နေတဲ့ အလုပ်ကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်ထားပြီ ကိုသစ္စာ'

'ဟင်...ဟုတ်လား မြင့်'

'ဒီအလုပ်ကို မြင့် အရှဲ့တိုက်ပြီး တမင်တကာ လုပ်နေတာပါ ကိုသစ္စာရယ်၊ တစ်နေ့ကျတော့မှပဲ ရှင့်ကို အေးအေးဆေးဆေး ပြောပြရဦးမယ်'

'မြင့် ရုပ်ရည်ကလေးနဲ့ ယောကျ်ားတစ်ယောက်ကို ခေါင်းခေါက်ယူနိုင်ပါတယ်လေ'

'တွေ့ကရာတွေ ပြောမနေစမ်းပါနဲ့ ကိုသစ္စာရယ်၊ ဒီဘဝမျိုး ရောက်ခဲ့ရတဲ့သူကို ဘယ်လို လူကများ ယူဦးမှာတဲ့လဲရှင်'

ထိုသို့ စကားအပြောခြောနှင့် ဗိုလ်ချုပ်လမ်းမကြီးကို ဖြတ်လာကြပြီးနောက် မီးရထား ကုန်းကျော်တံတားကြီးပေါ်သို့ နှစ်ယောက်သား အတူတက်လာကြလေသည်။ ကုန်းကျော်တံတားကြီးပေါ်သို့ ရောက်ကြသောအခါ ကျောက်ဆူးရာသည်

www.burmeseclassic.com

www.burmeseclassic.com



သူ့ခါတိုင်းရပ်နေကျနေရာတွင်ရပ်လိုက်ပြန်လေသည်။ ထို့နောက် ရှုပ်ယှက်ခတ်နေသော မီးရထားသံလမ်းများကို လက်ညှိုးထိုးပြရင်း—

'လူ့ဘဝဆိုတာ မီးရထားသံလမ်းတွေ ရှုပ်ယှက်ခတ်နေတဲ့ ဘူတာရုံကြီးတစ်ခုနဲ့ မတူဘူးလားဟင် မြင့်'

ဟု အတိခမ္မာ ဆရာကြီးဆန်ဆန် ပြောဆိုမေးမြန်းလိုက်သည်။

မြင့်သည် ဘာမျှတော့ ပြန်မပြောချေ။ မီးရထားသံလမ်းများကိုသာ ငေးစိုက်ကြည့်ရှုနေပြီးမှ—

'မြင့်လဲ အလုပ်တစ်ခုခုလုပ်ဖို့ ရှာနေပါတယ် ကိုသစ္စာရယ်'

ဟု ခပ်စောစောက ပြတ်သွားသော စကားကို ဆက်လိုက်သည်။

ကဗျာဆရာသည် ထိုအကြောင်းကို ဆက်လက်ပြောဆိုခြင်း မပြုလိုသကဲ့သို့....

ထမင်းဆာလှပြီ မြင့်၊ လာ...သွားကြမယ်'

ဟုပြောဆိုကာ ကုန်းကျော်တံတားကြီးပေါ်မှ နှစ်ယောက်သား အတူဆင်းလာခဲ့ကြသည်။

ထမင်းဆိုင်အတွင်းသို့ ရောက်သောအခါ ကဗျာဆရာသည် ငါးမူးတန် ဟင်းတစ်ခွက်နှင့် ထမင်းနှစ်ပန်းကန်ကို မှာကြားလိုက်သဖြင့်....

'မြင့်က ကစားတာပါ ကိုသစ္စာရယ်၊ မှာချင်တာသာ မှာပါ၊ မြင့်မှာ ပိုက်ဆံ ပါ ပါတယ်'

ဟု မြင့်က ပြောဆိုလိုက်သည်။



မိမိကိုယ်တိုင် ပိုက်ဆံ လုံလုံလောက်လောက်မပါဘဲနှင့် ပို၍ စားမိသည့်အတွက် အဆူအပူ အပြောအဆို ခံခဲ့ရဖူးသော ကဗျာဆရာသည် နှုတ်အနေလေသည်။ ထို့ကြောင့် မြင့်က....

'ငါးဟင်းဆီပြန်တစ်ခွက်၊ ကြက်အမြစ်အသည်း တစ်ခွက်၊ ငုံးဥချဉ်ဟင်းတစ်ခွက်၊ ငါးပိကြော်တစ်ခွက်၊ ပဲသီးသနပ် တစ်ခွက်နဲ့ ဆိတ်ကလီစာတစ်ခွက် ပြင်လိုက်ပါ ဒေါ်ဒေါ်'

ဟု ဆိုင်ရှင် အဒေါ်ကြီးအား လှမ်း၍မှာကြားလိုက်သည်။

ဆီပြန်ဟင်း ခွက်ပေါင်း မြောက်မြားစွာဖြင့် ခင်းကျင်းထားသော ထမင်းစားပွဲတွင် ကဗျာဆရာသည် လှပချောမောသော မိန်းမပျိုကလေးတစ်ယောက်နှင့် မျက်နှာချင်း ဆိုင်ကာ ထမင်းစားသောက်နေခိုက် မီးရထား လုပ်ငန်းဌာနက ခိုင်းကောင်းတော့၍ ကန်ထုတ်လိုက်ပြီ ဖြစ်သော်လည်း အဘယ်သို့မျှ သွားစရာမရှိ၍ ထိုဘူတာရုံကြီး၌ ခိုကပ်နေရသော အလုပ်သမားဟောင်း အတိုးကြီးသည် ထမင်းဆိုင်အတွင်းသို့ ခပ်ယိုင်ယိုင်နှင့် ဝင်လာလေသည်။

အတိုးကြီးသည် ကဗျာဆရာ၏ တိုးဘက် ဖွံ့ဖြိုးနေသော အခြေအနေကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် များစွာ သဘောကျသွားသကဲ့သို့ ပြုံးလိုက်လေသည်။ ထို့နောက် ၎င်းအား မမြင်သေးသော ကဗျာဆရာ၏ ပခုံးကို ရင်းရင်းနှီးနှီးပုတ်ကာ....

'မောင်ရင် ကနေ့ တော်တော်ကလေး ဖြိုးနေတယ်နဲ့ တူတယ်'

ဟု ပြောဆိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ…ဦးလေးပါလား၊ လာလာ…ထမင်းစားဖို့အော
ကဗျာဆရာသည် ၎င်းအပေါ်၌ သံန့်ရှင်းဖြူစင်သောမေ
ကို ပြသခဲ့ဖူးသော ထိုအလုပ်သမားဟောင်းကြီးအား အဝေ
ထ၍ ဆွဲခေါ်လေသည်။
'ဦးလေး စားပြီးပါပြီကွယ့်'
ဟု ထိုအဘိုးကြီးက ပြောဆိုတော့မှ မကျေမချမ်းနှင့်
လွှတ်လိုက်ရသည်။
အဘိုးကြီးသည် ကဗျာဆရာကို တစ်လှည့်၊ မိန်းမပျိုကို
လှည့်စီအကဲခတ် ကြည့်ရှုလိုက်ပြီးနောက်…
မောင်ရင်တို့ လင်မယားက မောင်နှမလေးနှစ်ယောက်လို
မဲကလား'
ဟု ပြောဆိုလိုက်ပြန်သည်။
မြင့်သည် ရှက်ကိုးရှက်ကန်းအမူအရာဖြင့် ၎င်း၏ ကဗျာ
ဆရာကို လှမ်းကြည့်လေသည်။ ကဗျာဆရာကလည်း ၎င်း
မြင့်ကို မရဲတရဲနှင့် လှမ်းကြည့်လိုက်သည်၊ သို့ရာတွင် ဘာမှ
တော့ မပြောလိုက်ကြချေ။
'သားသမီးတွေကော ဘယ်မှာထားခဲ့ကြသလဲဟဲ့၊ ဘိုးအေ
ဘွားအေတွေနဲ့ အကျောင်းခိုင်း ထားခဲ့ကြတယ်နဲ့တူတယ်'
အဘိုးကြီးသည် ရေချိန်လွန်နေဟန်ဖြင့် မေးမြန်းပြောဆို
လိုက်ပြန်သည်။
ထိုအကြိမ်တွင် မြင့်နှင့် ကဗျာဆရာတို့သည် အကြည့်ချင်း
ဆုံသွားကြလေသည်၊ ပထမအကြိမ်ကဲ့သို့ ရှက်ကိုးရှက်ကန်း
နှင့် မရဲတရဲလည်း မဖြစ်လှတော့ချေ။



ကျုပ် အစတုန်းက မောင်ရင့်ကို လူပျိုလို့ မှတ်ထင်နေတာ၊
ဲ တော်တော် ကို ညံ့ပါသေးတယ်လေ'
ဘိုးကြီးသည် ၎င်းတစ်ယောက်တည်း ပြောဆိုနေသာ
မှုလည်း မတော်ကြသော လင်မယားနှစ်ယောက်တို့
တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ အကြည့်ချင်းဆုံ
ကြပြန်လေသည်။ ဒီတစ်ကြိမ်တွင် နှစ်ယောက်သား ပြုံး
ကြလေသည်။
ဘာပဲဖြစ်ဖြစ်၊ ကျုပ်အနေနဲ့ကတော့ ခဲဖိုးတောင်းရလိမ့်
ဟ…မောင်ရင်'
လင်မယားမဟုတ်သော လင်မယားနှစ်ယောက်စလုံး မျက်
ုးမျက်ဆန်ပြူး ဖြစ်သွားကြလေသည်၊ တစ်ချိန်လုံး မှိန်း
ကြပြီးမှ ခဲဖိုးတောင်းနေပြီဖြစ်သော ထိုအဘိုးကြီးအား
ယ်သို့ ပြန်လည် ရှင်းလင်း ပြောကြားရပါမည်နည်း။
ခဲဖိုး မရမချင်း ကျုပ် ဒီဆိုင်ထဲက မထွက်ဘူး'
ဟု အဘိုးကြီးက ပြောဆိုလိုက်သောအခါ…
'ဘယ်လိုလုပ်ကြမတုံး'
ဖြစ်သောအနေနှင့် ထိုအထင်ခံ လင်မယားနှစ်ယောက်တို့
တစ်ယောက်မျက်နှာကို တစ်ယောက်က လှမ်းကြည့်နေ
သည်။
မောင်ရင်တို့ လင်မယားလဲ မထွက်ရဘူး'
ဟု ဆိုလာသောအခါ ထိုချစ်စရာကောင်းလှသော ၎င်း၏
းကြီး စိတ်ချမ်းသာမှုရရှိစေရန်နှင့် စိတ်ကျေနပ်မှုရရှိစေရန်

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာသည် မော်တော်ကားတွန်းခ ရထားသော သူ့ဟောင်းထဲမှ ငွေတစ်ကျပ်ကို လှမ်း၍ ပေးလိုက်ရသည်။

'သာဓုဗျာ...သာဓု....သာဓု...ဒီလင် ဒီမယား သက်တစ်ဆုံး ချစ်ချစ်ခင်ခင် ပေါင်းသင်းနိုင်ကြပြီး သား ကျပ်နဲ့ မြေးတစ်ရာမြည့်အောင် ရကြပါစေဗျာ'

မီးရထား အလုပ်သမခေါင်းဟောင်း အဘိုးကြီးသည် ရေရေ ဆုပေးခြင်း ပြုပြီးနောက် ငွေတစ်ကျပ်ကို အား သာ ဆုပ်ကိုင်ကာ ထမင်းဆိုင်အတွင်းမှ ခပ်ယိုင်ယိုင်နှင့် ထွက်သွားလေသည်။

## မြေးစရာလည်း မြေမရှိပါတကား

## (၁)

'ကနေ့ည ခင်ဗျားအားရင် ကျုပ်တို့လှူသိုက် အောင်မြေ ပတ်ပျိုး လာတက်ချင်လို့ဗျ ကိုသစ္စာ'

ဂီတကို ဘော်ဟော်ကလေး ဝါသနာပါဟန်ရှိသော စာစီ ဆိုင်ရာ ဖိုမင်လူကြီး ကိုမြမင်းက ပြောဆိုလာသောအခါ င်ဆရာ ကိုသစ္စာသည် ဦးခေါင်းကို ညိတ်ပြလိုက်လေ ည်။

ကုန်ခဲ့သော လ ကလည်း သူသည် ကိုမြမင်းတို့ လှူသိုက်ကို ကြောင့်နီလာပတ်ပျိုး တက်ပေးခဲ့သေးသည်။ ယခုအခါတွင် လှူသိုက်က ကိုသစ္စာကို နောက်ထပ် ပတ်ပျိုးတစ်ပုဒ် တက် ရန် အပူကပ်လာကြပြန်လေသည်။ အလွန်တရာ သဘော ကာယကောင်း၍ တစ်ဖက်သားကိုလည်း အင်မတန် ကူညီ

www.burmeseclassic.com

www.burmeseclassic.com



တတ်သော စာပြင်ဆရာကို ဖိုမင် ကိုမြမင်းနှင့် စာစီသမား
သည် အလွန်တရာ ခင်မင်နေကြသည်။

စာစီသမားများမှာ အခန်းတွင်းမှ ထွက်လာကြပြီးေ
စက်ခန်းတက်သို့ကူးလာသော အခါ၌လည်း သူသည် သ
ခွင့်မရပြန်ချေ။ စက်ရိုက်သမား ဘိုးဆင်တို့ညီအစ်ကိုက
သာ လာ၍ အပူကပ်ကြပြန်လေသည်။

'တောက အရီးလေးသားတွေ ရှင်ပြုအတွက် သျှိုး
ရတာ ရေးပေးပါဦး ကိုသစ္စာ'

အစ်ကိုလုပ်သူ ဘိုးဆင်က စာပြင်ဆရာကို သျှိုးလိုက်
အရေးခိုင်းလာပြန်သည်။

သူသည် အမည်မရှိသော ကဗျာဆရာတစ်ယောက်မျ
ဖြစ်သည် မဟုတ်လော။

သို့ရာတွင် ဦးခေါင်းကိုညိတ်ပြလိုက်ရ၏။

ထိုမျှ ခိုင်းစေ၍ အားရသေးဟန်မရှိသော ဘိုးဆင်၏
ဘိုးခင်က တစ်လှမ်းချင်း တိုးလာပြန်လေသည်။

'ဘုန်းကြီးကလဲ လေ့လော့်သံတစ်ပုဒ်လောက် မှာလိုက်
ပါ ကိုသစ္စာရယ်၊ ကြည့်ပြီး လုပ်ပေးပါဦးဗျ'

'ဒီ အပြင်ကော ဘာများ အရေးခိုင်းစရာ ရှိသေးသလဲ
တာ စဉ်းစားပါဦး'

ဟု သူသည် ထိုကဲ့သို့ ရယ်ကာပြောဆိုကာ စက်ခန်းတွင်
ထွက်လာခဲ့ရသည်။

ပုံနှိပ်တိုက်အောက်ထပ်မှ စာအုပ်ချုပ်သော အလယ်
သို့ တက်လာရပြန်သော့အခါ၌လည်း ကဗျာဆရာသည် နား



က်သာခွင့် မရချေ။ စက္ကူခေါက်ရသော အလုပ်သမား
င်းကလေး ဆယ့်လေးငါးယောက်ခန့်တို့က ဝိုင်းအုံကြပြန်လေ
ည်။

သူတို့၏ အခက်အခဲကလေးများနှင့် ပြဿနာကလေးများ
သူ့ထက်ငါ အလုအယက် တင်ပြ ပြောဆိုကြပြန်၏။ သူ
ည် ထိုအလုပ်သမား မိန်းကလေးများ ပြောဆိုသမျှကို လေ
သချာချာ နားထောင်ရ၏။ မှတ်သားရ၏၊ ၎င်းတို့၏ လိုလား
ချက်နှင့် တောင်းဆိုချက်များကို မန်နေဂျာဦးမြကို သူသည်
င်ပြရပေဦးမည်၊ တိုက်တွန်းပြောဆိုပေးတန်သည့်တို့ကို ဖေး
းမ ပြောဆိုရပေဦးမည်။

သူလည်း အလုပ်သမားများ၏ ယုံကြည်လေးစားခြင်းနှင့်
ခင်ကိုးစားခြင်းမျှကိုသာ ခံရသည်မဟုတ်၊ မန်နေဂျာ ဦးမြ
င့် အလုပ်ရှင် ဦးတင်ထွန်းတို့၏ ယုံကြည်အားထားခြင်းကိုပါ
ရရှိသောသူတစ်ယောက်ဖြစ်လေ၏။

အလုပ်ရှင်များက ၎င်းတို့အလုပ်များ အရေးတကြီး ဖြစ်
ာသော အခါများတွင် လည်းကောင်း၊ အရင်တလိုအခါ
ားတွင်လည်းကောင်း၊ သက်ဆိုင်ရာ မိုမင်လူကြီးများကို တစ်
း တစ်ယောက်ချင်း တွေ့ဆုံစကားပြောနေတော့တဲ စာပြင်
ရာကိုသာ အလုပ်သမားများ၏ ခေါင်းဆောင်ကြီးအဖြစ်ဖြင့်
သိအမှတ်ပြု ဆက်ဆံဘတ်ကြလေသည်။

'ဘုတ်နဲ့ကော်ပိုရေးရှင်းတွေက လက်ခံထားတဲ့အလုပ်တွေကို
ရေးတကြီး ပြန်အပ်ဖို့ လိုနေတယ်ကွယ့် မောင်သစ္စာ၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တော့ အလုပ်သမားတွေ အိုဘာတိုင်းဆင်းပေးဖို့ ကြည့်ပြေ ပေးပါဦး'

မန်နေဂျာ ဦးမြက ထိုသို့ တောင်းပန်ပြောဆိုခြင်း တတ်သည်။

'ဒီလို အရေးတကြီးဖြစ်နေရင်လဲ အလုပ်သမားတွေနဲ့ ကျွ တော် တိုင်ပင်လိုက်ပါရစေဦးလား ဦးလေးမြ'

သူသည် စကားကိုလွန်အောင်မပြောတတ်ချေ။ သို့ရာတွ အလုပ်ကိုကား တိကျအောင် လုပ်ပေးလိုက်တတ်သည်။ ထို ကြောင့် ဦးမြနှင့် ဦးတင်ထွန်းတို့က သူ့ကို များစွာအားထာ လာကြသည်။ လေးစားခင်မင်လာကြသည်။

အလုပ်သမားများအားလုံးကလည်း သူ့ကိုသာ 'ကိုသစ္စာ ကိုသစ္စာ' နှင့် အစစအရာရာတွင် ယုံကြည် အားထားကြသကဲ့ မန်နေဂျာနှင့် တိုက်ရှင်ကလည်း 'မောင်သစ္စာ... ကိုသစ္စာ' သူ့ကိုသာ အားကိုးအားထား ပြုနေကြသည်။

'ဒီမောင်သစ္စာဆိုတဲ့သူငယ် တိုက်ကိုရောက်လာပြီးကတည်း က အလုပ်သမားတွေ တော်တော်ကလေး စည်းကမ်းရှိ ပျော်ပျော်ရွှင်ရွှင်ဖြစ်လာကြတယ်'

ဦးမြက ၎င်း၏သူဌေးကို ထိုကဲ့သို့ အစီရင်ခံလေသည်။

'ဟုတ်တယ်...ဦးမြ၊ တိုက်ကြီးတစ်တိုက်လုံး စိုစိုပြည်ပြ ဖြစ်လာတာက ကျွန်တော်လဲ သတိပြုမိပါတယ်၊ ဒါကြော ကိုသစ္စာလို လူကောင်းတစ်ယောက်ကို ကျွန်တော်တို့ လက် မလွှတ်ရအောင် သတိထားဖို့တော့ လိုလိမ့်မယ် ထင်တယ်'



ဦးတင်ထွန်းကလည်း ထိုကဲ့သို့ စိုးရိမ်တကြီး ပြောဆိုလေသည်။

'အလုပ်အကိုင် တွေ ဘက် ကလဲ သိသိသာသာကြီး တိုးတက်လာတယ်၊ သူ အလုပ်ဝင်တဲ့ လကစပြီး လစဉ် လစဉ် ကျွန်တော်တို့အတွက် ဝင်ငွေဟာ သိသိသာသာကြီးတိုးတက်လာတာကို သတိထားမိသလားတော့ မပြောတတ်ဘူး၊ ပထမလ တစ်ထောင့်နှစ်ရာလောက်ပိုလာတယ်၊ ဒုတိယလကျတော့ နှစ်ထောင့်တစ်ရာ၊အခုကျန်ခဲ့တဲ့တတိယလမှာ နှစ်ထောင့်နှစ်ရာလောက် ပိုလာဘယ်'

'ကျွန်တော် သတိထားမိပါတယ် ဦးမြရဲ့'

'ဒါကို မောင်သစ္စာကလဲ သိတယ်နဲ့တူတယ်၊ ဒါကြောင့် လွန်ခဲ့တဲ့ သုံးလေးရက်က စကားပြောကြရင်း အလုပ်သမားတွေအတွက် သက်သာချောင်ချိမှု တစ်ခုခု လုပ်ကိုင်ပေးဖို့ ကျွန်တော့်ကို အကြံပေးသေးတယ်'

'ကြည့်ကြတာပေါ့ဗျာ'-

အလုပ်ရှင်များဘက်က ထိုကဲ့သို့ပြောဆိုလျက် ရှိနေကြသကဲ့သို့ အလုပ်သမားများဘက်ကလည်း ၎င်းတို့အချင်းချင်း ပြောဆိုနေကြလေသည်။

'တို့အလုပ်သမားတွေအတွက် တိုက်ရှင်တွေက သက်သာချောင်ချိမှုရံပုံငွေထားပေးဖို့ ကိုသစ္စာက မန်နေဂျာကြီးကိုပြောထားပြီတဲ့ကွ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုသစ္စာကသာ ပြောရင်' မန်နေဂျာကြီးက သူဌေးကို ပြန်ပြောပြမှာပေါ့၊ ကိုသစ္စာက စ လိုက်တဲ့ကိစ္စမှန်း သိရင် သူဌေးကလဲ ငြင်းဂုံ့မယ်တော့ မထင်ပါဘူးဗျာ'

'သူဌေးက မန်နေဂျာထက် ကိုသစ္စာကိုပိုပြီး လေးစားပုံ ရတယ်ဗျ၊ ဖြစ်ပါစိမ့်မယ်ကွာ'

သစ္စာလမ်း၌ရှိသောသီရိမင်္ဂလာစာပုံနှိပ်တိုက်တွင် အလုပ်ဝင်ရောက်လုပ်ကိုင်ပြီးနောက် သုံးလသာသာခန့်မျှကို အကြာတွင် သူ့ကို တိုက်ရှင်ဦးတင်ထွန်းနှင့် ၎င်း၏လူယုံတော် မန်နေဂျာဖြစ်သူ ဦးမြတို့ကသာလျှင်မဟုတ်၊ တစ်တိုက်လုံးရှိအလုပ်သမားအားလုံးတို့ကပါ စာပြင်ဆရာကလေး မောင်သစ္စာကို လေးလေးစားစား ခင်မင်လာကြလေသည်၊ အစစအရာရာ အားထားလာကြလေသည်။

## (၂)

ယင်းသို့ သီရိမင်္ဂလာစာပုံနှိပ်တိုက်တွင် စာပြင်ဆရာအနေနှင့် အလုပ်ဝင်လုပ်နေခဲ့ရာ လေးလခန့်အကြာတွင်ကဗျာဆရာမောင်သစ္စာသည် အဘယ်ကဲ့သို့မျှမမျှော်လင့်နိုင်သော အဖြစ်အပျက်ကြီးတစ်ခုနှင့် တိုးရလေတော့သည်။

တစ်နေ့ခင်း အလုပ်အားလပ်ချိန်တွင် ယိုးဒယားဖိန်းချားကလေးတစ်ပုဒ်မှ အပိုဒ်သစ်ပိုဒ်ကို စာစီဘက်ဆိုင်ရာ ဖိုမင်နှင့် အလုပ်သမားများက အတင်းအဓမ္မ အတက်ခိုင်းနေကြသောကြောင့် မည်သို့မျှမငြင်းသာ၍ စာပြင်ဆရာသည် စာစီခန်းထဲ၌ စိန်ကြည်လျှံ အပိုဒ်ကို တက်ပေးနေခိုက် ဘယ်တုန်းကမှ စာစီခန်းအတွင်းသို့ မဝင်ဖူးသောဦးတင်ထွန်းသည် ဖြုန်းခနဲ စာစီခန်းတွင်းသို့ ဝင်ရောက်လာလေသည်၊ ထိုကဲ့သို့ ဖြုန်းခနဲ ဝင်ရောက်လာသောကြောင့် 'ပန်းခဟ ခန်ပတ်ပျိုး'ကိုတက်ရွေးနေသော စာပြင်ဆရာကို တွေ့သွားလေသည်။

'ဟင် ကိုသစ္စာ ခင်ဗျားသီချင်းလဲဆိုတတ်သလား'

ဟုအလုပ်ရှင်ကမေးလိုက်သောအခါ သူသည် အဘယ်သို့ ပြန်လည်ပြောကြားရမှန်းမသိချေ။

'ဆရာကလဲ ကိုသစ္စာဟာ သီချင်းကြီး သီချင်းခန့်တွေကို ဆိုတတ်ရုံတင်ဘယ်ကမလဲ'

ဟု စာစီဘက်ဆိုင်ရာ ဖိုမင်လူကြီး၏စကားမဆုံးမီ....

'ပီယာနိုးရော တယောရော ကောင်းကောင်းတတ်တယ် ဆရာ၊ ပြီးတော့ သီချင်းလဲ စပ်တတ်တယ်'

ဟု စာစီသမားတစ်ဦး က ၎င်းတို့၏စာပြင်ဆရာအကြောင်းကို ရွှန်းရွှန်းဝေသွားအောင် ဝင်ရောက် ပြောဆိုလိုက် လေသည်။

'ခင်ဗျား ဒါတွေတတ်မှန်း ကျုပ် စောစောကမသိတာ နာလိုက်တာဗျာ'

ဦးတင်ထွန်းက ပြောဆိုလိုက်လေသည်။

'ဒါလောက်လဲ မဟုတ်သေးပါဘူး ဦးတင်ထွန်းရယ်.... မတောက်တစ်ခေါက် တီးတတ် မှုတ်တတ်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ထုံးစံအတိုင်း ခပ်လျှိုလျှိုခပ်ဝှက်ဝှက် ပြောဆိုလေသည်။

သို့ရာတွင် စာပြင်ဆရာက အဘယ်သို့ပင် ဖုံးဝှက်နေကာမူ ၎င်း၏တပည့်ကျော်များက ဖော်ကြလေသည်။

'ကိုသစ္စာပြောတဲ့စကားကို အဟုတ်ယုံမနေနဲ့ဆရာ၊ သူက သူ့ကိုယ်ကို သိပ်ဖုံးတတ် ကွယ်တတ်တာ'

ဟု စာစီဖိုမင်လူကြီးက ပြောဆိုရှိအပြီးတွင်....

'ကိုသစ္စာက အဲဆိုလဲအဆိုကောင်းဆရာရဲ့၊ တစ်လောက နေ့ခင်းဘက် ကျွန်တော်တို့တစ်တွေကဝိုင်းပူကြတာနဲ့ သာဆန်းရဂုံ တွေပတ်ပျိုးကြီးကို အတီးမပါဘဲ ဆိုပြတာ သိပ်နားထောင်လို့ကောင်းတာ'

စာစီသမားက နောက်ထပ် ဆက်လက်၍ ဖော်ကောင်လုပ်လိုက်ပြန်လေသည်။ ထို့ကြောင့် စာပြင်ဆရာသည် ဘာမျှ ပြောဆိုခြင်းမပြုနိုင်တော့ဘဲ ငြိမ်နေလိုက်ရလေသည်။

'ခင်ဗျားနှယ်ဗျာ၊ ဒီလိုပညာတွေ တတ်ထားရက်နဲ့တောင် ကျုပ်ကိုဖုံးဖိုက်နေတာများ အံ့ပါရဲ့ ကိုသစ္စာရယ်'

ဟု ဦးတင်ထွန်းက အပြစ်တင်သောလေသံဖြင့် ပြောဆိုလိုက်သောအခါ....

'ဒီပညာတွေကို ကျွန်တော်တတ်နိုင်ရင် မေ့ထားချင်လို့ပါ ခင်ဗျာ'

ဟု စာပြင်ဆရာက မျက်နှာငယ်ကလေးနှင့် ပြန်လည်ပြောဆိုလိုက်လေသည်။



'မေ့လို့မဖြစ်သေးဘူး ကိုသစ္စာ၊ ခင်ဗျားကို ကျုပ် အကူအညီတောင်းရလိမ့်ဦးမယ်'

ဟု ဦးတင်ထွန်းက ပြောလိုက်သောအခါ ကာဗျာဆရာဟောင်း မောင်းသစ္စာသည် မျက်လုံးများ ပြူးကျယ်သွားလေသည်။ ထိုအခန်းထဲမှ လွတ်ရာကျွတ်ရာနှင့် ဝေးရာအရပ်သို့ ထွက်ပြေးချင်စိတ်များလည်း တဖွားဖွား ပေါ်ပေါက်နေပုံရလေသည်။ သို့ရာတွင် သူသည် ယခု အခြေအနေသို့ ရောက်ရှိနေကာမှ အဘယ်သို့ ပြေးနိုင်ပါမည်နည်း။

'ကျုပ်နဲ့လိုက်ခဲ့စမ်းပါဦးဗျာ၊ အေးအေးဆေးဆေး စကားပြောရအောင်'

ဟု ဦးတင်ထွန်းက ပြောဆိုကာ ထွက်သွားသောအခါ အဘယ်သို့မျှ ရှောင်ကွင်း၍မှုလည်း မဖြစ်တော့သောကြောင့် သူသည် လေးလေးလံလံနှင့်ထလိုက်သွားရလေ၏။

ဦးတင်ထွန်း၏ အလုပ်ခန်းအတွင်းသို့ ရောက်သောအခါ သူသည် ဖင်မပါသော လူတစ်ယောက်လို ရပ်နေပြန်သဖြင့်....

'ထိုင်စမ်းပါဦးဗျ ကိုသစ္စာရဲ့'

ဟု အလုပ်ရှင်ဇာပင် ပြောဆိုယူရလေသည်။

အလုပ်ရှင်၏ စားပွဲရှေ့တွင် သူသည် ထိုင်ကာ ဦးခေါင်းကို ငုံ့ထားလေ၏။

'လာမယ့် လဆန်းမှာ ကျုပ်တို့အိမ်မှာ ဘုရားကိုးဆူပွဲလုပ်မလို့ဗျ ကိုသစ္စာ၊ ဒီအတွက် ခင်ဗျားကို လူရင်းတစ်ယောက်အနေနဲ့ အကူအညီတောင်းရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုးဆူသိသော ဝေါဟာရကို ကြားလိုက်ရသော အခါ သူ၏မျက်လုံးများသည် ပြူးကျယ်၍သွားလေသည်။ စာပြင်ဆရာ၌ အတိတ်ရှိခဲ့ဖူးလေသည်။

ဘုရားကိုးဆူ ကပ်လှူပွဲတစ်ခုတွင် သူသည် လူ့လောက၏ အကြီးဆုံးသော စစ်ပွဲကြီးတစ်ပွဲကို မတိုက်ခိုက်ရဘဲနှင့်လက်နက်ချ အရှုံးပေးလိုက်ခဲ့ဖူးသည် မဟုတ်လော၊ ဆုံးရှုံးလိုက်ရသော စစ်ပွဲကြီးတစ်ပွဲ၏အကြောင်းကို အဘယ် ဗိုလ်ချုပ်သည်မျှ သတိအာပေးမခံလိုကြချေ၊ သို့ရာတွင် သူသည် ဗိုလ်ချုပ်ကား မဟုတ်တော့ချေ၊ ဘီရိမင်္ဂလာစာပုံနှိပ်တိုက်ရှင် ဦးတင်ထွန်း၏ လခစား အလုပ်သမားတစ်ယောက်မျှသာ ဖြစ်လေသည်တကား။

'ည္ဍေခံတီးဝိုင်းတစ်ခုကို ခင်ဗျားစီစဉ်ပေးရလိမ့်မယ်ကိုသစ္စာ၊ အဲဒွေ့ဘုန်ကျစဉ်တ်အတွက် ကျုပ်ကို ခင်ဗျားက စာရင်းပြတာပေါ့ ဟုတ်လား'

ဦးတင်ထွန်းက စိတ်အားထက်သန်စွာ ပြောဆိုလျက် ရှိပေသည်။

သူသည် ဘာမျှတော့ ပြန်မပြောနိုင်ချေ၊ ဦးတင်ထွန်းကိုသာ ကလေးသူငယ်တစ်ယောက်လို မော့ကြည့်နေသည်။

'ကျုပ်အိမ်မှာတော့ ကျုပ်မိန်းမတီးတဲ့ ပီယာနိုးတစ်လုံးရှိတယ်၊ အမျိုးကောင်းထဲကပါ၊ သုံးထောင်ကျော်ကျော်တောင် ပေးထားရတယ်'

အလုပ်ရှင်သည် အားတက်သရော ဆက်လက် ပြောဆိုနေသည်။



သူကတော့ နားထောင်သူသက်သက်မျှသာ ဖြစ်နေ၏။

'သီချင်းအသစ်တစ်ပုဒ်လောက်တော့ ခင်ဗျားကိုယ်တိုင် စပ်ပေါ့ဗျာ ဟုတ်သလား ကိုသစ္စာ၊ အဆိုတော် ကောင်းကောင်းတစ်ယောက် ရှာလို့ရရင်လဲ ရှာစေချင်တယ်၊ ဒါတွေ ပြောနေတာကြာလှပါပြီဗျာ၊ ခင်ဗျားကို ဒီကိစ္စအတွက် တာဝန်လုံးလုံးလွှဲလိုက်ပြီဗျာ၊ ပြီးတော့ ငွေတစ်ရာလောက်လဲ လိုသုံးလိုမယ် ဆိုရင် ယူသွားပေါ့နော်....ဟုတ်လား ကိုသစ္စာ'

ထိုသို့ စိတ်အားထက်သန်စွာ ပြောဆို ခိုင်းစေပြီးနောက် ဦးတင်ထွန်းသည် ၎င်း၏အံဆွဲထဲမှ တစ်ရာတန်ငွေစက္ကူတစ်ရွက်ကို ထုတ်ကာ စာပြင်ဆရာအား လှမ်း၍ ပေးလေသည်။

သူသည် ထိုတစ်ရာတန်ငွေစက္ကူကိုမယူချေ၊ ငေး၍ကြည့်နေသည်။ သူသည် ထိုငွေနှင့် တာဝန်များကို လက်ခံရမှာ အလွန်ဘာရ ထိတ်လန့်တုန်ရိမ်နေပုံရလေသည်။

'ယူလိုက်စမ်းပါ ကိုသစ္စာရယ်၊ ကျုပ်မှာ တခြား အရေးကြီးတဲ့ အလုပ်တွေရှိနေလို့ သွားရဦးမယ်ဗျ'

ဟု ပြောပြောဆိုဆိုနှင့် ဦးတင်ထွန်းက ငွေတစ်ရာတန်စက္ကူကို သူ၏ လက်ထဲသို့ အတင်းထိုးပေးသွားခဲ့ပြီးနောက် အပြင်သို့ အရေးတကြီးထွက်သွားသဖြင့် ကဗျာဆရာ မောင်သစ္စာသည် ငုတ်တုတ်ကြီး ကျန်ရစ်ခဲ့လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

ဘုရားကိုးဆူကာပ်လှူပွဲတစ်ခုတွင် သူသည် အသည်းလေ
ကျွမ်းခဲ့ရသော လူတစ်ယောက်ဖြစ်လေသည်။ ထိုပွဲသဘင်
မှောင်ရိပ်များအောက်ဝယ် တိုက်ခိုက်ခြင်း မပြုရသေးသော
စစ်ပွဲတစ်ပွဲကို လက်နက်ချ အရှုံးပေးခဲ့ရသူတစ်ဦးလည်း ဖြ
လေ၏။ ထို့ကြောင့် ကြေးရတ်တက်နှင့် အထက်တန်းလွှာများ
ထိုဘုရားဝတ်ပြုပွဲနှင့် ပတ်သက်၍ သူသည်ဘာတစ်ခုမျှ ကြ
နာလိုသူတစ်ယောက် မဟုတ်ချေ။

သူသည် ကဗျာကိုချစ်သလို ဂီတကိုလည်း တပ်မက်ချစ်
ခဲ့ဖူးသော လူငယ်တစ်ဦးဖြစ်လေ၏။ တကယ်ဆိုတော့ ကဗျာနှ
ဂီတတို့သည် လက်ာတည်းဟူသော ပင်မကြီးမှ ဖျာထွက်လာ
သော အကိုင်းနှစ်ကိုင်းပင် မဟုတ်သလော။ သူ၏ကဗျာ
နားရိုင်းသော်လည်း သူ၏ဂီတကို အံ့ဩသော သူတစ်ယော
လည်း သူ့တွင်ရှိဖူးသည်။ သို့ရာတွင် ထိုသူတစ်ယောက်လုံး
သူ့ကို ကျောခိုင်းခြင်း ပြုသွားပြီးကတည်းက သူသည်
အနုပညာနှင့် အတတ်ပညာတို့ကို စိတ်နာနာနှင့် စွန့်လွှတ်ထ
သူတစ်ယောက်ဖြစ်လေသည်။

သူသည် ဂီတဘကြောင်းကို မကြားချင်တော့။ တူရိယာ
များကိုလည်း ပြန်လည်ကိုင်တွယ်ဖို့ကား ဝေးလေစွ။ ပြန်လှ



မျှပင် ကြည့်ရှုခြင်း ပြုလိုသော သူတစ်ဦး မဟုတ်ချေ။ စိတ်
ကြည်းလျက်ရှိလေသည်။

သို့ရာတွင် သူနာကြည်းခဲ့သော ထိုဘုရားဝတ်ပြုပွဲသဘင်နှင့်
နိုပစ်ထားခဲ့မသော အတတ်ပညာတို့ကို ပြန်လည်ရင်ဆိုင်ခြင်း
ရန်အတွက် ထမင်းရှင် ဦးတင်ထွန်းက အသင်းအကျပ်
ကာင်းဆိုခြင်းပြုလေသည်။ တ၂ဝန်များကိုလည်း လွှဲအပ်
ားလေပြီ။

သူသည် ဘာလုပ်ရမည်နည်း။

အလုပ်ရှင်ဖြစ်သော သူဌေး၏နေအိမ်တွင် ဆင်ယင်ကျင်းပ
ည်ဖြစ်သော ဘုရားကိုးဆူကပ်လှူပွဲသို့ သူသည် အနည်းငယ်မျှ
ွားခြင်းမပြုလိုချေ။ ထို့အတူ သူ၏ အတတ်ပညာကိုလည်း
ိုပွဲသဘင်၌ အနည်းငယ်မျှ အသုံးမပြုလိုတော့ချေ။ သို့ရာတွင်
ူ၏အပေါ်၌အစစအရာရာတာဝန်လွှဲအပ်သွားလေပြီဖြစ်သော
ီးတင်ထွန်း၏ စေခိုင်းချက်ကို သူသည် အဘယ်သို့ လွန်ဆန်
ခြင်းပြုနိုင်ပါမည်နည်း။ သူဌေးသည် သူ့ကို လက်အောက်ငယ်
သား သို့မဟုတ် ၎င်း၏ အလုပ်သမားတစ်ဦးအနေနှင့်အပေါ်
းယူကာ ခိုင်းနေခြင်းကားမဟုတ်ချေ။ ပညာသည်တစ်ဦးကို
လေးလေးစားစား အကူအညီတောင်းသည့် အနေနှင့် တောင်း
ဆို စေခိုင်းခြင်းမျှသာဖြစ်လေသည်။

သူသည် အဘယ်သို့ ရှောင်ကွင်း ထွက်ပြေးရပါမည်နည်း။
ပြေးစရာလည်း မမြရှိသော ဘဝအခြေတွင်သာ ဖြစ်လေသည်
တကား။

www.burmeseclassic.com



မည်ကဲ့သို့မျှ ရှောင်ကွင်းခြင်း ပြု၍ မဖြစ်နိုင်တော့သ
အဆုံး၌ သူသည် အလုပ်အားလပ်သော ညနေဘက်
ရေကျော်ဘက်သို့ လေးကန်စွာ ထွက်လာခဲ့ရသည်။ ရေ
ချောင်ခပ်ကျကျ တစ်နေရာတွင် သူ၏ သူငယ်ချင်း စန္ဒရားဆ
တစ်ယောက် နေထိုင်လေသည်။ သူအရေးပေါ်လာတော့မှ
ထိုသူငယ်ချင်းများကို သတိရကာ ထိုသူ၏ နေအိမ်သို့ အား
အားထားပြုရန် ထွက်လာခြင်း ဖြစ်လေသည်။

စန္ဒရားဆရာ သူငယ်ချင်း၏ အိမ်မှာ ခပ်ကုပ်ကုပ် ခ
အိမ်ကလေးတစ်လုံး ဖြစ်လေသည်။ ဂျပန်လုပ် တစ်ပတ်
စန္ဒရားကြီးတစ်လုံးမှလွဲ၍ အိမ်ထောင်ပရိဘောဂများပင် ကော
ကောင်းမွန်မွန် မရှိရှာချေ။

'ဟာ—ကိုအောင်မြင့်ပါလား၊ ခင်ဗျား တစ်ယော
ပျောက်ချက်သား ကောင်းလိုက်တာဗျာ၊ နေပဲ နေနိုင်လွန်း
တယ်'

ဆေးပေါ့လိပ်တိုကို မီးခိုးတထောင်းထောင်း ထနေအော
ဖွာနေရင်းက အိမ်ရှင် စန္ဒရားဆရာက ၎င်း၏ အိမ်ကလေ
အတွင်းသို့ ခပ်လေးလေး ဝင်လာသောလူကို နှုတ်ဆက်သည်
'ဒါတွေ ဘေးဖယ်ထားစမ်းပါဦးဗျာ၊ ကျုပ်မှာ အ
တကြီး အကူအညီတောင်းစရာရှိလို့ ခင်ဗျားဆီကို လာတာ
သူသည် စန္ဒရားနှင့် မလှမ်းမကမ်းတွင်ရှိသော ခုံတန်းလ
ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ရင်း လိုရင်းကို ပြောဆိုလိ
သည်။



'ခင်ဗျား လာကတည်းက တစ်ခုခု ခိုင်းစရာရှိလို့ လာတယ်ဆိုတာ ကျုပ်သိပြီးသားပါဗျာ'

စန္ဒရားဆရာသည် စန္ဒရားထိုင်ခုံတွင် ထိုင်ရင်း ခပ်ထေ့ထေ့ ပြောဆိုလေသည်။

'ဘုရားကိုးဆူပွဲတစ်ပွဲအတွက် ကျုပ် တာဝန်ယူခဲ့ရလို့ဗျာ၊ အဲဒါ ကျုပ်က ဘာစပြီး ဘာလုပ်ရမှန်းမသိဘူး'

'ခင်ဗျားဟာက လွယ်လွယ်ကလေးပါဗျ ကိုအောင်မြင့်ရဲ့'

'ဘယ်လို လွယ်တာလဲဗျ'

'ဘာကစလို့ ဘာလုပ်ရမှန်း မသိရင်လဲ မလုပ်ဘဲ နေလိုက်ရုံပေါ့ဗျာ'

'အတည်ပြောနေတာပါ ကိုယ့်လူရ၊ ကျုပ်သူဌေးက အတင်းခိုင်းလိုက်လို့ပါ'

'အဆိုတော်ကလေးတစ်ယောက်ရှာပြီး ထူးမခြားနား တီးပေးလိုက်ပါလားဗျ'

'ထူးမခြားနားနဲ့ မဖြစ်လို့ ပြောတာပေါ့ဗျာ၊ သူဌေးက ကျုပ်ကို သီချင်းအသစ်တစ်ပုဒ်လောက် အစပ်ခိုင်းထားတယ်၊ ဒါပေမယ့် ကျုပ်က ဒီအလုပ်ကိုပစ်ထားတာကြာတော့ ဘာကစရမှန်း မသိပါဘူးဗျာ'

'ဒီလိုဆိုရင် ခင်ဗျား တစ်ခါတုန်းက ကျုပ် စန္ဒရားနဲ့ လာသင်ဖူးတဲ့ ဟိုသီချင်းလို လုပ်လိုက်ပါလားဗျ'

'ဘယ်သီချင်းလဲဗျ၊ ပြောစမ်းပါဦး'

'နေထွက်သောညဆိုတဲ့ သီချင်းလေ၊ ဒီသီချင်းကို အသံသွင်းရုံကလဲ မလွှင့်သေးဘူး မဟုတ်လား'

www.burmeseclassic.com

သူသည် ငိုင်၍သွားလေသည်။

သူသည် ထိုသီချင်း တစ်ပုဒ်ကို မေ့ပျောက်ထားသည်မှာ ကြာပေပြီ။ တကယ်ဆိုတော့ ထိုသီချင်းသည် နေထွက်သောည မဟုတ်ချေ။

မိုးမလင်းသောညမျှသာ ဖြစ်လေသည်တကား။

'အဲဒီသီချင်းဟာ ခင်ဗျားစပ်တဲ့သီချင်းတွေထဲမှာ အကောင်းဆုံးလို့ ထင်တာပဲ'

သူသည် သက်ပြင်းကို ရှည်ရှည်လျားလျား ချလိုက်လေသည်။ ထိုသီချင်းကို အတိတ်၏ တစ်ချိန်က မြှုပ်နှံထားခဲ့ပြီး ဖြစ်သော်လည်း ပစ္စုပ္ပန်အခြေအနေအရ ပြန်လည် တူးဖော်ခြင်း ပြုဖို့ ဖြစ်လာလေပြီတကား။

သူသည် အတန်ကြာမျှ ငိုင်နေပြီးမှ....

'ခင်ဗျား လက်ထဲမှာကော အဆိုတော်ကလေးတစ်ယောက်လောက် မရှိဘူးလားဗျ'

ဟု မေးမြန်းလိုက်သည်။

'တီးဝိုင်း ဖြတ်ထားတာ တော်တော်ကလေး ကြာနေလို့ ကျုပ်မှာတော့ လွယ်လွယ်ကူကူ မရှိဘူးဗျ ကိုမောင်မြင့်'

စန္ဒရားဆရာက အားနာနာနှင့် ပြန်၍ပြောလိုက်သည်။

သူသည် ထိုင်ရာမှ ထလိုက်လေသည်။ ထို့နောက် သက်ပြင်းကို ခပ်လေးလေးချရင်း...

'ကျုပ် ထွက်ရှာလိုက်ဦးမယ်ဗျာ၊ ရလာတော့မှပဲ ခင်ဗျားစန္ဒရားနဲ့ လာတက်ပေးရဦးမယ်'



ဟု ပြောဆိုကာ စန္ဒရားဆရာ၏ အိမ်ကလေးအတွင်းမှ ပြန်ထွက်လာခဲ့ရသည်။

•

(၄)

အဆိုတော်မိန်းကလေးတစ်ယောက်ကို သူသည် အဘယ်သို့ လိုက်လံရှာဖွေခြင်း ပြုရပါမည်နည်း။ ကြာလေပြီ၊ သူသည် စဉ်းစား၍မရချေ။

နောက်ဆုံး၌ စိတ်ပျက်ပျက်နှင့် သူ၏ ဒိုရင်းသို့ ပြန်၍ သယ်လာသည်။ သူသည် ဗန္ဓုလပန်းခြံအဝင်ဝတွင် ရပ်လိုက်သောအခါ တော်တော်ကလေးပင် မှောင်စပြုနေလေပြီ။

ပန်းခြံအဝင်အဝတွင် ဝင်း၏ ဝမ်းတစ်ထွာအတွက် မြေပဲလှော်များ ရောင်းနေသော အဒေါ်ကြီးကို သူသည် တစ်ချက်မျှ စောင်းငဲ့ကြည့်ရှုပြီးနောက် ပန်းခြံအတွင်းသို့ ဝင်လာခဲ့သည်။

ဗန္ဓုလပန်းခြံသည် ယခင်ကနှင့် မတူ၊ လူသူရှင်းလင်းကာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။ ထို့ကြောင့် သူသည် တစ်ယောက်သော အဆိုတော်ကို စဉ်းစားရှာဖွေရန် လွတ်လပ်ရေး ကျောက်တိုင်ကြီးပေါ်သို့ တက်လာခဲ့လေသည်။ ထို့နောက် သူ ယခင်က လဲလျောင်းနေကျ နေရာတွင် ခြေဆင်းလက်ပစ် ထိုင်ချလိုက်သည်။ ထိုသို့ ထိုင်ချလိုက်စဉ် ကျောက်တိုင်၏

www.burmeseclassic.com



တစ်ဖက်ထောင့်မှ မိန်းကလေးတစ်ယောက် ခပ်တိုးတိုး ခပ်အေးအေး သီချင်းညည်းနေသံကို ကြားလိုက်ရသည်။

သီချင်းသည် အတိတ်ကို နာကြည်းလှသည့် အကြောင်းဖွဲ့နွဲ့ရေးစပ်ထားသော သီချင်းတစ်ပုဒ် ဖြစ်လေသည်။ ထိုသီချင်းကို ညည်းတွားသီဆိုနေသော မိန်းမပျိုသည် အူထဲ အသည်းထဲကပါ လှိုက်လှိုက်လှဲလှဲ ဖြစ်ကာ သီဆိုညည်းတွားနေပုံ ရလေသည်။

နားထောင်၍ ကောင်းလှသဖြင့် သူသည် ထိုသီချင်းကို ငြိမ်သက်စွာ နားထောင်နေမိလေသည်။ ထိုသို့ နားထောင်နေရင်းက ထိုသီချင်းရှင်ကိုပင် တွေ့လို မြင်လိုစိတ်များလည်း တဖွားဖွား ပေါ်ပေါက်လာလေသည်။

အချိန်မဟုတ် နေရာမဟုတ်တွင် အတိတ်ကို လာရောက်ငိုချင်းချနေသောသူကား အဘယ်သူနည်း။

သူသည် သူ၏ကိုယ်ကို ထိန်းသိမ်းချုပ်ဟည်းခြင်း မပြုနိုင်တော့သဖြင့် ထိုင်နေရာမှ ထလိုက်သည်။ ထို့နောက် ကျောက်တိုင်၏ တစ်ဖက်ဘေးတွင် ထိုသီချင်းတစ်ပုဒ်ကို လှိုက်လှိုက်လှဲလှဲ ညည်းညူနေသော မိန်းမပျိုရှိရာသို့ လျှောက်သွားခဲ့လေသည်။

'ဟင်....ကိုသစ္စာ'

မြင့်သည် ဝမ်းနည်း ဝမ်းသာ သူ့ကို လှမ်း၍ နှုတ်ဆက်ခြင်း ပြုလိုက်သည်။

သူသည် မြင့်ကို အတန်ကြာမျှ စူးစိုက်ကြည့်နေမိသည်။ ဘာမျှတော့ကား မပြောနိုင်ချေ။



'ရှင့်ကို တွေ့ချင်တာနဲ့ မြင့် ဒီမှာလာစောင့်တာ တော်တော်ကြာပြီ'

မြင့်သည် ထိုင်ရာမှ ဖြည်းညင်းစွာထရင်း ပြောဆိုလေသည်။

'ဟင်....ကျုပ်ကို မြင့် ဒီနေရာမှာ လာလာစောင့်နေတာ တော်တော်ကြာနေပြီ ဟုတ်လား'

သူက ပြန်၍ မေးလိုက်သည်။

'ရှင် အလုပ်ရပြီပြောပေမယ့် ဘယ်မှာမှန်းမသိတော့ ရှင်လာနေကျ ဒီနေရာကလေးကို တစ်နေ့နေ့တော့ ပြန်လာကောင်းဆိုပြီး လာစောင့်တာပါ'

သူသည် သက်ပြင်းကို ခပ်ရှည်ရှည်ကလေး ချလိုက်သည်။ အလုပ်ရပြီးကတည်းက သူသည် သည်နေရာသို့ တစ်ခါ တစ်ခေါက်မှ ပြန်မရောက်တော့ပါတကား။

'ဘုဘာရုံဘေးက ထမင်းဆိုင်ကလေးမှာလဲ မြင့်သွားသွားမေးကြည့်တယ်၊ ဟိုအလုပ်သမား အဘိုးကြီးနဲ့ပဲ တွေ့တယ်၊ အဘိုးကြီးကလဲ မြင့်တို့နှစ်ယောက် အတူတူ ထမင်းစားပြီးကတည်းက နောက်ထပ်လာတာ တစ်ခါမှ မတွေ့မိဘူးလို့ ပြန်ပြောတယ်'

သူသည် မြင့်ကိုသာ ငေးစိုက်၍ ကြည့်နေမိသည်၊ ဘာတစ်ခွန်းမှုလည်း ပြန်လည်ပြောဆိုခြင်း မရှိချေ။

'ရှင်လဲ အလုပ်ကလေး အကိုင်ကလေးရတာနဲ့ဘဝကပြောင်းသွားလို့ ကျောက်တိုင်နဲ့ ထမင်းဆိုင်ကလေးကိုရော မြင့်နဲ့ ဟိုအလုပ်သမားဟောင်း အဘိုးကြီးကိုကော မေ့သွားပြီနဲ့ တူပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



မြင့်က ရယ်သလိုမောသလိုနှင့် စကားနာထိုး ပြောဆိုလိုက်ပြန်လေသည်။ သူသည် မြင့်ပြောသမျှကိုသာ နားထောင်နေသည်။ သို့ရာတွင် မြင့်ပြောနေသော အကြောင်းအရာများကို ကြားမှ ကြားလေသလားတော့ မပြောနိုင်ချေ။ သူသည် မြင့် ခပ်စောစောက ခပ်တိုးတိုး ခပ်အုပ်အုပ်ကလေး ညည်းညူနေသော သီချင်းကလေးအကြောင်းကိုသာ စဉ်းစားနေလေသည်။

'မြင့် ကုန်ခဲ့တဲ့သက ရွာကို ခဏ ပြန်သွားသေးတယ် ကိုသစ္စာ'

မြင့်က အကြောင်းအရာ အသစ်တစ်ခုကို ပြောဆိုလာသည်။

'ဪ...ရွာကိုပြန်သတဲ့လား၊ ရွာက ဘယ်မှာလဲ'

သူက ပြန်၍ မေးမြန်းလိုက်သည်။

'သထုံဘက်မှာရှင့်၊ ဒါပေမယ့် ရွာမှာပြန်နေဖို့ မလွယ်ဘူး ပါဘူး ကိုသစ္စာရယ်'

'ဘာပြုလို့လဲဟင်'

'စစ်မြေပြင်ဖြစ်နေဆိုဘာ ရှင်မကြားမိဘူးလား'

'ဪ... ဒါကတော့ ကြာပဲကြာလှပကော'

'အခုပိုပြီးဆိုးတယ်ကိုသစ္စာ၊ လုပ်စားကိုင်စားဖို့တောင် ခပ်ကျပ်ကျပ်ပဲရှင့်'

'ဒါထက် ခပ်စောစောက မြင့် ခပ်တိုးတိုးလေးညည်းနေတဲ့ သီချင်းက မြင့်တို့ရွာရဲ့ အကြောင်းများလားဟင်'

သူသည် သူစိတ်ဝင်စား သိရှိလိုသော အကြောင်းကို မေးမြန်း ပြောဆိုလိုက်မိသည်။



'ရွာရဲ့အကြောင်းတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မြင့်ရဲ့ အကြောင်းတွေနဲ့သဲ တိုက်ဆိုင်နေလို့ သဘောကျတာနဲ့ ညည်းမိတာပါ'

'မြင့်တို့ရွာမှာ မြင့်ရဲ့ အတိတ်များ ရှိခဲ့ဖူးသလား'

သူသည် မိန်းကလေးတစ်ယောက်၏ ကိုယ်ရေး ကိုယ်တာ ကိစ္စကြီးတစ်ခုကို ပွင့်ပွင့်လင်းလင်း မေးမြန်းလိုက်လေသည်။

'မြင့်ရဲ့အတိတ်က ရွာမှာမှမဟုတ်တဲ ကိုသစ္စာရဲ၊ ရန်ကုန် တမာရွက်မှာပါ'

မြင့်က ထိုကဲ့သို့ ပြောဆိုလိုက်သောအခါ တစ်ကြိမ်သော အခါက သူ၏ 'လှည်းတန်းထိပ်မှ ညအချို့' ဆိုသော ကဗျာ ကလေးကို နှစ်ခြိုက်လှသည့်အကြောင်း ချီးမွမ်း ပြောဆိုခဲ့ဖူး သော မြင့်၏စကားများကို သူသည် ပြန်၍ သတိရလာလေသည်။

သူသည်....

'ဪ....ဪ....ဪ'

ဟု ကိုယ်ချင်းစာနာ၍ အာမေဍိတ် ပြုလိုက်မိလေသည်။ လူ တိုင်းလူတိုင်း၌ အနည်းနှင့်အများဆိုသလို အတိတ်ရှိကြသည် မဟုတ်သလော၊ အသက်တစ်ရာ မနေရသော်လည်း အမှုအစ်ရာ ကိုတော့ တွေ့ရတတ်သည်ဟုလည်း ရှေးလူဟောင်းတို့သည် ဆို ထုံးပြုထားခဲ့သည် မဟုတ်ပါလော။

'မြင့်ရဲ့ အတိတ်က စိတ်နာကြည်းစရာ ကောင်းတယ် ကိုသစ္စာ၊ မြင့်ရဲ့ ပစ္စုပ္ပန်တို့ အဲဒီအတိတ်က ဖန်တီးခဲ့တာပဲ'

'ဪ....ဪ...ဪ၊ ကျုပ်နဲ့လဲတူလိုက်လေဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'မြင့် တမင်းလုံးတစ္ဆေ စံ့အချောက်ခံရတဲ့ညက ရှင့်ကို ဒီကျောက်တိုင်ကြီးဘေးမှာ လာတွေ့တာပေါ့'

မြင့်၏အသံသည် တစ်စထက်တစ်စ ငိုသံများ ပါလာသည်။

သူသည် မြင့်ကို အာရုံပြောင်းလဲပေးဖို့ သတိရလာသည်။ တကယ်ဆိုတော့ သူသည် ထိုကိစ္စကို စလိုက်သူ မဟုတ်သလော။ မိမိဇာတ်ကို မိမိပြန်၍ သိမ်းရပေလိမ့်မည်။

'ဒါနဲ့ မြင့် သီချင်း တော်တော်ဆိုတတ်တယ်နဲ့တူတယ် ဟုတ်လား'

နောက်ထပ်၍ သူအလိုရှိနေသော အကြောင်းအရာကိုစလိုက်သည်။

'ဘာဖြစ်လို့ ဒီမေးခွန်းကို မဆီမဆိုင်မေးနေရတာလဲကိုသစ္စာရယ်'

မြင့်က မကျေနပ်လှသော အမူအရာနှင့် ပြန်၍ မေးမြန်းလာသည်။

'သီချင်းဆိုတတ်ရင် မြင့်ကို ကိုသစ္စာ အကူအညီတစ်ခု တောင်းချင်လို့ပါ'

'ကိုသစ္စာအတွက်ဆိုရင် ဘာပဲလုပ်ပေးရ လုပ်ပေးရ အချိန်မရွေး နေရာမရွေး အဆင်သင့်ရှိပါတယ်ရှင်'

'တကယ်ပြောနေတာလားဟင် မြင့်'

စာပြင်ဆရာသည် ဝမ်းသာအားရ မေးမြန်းမိလိုက်သည်။

'မြင့်အပေါ်မှာ ကိုသစ္စာတစ်ယောက်က အထင်အမြင်သေးတုန်းပဲ ထင်ပါရဲ့ရှင်'



'ကိုင်း...ဒါဖြင့် မြင့် ကျုပ်နဲ့ ခုတစ်ခါတည်း လိုက်ခဲ့စမ်းပါ'

သူသည် မြင့်၏လက်ကို ဝမ်းသာအားရဖမ်းဆွဲကာ ခေါ်လေသည်။ မြင့်သည် ရုန်းကန်ခြင်းကား မပြုချေ။ သို့ရာတွင် သူ၏စကားနှင့် အကြောင်းကိစ္စကို နားမလည်သေးသောကြောင့်....

'မြင့် ခု ဘယ်ကိုလိုက်ရမှာလဲ ကိုသစ္စာရဲ့'

ဟု ပြန်မေးလေသည်။

'ရေကျော်ဘက်က ကျုပ်မိတ်ဆွေ စန္ဒရားဆရာရဲ့အိမ်ကိုပါ မြင့်ရဲ့'

'ကိစ္စကကောဟင်...ကိုသစ္စာ'

'မြင့်ကို သီချင်းတစ်ပုဒ် တက်ပေးချင်လို့ပါ'

'ဘာအတွက်လဲဟင် ကိုသစ္စာ'

'ကျုပ်သူဌေးရဲ့အိမ်က ဘုရားကိုးဆူပွဲမှာ မြင့်က သီချင်းဆိုပြီး ကူညီပေးဖို့ပါ'

'မြင့်တစ်ယောက်တည်းတော့ မဆိုရဲဘူး ကိုသစ္စာ'

'အို...ကိုသစ္စာက ပီယာနိုးတီးမှာပဲ'

'ကိုသစ္စာနဲ့ဆိုရင်တော့ မြင့် ဘာပဲလုပ်ရ လုပ်ရ'

မြင့်စကား၏ အနက် အဓိပ္ပာယ်သည် ကျယ်ဝန်းလှသည်တကား။

★

www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်ပြီးသောအမှု

(၁)

ဦးတင်ထွန်းနေအိမ်တွင် ကျင်းပဆင်ယင်သော ဘုရားကိုးဆူ ကပ်လှူပွဲသည် စည်ကားမြိုင်ဆိုင်လှပေသည်။ အပေါင်းအသင်း စင်ဆံ၍ ဗိမာန်ပြာသာဒ်ကျယ်ဝန်းခြင်းရှိသော ဦးတင်ထွန်းနေအိမ် ဘုရားဝတ်ပြုပွဲသို့ အစိုးရပိုင်းနှင့် ကုန်သည်ပိုင်းများမှ တော တော်ကလေး လာရောက်ကြလေသည်။ အိမ်ဝင်းအတွင်း၌ မော် တော်ကား ထားစရာနေရာမရှိတော့၍ အိမ်အပြင် လမ်းဘေး နားတွင် တသီတတန်းကြီး ရပ်ထားရသည်။

လူဌေး၏ အလှူအတန်းဖြစ်၍ စာပို့နှိပ်တိုက်မှ အလု သမားများအားလုံးလိုလို သူ့နေရာနှင့်သူ ဝင်ရောက်ကူညီက လုပ်ကိုင်ပေးကြလေသည်။ သူဌေး၏လူယုံတော် မန်နေဂျာ ဦး သည် ခေါင်းပေါင်းကြီးတကားကားနှင့် ညွှန်ကြား ပေးနေေ သည်။

ဘုရားဖူးလာကြသော ပရိသတ် တော်တော်ကလေး စုံလာ သောအခါ ထိုင်းပရိသတ်ကို ဧည့်ခံရန်အတွက် ဦးတင်ထွန်း သည် ၎င်း၏ မန်နေဂျာဦးမြကို လိုက်လံရှာဖွေနေသည်။ ဦး



သည် ဧည့်ပရိသတ်ကို ကျွေးမွေးရန်အတွက် အိမ်နောက်ဖေး ာက်တွင် အလုပ်သမားများကို စီမံခန့်ခွဲနေသောကြောင့် ီးတင်ထွန်းသည် ၎င်း၏မန်နေဂျာကို တော်တော်နှင့် ရှာဖွေ၍ တွေ့ချေ။

အချိန်မှာ ည ၈ နာရီထိုးဖို့ မိနစ်အနည်းငယ်မျှသာ လိုတော့ သဖြင့် သူသည် စာပြင်ဆရာ ကိုသစ္စာ၏ တူရိယာအဖွဲ့အား တင် တီးမှုတ်ကာ ဧည့်ခံစေချင်လှပေပြီ။ သို့ရာတွင် သူ၏ ာပြင်ဆရာ အရိပ်အယောင်ကိုမျှ မတွေ့သေးသဖြင့် ဦးတင် ွန်းသည် စိတ်မအေးနိုင်အောင် ဖြစ်နေပုံရသည်။ ထို့ကြောင့် ကိစ္စကို မေးမြန်းရန်နှင့် ခိုင်းစေရန်အတွက် ၎င်း၏မန်နေဂျာ ကို အရေးတကြီး လိုက်လံရှာဖွေနေခြင်း ဖြစ်လေသည်။

အိမ်နောက်ဖေးဘက်တွင် စီမံခန့်ခွဲစရာတို့ကို စီမံခန့်ခွဲပြီး နောက် ဦးမြသည် ငြိမ်းစီစီဖြစ်လာဟန်ရှိသောကြောင့်အိမ်ပေါ် သို့ မတက်သေးဘဲ အိမ်ရှေ့မျက်နှာစာရှိ ပန်းခြံထဲသို့ ထွက် သာ၏။ ဦးမြသည် ခေါင်းဟောက်အောင် လိုက်လံ ရှာဖွေ နေရာမှ အိမ်ရှေ့ပန်းခြံတွင် လှမ်း၍မြင်လိုက်သဖြင့် ပန်းခြံထဲသို့ ဆင်းလိုက်လာ၏။

'ကိုသစ္စာတစ်ယောက်ကောမမြင်ပါလား ဦးမြ၊ သူတို့ တီး ိုင်းကို စစေချင်ပြီ'

ဟု ဦးတင်ထွန်းက ၎င်းသိရှိလိုသောကိစ္စနှင့် ၎င်းပြုလုပ် စေလိုသော ကိစ္စများကို ခပ်တိုတိုပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'စောစောတည်းက ရောက်နေသားပဲ ဦးတင်ထွန်း၊ သူ့ကို မခေါ်သေးတာနဲ့ အိမ်နောက်ဖေးက မရမ်းပင်အောက်မှာ ထိုင်စောင့်နေကြတယ်လေ'

ဦးမြက ၎င်း၏သူဌေး သိရှိလိုသောအကြောင်းကို ပြောပြလိုက်သည်။

'ဒီလိုဆိုရင်လဲ စောစောကပဲ ပြောပါတော့ဗျာ'

ဦးတင်ထွန်းသည် ထိုကဲ့သို့ ၎င်း၏ မန်နေဂျာအား အပြစ်တင်လိုသော လေသံဖြင့် ပြောဆိုနေခိုက် တော်တော်ကလေး လှပချောမောသော မိန်းမပျိုတစ်ယောက်သည် ဦးတင်ထွန်းနှင့် ဦးမြတို့ စကားပြောဆိုနေသော ပန်းခြံထဲသို့ ဆင်းလိုက်လာပြီးလျှင်....

'တရားဝန်ကြီး ဦးထွန်းမောင်တို့လင်မယားက ကိုကိုသိ မေးနေလို့'

ဟု ဦးတင်ထွန်း၏လက်မောင်းကို ရှင်းရင်းနှီးနှီး ပွေ့ဖက်ကာ သတင်းတစ်ရပ်ကို ပြောဆိုလေ၏။

'ကိုကို့ကိုမေးရင်လဲ ပြုံးကြည့်ပြီး ဧည့်ခံစကားပြောထားနှင့်ပါဦးလားကွယ်၊ တီးဝိုင်းအတွက်ကိုကိုစီစဉ်နေရသေးလို့'

ဦးတင်ထွန်းသည် ၎င်း၏ဇနီးဖြစ်သူ၏ ပခုံးကို ကိုင်တွယ်ရင်း ပြန်ပြောလိုက်သည်။

'သတင်းကောင်းတစ်ခု ပေးချင်လို့ဘဲ ကိုကို၊ ဒါဒါ ပြုံးသွားခေါ်ပေးရမယ်ဆိုလို့ ပြုံးကိုယ်တိုင်ဆင်းလိုက်လာတာ'

ဟု ပြုံးက လင်လုပ်သူကို သားမယားတို့၏ ထုံးစံအတိုင်းကန့်ကွက်၍ ပြောဆိုနေလိုက်ပြန်သည်။



ဦးတင်ထွန်းသည် ဇဝေဇဝါဖြစ်နေပုံရလေသည်။ တရားဝန်ကြီးလင်မယားတို့က သတင်းကောင်းတစ်ခု ပေးမည်ဆို၍ ထိုသတင်းကိုလည်း ကြားချင်လေသည်။ တီးဝိုင်းကိစ္စကိုလည်း စီစဉ်ချင်သည်။ အတန်ကြာမျှ ငိုင်နေပြီးမှ....

'ကဲ—ဦးမြ၊ ကျွန်တော် ကိုသစ္စာတို့အဖွဲ့နဲ့တွေ့ချင်တယ်၊ သူတို့ရှိရာ ခေါ်သွားစမ်းပါ'

ဟု ပြောဆိုလိုက်သည်။

ဦးမြသည် ဘာမှ ပြန်လည်ပြောဆိုခြင်းပြုမနေတော့ချေ။ အိမ်နောက်ဖေးစာက်သို့ ထွက်သွားလေသည်။ ဦးမြ ထွက်သွားသောနောက်သို့ ဦးတင်ထွန်းသာလျှင်မဟုတ် ပြုံးကပါလိုက်ပါသွားလေသည်။ ထို့ကြောင့်....

'ဦးထွန်းမောင်တို့ကို ပြုံးသွားပြီး ဧည့်ခံစကားပြောနှင့်ပါလားဟင်၊ တီးဝိုင်းကိစ္စပြီးပြီးချင်း ကိုကိုလာခဲ့ပါ့မယ်'

ဟု ဦးတင်ထွန်းက မယားလုပ်သူကို ချော့မော့ပြောဆိုခြင်းပြုနေသည်။

'ပြုံးကိုကိုယ်တိုင်ခေါ်လာခဲ့ရမယ်လို့ မှာလိုက်လို့ပါကိုကိုရဲ့'

ဟု မယားလုပ်သူက ပြန်လည် ပြောဆို လိုက်သောအခါ ဦးတင်ထွန်းသည် အကြောက်အကန် ကန့်ကွက် နေစရာအကြောင်းလည်းမရှိသဖြင့် နောက်ထပ်ဘာမျှ ပြန်မပြောတော့ဘဲ ရှေ့ကသွားနှင့်သော မန်နေဂျာဦးမြနောက်သို့ ခပ်သုတ်သုတ်ကလေး လိုက်ပါသွားလေသည်။

'တီးဝိုင်းအဖွဲ့ဟူ၍သာ ဆိုရသော်ငြားလည်း မရမ်းပင်ရိပ်အောက်ရှိ ခုံတန်းလျားပေါ်တွင် အဖွဲ့သား နှစ်ယောက်တို့

www.burmeseclassic.com

www.burmeseclassic.com



သာ ရှိကြလေသည်။ တီးဝိုင်းအဖွဲ့သား နှစ်ယောက်တို့သည် အေးအေးဆေးဆေး စကားပြောဆိုနေကြရာမှ ၎င်းတို့ရှိရာသို့ လူသုံးယောက် လျှောက်လာသည်ကို လှမ်း၍ တွေ့မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ထိုင်နေရာမှ ထလိုက်ကြလေသည်။

မရမ်းပင်ရိပ်တွင် ထိုလူငါးယောက် ဆုံမိကြသည်နှင့်တစ်ပြိုင်နက် မန်နေဂျာဦးမြကလွဲ၍ ကျန်လူလေးယောက်တို့သည် တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ ကြက်သေ သေနေကြသည်။ ဦးတင်ထွန်း၏ ဇနီးချောပြုံးသည် ၎င်းတို့၏ အလုပ်တိုက်မှ စာပြင်ဆရာကိုသစ္စာဆိုသူကိုကြည့်ရင်း အလွန်တရာ မျက်စိမျက်နှာပျက်လျက်ရှိသကဲ့သို့ စာပြင်ဆရာ ကိုသစ္စာနှင့်ပါလာသော အဆိုတော် မြင့်ကိုကြည့်ရင်း ပြုံး၏ ယောကျ်ားဦးတင်ထွန်းသည်လည်း သိသိသာသာကြီး မျက်နှာ ပျက်လျက်ရှိလေသည်။

တကယ်ဆိုတော့ ဦးတင်ထွန်းနှင့် ပြုံးတို့လင်မယား နှစ်ယောက်သာလျှင်မဟုတ်ချေ။ စာပြင်ဆရာသည် ပြုံးကိုကြက်သေသေ ကြည့်ရှုရင်းလည်းကောင်း၊ မြင့်သည်လည်း ဦးတင်ထွန်းကို ကြက်သေ သေ ကြည့်ရှုရင်းလည်းကောင်း မျက်စိမျက်နှာများ အရုပ်ဆိုးလောက်အောင် ပျက် နေ လေ သည်။

သူတို့အားလုံးသည် အာခေါ်ဆို ထားသကဲ့သို့ နှုတ်အ_ငေကြသည်၊ တစ်ဦးကိုတစ်ဦး မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ကြည့်နေကြလေသည်။

* * *



( ၂ )

ဦးတင်ထွန်းနှင့် ပြုံးတို့လင်မယား နှစ်ယောက် တို့သည် ရေးဝန်ကြီး ဦးထွန်းမောင်တို့လင်မယားနှင့် စကားပြောဆိုနေကြသောအချိန်တွင် ကဗျာဆရာမောင်သစ္စာနှင့် ညာအမျိုးလေးမြင့်တို့သည် ဘုရားဖတ်ပူလာကြသူများအား နေတွက်သာညသီချင်းနှင့် ဧည့်ခံဖြေဖျော်လျက် ရှိကြလေသည်။

ဦးတင်ထွန်းသည် တရားဝန်ကြီး တစ်ဦးတစ်ယောက်က မးနေသောသတင်းကောင်းကို စိတ်မဝင်စားနိုင်ချေ၊ ထို့ အတူ ုံးသည်လည်း သိသိသာသာကြီး မျက်နှာပျက်နေသည်၊ လင်ုပ်သူ၏ အခြေပျက်နေခြင်းကို ပြုံးသည် ကောင်းစွာ ရိပ်မိကဲ့သို့ မယားလုပ်သူ၏ပုံပျက်နေခြင်းကိုလည်း လင်ဖြစ်သူက ိပ်မိပုံရလေသည်၊ သို့ရာတွင် တစ်ဦးကိုတစ်ဦးက မရိပ်မိဟန် ယိရှိဟန် ဆောင်နေကြသည်။

ထိုလင်မယားနည်းတူ မင်းပရိသတ်၏ အာရုံစူးစိုက်ခြင်း ကိုခံနေရသော ပီယာနိုးတီးသူနှင့်အဆိုတော်ကိုသည် ၎င်းတို့ ၏တာ န်ကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လုပ်ကိုင်နေ ကြသော်လည်း ၎င်းတို့အလုပ်ခွင်များ၌ စိတ်ဝင်စား ခြင်းမပြုနိုင် ကြချေ၊ ပီယာနိုးတီးသူလည်း ခလုတ်များကို မကြာခဏ ချော်၍ ိပ်မိသကဲ့သို့ အဆိုတော်၏အသံသည်လည်း ညီညွတ်ခြင်းမရှိဘဲ မ့်လိုက်မြင့်လိုက်၊ ကြောင်လိုက်၊ မှန်လိုက် ဖြစ်နေရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ထွန်းသည် ထိုပီယာနိုးနှင့် သီချင်းသံများကို မ[ဒ]ကွဲသို့မျှ ဆက်လက်ကြားနာခြင်း မပြုနိုင်တော့သကဲ့သို့ ၎င်း[ဒ]ည့်သည် တရားဝန်ကြီး လင်မယားနှစ်ယောက်တို့ကို နှုတ်ဆက်စကားပြောဆိုကာ ပြုံးနှင့်အတူ ထားခဲ့ပြီးနောက် အိမ်ရှေ့ပန်းခြံထဲသို့ ဆင်းလာခဲ့လေသည်။ ထိုသို့ဆင်းလာသောအခါတွင် ခပ်သုမ်းလှမ်းမှ ၎င်း၏အမူအရာကို အကဲခတ် ကြည့်ရှုနေသော မိတ်ဆွေ တစ်ယောက်သည်လည်း ဆင်းလိုက်၍လာလေသည်။

'ဟေ ... ကိုတင်ထွန်း၊ ခင်ဗျား ဘယ်လိုများ လုပ်လိုက်တာလဲဗျာ'

ထိုမိတ်ဆွေက ဦးတင်ထွန်း၏ ပခုံးကို ရင်းရင်းနှီးနှီး ပုတ်၍ မေးလေသည်။

'ကျုပ်လဲ မပြောတတ်တော့ဘူးဗျာ၊ ခိုင်းတုန်းကတော့ ကျုပ်စာပြင်ဆရာ ကိုသစ္စာဆိုတဲ့လူကို ခိုင်းမိတာပဲ၊ ဒီလူက ဘယ်လိုကဘယ်လို မြင့်ကိုခေါ်လာတယ်တော့ မသိဘူး'

'ခင်ဗျား စာပြင်ဆရာနဲ့များ ညားနေပြီလားမှ မပြောတတ်တာ'

'မပြောတတ်ပါဘူးဗျာ၊ သူကလဲ ခပ်ပျက်ပျက် ဆိုတော့ ခင်ဗျားပြောသလို ဖြစ်ချင်လဲဖြစ်နိုင်တာပေါ့'

'ကျောင်းမှာတုန်းက ခင်ဗျားနဲ့ မြင့်နဲ့ ဖြစ်ခဲ့ကြတာတွေကို ပြုံး သိသလားဟင် ကိုတင်ထွန်း'

'မသိပါဘူး၊ ဒါပေမယ့် ကနေ့ ကျုပ်အခြေပျက်တာကိုတော့ ပြုံး ရိပ်မိတယ်နဲ့ တူတယ်'



'ခင်ဗျားမိန်းမ ပြုံးလဲ ခါတိုင်းနဲ့ မတူဘဲ မျက်စိမျက်နှာ[...]ာ်တော်ကလေး ပျက်နေတာကိုကော ခင်ဗျား သတိထားမိ[...]က်ရဲ့လားဗျ ကိုတင်ထွန်း'

'နေထိုင်မကောင်းလို့နဲ့ တူပါတယ်ဗျာ'

'ကျုပ်ကတော့ ခင်ဗျား ပြောသလို မထင်ဘူး၊ ခင်ဗျား[...]ပြင်ဆရာကို ကြည့်ရင်းကြည့်ရင်းက ခင်ဗျားမိန်းမဟာ သိသိ[...]သာကြီး မျက်နှာပျက်နေတာကို ကျုပ်က ဘေးနားကနေပြီး [...]ာင်းကောင်းကြီး သတိထားလိုက်မိတယ်ဗျာ ကိုတင်ထွန်း'

'ပြုံးနဲ့ ကျုပ်စာပြင်ဆရာကတော့ ဘယ်လိုမှအဆက်အသွယ်[...]နိုင်မယ် မထင်ပါဘူးဗျာ၊ မြင့် တစ်ယောက်အတွက်သာ ကျုပ်[...]တ်မကောင်း ဖြစ်နေမိတာပါ'

'မြင့်ကတော့ တော်တော်လေး ပျက်စီးနေပြီလို့ ကြား[...]ယ်ဗျာ'

'ဒါတွေအားလုံးဟာ ကျုပ်တာဝန် မကင်းဘူးဗျ၊ ကျုပ်[...]ဲ့တုန်းကတော့ အတည်ကြံတာပါပဲဗျာ၊ ဒါပေမယ့် ကျုပ်[...]တတွေက ပြုံးနဲ့ အတင်းပေးစားကြလို့သာ ခုလိုဖြစ်သွားရ[...]တာပါ'

'ကျုပ်ကြားတော့ ကျောင်းမှာတုန်းက ခင်ဗျားနဲ့ အတူ[...]ဲတွဲနေတဲ့ဝင်းဆွေဆိုတဲ့အကောင်က ခင်ဗျားနာမည်ကို အလွဲ[...]းစားလုပ်ပြီး မြင့်ကို ဖျက်ဆီးပစ်လိုက်တယ်လို့ ပြောသံ[...]ကြားရတာပဲဗျာ'

ကျုပ်လဲ ကြားပါတယ်၊ ကျုပ်မိဘတွေက ပြုံးနဲ့ကျုပ်[...] ပေးစားကြဖို့စီမံခန့်ခွဲနေကြတုန်း ဝင်းဆွေဆိုတဲ့အကောင်

www.burmeseclassic.com

www.burmeseclassic.com



က ကျုပ်တတွေချင်တယ်လို့ ညာပြောပြီး၊ မြင့်ကို လှည့်ဖျက်ဆီး မစ်လိုက်တာတဲ့၊ တော်တော်ရက်စက်တဲ့ လူယောက်ပါပဲဗျာ'

'ခင်ဗျားအတွက်နဲ့ ခုလိုနစ်နာယိုက်ရတဲ့ မိန်းကလေးသည်ယောက်ကို ဒီအတိုင်းပစ်ထားလို့တော့ မတော်ဘူးထင်တကိုဘင်ထွန်း၊ တတ်နိုင်သလိုတော့ ကူညီစောင့်ရှောက်ဖို့လိမ့်မယ်ထင်တယ်'

'ကျုပ်လဲ ခင်ဗျားပြောတာကို စဉ်းစားနေတာ ကြာပါမြင့်ကိုလဲ ဘယ်လိုမှစုံစမ်းမရတာနဲ့မို့ ကြည့်နေရတာပါ'

'ဒါတွေကိုသာ ပြုံးမျှားသိရင် တော်တော်ကလေး မကောင်းဖြစ်ရှာမှာပဲဗျာ'

'ဖြစ်လာတဲ့ အလုပ်ကိုတော့ အပြစ်တင်လို့ ဘယ်ဖြစ်မလဲဗျာ၊ မြင့်နဲ့ချစ်ပြီး ပြုံးနဲ့ညားရတဲ့ ကျုပ်ဘဝကိုသာအေပြေအောင် ကြည့်နေသွားရမှာပေါ့လေ'

ယင်းသို့ ဦးတင်ထွန်းနှင့် ၎င်း၏ကျောင်းနေဘက် သူချင်းတို့ ပန်းခြံထဲတွင် ထိုအကြောင်းအရာများကို ပြောဆိုကြခိုက် ပြုံးသည် ၎င်းတို့နှစ်ယောက်ရပ်၍ စကားပြောကြသော ဂန္ဓမာပင်နှင့် မလှမ်းမကမ်း ရှိ နှင်းဆီပန်းရုံ၏နောက်ကွယ်တွင် ရောက်ရှိနေလေသည်။

ဦးတင်ထွန်းနှင့် ၎င်း၏မိတ်ဆွေတို့ ပြောဆို နေကြသောအကြောင်းအရာများအားလုံးကို ကြားနေရလေသည်။ ထိုကဲ့သို့ကြားနေရစဉ် ပြုံး၏တစ်ကိုယ်လုံးသည် ဆတ်ဆတ်တုန်လာသည်၊ မျက်ရည်များလည်းစီးကျနေသည်။



ပြုံးသည် ထိုအကြောင်းအရာများကို ဆက်လက် ကြားခြင်းပြုရန်အတွက် အားအင် ကုန်ခန်း သွားသော အခါ အိမ်ပေါ်သို့ပြန်တက်သွားလေသည်၊ ပြုံးသည် ညှို့သည်များသို့ပင် မသွားတော့ချေ။ ၎င်း၏ကိုယ်ကို အိပ်ရာပေါ်သို့ လှဲချလိုက်လေသည်။

မိမိချစ်သောသူကို စွန့်လွှတ်ခဲ့ရပြီးနောက် မိမိနှင့်ညားရသောသူကိုချစ်နိုင်အောင် အမျိုးမျိုးကြိုးစားနေသည့်ကြားမှ မိမိညားရသောသူက မိန်းမတစ်ယောက်ကိုသာစွဲလမ်းချစ်ခင်ကြောင်း မိမိနားနှင့် ဆတ်ဆတ်ကြား လာရသောအခါသည် အားငယ်တတ်သော မိန်းမသားတို့ဘာဝ အိပ်ရာတွင် လူးလှိမ့်ငိုယိုမိလေသည်။

သို့ရာတွင် လွန်ပြီးသောအမှုကို အဘယ်သူသည် တတ်သနည်း၊ ဖြစ်ပြီးသွားသောအမှုကိုလည်း ပြန်၍မဖြစ်ခင် အဘယ်သူသည် တတ်နိုင်မည်နည်း။

ပြုံးသည် ကမ္ဘာကြီးတစ်ခုလုံးကို ဆုံးရှုံး လိုက်ရလေသည်။

သွားလေ

ခဲ့သို့ သူ့

ခက်တွင်

နှ။

www.burmeseclassic.com

www.burmeseclassic.com

## အတိတ်ချင်းတော့ မတူပါလေ

(၁)

ဘုရားကိုးဆူကပ်လှူပွဲတွင် ဆယ်နာရီသာသာခန့်တွင် ပြီး[illegible] သော်လည်း ဆယ့်တစ်နာရီ ထိုးလောက်တွင်မှ ဧည့်သည်မ[illegible] ရှင်းလင်း ကုန်စင်သွားလေသည်။ မိမိတို့နေအိမ်များသို့ [illegible] ရန် အိမ်ရှင်များကိုနှုတ်ဆက်ကြသောအခါ ဘုရားဖူးဧည့်သ[illegible] များသည် အိမ်ရှင်နှစ်ဦးစလုံးတို့ကိုမတွေ့ကြရချေ။ ဦးတင်[illegible] ချင်း [illegible]ကြီး [illegible]ခါက်တည်းကိုသာ တွေ့ရသည်။

'[illegible]ကြီး[illegible]ပျိုးတစ်ယောက်ကော၊ ခပ်စောစောတည်းက မမြင်[illegible] [illegible]သွား'

ဟု ဧည့်သည်များက ပြုံးအကြောင်းကို မေးကြမြန်း[illegible] လေသည်။ သည်လိုမေးလာကြတော့မှ မြင့်ကို မမျှော်လ[illegible] တွေ့လိုက်ရသဖြင့် မှန်ထူ၍ များစွာစိတ်မကောင်းဖြစ်နေ[illegible] သော အိမ်ရှင်ဦးတင်ထွန်းသည် သူ့မယားကို သတိရ[illegible] သည်။



သို့ရာတွင်သူသည် ပြုံးကိုလိုက်လံရှာဖွေရန် အချိန်မရတော့ချေ။ ဧည့်သည်များသည် ၎င်းတို့အသီးသီး၏နေအိမ်သို့ပြန်ကြတော့မည့်ဆဲဆဲ ဖြစ်လေသည်။

'ခေါင်းကိုက်နေလို့ထင်ပါရဲ့ဗျာ၊ ခပ်စောစောကတည်းက အိမ်ပေါ်တက်ပြီး အိပ်ရာထဲသဲနေတယ်နဲ့တူတယ်'

ဦးတင်ထွန်းသည် ထိုကဲ့သို့သောစကားကို တန်ဆာဆင်၍ ပြောဆိုခြင်း ပြုလိုက်ရလေသည်။

သိမ်းဆည်းတန်သည်တို့ကို သိမ်းဆည်းပြီးစီး၍ စားပွဲနှိပ်တိုက်မှအလုပ်သမားများအားလုံးလိုလိုပြန်သွားကြသောအခါ ဆယ့်နှစ်နာရီထိုးလုနီးလေပြီ။ အိမ်အောက်ထပ်တွင် မီးများငြိမ်းသတ်ကာ တံခါးများအားလုံးပိတ်ပြီး၍ ဦးတင်ထွန်းအိမ်အပေါ်ထပ်သို့တက်လာသောအခါ ဆယ့်နှစ်နာရီ ထိုးလေသည်။

ထိုသို့ လင်မယား အိပ်စက်ကြသော အခန်းအတွင်းသို့ ဝင်လာသောအခါ ဦးတင်ထွန်းသည် မျက်လုံးပြူး၍သွားလေသည်။ အဘယ့်ကြောင့်ဆိုသော် သူ ထင်မှတ်နေသကဲ့သို့ သူ့မယားပြုံးသည် အိပ်စက်ခြင်းမပြုသေးဘဲ အိပ်ရာထက်တွင် မှောက်ကာ တရှုံ့ရှုံ့ငိုနေသောကြောင့်ပင် ဖြစ်လေသည်။

ပြုံးသည် အချိန်မဟုတ် အခါမဟုတ် အဘယ့်အတွက်ကြောင့် ယခုကဲ့သို့ ငိုနေရသနည်း။ ဦးတင်ထွန်းသည် အကြောင်းကို ခန့်မှန်း၍ မရှာဖွေတတ်အောင် ဖြစ်နေပေသည်။ သို့ရာတွင် သူသည်လည်း ကိုယ့်လိပ်ပြာနှင့်ကိုယ်မလုံနေသူတစ်ဦး ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လော။ မြိုးက ၎င်းနှင့်မြင့်တို့၏အတိတ်အကြောင်းအ[illegible] များကို ရိပ်စားမိနေလေပြီလော။

မရမ်းပင်အောက်တွင် ကိုသစ္စာနှင့် မြင့်တို့ နှစ်ယော[illegible] တွေ့လိုက်ရစဉ် သူသည်တစ်ယောက်ဘည်းမဟုတ်၊ မြိုးပါ မျက်[illegible] ပျက် မျက်နှာပျက် ဖြစ်နေခဲ့သည်ကို ဦးဘင်ထွန်းသည် ပြန်၍ သတိရမိသည်။

သို့ရာတွင် ၎င်း၏လက်အောက်မှ တစ်လလျှင် တစ်[illegible] ငါးဆယ်မျှ စားရသော စာပြင်ဆရာ ကဲ့သို့သော လူတ[illegible] ယောက်နှင့်မြိုးသည် အဘယ်ကဲ့သို့မျှ အတိတ်ရှိနိုင်လိမ့်မည် မဟုတ်ဟု တွေးမိသည်။ စာပြင်ဆရာ မောင်သစ္စာနှင့် သူ၏ မယားမြိုးတို့သည် ဘဝချင်းအားဖြင့်လည်းကောင်း၊ အဆင့် အတန်းချင်းအားဖြင့်သည်းကောင်း ကွာလှမ်းလှသည် မဟုတ် သလော။

နောက်ဆုံး၌ သူနှင့် မြင့် ကျောင်းမှာတုန်းက ဖြစ်ပွားခဲ့ဖူး သော ကိစ္စကို မြိုးသည် မည်သည့်နည်းနှင့်မျှ သိနိုင်စရာ အကြောင်းမရှိဟု တွက်ချက် စဉ်းစားမိလာသည်။ မြင့်သည် တက္ကသိုလ်ကျောင်းသူ တစ်ယောက်လည်း မဟုတ်ချေ။ လွန်ခဲ့ တန်းဘက်မှ သာမန် မိန်းကလေးတစ်ဦးဖြစ်သည်။ သူ ထမင်း လခ ပေးစားသော အိမ်တစ်အိမ်တွင် မှီခို ကပ်ရပ်နေထိုင်ရင်း အလုပ်အကိုင်တစ်ခု ရှာဖွေနေသော ဗုက္ခိဘ မိန်းကလေးတစ်ဦး လည်းဖြစ်သည်။

ထမင်းလခ ပေးစားရင်း သူသည် မြင့်နှင့်တွေ့ခဲ့သည်။ မြင့် ကို သူနှင့် သူငယ်ချင်း ဝင်းဆွေတို့နှစ်ဦး ယှဉ်ပြိုင် ပိုးပန်းနေကြ



ရာမှ မြင့်က သူ့အပေါ်၌ မေတ္တာကို ပြန်ခဲ့သည်။ သို့ရာတွင် သူ၏မိဘများက မြိုးနှင့် သူ့ကို ပေးစားကြသောအခါ သူ့ ထက်စာလျှင် များစွာအဆင့်အတန်းနိမ့်ကျသော ထိုမိန်းကလေး ကိုပစ်ကာ သူသည် မိဘစကားကို နားထောင်ခဲ့သည်။

မြင့်ကို သူသည် နောက်ထပ်လည်း မတွေ့တော့ချေ။ အကျိုး အကြောင်းလည်း ရှင်းလင်းပြောပြခြင်းပင် မပြုတော့ချေ။ မြိုး နှင့်သူ လက်ထပ်ကြပြီးနောက် ဝင်းဆွေက စ၍မျက်ဆီးလိုက် ရာမှ မြင့်တစ်ယောက် မိန်းမပျက်ကလေးတစ်ယောက် ဖြစ်သွား ရသော သတင်းကိုတော့ ကြားရလေသည်။ သို့ရာတွင် သူသည် သွားသောမယားကို ချစ်လာအောင် လူမျိုးပြန်လှည့်နေရသဖြင့် ထိုမိန်းကလေး၏ ကံကြမ္မာကို အရေးမထားတော့ချေ။

မြင့်နှင့်သူသည် ထိုကဲ့သို့ အတိတ်ရှိခဲ့ဖူးသည်မှလွဲ၍ သူ အိမ် ထောင်ကျပြီးသည့်နောက်ပိုင်းတွင် ဘာမျှ ဆက်သွယ်ခြင်း မရှိ ခဲ့ချေ။ ရှင်းရှင်းပြတ်ပြတ်ဖြစ်သည်။ ထို့ကြောင့် သူသည် သူ၏ လိပ်ပြာကို ပြန်ခေါ်ကာ ခုတင်ထက်တွင်မှောက်၍ ငိုရှုံ့ရှုံ့ ငိုယိုနေသော မြိုးအနီးသို့ ကပ်လာသည်။ ထို့နောက် မြိုး၏ တင်ပါးကလေးကို ချစ်စနိုး ပုတ်ခတ်ကစားလိုက်ရင်း....

'မြိုး ခေါင်းကိုက်နေသလား'

ဟု မေးလိုက်လေသည်။

မြိုးသည် ပြန်၍လည်း ဘာမျှမပြော၊ လှည့်သည်းမကြည့် ချေ။ မှောက်မြဲမှောက်ကာ ငိုယိုမြဲ ငိုယိုနေသည်။

ဦးတင်ထွန်းသည် မှောက်နေသော မြိုး၏ ကျောပြင်ကို ယုယုယယ ပွတ်သပ်ပေးရင်း....

www.burmeseclassic.com

www.burmeseclassic.com



'သိပ်ပြီးများ အနေရ ဆိုးနေသလားဟင် ပြုံး.... ကိုကို ဆရာ၀န် သွားခေါ်လိုက်မယ်နော်' ဟု ပြောဆိုလေသည်။

ထိုသို့ အမေးခံရသောအခါ ရှက်၍ ငိုနေရာမှ ပြုံးသည် အလူးအလဲ ထလာသည်။ ထို့နောက် မိမိ၏လင်သားနှင့်အတူ နီးနီးကပ်ကပ် မထိုင်လိုသော အမူအရာဖြင့် ခုတင်ထက်မှဆင်းသွားပြီးလျှင် အလျှပြက် မှန်တင်ခုံရှေ့၌ ကုလားထိုင်ထက်တွင် ထိုင်လေသည်။ သို့ရာတွင် ဘာမျှတော့ မထူးခြားသေးချေ။

ဦးတင်ထွန်သည် ပြုံး၏အမူအရာကို နားမလည်ချင်သော အနေနှင့် နေသည်။ ပြုံး ဘာဖြစ်သနည်း။ စုန်းများ ပူးနေသလော။ သို့တည်းမဟုတ် နတ်ပင်ဝင်နေသလော။ သူသည် ပြုံးကို ခပ်ကြောင်ကြောင်ကြည့်နေသည်။

ပြုံးသည် ၎င်း၏ မျက်ရည်စမ်းများကို လက်ကိုင်ပဝါနှင့်သိမ်းရှာရင်း မှန်ထဲ၌ ၎င်း၏ကိုယ်ကို ကြည့်နေသည်။

ဦးတင်ထွန်းသည် ခုတင်ထက်မှ ပြန်ဆင်းကာ ပြုံး၏အနီးသို့ လျှောက်လာသည်။ ထိုအချိန်၌ ပြုံးသည် ၎င်း၏ လင်ယောကျ်ားကို အရေးလုပ်၍မျှပင် မကြည့်ချေ။

ဦးတင်ထွန်းသည် သက်ပြင်းကို ခပ်လေးလေးချရင်း....

'ပြုံး ဘာလုပ်နေသလဲဟင်၊ ကိုကို့ကို အဖြေလဲပေးပါဦး'

ဟု မေးမြန်းလိုက်လေသည်။

ပြုံးသည် လင်လုပ်သူကို ကျောခိုင်းလိုက်သည်။

'ပြုံး ဘာဖြစ်နေသလဲဆိုတာ မေးစရာမလိုပါဘူး၊ ကိုကို ဘာလုပ်ခဲ့လို့ ဘာလုပ်နေသလဲ ဆိုတာသာ ကိုယ့်ကိုကို မေးကြည့်ပေါ့' ဟု ပြန်ပြောလေသည်။



ဦးတင်ထွန်းသည် မျက်နှာပျက်သွားသည်။ ထိုအချိန်၌ သူသည် ပြန်၍ မျက်နှာကိုတင်းလိုက်သည်။ ဂူဖြေဆယ်လိုက်သည်။

'ဒီလို ရှုပ်ရှုပ်ယှက်ယှက်ဟာတွေကို ခပ်စောစောကသာ ပြုံးသိရင် ခုလိုအခြေမျိုး ဘယ်ရောက်လိမ့်မလဲ'

ဟု ပြုံးသည် ဦးတင်ထွန်းဘက်သို့လှည့်ကာ ရန်တွေ့သကဲ့သို့ ပြောဆိုလိုက်ချေသည်။

သူသည် ထိုကိစ္စမျိုးကို အဘယ်သို့ ကိုင်တွယ် ဖြေရှင်းရမည်နည်း။ ရှောင်ကွင်း၍ကား မရတော့ချေ။ ထိုအချိန် ပြုံးကို သူသည် အဘယ်သို့ ဖြေရှင်း ပြောကြားရမည်နည်း မသိချေ။ အစကိုလည်း ရှာမရချေ။

'ပြုံးကိုက မှားတာပါ၊ ပြုံးအပြစ်နဲ့ ပြုံးပါလေ'

ပြုံးသည် ၎င်း၏ ကိုယ်ကိုပင် အလွန်တရာဒေါသ ထွက်လိုက်ရှိသကဲ့သို့ အော်ဟစ် ပြောဆိုလိုက်လေသည်။

ဦးတင်ထွန်းသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေသည်။ ညကြီးအချိန်မတော် လင်မယား ဆူဆူပူပူ စကားများနေကြသော ကိစ္စများကို အိမ်အောက်ထပ်ရှိ အခိုင်းအစေများ ကြားရှာမည်ကိုလည်း အလွန်တရာ စိုးရိမ် ကြောက်ရွံ့နေပုံရလေသည်။

'တိုးတိုးသက်သာ ပြောစမ်းပါ ပြုံးရယ်'

သူသည် ပြုံးကို တောင်းမန်လေသည်။

ပြုံးသည် ဒေါသပေါက်ကွဲနေသူ ဖြစ်သည်။ တောင်းပန်နေသော လင်သားကိုလည်း များစွာ အရေးထားခြင်း မပြုတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



'မပြောနိုင်ဘူး... မပြောနိုင်ဘူး၊ ထိပ်ကို မြွေကိုက်ခံနေရတာ၊ ဘယ်သူကြွေး... ကြား'

ဖြိုးသည် အော်ဟစ်၍ ပြောဆိုလိုက်သည်။

ဦးတင်ထွန်းသည် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေသည်။ သူတို့လင်မယား၏ သက်တမ်းတွင် ထိုကဲ့သို့ဒေါသကြီးလှသော ဖြိုးကို သူသည် တစ်ကြိမ်တစ်ခါမျှ တွေ့ကြုံဖူးဟန် မရှိချေ။ တကယ်ဆိုတော့ ထိပ်ကို မြွေကိုက်ခံနေရသည်ဟု ဖြိုးကိုယ်တိုင်က အတိအလင်း ထုတ်ဖော်ပြောဆိုထားပြီး မဟုတ်သလော။ ထိပ် မြွေအခဲခံရခြင်းလောက် ပြင်းထန်သော ဝေဒနာသည် အဘယ်မှာ ရှိနိုင်သေးသနည်း။

'ကိုကို ကို ဖြိုး မကျေနပ်တာ တွေ့မိရင်လဲ အေးအေးသက်သာ ပြောပြစမ်းပါဦး ဖြိုးရယ်၊ ကိုကိုမှားနေတာရှိရင် ဖြိုးစိတ်တိုင်းကျဖြစ်အောင် ပြင်ပါ့မယ်'

ဦးတင်ထွန်းသည် ဒေါသကြီးနေသော မယားလုပ်သူကို လေအေးကလေးနှင့် တောင်းပန်ပြောဆိုခြင်း ပြုလေသည်။

'မကျေနပ်ရုံလောက် မဟုတ်ဘူး၊ ကိုတင်ထွန်းကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်တာ'

လင်မယား ညားကတည်းက ကိုကိုဟူ၍သာ ခေါ်လာသော လင်သားကို ကိုတင်ထွန်းဟု နင့်နင့်သီးသီးခေါ်ရင်း ဖြိုးက ခပ်သွက်သွက်ကလေး ပြန်ပြောလိုက်သည်။

'ခွင့်မလွှတ်နိုင်လောက်တဲ့ အမှားဆိုရင်လဲ ကိုကိုမသိသေးလို့ ဖွင့်ပြီး ပြောပြဦးမှပေါ့ ဖြိုးရယ်'



လင်လုပ်သူကတော့ လူကြီးလူကောင်းတစ်ဦးပီပီ လေအေးကလေးနှင့်ပင် ပြောဆိုမြဲ ပြောဆိုကာ ချော့မော့မြဲ ချော့မော့နေသည်။

'ရှင့်အမှားကို ရှင်ကိုယ်တိုင် သိရက်သားနဲ့ ဖြိုးက ဘာထပ်ပြောနေဖို့ လိုသေးသလဲ ကိုတင်ထွန်းရယ်၊ လောကမှာ ယောကျ်ားကြီးတစ်ယောက်လုံး လုပ်နေပြီး ကိုယ် တကယ်ချစ်နေတဲ့ မိန်းကလေး တစ်ယောက်ကို မယူရဘဲ မချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ယူခဲ့တာများ ဒုံ့ပါရဲ့ရှင်'

ဖြိုး၏ အသံသည် ခပ်ဆောဆောလောက်ကကဲ့သို့ ကျယ်လောင်စူးရှခြင်း မရှိတော့ချေ။ သို့ရာတွင် မာတုန်း ထန်တုန်းတော့ကား ဖြစ်လေသည်။

'ဒီကိစ္စကို ဖြိုးတစ်နည်းနည်းနဲ့ သိထားမြီးပြီး ဆိုရင်လဲ ရှင်းပြတာကို သည်းညည်းခံပြီး နားထောင်စေချင်တယ်ဖြိုး'

'ရှင်းစရာလိုသေးသလားဟင် ကိုတင်ထွန်း၊ ရှင်းနေတဲ့ ကိစ္စတစ်ခုကို ထပ်ရှင်းတယ်ဆိုတာ ရှုပ်အောင်လုပ်ဖို့ထက်လွဲပြီး တခြား ဘယ်ရည်ရွယ်ချက်နဲ့ စေတနာတွေရှိနိုင်ဦးမှာလဲရှင့်'

'ဖြိုးက တယ်ဒေါသကြီးတာကိုကွယ်၊ ဒေါ်မျိုးဆိုတာ ဘယ်သူမှ ကင်းနိုင်ကြတဲ့ အလုပ်မှ မဟုတ်တာ ဖြိုးရယ်'

'ရှင်ပြောတာ မှန်လိုက်လေ ကိုတင်ထွန်းရယ်'

ဖြိုးက မခိုးမခန့်ပြန်၍ပြောလေ၏။

'လူပျိုအရွယ် အပျိုအရွယ်ဖြစ်လာကြတဲ့ ယောကျ်ားကလေးနဲ့ မိန်းကလေးတိုင်းမှာလဲ အနည်းနဲ့အများတော့ ရှိခဲ့တတ်ကြပါတယ် ဖြိုးရယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါကို ဘယ်သူကမျှ ငြင်းနေလို့တုံး'

'ဖြစ်တတ်ကြတဲ့ သဘာဝကို ပြောပြတာပါ ပြုံးရဲ့၊ ပြုံးကလဲ ဒေါသကို နည်းနည်းလျော့လိုက်တော့ သိမ်းဦးဆည်းဦးမှ ပေါ့ကွယ်'

'ထိပ်မြွေအကိုက်ခံနေရတဲ့လူကို မနာပါနဲ့ကွယ်လို့ ရှင်မို့လို့ ပြောရက်လေတယ် ကိုတင်ထွန်းရယ်'

'ကိုသစ္စာ အဆိုတော်အဖြစ်နဲ့ ခေါ်လာခဲ့တဲ့ မြင့်ဆိုတာနဲ့ ကိုကို ကျောင်းသားဘဝတုန်းက သမီးရည်းစားဖြစ်ဖူးတာကို ဝန်ခံချင်ပါတယ်၊ ခံလဲခံပါတယ်၊ ဒါပေမယ့် အကြောင်းကြောင်းကိုထောက်ပြီး ပြုံးနဲ့ လက်ထပ်ပြီးခဲ့တဲ့ နောက်ပိုင်းမှာ ကိုကို့မှာ ဘာအမှားအယွင်းမှ မရှိခဲ့တာတော့ အမှန်ပါ ပြုံးရယ်'

'ဘယ်က ကိုသစ္စာလဲ'

'ပုံနှိပ်တိုက်က စာပြင်ဆရာ ကိုသစ္စာကို ပြောတာပါ ပြုံးရဲ့၊ ကိုကိုကလဲ ဘုရားပွဲမှာ ဧည့်ဝတ်ကျေအောင်လို့ ဒီလူ့ကို ခုလို ခိုင်းမိတာပါ၊ ဒီလူကလဲ မြင့်ကို ဘယ်လိုက ဘယ်လို အဆက်အသွယ်ရပြီး ခေါ်လာတယ်တော့ မပြောတတ်ပါဘူး'

'စာပြင်ဆရာက သူ့ကိုယ်ကို မောင်သစ္စာတဲ့လား'

'ကိုသစ္စာကို ပြုံးသိလို့လားဟင်'

ဦးတင်ထွန်းသည် အလန့်တကြားပြန်၍ မေးလိုက်လေ၏၊ သူ၏ မျက်နှာသည်လည်း မသိမသာပျက်လာလေသည်၊

'သိရုံတင် ဘယ်ကမလဲ ကိုတင်ထွန်းရယ်'

'ဟင်'



'ကောလိပ်မှာတုန်းက ပြုံးနဲ့ သမီးရည်းစားဘောင်ဖြစ်ခဲ့ဖူးကြသေးတာပေါ့၊ မောင်သစ္စာဆိုတာက သူ့နာမည်အရင်း မဟုတ်သေးဘူး၊ သူ့ကလောင်နာမည်၊ သူ့နာမည်ရင်းက ကိုမောင်မြင့်တဲ့၊ ဥပစာဒုတိယနှစ် ကျောင်းသားတစ်ယောက်ပဲ'

'သူက သူ့ကိုယ်ကို ကောလိပ်ရောက်ဖူးဘယ်လို့ မပြောပါလား၊ အလုပ်လာတောင်းတုန်းက ဆယ်တန်းပဲ အောင်တယ်လို့ ပြောတယ်၊ နောက်ပြီးတော့ သူ့နာမည်ကိုလဲ မောင်သစ္စာလို့ပဲ ပြောတယ်'

'သူ ဇာတ်မြှုပ်ထားချင်လို့ ဖြစ်တော့မှာပေါ့ ကိုတင်ထွန်းရယ်၊ ပြုံးတို့ ဒီအကြောင်းတွေ အသေးစိတ်ပြောမနေကြပါနဲ့ဦး၊ လုပ်စရာရှိတဲ့ကိစ္စကိုသာ ပြောကြရအောင်'

ဟု ပြုံးက ခပ်မာမာထန်ထန်ကလေး ပြောဆိုလိုက်သောအခါတွင် ဦးတင်ထွန်းသည် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားရပြန်လေသည်၊

'ပြီးခဲ့တာတွေဟာလဲ ပြီးခဲ့ပြီပဲပြုံးရယ်၊ ရှောင်လို့မရတော့တဲ့ကိစ္စတွေကို ဘာများ လုပ်ချင်ကိုင်ချင်သေးလို့လဲဟင်'

'ပြုံးအနေနဲ့ ကိုယ့်အမှားကိုယ်သိရင်ရှောင်ရလိမ့်မယ်၊ လောကမှာ ပျက်အစဥ် ပြင်ခဏဆိုတဲ့ စကားလဲရှိတယ် မဟုတ်လား'

'အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဆိုတဲ့စကားကိုလဲ သတိရဦးမှပေါ့ ပြုံးရယ်'

'ရှင်နဲ့ ပြုံးနဲ့ ရှေ့ဆက်ပေါင်းလို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး ကိုတင်ထွန်း၊ အစက ဒီအကြောင်းတွေ ပြုံး ဘာမှ မသိခဲ့ရလို့ မိဘစကားကို ကျိတ်မှိတ်ပြီး နားထောင်ခဲ့တာရှင့်'

www.burmeseclassic.com

www.burmeseclassic.com



'အတိတ်ကို အဖြစ်လို့ စွဲချက်တင်နေတာကတော့ မမှန်သေးဘူးထင်တယ် မြုံးရယ်၊ ခေါင်းအေးအေးနဲ့ စဉ်းစားစမ်းပါ မြုံးရယ်'

'မြုံး အတိတ်ကို အပြစ်မတင်ပါဘူး ကိုတင်ထွန်း၊ ရှင့်မှာ အတိတ်ရှိခဲ့သလို မြုံးမှာလဲ ရှင့်စာပုံနှိပ်တိုက်က စာမြင်ဆရာ ကိုသစ္စာနဲ့ အတိတ်ရှိခဲ့ဖူးတဲ့ အကြောင်းကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောပြီးပါပကောလား'

'အတိတ်ရှိခဲ့ကြတဲ့ လူချင်းအတူတူပဲ မြုံးရယ်၊ မြုံး အတိတ်ကို ကိုကိုခွင့်လွှတ်သလို ကိုကို့အတိတ်ကိုလဲ မြုံးက ခွင့်လွှတ်ပြီး မေ့ပစ်လိုက်စေချင်ပါတယ်ကွယ်'

'အတိတ်ရှိကြတဲ့ လူချင်းတူပေမယ့် အတိတ်ချင်း မတူကြဘူး ကိုတင်ထွန်း၊ ဒါကိုတော့ ရှင် စဉ်းစားမိရဲ့လား'

'ဘယ်လို အတိတ်ချင်း မတူတာလဲတင် မြုံး၊ ကိုကို့ကို ကျေးဇူးပြုပြီး ရှင်းပြစမ်းပါဦး'

'ရှင်ဟာ ယောကျ်ားတစ်ယောက်လုံး လုပ်နေပြီး ကိုယ့်ခြေ မတွေ့ရှိနေတဲ့ မိန်းကလေး တစ်ယောက်ကို ကိုယ့်သားမယား အဖြစ်နဲ့ မယူရဲလို့ ရှင့်မိဘတွေ ပေးစားတဲ့ တခြားမိန်းမသား တစ်ယောက်ကို ယူလိုက်တဲ့အတွက် နံပါတ်တစ်အနေနဲ့ ရှင့် မိန်းကလေးဟာ အင်မတန် နစ်နာဆုံးရှုံးခဲ့ရတယ်၊ နံပါတ်နှစ် အနေနဲ့ ရှင့်ကိုမချစ်ဘဲနဲ့ ယူလိုက်ရတဲ့ မြုံးအတွက်လဲ နစ်နာ တယ်၊ နံပါတ်သုံးအနေနဲ့ မြုံးရဲ့ ချစ်သူ ကိုသစ္စာလို့ ခေါ်တဲ့ ကိုအောင်မြင့်ကလဲ ဘယ်လောက် နစ်နာခဲ့ရတယ်ဆိုတာ ရှင်သိ ပညာတတ်တစ်ယောက်ပဲ၊ စဉ်းစားကြည့်စမ်းပါဦး'



'ဖြစ်ပြီး လွန်ပြီးခဲ့တာတွေကို ပြန်ပြောနေရင် ဘယ်တင်းမှ ကောင်းတစ်ခုကို ရှာတွေ့လိမ့်မယ် မဟုတ်ဘူး မြုံး၊ လူ့ဘဝ တာ မညီညွတ် မပြည့်စုံတဲ့ အချက်အလက်ကလေးတွေကို ညီညွတ်ပြည့်စုံတဲ့ နိဂုံးချုပ်တတ်ရတဲ့ အတတ်ပညာ တစ်ရပ် ဟုတ်လားကွယ်'

'မြုံးကို စကားပြောမနေပါနဲ့တော့ ကိုတင်ထွန်း၊ မြုံးနဲ့ တင်ထွန်းဟာ ပြတ်ပြတ်စဲစဲဖြစ်အောင် ဘယ်လိုလုပ်ကြ ကိုင် မယ်ဆိုတာကိုသာ တိုင်ပင်ကြဖို့ လိုမယ်ထင်တယ်'

'တာ…မြုံးကလဲကွယ်၊ မဖြစ်နိုင်တာတွေကို ပြောနေလို့ ယ်ကောင်းပါ့မလဲ'

'ရှင့်အဖို့ မဖြစ်နိုင်ပေမယ့် မြုံးအဖို့ ဖြစ်ကိုဖြစ်ရမယ့် ကိစ္စပါ တင်ထွန်း၊ ရှင်က အေးအေးသက်သာ ကွာရှင်းမပေးရင် းဘာသာမြုံး ဖြစ်တဲ့နည်းနဲ့ လုပ်ရကိုင်ရလိမ့်မယ်'

'မြုံးတစ်ယောက်ကလဲကွာ… အပြောရအဆိုရ ခက်လိုက် တာနော်'

'မြုံးအကြောင်းကို အသိသား မဟုတ်လား ကိုတင်ထွန်း၊ းကို မလိမ့်တပတ်လုပ်မယ် မကြံနဲ့ဦး၊ မြုံးက စိတ်ပေါက် ပါက်ရှိလာရင် ဟိုးလေးတကျော်ကျော် လုပ်ပစ်လိုက်လိမ့်မယ် လား'

'အသိတရားတွေ တိုးတက်ပြီး လူသတ္တဝါတွေ ခုလောက် ကျေးသိမ်မွေ့နေကြတဲ့ခေတ်မှာ တစ်လင် တစ်မယားစနစ်နဲ့ မြကျွေးကြတာဟာ အမြတ်ဆုံး အိမ်ထောင်ရေးဆိုတာ းလဲ သိရဲ့သားနဲ့ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



'ပြုံးကို တရားဟောမနေပါနဲ့ ကိုတင်ထွန်း၊ မနက်ဖြန်ခါ ပြုံးတို့ တရားဝင် ကွာဖို့ရှင်းဖို့ ကိစ္စအတွက်သာ စီစဉ်ပေးပါ ကိုတင်ထွန်းသာ မစီစဉ်ပေးရင် ပြုံး လုပ်ရလိမ့်မယ်'

ဟု ပြောဆိုပြီးနောက် ပြုံးသည် ညားကတည်းက အတူ အိပ်လာခဲ့ကြသော အခန်းတွင်းမှ ထွက်လာခဲ့သည်။

ထိုသို့ အခန်းအတွင်းမှ ပြုံး ထွက်သွားလျှင်ထွက်သွားချင်း ဦးတင်ထွန်းသည် ပြုံးနောက်သို့ အပြေးကလေး လိုက်သွားလျှင် ပြုံး၏လက်မောင်းကို အတင်းအဓမ္မ ဖမ်းဆွဲထားလိုက်သည်။ ထိုသို့ ဖမ်းဆွဲထားရင်း....

'ဟဲ့....ပြုံး၊ ဒါ အချိန်မဟုတ် ဘယ်များသွားမလို့လဲဟင်'

ဟု အလန့်တကြား မေးလိုက်သည်။

ပြုံးသည် လင်လုပ်သူ၏ လက်တွင်းမှ အတင်း ဆောင့်၍ ရုန်းထွက်လိုက်သည်။

'ပြုံးကို အရမ်းမလုပ်နဲ့နော် ကိုတင်ထွန်း၊ ပြုံး အခု ပြန်သွားမှာတော့ မဟုတ်ဘူး၊ ရှင့်မျက်နှာကို မကြည့်ချင်လို့ အိမ်အောက်ထပ်က ဒေါ်အေးနဲ့ သွားအိပ်မလို့'

ဟု ပြောဆိုကာ အောက်ထပ်သို့ ဆင်းသွားသဖြင့် မအေး၏ အကြောင်းကို ကောင်းစွာနားလည်ထားပုံရသော ဦးတင်ထွန်း သည် နောက်ထပ် ဘာမှ ပြောဆိုဆွဲငင်ခြင်းလည်း မပြုတော့ဘဲ ကြည့်နေလိုက်ရလေသည်။

## မိုးလိုက်လို့ရွာ

(၁)

တိုက်ရှင် ဦးတင်ထွန်းနှင့် ပြုံးတို့နေအိမ်၌ ဘုရားကိုးဆူ ကပ်လှူပြီးသော နောက်တစ်နေ့တွင် စာပြင်ဆရာ ကိုသစ္စာသည် အဆိုးမိုးမှောင်ကျပြန်လေသည်။ ပြစ်မှုတစ်စုံတစ်ရာကိုမျှလည်း ပြုသခြင်းမရှိဘဲ သီရိမင်္ဂလာ စာပုံနှိပ်တိုက်၌ ၎င်းအဖို့ အလုပ် မရှိတော့သည့်အကြောင်းကို မန်နေဂျာ ဦးမြက သူ့အား ရုံးခန်း အတွင်းသို့ ခေါ်ကာ အကြောင်းကြား ပြောဆိုခြင်း ပြုလေ သည်။

ထိုသတင်းကို အကြောင်းကြားခြင်းခံရသောအခါ ကိုသစ္စာ သည် ရုတ်တရက် ဘာပြောရမည်ကို မသိချေ။ သူသည် ဦးမြ၏ စားပွဲရှေ့တွင်ရပ်ကာ အတန်ကြာမျှ ငိုင်၍နေလေသည်။

ပုံနှိပ်တိုက်တွင် အလွန်တရာ အားကိုးအားထား ပြုရသည့် အပြင် အလုပ်သမားတိုင်း၏ ချစ်ခင်လေးစားခြင်း ခံရသော အလုပ်သမားတစ်ယောက်ကို ထိုသို့ အကြောင်းကြားပြီး ပြုရ သော မန်နေဂျာ ဦးမြလည်း မျက်စိမကောင်း မျက်နှာမကောင်း ဖြစ်နေသည်။ ကိုသစ္စာ၏ မျက်နှာကိုလည်း မကြည့်ရက်သကဲ့သို့ တစ်ဖက်သို့ မျက်နှာလွှဲ၍ထားရာမှ....

www.burmeseclassic.com

www.burmeseclassic.com



'ဒီသတင်းကို ပြောရတဲ့အတွက် ဦးလဲ တော်တော် ကို စိတ်မချမ်းသာပါဘူး မောင်သစ္စာ၊ မင်းလို အဖက်ဖက်က အားကိုးအားထားပြုရတဲ့ အလုပ်သမားကောင်းတစ်ယောက်ကို လက်လွှတ်ရတဲ့အတွက် အလုပ်တိုက် အနေနဲ့လဲ အင်မတန် နစ်နာလှပါတယ်ကွယ်'

ဟု ဆက်လက်ပြောဆိုလေ၏။

ကိုသစ္စာသည် ထိုသို့ ဖြစ်လာရသောအကြောင်းကို စဉ်းစား နေပုံရလေသည်။

သူ့ကို အလွန်တရာ သဘောကျနေသော အလုပ်ရှင် ဦး တင်ထွန်းက အကြောင်းတစ်စုံတစ်ရာမပြောဘဲ အဘယ့်အတွက် ကြောင့် ယခုကဲ့သို့ အလုပ်က ရုတ်တရက် ထုတ်ပစ်လိုက်ရ သနည်း။ အကြောင်းမဲ့ တော့ကား မဖြစ်တန်ရာ၊ အကြောင်းရှိ လိမ့်မည်၊ ထိုအကြောင်းသည် အဘယ်သို့အကြောင်း ဖြစ်မည် နည်း။

ပြူးအတွက်နှင့် ပတ်သက်လေမည်လော၊ သို့ရာတွင် ပြူးက ထိုအကြောင်းများကို ဦးတင်ထွန်းအား အဘယ့်အတွက် ပြောလိုက်ရသနည်း။ ပြူး၌ ထိုအကြောင်းများကို လင်သား လုပ်သူအား ပြန်ပြောရန် ခိုင်လုံသော အကြောင်းမရှိဟု ထင်လေသည်။

သို့မဟုတ်လျှင် မြင့်အတွက်ဖြစ်လေမည်လော၊ ဘုရားကိုး အိမ်မှအပြန် လူချင်း ခွဲကြခါနီး၌ မြင့်က ၎င်းအား တစ်ရုံ အခါက လိမ်လည်လှည့်ဖြားသွားသူမှာ ကိုတင်ထွန်း ကြောင်းကို သူ့ကို အတိအလင်းဖွင့်ဟ ပြောဆိုသွားလေ၏



သူ့အကြောင်းတွေကို သိနေသော လူတစ်ယောက်အား သူ၏ အလုပ်တိုက်တွင် မထားရှိလို၍ ယခုကဲ့သို့ ဖြုန်းဖြုန်းစားစား ကြီး ထုတ်ပစ်လိုက်လေသလော။

'ခုနကပဲ ဦးတင်ထွန်းအိမ်က တယ်လီဖုန်းနဲ့ အကြောင်း ကြားတယ်ကွယ့် မောင်သစ္စာ၊ မင်းကို တစ်လစာအတွက် အပို ထုတ်ပေးပြီး အလုပ်မရှိတော့တဲ့အကြောင်း ပြောလိုက်ပါလို့ ဆိုတော့ ဦးကလဲ ရုတ်တရက် အံ့အားသင့်ပြီး ဘာဖြစ်လို့လဲလို့ တောင် ပြန်မမေးမိလိုက်သေးတယ်'

'သြော်...သြော်.. သြော်'

'မသိချင်ပါနဲ့လို့ ပြန်ပြောတယ်၊ ဒီတော့...ဦးလဲ ဝတ္တရား ရှိတဲ့အတိုင်း မောင်သစ္စာကို ခုလို ခေါ်ပြောရတာပါပဲကွယ်'

သူ၏ရသင့်ရထိုက်သော အခကြေးငွေများကို မန်နေဂျာ ဦးမြထံမှ ထုတ်ယူပြီးစီး၍ တိုက်အောက်ထပ်သို့ ပြန်ဆင်းလာ သောအခါ အလုပ်သမားများအားလုံးသည် ၎င်းတို့၏ အလုပ် ခွင်၌ မရှိကြဘဲ သူ့ကို ဝိုင်းအုံ၍ စောင့်နေကြလေသည်။ စာစီ သမားများ၊ စက်သမားများနှင့် စာအုပ်ချုပ်ဌာနမှ မိန်း ကလေးများသည် မျက်စိမကောင်း မျက်နှာမကောင်းဖြစ်နေကြ သည်။ ကိုသစ္စာသည် ၎င်းအပေါ်၌ခင်တွယ်နေကြသော အလုပ် သမားများကို တစ်ယောက်ပြီးတစ်ယောက် လိုက်လံနှုတ်ဆက် ခြင်း ပြုရလေသည်။

'ဆရာမရှိရင်တော့ ကျွန်မတို့ အောက်မေ့နေကြမှာပဲ'

စာအုပ်ချုပ်ဌာနမှ မိန်းကလေးတိုင်းလိုလိုက ပြောဆိုကြ လေ၏။ အလုပ်သမားများအားလုံးကို နှုတ်ဆက်ပြီးစီး၍ တိုက်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ ထွက်အလာတွင် စာစီဘက်ဆိုင်ရာ ဖိုမင်လူကြီးက သူနှင့်အတူ ကပ်၍ လိုက်ပါလာရင်း....

'ဆရာ ဒီက အလုပ်ထွက်သွားပြီးတဲ့နောက် ဘယ်မှာ သွားနေမယ်လို့ စိတ်ကူးထားသလဲခင်ဗျာ'

ဟု မေးလေသည်။

ထိုမေးခွန်းအတွက် ကိုသစ္စာ၌ အဖြေမရှိသေးချေ။ ထိုမေးခွန်းကို ကြားရတော့မှ သူ့အတွက် ထိုအဖြေကို စဉ်းစားရပုံ ပေါ်လေသည်။

'ကျုပ် ပြောပြောနေတဲ့ အစ်ကို့အိမ်မှာ ပြန်နေဖို့တော့ မဖြစ်သေးပါဘူးဗျာ'

ထိုစကားသည် သူ၏ကိုယ်ကို သူ့ဘာသာပြောဆိုနေသော စကားမျှသာ ဖြစ်လေသည်။

'ဆရာနေမယ့်နေရာကို သိထားချင်လို့၊ အကြောင်းရှိလာတဲ့အခါ ဆရာ့ဆီကို လာနိုင်အောင်လို့ပါ'

'နောက်ထပ် အလုပ်တစ်ခုခု ရှာဖွေလို့ မရသေးခင်အတွင်း ရေကျော်ဘက်က ကျုပ်သူငယ်ချင်း စန္ဒရားဆရာ အိမ်မှာပဲ ခဏလောက် ကပ်နေရလိမ့်ဦးမယ်ထင်တယ်'

ထိုစကားသည်လည်း သူ၏ကိုယ်ကို ပြောဆိုသော စကားမျှသာ ဖြစ်လေသည်။

ထို့နောက် သူသည် သီရိမင်္ဂလာ စာပုံနှိပ်တိုက် အတွင်းအပြီးအပြတ် ထွက်လာခဲ့လေသည်။ မကောင်းသော ကုသိုလ်ကံသည် ယခုတိုင် မကုန်နိုင် မခန်းနိုင်သေးပါတကား။

* * *



(၂)

'ညက ဟန်ကျရဲ့လား'

အိမ့်ရှင် စန္ဒရားဆရာက အိမ်တံခါးဝမှ ဆီးကြို၍ မေးမြန်းလိုက်သည်ကိုပင် သူသည် ပြန်လည်ဖြေကြားခြင်း မပြုနိုင်ဘဲ အိမ်ကလေးထဲသို့ လေးလေးလံလံ ဝင်လာခဲ့ပြီးနောက် ခုံတန်းလျားကလေး တစ်ခုပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ထို့နောက် သက်ပြင်းကို ခပ်လေးလေး ချလိုက်လေသည်။

'ခင်ဗျားအဆိုတော် ဟန်ရဲ့လားဗျ ကိုမောင်မြင့်'

လူကဲ မဖမ်းတတ်သေးဟန်ရှိသော စန္ဒရားဆရာက သူ၏ ပထမ မေးခွန်းကိုပင် တစ်မျိုးတစ်ဖုံ ပြင်ဆင်၍ မေးမြန်းလျက်ရှိလေသည်။

'ဟန်တာကိုတော့ မမေးပါနဲ့ဗျား၊ အလုပ်ပါပြုတ်လာခဲ့ပြီ'

သူက လိုရင်းကိုသာ ခပ်တိုတိုချုံး၍ ပြန်ပြောလိုက်သည်။

စန္ဒရားဆရာသည် မျက်လုံးပြူးသွားလေသည်။ သူကတော့ တကယ့်စေတနာနှင့် စိုးရိမ်မကောင်းဖြစ်၍ ညက တီးဝိုင်းအခြေအနေကို မေးမြန်းနေခြင်း ဖြစ်လေသည်။ သို့ရာတွင် သူသည် နားမချမ်းမြေ့စရာ အဖြေကို ရရှိလေပြီတကား။

'ကျုပ်မှာ အခု ငွေနှစ်ရာလောက်ပါလာတယ်၊ နောက်ထပ် အလုပ်မရမချင်း ခင်ဗျားဆီမှာ ကပ်နေရဦးမှာမို့ ခင်ဗျား ငွေတစ်ရာလောက် လက်ခံထားစေချင်တယ်၊ ကျန်တာကိုတော့

www.burmeseclassic.com

www.burmeseclassic.com



အမေ့ဆီခရေလတ်တာကြာလို့ အဘွားကြီး သုံးလိုရာသုံးဖို့ သွားပေးလိုက်ဦးမယ်ဗျာ'

သူသည် သူပြောဆိုလိုသော အကြောင်းအရာကို တိုတိုတုတ်တုတ် ပြောဆိုပြီးနောက် ငွေသစ်ရာတန် စက္ကူတစ်ရွက်ကို သူ၏ ကုတ်အင်္ကျီအိတ်ဇောင်အတွင်းမှ နှိုက်ကာ လှမ်းပေးလိုက်သည်။ ငွေတစ်ရာတန်စက္ကူကို မမြင်ဖူး မတွေ့ဖူးသည်မှာ ကာလအတန်ကြာလေပြီဖြစ်တော့သော စန္ဒရားဆရာကလည်း မှဆိုင်းမတွလှမ်းယူလိုက်သည်။ ထို့နောက် ငွေစက္ကူကိုဖြန့်၍ စေ့စေ့စပ်စပ်ကြည့်၍နေသည်။

ယင်းသို့ စန္ဒရားဆရာ၏ အိမ်ဘုတ်ကလေးအတွင်း၌ အလုပ်လက်မဲ့ ကဗျာဆရာနှင့် တီးပိုင်းပြုတ်နေရှာသော စန္ဒရားဆရာတို့နှစ်ယောက် မိမိတို့အလုပ်နှင့် မိမိတို့ရှိနေကြခိုက် သုံးဘီးကားကလေးတစ်စီးသည် အိမ်ရှေ့တွင် ထိုး၍ ရပ်လိုက်လေသည်။ ထို့ကြောင့် နှစ်ယောက်သား ပြတင်းပေါက်မှ ခေါင်းပြူ၍ ထွက်ကြည့်လိုက်ကြရာ စန္ဒရားဆရာအနေနှင့် မည်ကဲ့သို့မှ ထူးခြားခြင်း မရှိလှသော်လည်း ကဗျာဆရာအနေနှင့်မူကား မျက်လုံးများ ပြူးထွက်၍ သွားလေသည်။

'ကိုမောင်မြင့်....ကိုမောင်မြင့်'

သုံးဘီးကားကလေးအပေါ်မှ ပြုံးသည် အပြေးကလေး ခုန်ဆင်းလာပြီးနောက် အိမ်ထဲသို့ အူလျားဖားလျားနှင့် ပြေး၍လာသည်။ ထို့နောက် စန္ဒရားဆရာ တစ်ယောက်လုံးကိုပင် အရေးမထားတော့ဘဲ ကဗျာဆရာ၏ဘေးတွင် ဝင်၍ထိုင်လိုက်သည်။



'ဟင်...ပြုံး ဒါ ဘယ်လိုဖြစ်ပြီး ကိုယ့်ဆီကို ခုလို အရေးတကြီး လိုက်လာရတာလဲဟင်'

သူသည် ထိုင်ရာမှ ထရင်း အလန့်တကြား မေးမြန်းလိုက်၏။ ပြုံးသည် သူ၏လက်မောင်းကို ကျားအုပ်ကျားဆွဲ အတင်းဖမ်းဆွဲထားလေသည်။ ထို့ကြောင့် စန္ဒရားဆရာသည် အလိုက်သိစွာ ၎င်း၏ အိမ်ကလေးအတွင်းမှ ခပ်သုတ်သုတ်ကလေးထွက်သွားရလေသည်။

'ကျုပ် ဒီမှာရှိတယ်ဆိုတာ ပြုံးကို ဘယ်သူက သတင်းပေးလိုက်သလဲဟင်'

သူသည် ထိုသတင်းပေးသော သူကို အရေးတကြီး သိရှိလိုသကဲ့သို့ မေးမြန်းလိုက်သည်။

ပြုံးသည် သူ၏မေးခွန်းများကို တစ်ခုမှ ပြန်၍ ဖြေကြားခြင်းမပြုချေ။ သူထွက်ပြေးသွားသည်ကိုသာ အစိုးရိမ်ကြီးနေသကဲ့သို့ ထိုသူ၏ လက်မောင်းများကိုသာ ဆုပ်ကိုင် ဖက်တွယ်ထားရာမှ....

'ပြုံး အိမ်ကဆင်းလာခဲ့ပြီ ကိုမောင်မြင့်၊ သူနဲ့ ကွာရှင်းပြီးပြီးချင်း ပြုံးတို့ အတူတူပြန်နေကြဖို့ပဲ'

ဟူ၍ ၎င်းပြောဆိုလိုသော အကြောင်းကိုသာ ပြောဆိုခြင်းပြုလေသည်။

သူ့အား ဆုပ်ကိုင်ဖက်တွယ်ထားသော ပြုံး၏လက်တစ်ဖက်မှ သူသည် ကြောက်လန့်တကြား ရုန်းကန်၍ ထွက်လိုက်လေသည်။ ကမ္ဘာမြေကြီးတစ်ခုလုံးသည်လည်း ဇောက်ထိုးမိုးမျှော်ဖြစ်သွားသကဲ့သို့ ထင်မှတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြုံးသည် များစွာ တုန်လှုပ် ချောက်ချားသွားလေသည်။ ကိုအောင်မြင့်ခေါ် ကိုသစ္စာကိုလည်း မျက်ရည် ဝိုင်းနေသော မျက်လုံးကြီးများဖြင့် ငေးစိုက်ကြည့်ရှုနေသည်။ ဘာမျှတော့ ထုတ်ဖော်ပြောဆိုခြင်း မပြုလိုက်ချေ။

'ကိုယ်လုပ်ထားတဲ့ အမှုတစ်ခုကို ကိုယ့်ဘာသာကိုယ် ပြန်ဖျက်ဖို့ ကြိုးစားတာဟာ အင်မတန်မှားတဲ့ အလုပ်ပါပြုံး၊ ဘယ်သူမပြု မိမိမှုဆိုတာကိုလဲ သတိရစေချင်ပါတယ်'

သူက ပြုံးကိုဆကျာခိုင်ရင်း ခမ္မကထိက၏ လေသံနှင့် ပြောဆိုလိုက်သည်။

'ပြုံးလုပ်ခဲ့တဲ့အမှားကို ပြုံးသိလို့ ပြန်တာကို ကိုအောင်မြင့်က အပြစ်တင်ချင်တယ်ပေါ့လေ'

ပြုံးက ငိုသံပါကြီးနှင့် ပြောသည်။

သူသည် ဦးခေါင်းကို ခါယမ်းနေသည်။ လူ့ဘောင်တွင် မှားမှန်းသိသော်လည်း ပြင်၍မဖြစ်တော့သော လူမှု အရေးအခင်းများ ရှိကြသည် မဟုတ်လော။

'ရှင်က ပြုံး အပျိုမဟုတ်တော့လို့ ဒီစကားမျိုး ပြောနေတာလားဟင် ကိုအောင်မြင့်'

ပြုံးသည် သူ၏နောက်မှ သူ၏ကျောပြင်ကို ဘအားထုရင်း အော်ဟစ်ပြောဆိုလိုက်သည်။

ကျောခိုင်းထားရာမှ သူသည် ပြုံးကို ပြန်မျက်နှာချင်းဆိုင်ရလေသည်။ သူသည် ထိုစွဲချက်ကို အထင်ခံနိုင်ဟန် မရှိချေ။

'ဒီစကားကိုတော့ မပြောစေချင်ဘူး ပြုံး'

သူက ခပ်ထန်ထန် ခပ်မာမာကလေး ပြန်ပြောလိုက်သည်။



'ရှင် သူ့ရဲဘောကြောင်တာတို ဒီ့ပြင် ဘယ်လိုခပြောရဦးမှာလဲရှင်'

ပြုံး၏အသံကလေးလည်း ပြန်လည် မာကြောလာသည်။

'ပြုံးသဘောနဲ့ ပြုံးရွေးခဲ့ပြီးတဲ့လမ်းကို လမ်းမဆုံးမချင်း လျှောက်ဖို့က ပြုံးရဲ့ တာဝန်ပဲဖြစ်လိမ့်မယ်ထင်တယ်ပြုံး'

သူက ခပ်အေးအေးပင် ပြန်၍ပြောလေသည်။

'ပြုံးအပြစ်ကြီးပဲလို့ ရှင်က ဆိုနေပြန်တာပေါ့လေ ဟုတ်လား ကိုအောင်မြင့်'

'ဒီလိုလဲ မဆိုပါဘူး ပြုံးရယ်၊ ပြုံးရဲ့လမ်းကို ရွေးချယ်တဲ့နေရာမှ ပြုံးက အဓိကဖြစ်တယ်ဆိုတဲ့အကြောင်း ပြောတာပါ'

'မိန်းမသားကလေးတစ်ယောက်ကို ဒီအထိတောင်မှ အပြိုးကြီးနေရသလား ကိုအောင်မြင့်ရယ်၊ ပြုံးအမှားကို ပြုံးကိုယ်တိုင်ပဲ ဝန်ခံနေသားပဲ မဟုတ်လား'

ပြုံး၏အသံသည် ပြန်လည် ပျော့ပျောင်းလာပြန်သည်။

သူသည် ဦးခေါင်းကို ခါယမ်းနေလိုက်ပြန်သည်။

'မဖြစ်ဘူး ပြုံး၊ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး'

ဟု ညည်းတွားပြောဆိုနေသည်။

'လောကကြီးမှာ မရှိသေးတာဘဲရှိပါလိမ့်မယ် ကိုအောင်မြင့်ရယ်၊ မဖြစ်နိုင်ဘူးဆိုတာ မရှိတော့ပါဘူးလေ'

သူသည် ပြုံးကို မျက်နှာချင်းဆိုင်နေရာမှ ထိုသူ့အစ်ပါး၏ သားမယားကိုကြည့်နေရင်းက ကြောက်လန့်သကဲ့သို့ ရုတ်တရက် ကျောခိုင်းလိုက်ပြီးလျှင်—

www.burmeseclassic.com



'အသိတရားတွေ တိုးတက်ပြီး လူသတ္တဝါတွေ ခုလောက် ယဉ်ကျေးသိမ်မွေ့နေတဲ့ ခေတ်မှာ တစ်လင် တစ်မယားစနစ်နဲ့ ရိုးမြေကျ ပေါင်းကြတာဟာ အကောင်းဆုံး အိမ်ထောင်ရေး ဆိုတာ ပြုံးလဲ နားလည်သင့်ပါတယ်လေ' ဟု ပြောဆိုလိုက်၏။

'ဪသြော်'

ပြုံးသည် များစွာ တုန်လှုပ်သွားဟန် ရှိသည်။ သူပေါင်းလို သော ကျွဲယောကျ်ားနှင့် သူမပေါင်းသင်းလိုသော ထိုယောကျ်ား တို့သည် ညှိနှိုင်းတိုင်ပင်လေသကဲ့သို့ တစ်လင်တစ်မယားစနစ်နှင့် ရိုးမြေကျပေါင်းရေးကိုသာ တစ်ခုလတည်း တစ်သံတည်း ပြော ဆိုနေကြလေပြီကော။

'ပြုံး ယောကျ်ားဆိုကိုလာ အေးအေးဆေးဆေး ပြန်စမ်းပါ ပြုံးရယ်၊ ဦးတင်ထွန်းဟာ လူကြီးလူကောင်း တစ်ယောက်ပါ'

သူက လင့်ထံမှ ထွက်ပြေးလာသော ထိုမိန်းမပျိုကို နားချ နေသည်။

'ဘာလဲ ... ရှင်တို့နှစ်ယောက်က တစ်ကျိတ်တည်း တစ်ဉာဏ် တည်း ကြံနေကြတာလား'

ပြုံးက မခိုးမခန့်ပြုံးကာ ပြန်၍မေးလိုက်သည်။

'ဘယ်လို တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ကြံတာလဲဟင် ပြုံး၊ ကိုသစ္စာ...အဲလေ...ကိုမောင်မြင့် နားမလည်လို့ပါ'

သူက လေအေးအေးနှင့် ပြန်၍မေးလိုက်သည်။

'ရှင်က ဝေဿန္တရာမင်းကို အားကျမခံတဲ့ ပြုံးကို သူနဲ့ ပြန် အပေါင်းခိုင်းနေသလို သူကလဲ ရှင့်ကို ဟိုဟာမနဲ့ အပေါင်းခိုင်း နေလို့မဟုတ်လား'



ပြုံးသည် ဒေါသကလေးနှင့် သူ့ကို ကက်ကက်လန်အောင် ရန်တွေ့နေခိုက် ဘယ်လိုကဘယ်လို သတင်းကြား၍မှန်း မသိရ သော ဦးတင်ထွန်းသည် မော်ရစ်ကားကလေးဖြင့် စန္ဒရားဆရာ၏ အိမ်ရှေ့သို့ ဖြုန်းခနဲ ပေါက်လာသည်။

ပြုံးနှင့် ယူ၏စာပြင်ဆရာတို့ကို တွေ့လိုက်ရလျှင် တွေ့ရချင်း မော်တော်ကားစက်ကိုပင် ရပ်ထားရစ်ခဲ့ဖို့ သတိမှ မရတော့ဘဲ ကားတံခါးကိုဖွင့်ကာ ခုန်ဆင်းပြီးနောက် အိမ်ထဲသို့ ပြေးဝင် လာလေသည်။ ထို့နောက် သူ့မယားလုပ်သူကို အတင်းရော အဓမ္မပါ ဆွဲခေါ်ခြင်းပြုလေသည်။

'ရှင် လွှတ်နော် ကိုတင်ထွန်း၊ ပြုံးကို ဒီလိုအကြမ်းလုပ်လို့ မရဘူးဆိုတာ ရှင်သိတယ်မဟုတ်လား'

ပြုံးသည် ကိုတင်ထွန်း လက်မှ ရုန်းထွက်ရန် ကြိုးစားရင်း အော်ဟစ် ပြောဆိုလေသည်။

'ပြုံး မကျေနပ်တာတွေကို အိမ်ကျမှ အေးအေးဆေးဆေး ပြောစမ်းပါကွယ်၊ လူတွေ ကြားကုန်ပါမယ်'

ကိုတင်ထွန်းသည် သူ့မယားကို ဆွဲလည်းဆွဲ၊ ချော့လည်း ချော့နေသည်။

ဟင်းသို့ ပြုံးတို့လင်မယား လွန်ဆွဲနေကြခိုက် ကဗျာဆရာ သည် စန္ဒရားဆရာ၏ ဝေ…ပေါ့လိပ်တိုကို မီးညှိကာ မီးခိုးများ တထောင်းထောင်း ထအောင် တစ်ဖွာပြီးတစ်ဖွာ ရှိုက်လိုက် ဖွာလိုက် လုပ်နေသည်။ သို့ရာတွင် သူနှင့် ဘာမျှ မဆိုင်သော အလုပ်ကိုကား သူသည် မျက်နှာလွှဲထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်နောက်ကို တစ်သက်လုံး ပြန်မလိုက်ဘူး၊ ရှင့်မျက်နှာကိုလဲ မကြည့်ချင်တော့ဘူး'

ပြုံးသည် ပြန်လည် တွန်းထိုးရင်း အော်ဟစ်ပြောဆိုပြောဆိုနေသည်၊

'ပြုံးကလဲကွယ်....ဘေးလူတွေ ကြားကုန်ပါ့မယ်'

ကိုတင်ထွန်းသည် အတင်းရုန်းနေသော ပြုံးကို လက်မလွှတ်သွားစေရန် အားပြုချုပ်ကိုင်ရင်း ပြောဆိုရလေသည်၊

'ကြားတော့ ဘာဖြစ်သေးသလဲ၊ ရှင့်ကိုများ ပြုံးက ပြန်ပေါင်းလိမ့်ဦးမယ် မှတ်လို့လား'

'ပြုံးကလဲကွယ်—အပြောရကျပ်လိုက်တာ'

ပြုံးသည် ဘာမျှ ပြန်မပြောတော့ဘဲ ရုန်းနေပြန်သည်၊ ထို့ကြောင့် ကိုတင်ထွန်းသည် နာရီပိုင်းလောက်က ၎င်းကိုယ်တိုင် တယ်လီဖုန်းနှင့် အမိန့်ပေးကာ အလုပ်ဖြုတ်လိုက်သော စာပြင်ဆရာကို စစ်ကူတောင်းဆိုသော အမူအရာဖြင့် လှမ်း၍ကြည့်လိုက်သည်၊ သို့ရာတွင် စာပြင်ဆရာဟောင်းသည် သူတို့ လင်မယား၏ လွန်ပွဲကို ကျောခိုင်းကာ ဆေးပေါ့လိပ်တိုကို သဘော်မှ မီးခိုးခေါင်းတိုင်လွှတ်သလို ဖွာနေသည်၊

'ဒီလိုပဲ ကြည့်နေတော့မလားဗျ ကိုသစ္စာ'

ကိုတင်ထွန်းက အပြစ်တင်လိုသော လေသံဖြင့် ၎င်း၏ အလုပ်သမားဟောင်းကို လှမ်း၍ ပြောလိုက်သည်။

'ကျုပ် မကြည့်ချင်လို့ မျက်နှာလွဲသွားတာ ခင်ဗျား မမြင်ဘူးလား'



စာပြင်ဆရာဟောင်းက နောက်သို့ပင် ပြန်လှည့်မကြည့်ဘဲ ပြောဆိုလိုက်သည်။

'ရိုးတိုးယားတားတော့ စိတ်ကူးမယ်မကြံနဲ့ ကိုယ့်လူ၊ ဒါ မယားခိုးမှု ဖြစ်နိုင်တယ်'

ဝတ်လုံဘွဲ့ရလာသော အလုပ်ရှင်က ၎င်း၏အလုပ်သမားဟောင်းကို ချောက်လှန့်နေသည်၊

သူသည် ဘာမှ ပြန်မပြောတော့ဘဲ ဟက်ဟက်မက်မက်ဖြင့် ခွက်ထိုးခွက်လန် ရယ်မောလိုက်လေသည်။ထိုကဲ့သို့ အားရပါးရ ရယ်မောနေလိုက်ပြီးမှ ထိုလင်မယားနှစ်ယောက်ဘက်သို့ ပြန်၍ မျက်နှာလှည့်လိုက်လေသည်၊ထို့နောက် ကိုတင်ထွန်း လက်ထဲမှ သူ၏မယားကို လှမ်း၍ ဆွဲယူလိုက်သည်၊

'ကိုယ့်မယားကိုတောင် နိုင်အောင် မဆွဲနိုင်တဲ့ လူကများ ကိုယ့်မယားကို သူများခိုးမှာ ကြောက်နေရသေးသလား'

ဟု ပြောဆိုကာ ပြုံးကို သူကိုယ်တိုင် ပွေ့ချီပြီးနောက် မော်တော်ကားပေါ်သို့ ရောက်အောင် တင်ပေးလိုက်သည်၊

ကိုတင်ထွန်းက သူ့မယားကို ကားနှင့်တင်ကာ ပြန်ထွက်သွားခါနီးတွင် သူသည် ထိုသူ့နားနီးသို့ ကပ်၍ ထိုသူ၏မယား မကြားအောင် ခပ်တိုးတိုးကလေး ပြောဆို မှာကြားလိုက်သေးသည်။

'ခင်ဗျား မယားကလေးကို ခင်ဗျား နိုင်အောင် မအုပ်ချုပ်နိုင်တဲ့နဲ့ သူများကိုတော့ မယားခိုး မစွဲချင်စမ်းပါနဲ့ဗျာ'

* * *

www.burmeseclassic.com

www.burmeseclassic.com



(၃)

စန္ဒရားဆရာ၏ နေအိမ်တွင် ဆက်လက်နေထိုင်၍ အလုပ်အကိုင် တစ်ခုခုကို ရှာဖွေလုပ်ကိုင်ရန် အစီအစဉ်ကို သူသည် ချက်ချင်းပင် စွန့်လွှတ်လိုက်ရလေသည်၊ ထိုအိမ်တွင် သူ၏ လုံခြုံမှုသည် မရှိတော့ချေ။ ပြုံးသိသွားလေပြီ၊ သူ့ လင်နောက်သို့ မိမိကိုယ်တိုင် ဇွတ်အတင်းဆွဲတင်ပေးလိုက်သောကြောင့် ပါသွား ရသော်လည်း ထိုမိန်းမပျို သည် စိတ်ချရသောအစားထဲကမဟုတ် ချေ။ နောက်တစ်ကြိမ် မိမိရှိရာသို့ ဇွတ်တရွတ် ထွက်ပြေးလာ ပါက မခက်ဘလော၊ သူ့မယားကိုမခိုးရဘဲနှင့် အခြောက်တိုက် မယားခိုးမှုနှင့် ထောင်ကျရမည့် ဘဝအခြေ ဖြစ်လေသည်။

ပြုံးတို့ လင်မယား မော်တော်ကားနှင့် ထွက်သွားကြပြီး နောက် တစ်နေရာသို့ ရှောင်ပေးနေဟန်ရှိသော စန္ဒရားဆရာ ကိုပင် သူသည် အကျိုးအကြောင်းပြောဆိုရန် စောင့်ဆိုင်းခြင်း မပြုတော့ဘဲ ခြေဦးတည့်ရာသို့ ထွက်လာခဲ့လေသည်။ မည်သို့ပင် ခြေဦးတည့်ရာသို့ ထွက်လာခဲ့စေကာမူလည်း နောက်ဆုံး၌ သူသည် ရန်ကုန်ဘူတာကြီး၏ ကုန်းကျော်တံတားကြီးပေါ်သို့ ပြန်ရောက်သွားလေသည်။

အခါတိုင်း သူရပ်နေကျနေရာတွင် ရပ်ကာ ပြိုင်၍ နေကြ သော သံလမ်းများနှင့် ထိုသံလမ်းများပေါ်တွင် တဂျုန်းဂျုန်း လှိမ့်နေသောမီးရထားဘီးကြီးများကို ငေးမောကြည့်ရှုနေသည်။ ထိုသို့ မီးရထားဘီးကြီးများကို ကြည့်နေစဉ် ကြက်သီးများ



ဖြန်းဖြန်း ထလာသည်။ ကြက်သီးများ ထလာသောအခါ သူ သည်....

'အမေ....အမေ...အမေ'

ဟု အမေ့ကိုယောင်ရမ်းမြည်တမ်းရင်း အမေ့ကို လှိုက်လှိုက် လှဲ သတိရလာသည်။

အမေ့ဆီသို့ မရောက်သည်မှာ တစ်လခန့်မျှပင် ရှိပေတော့ သည်။ ထို့ကြောင့် အမေ့ကို တွေ့ချင်မြင်ချင်လာသည်။

သူသည် ကုန်းကျော်တံတားကြီးပေါ်မှ ခပ်သုတ်သုတ် လေးဆင်းလာစဉ် လူချင်းမတွေ့ကြရသည်မှာ ကာလအတန် ကြာသွားပြီဖြစ်သော မီးရထားအလုပ်သမားဟောင်းကြီးကို ဖက်လှေကားအဆင်းတွင် တွေ့ရလေသည်။

'ဟာ...ဦးလေးပါလား၊ မတွေ့တာ တော်တော်ကလေး ကြာသွားပြီ'

သူသည် ထိုအလုပ်သမားဟောင်းကြီးကို ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်မိသည်။

'ကျုပ်ကတော့ ဒီတံတားကြီးအပေါ် နေ့စဉ် ဖြတ်နေတာ မောင်ရင်၊ မတွေ့တာ ကြာတာကတော့ မောင်ရင် ပေါ့ လို ဖြစ်ပါလိမ့်မယ်'

အလုပ်သမားအဘိုးကြီး၏လေသံမှာ အားနည်းနေသည်။

'ဟုတ်တယ် ဦးလေး၊ ဒီဘက် ကျွန်တော်မရောက်တာ တော် တော်ကြာသွားပြီ'

'ဒါထက် မောင်ရင့် မိန်းမတစ်ယောက်ကော နေကောင်း ကောင်းရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဖြေတော့ ပြန်မပေးလိုက်ချေ။ ပြုံးနေသ
သည်၊ ထိုအဘိုးကြီးသည် ရိုးသားသောစေတနာနှင့် မေး
ခြင်းဖြစ်သည်။ ထိုစေတနာကို သူသည် ပျက်ပြားခြင်း မဖြစ်
လိုချေ။

'ဦးလေး ကျန်းမာရေးတော့ ကောင်းတယ် မဟုတ်လာ

သူသည် မြန်မာတို့၏ ယဉ်ကျေးမှုမေးခွန်းကို မေးလို
သည်။

'နေတော့ကောင်းပါရဲ့ကွာ၊ ဒါပေမယ့်....ရေချိန်က န
နည်းလောက် လိုနေသေးလို့'

အဘိုးကြီးက ရယ်သလိုမောသလိုပြောဆိုကာ လှေ
ပေါ်သို့ တက်သွားမည်အပြုတွင် သူသည် သူ၏ အင်္ကျီအိတ်
အတွင်းမှ ငွေတစ်ဆယ်တန်တစ်ရွက်ကိုထုတ်ယူကာ ထိုအ
ကြီးအား လှမ်း၍ ပေးလိုက်သည်။

'မျှားလွန်းနေတယ်မောင်ရင်'

အလုပ်သမားအဘိုးကြီးက ငြင်းဆန်နေသည်။

'ရှိတုန်းပေးရတာပါ ဦးလေးရဲ့၊ ယူသာထားပါ'

'ကျုပ်လိုတာက တစ်ကျပ်ခြောက်မူးပဲ မောင်ရင်၊ တ
အတွက် အသက်မွေးလောက်တဲ့ စားစရာသောက်စရာ
တော်ပါပြီ'

'ယူသာယူပါ ဦးလေးရဲ့'

'အကြွေမပါရင်တော့ နှစ်ကျပ်ပဲ ပေးခဲ့ပါလား မောင်
ထို့ကြောင့် သူသည် ငွေနှစ်ကျပ်ကို တစ်ဆယ်နှင့် ပြန်
ပေးလိုက်ရသည်။ ဒီတော့မှပင် ထိုအဘိုးကြီးသည် လေက



တချွန်ချွန်နှင့် ထွက်သွားလေသည်။ မည်ကဲ့သို့ပင်ဖြစ်စေ အဘိုး
ကြီး၏ တစ်နေ့စာ အသက်မွေးလောက်သော သောက်စရာကို
ပေးလှူခဲ့ရလေသဖြင့် သူသည် ခေတ္တခဏလေး စိတ်ချမ်းသာ
ခဲ့လေသည်။

သို့ရာတွင် ထိုစိတ်ချမ်းသာမှုသည် ကြာကြာတော့ မခံချေ။
သူ၏ အစ်ကိုအိမ်ဝင်းသို့ ဝင်လိုက်မိလျှင်ပင် သူ၏ ခြေလှမ်း
များသည် ရုတ်တရက် ရပ်တန့်၍ သွားလေ၏။ အဘယ်ကြောင့်
ဆိုသော် မဖော်မပြနိုင်သော သားငယ်ကို မည်ကဲ့သို့မျှ ဆက်လက်
စောင့်စားခြင်း မပြုနိုင်တော့သော ထိုအမယ်ကြီးသည် သူ၏
နောက်ဆုံးသော ထွက်သက်ကို ရှူထုတ်လိုက်ပြီးနောက် အိမ်
ရှေ့ခုတင်ထက်တွင် ဘယ်သောအခါမျှ ပြန်နိုးလိမ့်မည် မဟုတ်
သော အိပ်စက်ခြင်းဖြင့် နှစ်နှစ်ခြိုက်ခြိုက်နှင့် ငြိမ်ငြိမ်သက်သက်
အိပ်စက်နေသောကြောင့် ဖြစ်လေသည်တကား....။

★

www.burmeseclassic.com

www.burmeseclassic.com

## လမ်းဘယ်မမြင်

(၁)

အမေ့အတွက် ရက်လည်ဆွမ်းသွတ်သောနေ့က နေဝင်၍ မိုးချုပ်လျှင်ပင် သူသည် သူ၏ မူလ နေရာဟောင်းဖြစ်သော လွတ်လပ်ရေးကျောက်တိုင်ကြီးဘက်သို့ ပြန်လည် ရောက်ရှိလာသည်။ တကယ်ဆိုတော့ ထိုနေရာသည်သာလျှင် သူ၏ နေရာစစ် နေရာမှန်သာဖြစ်လေသည်တကား။

ရန်ကုန်မြို့ကြီးတစ်မြို့လုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေချိန်တွင် ကျောက်တိုင်ကြီးကို ခြေစစ်လက်ပစ်မှီလျက် သူ၏ မရှိတော့သော အနာဂတ်ကို ကျောခိုင်းကာ သူသည် အတိတ်သို့ ငေးငိုင်လျက်ရှိပေသည်။ ကျယ်ဝန်းလှသော ဤကမ္ဘာမြေကြီး ပြင်၌ သူ၏အတွက် ကျော့တစ်ခင်းစာနေရာမျှပင်မရှိပါတကား။ ငှက်တို့၌ အသိုက်ရှိကြသည်။ ခွေးများအဖို့ ခွေးကတက်ရှိကြသည်။

လူတိုင်းသည် စစ်သားဖြစ်ကြသည်။ လူသတ္တဝါအဖြစ်ဖြင့် အသက်ရှင်နေနိုင်ဖို့အတွက် ရပ်နားခြင်းမပြုရသော စစ်ပွဲကြီး ခုခံတိုက်ခိုက်ခြင်း ပြုရပေသည်။ ယင်း ခုခံတိုက်ခိုက်ခြင်းမပြုနိုင် သောအခါ လူသည် သတ္တဝါအဖြစ်မှ ရပ်ဆိုင်းသွားရပေလိမ့်မည်။



သူသည် အသက်ရှင်လိုသော လူသတ္တဝါတစ်ကောင်အနေနှင့် သူကျရောက်နေသော စစ်မျက်နှာ၌ သူ၏တိုက်ပွဲကိုဆင်နွဲခဲ့ပြီးလေပြီ။ ကောင်းကောင်းနှင့် သူသည် တိုက်ခိုက်ခြင်းလည်းပြုခဲ့ပြီးလေပြီ။ သို့ရာတွင် တိုက်ပွဲတိုင်း၌ မရှုမလှရှုံးနိမ့်ခဲ့ရသော စစ်သားတစ်ယောက်မျှသာ ဖြစ်လေသည်။

ပညာသင်ကြားရေးကိစ္စကို ကြည့်ပါဦး။ သူသည် အဖေဆုံးသွားသဖြင့် တစ်ပိုင်းတန်းလန်းနှင့် ကျောင်းမှထွက်လာခဲ့ရသည်။ သူ၏အစ်ကိုနှင့်အစ်မတို့ကလည်း သူ့ကို ဆက်လက်ပညာသင်ကြားပေးဖို့ ဝေးလေစွ၊ သူတို့အိမ်ရိပ်သို့ ဝင်ရောက်ခိုကပ်ခြင်းကိုပင် လက်မခံခဲ့ကြချေ။ နှင်ထုတ်၍ လွှတ်ကြသည်။

သူသည် ကဗျာကို တပ်မက်သူဖြစ်သည်။ ကဗျာဆရာတစ်ယောက်ဘဝကို ခုံမင်သူလည်းဖြစ်သည်။ လူ့ဘဝနှင့် ပတ်သက်သောအကြောင်းအရာများကိုလည်း မြောက်မြားစွာဖွဲ့နွဲ့သီကုံးခဲ့သည်။ သို့ရာတွင် မည်သူကမျှ သူ၏ ကဗျာကို အသိအမှတ်လည်းမပြု၊ ဖတ်လည်းမဖတ်ကြချေ။

သူ့ကို ကဗျာဆရာတစ်ယောက်အနေနှင့် အသိအမှတ်ပြုခြင်းနှင့်လက်ခံခြင်းများမရှိခဲ့ကြ။ နာမည်ကျော် မဂ္ဂဇင်းတိုက်ကြီးများနှင့်ဂျာနယ်တိုက်ကြီးများက သူ့ကဗျာများကိုငြင်းပယ်ခဲ့ကြသည်။ မြေပဲလှော်နှင့်လဲစားဖို့ပင်လျှောင်၍ လွှတ်ကြသည်။

လူတစ်ဦးတစ်ယောက်အတွက် များစွာအရေးကြီးလှသော လွှမ်းရေး၌လည်း သူသည် တပ်ဆုတ်ပေးခဲ့ရသော စစ်သားတစ်ယောက်ဖြစ်သည်။ သူသည် ပြုံးကိုချစ်၍ ပြုံးကလည်း

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ချစ်ပေသည်၊ သို့ရာတွင် သူ၏ချစ်သော ပြုံးကို သူ တစ်ပါးလက်သို့လွှဲအပ်ပေးခဲ့ရသည်။

သို့ရာတွင် ပြုံးဆုံးသွားပြီဖြစ်သော ထိုအမှုသည်ပြန်၍ရှင် ထွေးလာခဲ့ရပြန်သည်။ ပြုံးသည် သူ့လင်ကို ဇွတ် တ ရွတ် ကွာရှင်း၍ သူနှင့်ပြန်ပေါင်းလိုသည်ဟု အတင်းအကျပ်ပြော ဆိုလုပ်ကိုင်လာသည်၊ မဖြစ်နိုင်သောကိစ္စကို သူသည် အဘယ် သို့ လက်ခံရမည်နည်း။ သူ့လင်နောက်သို့ပြုံးကို သူကိုယ်တိုင် ပြန်၍ ထည့်ပေးလိုက်ရသည်၊ ထိုမှုနှင့်လည်း ကိစ္စက မပြီး ပြတ်ချေ။

သူ့အမေကို သင်္ဂြိုဟ်သောနေ့က အသုဘလာပို့ရင်း စန္ဒရား ဆရာက ပြုံးနောက်ထပ် သူ့အိမ်သို့ ပြန် ပြေး လာ သည် အကြောင်းနှင့် သူ့ယောက်ျားက အတင်းအဓမ္မ ဆွဲခေါ်သွား ရသည့်အကြောင်းများကို ပြောပြသွားသည်၊ ထို့ကြောင့် သူ အသက်ရှင်နေသရွေ့ ကာလပတ်လုံး ထိုလင်မယားမည်သည် နည်းနှင့်မျှ ပြန်လည်သင့်မြတ်နိုင်ကြဖွယ်ရာ မရှိတော့ချေ။

သူ ဝမ်းရေးအတွက် သီရိမင်္ဂလာပုံနှိပ်တိုက်တွင် စာပြင် ဆရာအလုပ်ကို လုပ်ခဲ့သည်။ အလုပ်ရှင်နှင့် အလုပ်သမားများ အားလုံးက သူ့ကို ချစ်ခင်လေးစားခဲ့ကြသည်၊ သို့ရာတွင် သူ သည် ဘာပြစ်မှုမျှမရှိဘဲ အလုပ်အပြုတ်ခံခဲ့ရသည်၊ မည်သည် ပြစ်မှုမျှမရှိဘဲ အလုပ်အထုတ်ခံခဲ့ရသော သူလိုလူတစ်ယောက် အတွက် ရှေ့တွင် မည်ကဲ့သို့ လုပ်ကိုင်စားသောက် ရပါမည် နည်း။



သူ့ကို နားလည်၍ ချစ်တတ်ခင်တတ်ကြသော လူအနည်း ငယ်ကျဉ်းမျှသောက်သာ သူသည် တွေ့ရဖူးလေသည်။ သူ့အဖေ ည်း နည်းပါးလှသော ပင်စင်လစာကလေးထဲမှဖဲ့၍ သူ့ကို ကတ္တသိုလ်ကျောင်းသို့ပို့ခဲ့ရှာသည်၊ သို့ရာတွင် အဘိုးကြီးကား ရှိတော့ပြီ၊ သူ့ကို အချစ်ဆုံးဖြစ်သောအမေသည် သားနှင့် ချွေးမတို့၏အငြိုအငြင်ပြုပြင်ခံခဲ့ရသည်။

သူစားမည့်အစာကိုပင်မစားရက်ဘဲ ခိုးဝှက်၍သူ့ကိုကျွေး မွေးခြင်းပြုရန်အားထုတ်ခဲ့သည်၊ သို့ရာတွင် အဘွားကြီးသည် ည်းယခုအခါတွင်မရှိတော့လေပြီ။

သူ့ကို ကြင်နာကြသောလူများထဲတွင် စိတ္တဇ ဆေးရုံမှ သူငယ်ချင်းကိုလည်းကောင်း၊ ရန်ကုန်ဘူတာကြီးတွင် ကပ်ရပ် တောင်းစားနေရသော အလုပ်သမားအိုကြီးကိုလည်းကောင်း၊ သီရိမင်္ဂလာပုံနှိပ်တိုက်မှ အလုပ်သမားများနှင့် ရေကျော်ဘက် မှ စန္ဒရားဆရာ ကိုလည်းကောင်း သူသည် စဉ်းစားမိလေ သည်။

တကယ်ဆိုတော့ ထိုအောက်တန်းစားများ၌သာလျှင် လူ သားအချင်းချင်းအပေါ်တွင် ကြင်နာတတ်ကြသော နှလုံး သားရှိကြလေသည်တကား။

လူသားအချင်းချင်းအပေါ်၌ ကြင်နာတတ်သော နှလုံး သားရှိကြသူများထဲတွင် မြင့်အမည်ရှိသော ညအပျိုကလေးကို လည်း သူသည် ချန်လှပ်ခြင်းမပြုနိုင်ချေ။ မည်သူ တစ်ဦးတစ် ယောက်ကမျှ သူ့ကိုအသိအမှတ်မပြုဘဲစွန့်ပစ်ထားကြချိန်တွင် ထိုမိန်းကလေးသည် သူ့ကို 'ကိုသစ္စာ' ဟူ၍ အမြတ်တနိုး

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဝေါ်လျက် သူ၏ကဗျာများကို သိမ်းဆည်းခြင်း ပြု
သည်။ သူ့ကို ကံ၏သားတော်ဘဝမှရုန်းထွက်ရန် လှုံ့ဆော်
ပေးခဲ့သည်။ သူ့ကို အဖက်ဖက်က လိုက်လံကူညီခဲ့သည်။

သို့ရာတွင် မြင့်သည် ယခုအခါတွင် ရန်ကုန်၌မရှိတော့
တောအရပ်သို့ စိတ်နာကြည်းစွာနှင့်ပြန်ပြေးသွားလေပြီ။ အမေ
အတွက် ရက်လည်ဆွမ်းသွတ်သောနံနက်က စန္ဒရားဆရာသည်
သူ့အိမ်သို့ မြင့်တစ်နေ့က လာရောက်သည့်အကြောင်း ပြော
သွားသည်။

ဘုရားကိုးဆူပွဲတွင် ဖြစ်ပျက်ခဲ့ရသော အကြောင်းများ
ကြောင့် စိတ်မကောင်းသည့်အကြောင်းနှင့်ရန်ကုန်ကို စိတ်နာ
လှသဖြင့် တောသို့ပြန်တော့မည်အကြောင်းများကိုပြောဆိုခြင်း
ပြုသွားကြောင်းနှင့် စန္ဒရားဆရာက ပြောဆိုသွားလေသည်။

အတိတ်၏လမ်းဆုံးသောအခါ သူသည် ပစ္စုပ္ပန်သို့ပြန်၍
ရောက်လာသည်။ သို့ရာတွင် အနာဂတ်သည် ကဗျာဆရာ
ကလေး မောင်သစ္စာအတွက် မရှိတော့ပါကကား။

(၂)

အရုဏ်တက်၍ ကျီးများ တအားအား အော်မြည်ပျံသန်း
ကြသောအချိန်တွင် သူသည် လွတ်လပ်ရေးကျောက်တိုင်ထက်
မှ တလှုပ်လှုပ်နှင့် ဆင်းလာသည်။

တစ်နေ့ကား သစ်ပြန်လေပြီတကား။



သူသည် ပန်းခြံ တံခါးဝတွင် ရပ်ကာ လွတ်လပ်ရေး
ကျောက်တိုင်ကြီးကို ပြန်လှည့်၍ ကြည့်လေသည်။ သူသည်
အတန်ကြာမျှ ကြည့်လေသည်။

ထို့နောက် သက်ပြင်းကိုချရင်း တစ်ဖက်ဘေးတွင် ဣန္ဒြေ
လုပ်ချက်သား ကောင်းလှသော တရား လွှတ်တော် ချုပ်
အဆောက်အအုံကိုလည်း ကြည့်လိုက်ပြန်သည်။

ထိုအခိုက် မြစ်ဘက်မှလေသည် ရုတ်တရက်ဝှေ့ယမ်း တိုက်
ခတ်လိုက်သဖြင့် ဆူးလေစေတီတော်မှ ဆွဲလဲသံ များသည်
ဆူဆူညံညံ ပေါ်ထွက်လာလေသည်။ ခိုတစ်အုပ်သည်လည်း
မြို့တော်ခန်းမထက်မှ အလန့်တကြား ထ၍ ပျံကြလေသည်။

ပန်းခြံမှထွက်လာသောအခါ သူသည် အံသိဉာဏ်ရှိသော
လူတစ်ယောက်ကဲ့သို့ မဟုတ်တော့ဘဲ သံပတ်ပေးထားသော
စက်ရုပ်တစ်ခုလို လှုပ်ရှားလျက်ရှိသည်။ သူသည် အဘယ်သို့မျှ
မကြည့်။ ဦးခေါင်းကိုငိုက်စိုက်ချကာ သူ့သွားနေကျ လမ်း
ဟောင်းအတိုင်း သွားနေကျနေရာသို့ သွားနေသည်။

သူ၏နားထဲတွင် အစ်ကိုနှင့်မရီးတို့၏ ချိုးချိုးဖဲ့ဖဲ့ပြောသံ
ဆိုသံများကို ကြားနေရသည်။

'ကဗျာရူး....စာရူး....အလကား အကောင်'

'ဟား....ဟား....ဟား ဒါလောက်များလှတဲ့ ကဗျာတွေကို
မြေပဲလှော်နဲ့သာလဲစားဖို့ကောင်းတယ်'

ဆိုသော မဂ္ဂဇင်းအယ်ဒီတာများ၏ လှောင်ပြောင်ရယ်
မောသံနှင့် ပြောဆိုသံများကိုလည်း ကြားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အပြစ်မရှိဘဲနှင့် အလုပ်ထုတ်ပစ်လိုက်ရုံမျှမကသေး၊ မယားခိုးမှုနှင့် ထောင်ချဦးမည်ဟု ကြိမ်းမောင်း ပြောဆိုလိုက်သော ပြုံးယောက်ျား၏ ပြောသံ ဆိုသံများကိုပါ ကြားယောင်လာသည်။ တကယ်ဆိုတော့ အတိုက်၏ မကောင်းဆိုးဝါး များ သည် သူ သွားလေရာ နောက်သို့ တခေါက်ကောက်လိုက်ကာ သူ့ကို ချောက်လှန့် နေကြခြင်းမျှသာ လျှင် ဖြစ်လေသည်တကား။

ရန်ကုန်ဘူတာကြီးအဝင် စကြံပေါ်တွင် ရပ်လိုက်ရသော အခါ သူသည် ထုံးစံအတိုင်း နောက်ကြောင်းသို့ ပြန်လှည့်၍ ကြည့်လိုက်ပြန်လေသည်။ ပြုတ်ထနေသော လယ်သမားများ၏ ကျောပြင်တွင် ဇိမ်ခံမော်တော်ကားကြီးသည် တငြိမ့်ငြိမ့်ပြေး နေကြပေသည်။

သူသည် သက်ပြင်းကိုချလိုက်ပြီးနောက် ကုန်းကျော်တံတားကြီးပေါ်သို့ လေးလေးလံလံတက်လာသည်။ သူ၏ ခြေလှမ်းများသည် ကုန်းကျော်တံတားကြီးပေါ်သို့ ရှီးရှီးသားသား တက်နေရသော လူတစ်ယောက်၏ ခြေလှမ်းများနှင့်လည်း မတူတော့ချေ။ ဒေါက်ဖြုတ်သတ်ဖြတ်ခြင်း ခံရမယ့်ဆဲဆဲ အကျဉ်းသမားတစ်ယောက်၏ ကြိုးစင်သို့ တက်နေရသော ခြေလှမ်းများနှင့်သာ တူလေသည်။

လှေကားထိပ်သို့ ရောက်သောအခါ သူသည် ပင့်သက်ကို ရှူလိုက်သည်။ ထို့နောက် ခါတိုင်း သူရပ်နေကျ နေရာကလေးသို့ ဆက်လက် လျှောက်သွားပြီးလျှင် ရပ်ကြည့်နေပြန်သည်။



ကုန်းကျော်တံတားကြီးအောက်တွင် မီးရထားများသည် တစ်စင်းပြီးတစ်စင်း ဝင်လိုက်ထွက်လိုက်နှင့် ဆူညံနေသည်။ မီးရထားဥသြသံများ၊ လူသံ သူသံများနှင့် အော်ဟစ်ခေါ်သံများသည်လည်း နားကွဲလုမတတ်ပင်ဖြစ်လေသည်။ သို့ရာတွင် သူသည် ထိုအသံဗလံများကို ကြားဟန်မတူချေ။ သံလမ်းများကို ငေးစိုက်ကြည့်နေသည်။

ထိုသံလမ်းများပေါ်တွင် တလှုပ်လှုပ်နှင့် လှိမ့်နေသော မီးရထားသံဘီးကြီးများကို ငေးမောကြည့်ရှုရင်း ကြွက်သီးများ တဖြန်းဖြန်းထနေသည်။ သို့ရာတွင် သူသည် ကြည့်ရှုမြဲ ကြည့်ရှု၍သားနေလေသည်။ တစ်ချက်တစ်ချက်တွင် သူသည် 'အမေ အမေ'နှင့် မရှိတော့ပြီဖြစ်သော အမေလုပ်သူကို ကယောင်ကတမ်း မြည်နေသည်။

ထိုအခိုက်....

'ကနေ့တော့ စောပါလားကွယ်'

ဟူသော မေးမြန်းနှုတ်ဆက်သံကို ကြားလိုက်ရသဖြင့် သူသည် ပြန်လှည့်၍ကြည့်လိုက်သည်။

ထိုအလုပ်သမားအိုကြီးကို တွေ့နေရသည်။ သို့ရာတွင် ထို အဘိုးကြီးသည် စွပ်ကျယ်ကလေး တစ်ထည်ကိုသာ ဝတ်ဆင် ထားသဖြင့် ခိုက်ခိုက်တုန်နေရှာသည်။

'အေးလိုက်တာကွယ်'

အဘိုးကြီးသည် ညည်းတွားလေ၏။

အသက်အရွယ် ကြီးရင့်ရသည့်အထဲ မနွေးအောင်မှ မဝတ်ဆင်ရသောကြောင့် ထိုအဘိုးကြီးအိုသည် ချမ်းရှာပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို၏ လူဖြစ်ရှုံးလှသော ဖြစ်အင်ကို သူသည် ငေးမောကြည့်ရှုနေခိုက် ဥဩသံ ဆူဆူညံညံပေးကာ လော်ကယ်ရထားတစ်စီးသည် သဲဆန်းကျွန်းဘက်မှဝင်လာ၏။ ထို့ကြောင့် သူသည် လော်ကယ်ရထားကို လှမ်းကြည့်လိုက်မိသည်။ ထို့နောက် သူ၏ ကုတ်အင်္ကျီကို ကပျာကယာချွတ်ကာ ခိုက်ခိုက်တုန်နေရှာသော အလုပ်သမားအဘိုးကြီးအား သူ့ကိုယ်တိုင် ဝတ်ပေးလေ၏။

ထိုသို့ သူ၏ ကုတ်အင်္ကျီကို အဘိုးကြီးအိုအား ဝတ်ပေးပြီးနောက် ထိုလူကြီးကို ချာခနဲ ကျောခိုင်းကာ သူသည် ထွက်လာခဲ့သည်။ အဘိုးကြီးအိုသည် သူပေးသွားသော ကုတ်အင်္ကျီ အိတ်ကပ်အတွင်းမှ ပိုက်ဆံများ၊ စာချွက် စာတမ်းများနှင့် ဒိုင်ယာရီစာအုပ်ကလေးတို့ကို ထုတ်ယူကာ အတန်ကြာမျှ ငေးစိုက်ကြည့်ရှုနေပြီးမှ ရုတ်တရက်သတိရလာပြီးလျှင် သူ့နောက်သို့ အပြေးကလေး လိုက်လေသည်။

သူသည် နောက်သို့ပင် လှည့်မကြည့်တော့ဘဲ အမှတ်ငါး စင်္ကြံလှေကားထစ်မှ အပြေးကလေးဆင်းချသွားလေ၏။ သူ့နောက်မှ တကောက်ကောက်လိုက်လာသောအဘိုးကြီးအိုက—

'ဟေ့ မောင်ရင်....ခနပါဦး'

ဟု လှမ်းအော်၍ ခေါ်လေသည်၊ သို့ရာတွင် သူသည် နောက်ကြောင်းကို ပြန်မကြည့်တော့ချေ။ သူသည် အချိန်နှင့် နေ့ရက်တို့ကို လုယက်နေလေပြီတကား—



ထိုအခိုက် ဘူတာအတွင်းသို့စက်ရှိန်မလျှော့သေးဘဲ တဂျုန်းဂျုန်း ခုတ်ဝင်လာသော လော်ကယ်ရထားတည့်တည့်တွင် သူသည် မိုက်မိုက်မဲမဲရပ်လိုက်လေ၏။

'ဟေး....မေခွင်ရင်၊ ဒါဘာလုပ်တာလဲ၊ ဟိုမှာ ရထားလာနေတယ်'

ဟူ၍ အဘိုးကြီးအိုက လှမ်းအော်သတိပေးနေသည်ကိုပင် သူသည် မကြားလိုတော့ချေ။ သူသည် မျက်စိနှစ်လုံးတို့ကို စုံမှိတ်ထားလိုက်သည်။ အံသွားကိုလည်း အသံထွက်လာအောင် ကြိတ်ထားလိုက်သည်။

စင်္ကြံတစ်ဖက်မှ ခရီးသွားခရီးလာများသည် အော်သံများ ထွက်လာအောင် ဝိုင်းဝန်းအော်ဟစ်ခြင်း ပြုနေသည်။ သို့ရာတွင် မီးရထား၏ ကျွန်ဟောင်းကြီးကသာ စင်္ကြံပေါ်မှ ခုန်ဆင်းကာ ရထားစက်ခေါင်းနှင့် နီးကပ်နေပြီဖြစ်သော သူ့ကို ရပ်နေသော ဇလီဖားတုံးပေါ်မှ တအားတွန်းထုတ်ခြင်း ပြုလိုက်လေသည်။

သူသည် ရထားဘီးအောက်မှ လွတ်သည်ဆိုရုံမျှသာ လွတ်သွားလေ၏။ သို့ရာတွင် သူ၏ ဖြစ်ခဲလှသောအသက်ကို ကယ်ဆယ်လိုက်သော ထိုအလုပ်သမားအိုကြီးကိုမူကား တစ်သက်လုံး လုပ်ကိုင်ပေးခဲ့သည့် မျက်နှာကိုမှပင် မထောက်ထားဘဲ လော်ကယ်ရထား၏ သံဘီးကြီးများသည် အရိုးတခြား အသားတခြား ဖြစ်သွားအောင် ဝါးနင်းလိုက်လေသည်တကား—။

★

www.burmeseclassic.com

www.burmeseclassic.com

## အသက်ရှင်လျက် သေဆုံးနေသူ

(၁)

သူသည် တဖြည်းဖြည်းပြန်၍ သတိရလာသည်။ သတိပြန်၍ ရလာလျှင်ရလာချင်း သူသည် များစွာ တုန်လှုပ်ချောက်ချား၍ သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူသည် မသေသေး ပါတကားဆိုသောအချက်ကို ရှေးဦးစွာ သတိပြုမိလိုက်သော ကြောင့် ဖြစ်လေသည်။

သူသည် သက်ပြင်းကို ခပ်လေးလေးချလိုက်မိသည်။ ထို့နောက် သူရောက်ရှိနေသော နေရာနှင့် ဘေးပတ်ဝန်းကျင်ကို ကြည့်ရှုမိသည်။ သူသည် ဆေးရုံကြီးထက်တွင် ရောက်ရှိနေ သည်ကို သတိရလာသည်။ သူအိပ်စက်နေသော ခုတင်နှင့် မလှမ်းမကမ်းတွင် ခုတင်သုံးလေးလုံး တွေ့ရသည်။ ထိုခုတင် များထက်တွင် လက်များ ခြေထောက်များတွင် ပလာစတာ ကိုင်ထားသော လူနာသုံးလေးယောက်တို့ကို တွေ့နေရသည်။ သည်တော့မှ သူ၏ကိုယ်ကိုပြန်၍ ကြည့်ရှုရန် သတိရလာသည်။

သူ၏ ခေါင်းတွင် ပတ်တီးစည်းထားသည်။ ခေါင်းတွင် စည်းထားသော ပတ်တီးကို သတိရတော့မှ ခေါင်းထဲတွင် မူး သလိုလိုနာသလိုလိုဖြစ်လာသည်။ ထို့ကြောင့် သူသည် မျက်လုံး ကို ခေတ္တကြာမျှ ပြန်၍ မှိတ်ထားလိုက်ရသည်။



မလှမ်းမကမ်းမှ လူနာများအချင်းချင်း စကားပြောဆိုနေကြ သောအသံကိုတော့ ကြားနေရသည်။ သို့ရာတွင် သဲသဲကွဲကွဲ တော့ မရှိလှ။ သူတို့ပြောဆိုနေကြသော အကြောင်းအရာများ ထဲတွင် မီးရထားအကြိတ်ခံ၍ အလောင်းကောက်စရာမျှ မဖြစ် နိုင်လောက်အောင် အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်ကာ သေဆုံး သွားသော လူတစ်ယောက်အကြောင်းလည်း ပါလေသည်။

သူသည် ငြိမ်သက်စွာ နားထောင်နေလိုက်သည်။

လူမမာတစ်ယောက်က ၎င်းဘက်မှ လာပို့သွားသော ရက် လွန်သတင်းစာတစ်စောင်ကို ဖြန့်ကာ ဤလူမမာနှစ်ယောက်တို့ အား ဖတ်ပြနေပေသည်။

### မီးရထားကြိတ်၍ သေဆုံးသွားသော စာပြင်ဆရာတစ်ဦး

'မနေ့ကနံနက် ၇-နာရီမထိုးမီ ရန်ကုန်ဘူတာရုံကြီးအတွင်း ၌ လူတစ်ယောက် မီးရထားအကြိတ်ခံ၍ သေဆုံးသွားကြောင်း၊ သေဆုံးသွားသူ၏ တစ်ကိုယ်လုံးမှာ ရစရာမရှိလောက်အောင် အပိုင်းပိုင်းပြတ်ကုန်သဖြင့် အလောင်းကိုပင် ဆက်စပ်၍ မရ နိုင်အောင် ရှိသည်ဆိုကြောင်း၊ သို့ရာတွင် သေဆုံးသူ၏ ကုတ် အင်္ကျီအစုတ်အတွင်းမှ တွေ့ရှိရသော စာရွက် စာတမ်းနှင့် ဒိုင်ယာရီစာအုပ်များအရ မိမိကိုယ်ကိုထိုကဲ့သို့ မီးရထားအကြိတ် ခံ၍ သေဆုံးသွားသူမှာ ရန်ကုန်မြို့ လွတ်လပ်စွာ သိန်းဂိလာ စာပုံနှိပ်တိုက်မှ စာပြင်ဆရာ မောင်သစ္စာဆိုသူ ဖြစ်သည်ဟု သက်ဆိုင်ရာတို့က ယူဆလျက် ရှိကြသည်ဆိုကြောင်း'

www.burmeseclassic.com

www.burmeseclassic.com



သူသည် အထက်ပါသတင်းကို မကြားရတစ်ချက် ကြားရတစ်ချက် ဖြစ်သဖြင့် ထိုသတင်းစာကို လှမ်း၍တောင်းလိုက်သည်။

'ဩော်... ခင်ဗျား သတိပြန်ရလာပြီလား'

သတင်းစာလာပေးသော လူမမာက ထိုကဲ့သို့ မေးမြန်းပြီးနောက် သူ၏ခုတင်သို့ ထော့နင်း ထော့နင်းနှင့် ပြန်သွားလေသည်။

သူသည် ထိုသတင်းကို ဖတ်ကြည့်မိသည်၊ တစ်ခေါက်မျှမက နှစ်ခေါက် သုံးခေါက်လောက်အထိ ဖတ်ကြည့်မိသည်၊ ထို့နောက် သက်ပြင်းကို ချလိုက်သည်။ ထိုအလုပ်သမားအိုကြီးသည် သူ၏ အသက်တစ်ချောင်းကို ဝင်၍ကယ်ဆယ်ရင်း သူ၏အစား ဓားစာခံ၍ သွားခဲ့ရလေပြီတကား။

သူ၏ကိစ္စ မချောလိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်နေခိုက် ကြားမှ ထိုအဘိုးကြီး ဓားစာ ဝင်ခံသွားရသည့်အတွက် သူသည် ပို၍ စိတ်မကောင်းဖြစ်လာရသည်၊ သို့ရာတွင် သူသည် ဘာတတ်နိုင်ဦးမည်နည်း။

သူ၏ လက်ဝဲဘက် လက်မောင်းသည် ထွက်ခဲ နာကျင်လာသလို ရှိသောကြောင့် သူသည် သူ၏လက်မောင်းကို ကြည့်လိုက်သည်။ သည်တော့မှပင် ထိုလက်မောင်းတွင် ပီအိုပီအကိုင်ထားသည်ကို တွေ့မြင်ရလေသည်၊ သူသည် သေသော် မသေရသေးသော်လည်း လက်တစ်ဖက်ကျိုးကာ ဦးခေါင်းတွင်လည်းဒဏ်ရာရခဲ့လေသည်တကား။

* * *



(၂)

နှစ်လသာသာခန့် အကြာတွင် သူ၏ လက်မောင်းနှင့် ဦးခေါင်းမှ ပတ်တီးများကို ဆရာမများက ဖြုတ်ပေးကြလေသည်၊ သို့ရာတွင် ဆေးရုံထက်မှတော့ ဆင်းခွင့် မပြုကြသေးချေ၊ သူ၏ ဦးခေါင်းမှဒဏ်ရာသည် ကောင်းစွာ စိတ်ချရသေးခြင်း မရှိသေးဟု ဆရာဝန်ကြီးက ပြောဆိုသည်၊ ဆေးရုံကြီးပေါ်၌ နောက်ထပ်၍ တစ်လသာသာခန့်မျှ နေထိုင်ခြင်း ပြုရလိမ့်ဦးမည်ဖြစ်သည့် အကြောင်းကိုလည်း ရှင်းလင်းပြောပြလေသည်။

သူသည် ကောင်းစွာ နေထိုင်ကောင်းလာခဲ့ပေပြီ၊ တစ်ခါတစ်ခါ ဦးခေါင်းထဲ၌ မူးနောက်နောက် ဖြစ်တတ်သည်မှလွဲ၍ အခြား မည်သည့်ဝေဒနာမှ မရှိတော့ချေ၊ ထို့ကြောင့် သူသည် အကျဉ်းထောင်ကဲ့သို့ ဖြစ်နေသော ဆေးရုံကြီးထက်မှ အမြန်ဆုံး ဆင်းပြေးချင်လှပေသည်၊ သို့ရာတွင် သူသည် လူမမာ တစ်ဦးတစ်ယောက်မျှသာ ဖြစ်လေသည်၊ ရောဂါအကြောင်းကို လူသာမန်တို့ထက် ပိုမိုနားလည်ကျွမ်းကျင်သော ဆရာဝန်ကြီး၏ စကားကို နားထောင်ရပေလိမ့်မည်၊ အောင့်အည်း၍ သည်းညည်းခံနေရပေဦးမည်။

သို့ရာတွင် သူ၏ရောဂါပျောက်၍ ဆေးရုံကြီးထက်မှဆင်းရသောအခါ သူသည် အဘယ်သို့ သွားမည်နည်း၊ အဘယ်မှာ နေမည်နည်း၊ အဘယ်သို့ စားမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံထက်မှ ဆင်းရမည့်နေ့များကို ရေတွက်စောင့်ဆိုင်းရင်း သူသည် မစဉ်းစားလျှင် မည်သို့မျှ မဖြစ်သော ထိုအကြောင်းအရာများကို စဉ်းစားလာရပေမည်။ တကယ်ဆိုတော့ သူ့အတွက် အနာဂတ်သည် မရှိတော့ချေ။ အတိတ်ကို နောက်ကြောင်းပြန်လှည့်ပြီးနောက် သူသည် ပစ္စုပ္ပန်မှ လွတ်ကင်းရာသို့ ထွက်ပြေးရန် အားထုတ်ခဲ့ခြင်းဖြစ်ပေသည်။ သို့ရာတွင် ပြေး၍ကား မလွတ်ခဲ့ချေ။

အနာဂတ်မရှိသော လူတစ်ယောက်အတွက် သေဆုံးလိုက်ရခြင်းထက် သက်သာ ခံသာသော အမှုသည် အဘယ်မှာရှိသေးသနည်း။ သူသည် မတွေ့မမြင်မိချေ။ တကယ်ဆိုတော့ လူ့ဘဝဆိုသည်မှာ သူ့တစ်ယောက်အတွက် ခံရသောဘက်ကချည့်မျှသာ မဟုတ်သလော။

ဆေးရုံထက်မှ ဆင်းရပြီးနောက် ရင်မဆိုင်လျှင်မဖြစ်သော သူ၏ အနာဂတ်အကြောင်းကို စဉ်းစား ဆွေးနွေးမိသောအခါတွင် ဆေးရုံထက်မှ ဆင်းရမည့်အရေးကိုပင် သူသည် ကြောက်ရွံ့သလို ဖြစ်လာလေသည်။

သူသည် အဘယ်သို့သွားရမည်နည်း။ အဘယ်မှာ နေရမည်နည်း။ အဘယ်သို့ စားရမည်နည်း။ တကယ်ဆိုတော့ စာပြင်ဆရာ သို့မဟုတ် ကဗျာဆရာကလေး မမောင်သစ္စာသည် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ပြီပင် မဟုတ်သလော။ သတင်းစာများ၌လည်း ထိုကဲ့သို့ ဖော်ပြထားကြပြီးဖြစ်သည်။

သူ့ကို သိရှိကြသော လူများအားလုံးကလည်း ထိုကဲ့သို့ သိရှိနားလည်ထားကြပြီး ဖြစ်သည်။ သို့ရာတွင် တကယ့်ကဗျာဆရာ



ကလေး မောင်သစ္စာတစ်ယောက်မှုကား မသေ၊ ဆေးရုံထက်တွင် အနာဂတ်ပျောက်နေသည်။

သူ့ကိုထားရှိသော အခန်းထဲတွင် အခြား လူမမာနှစ်ဦးရှိသည်။ ထိုလူမမာနှစ်ဦးစလုံးပင် ဦးခေါင်း၌ ဒဏ်ရာရရှိကြသော လူမမာများ ဖြစ်ကြလေသည်။ သို့ရာတွင် သူသည် ထိုလူမမာများနှင့် စကားပြောဆိုခြင်း မရှိ၊ မရှိသော အနာဂတ်အကြောင်းကိုသာတွေးရင်း ဆေးရုံကြီးထက်မှ ဆင်းရမည့်နေ့ရက်များကို ကြောက်လန့်တကြား ရေတွက်နေသည်။

'ကနေ့နေရတာ ဘယ်လိုနေသေးသလဲ၊ ခေါင်းထဲက မူးသေးသလား'

ဟု သူနာပြု ဆရာမလေးများ၏ မေးခွန်းကိုပင် သူသည် …၍ မဖြေလိုက်မိချေ။

နာခဲ့ကျင်ခဲ့ရသော အတိတ်သို့လည်း သူသည် ပြန်၍မသွားနိုင်၊ မရှိသော အနာဂတ်သို့လည်း ပြေး၍မရ၊ ပစ္စုပ္ပန်ဖြစ်သော ဆေးရုံကြီးထက်တွင် သူသည် အိပ်၍မပျော်သော ညပေါင်းများစွာတို့ကို ပင်ပန်းကြီးခြင်းကြီးစွာ ဖြတ်ကျော်သွားရပေသည်။ ယင်းသို့ ဆေးရုံကြီးတစ်ရုံလုံးမှ လူမမာများ အားလုံးလိုလိုပင် နှစ်ခြိုက်ခြိုက် အိပ်စက်နေကြသောအချိန်တွင် အိပ်မပျော်နိုင်သော ထိုလူမမာသည် မည်ကဲ့သို့ မျှော်လင့်ခြင်း မပြုနိုင်သော ကဗျာတစ်ပုဒ်၊ ရွတ်သံကို ကြားလိုက်ရလေသည်။ ထို့ကြောင့် အိပ်ရာထက်တွင် ငြိမ်သက်စွာ လဲနေရာမှ သူသည် လူးလဲ၍ ထိုင်မိသည်။ ထို့နောက် သူ၏နားကိုပင် ယုံကြည်ခြင်း မရှိ…သေးသကဲ့သို့ ငြိမ်သက်စွာ နားစွင့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဗျာကို ရွတ်နေသူမှာ ညဘက်တွင် အစောင့်တာ
ကျနေသော သူနာပြုဆရာမကလေးတစ်ယောက် ဖြစ်လေသ
တာဝန်ကျသော သူနာပြုဆရာမ အားလုံးပေါင်း သုံးယော
ရှိသည့်အနက် နှစ်ယောက်သည် ကျားထိုးနေကြသဖြင့်
ယောက်တည်း ပျင်းနေဟန်တူသော ကျန်ဆရာမကလေးသ
ကဗျာတစ်ပုဒ်ကို ရွတ်ဆိုနေခြင်း ဖြစ်လေသည်။

ကဗျာရွတ်နေသော ဆရာမကလေးကို သူသည် လှ
ကြည့်လိုက်သည်။ သူနာပြုဆရာမကလေးသည် ကဗျာကိုအလ
ရွတ်နေခြင်းတော့ကား မဟုတ်ချေ။ ကဗျာစာအုပ်က
တစ်အုပ်ကို ဖတ်ရှုရွတ်ဆိုနေခြင်းမျှသာ ဖြစ်လေသည်။

သူသည် ထိုကဗျာဖတ်နေသော ဆရာမကလေးကို ထ
ကြည့်နေရာမှ မျက်ရည်များ လည်လာသည်၊ ရင်ထဲတွင်လ
လှိုက်လှိုက်လှဲလှဲကြီး ဖြစ်လာသည်။

သူနာပြုဆရာမကလေးသည် လှည်းတန်းထိပ်မှ ညအ
အမည်ရှိသော ကဗျာကလေး တစ်ပုဒ်ကို အမြတ်တနိုး ရွ
နေသည်တကား။

သူသည် ခုတင်ထက်မှ ဖြည်းညင်းစွာ ဆင်းလိုက်သ
ထိုနောက် ကဗျာရွတ်နေသော ဆရာမကလေးဆီသို့ တဖြ
ဖြည်း လျှောက်သွားလေသည်။

ကဗျာကို စွဲစွဲလမ်းလမ်း ရွတ်ဖတ်နေသော သူနာပြုဆ
ကလေးသည် လူမမာတစ်ယောက် သူမအနီးသို့ ရောက်ရှိ
ပြီးနောက် ငြိမ်သက်စွာ ရပ်ကြည့်နေသည်ကို မြင်မိဟန်
ချေ။ ကျားထိုးနေသော ဆရာမ နှစ်ယောက်တို့သည်လည



င်း သုံးကောင်စီနှင့် တစ်ယောက်ကိုတစ်ယောက် အမှားထိုး
သဲသဲမဲမဲ ဖြစ်နေကြသည်။

သူနာပြုဆရာမကလေးသည် နောက်ထပ် ကဗျာတစ်ပုဒ်ကို
ရှုပြန်လေသည်။ ထိုကဗျာ၏ အမည်မှာ 'ဘတ်စ်ကားဆိပ်'
လေသည်၊

သူသည် သူနာပြုဆရာမကလေး ဖတ်ရှုနေသော ကဗျာကို
ထောင်ရင်း မျက်ရည်များပင် ကျလာသည်။ သူ၏ ကဗျာ
ကို သူ ဘဝတစ်ပါးသို့ ကူးပြောင်းခဲ့ပြီးကာမှ အဘယ်သူက
ကဲ့သို့ ပုံနှိပ်ထုတ်ဝေလိုက်သနည်း။

'ဆရာမ....'

သူသည် ရုတ်တရက် ခေါ်လိုက်သည်။ သို့ရာတွင် သူ၏
သံသည် အက်နေသည်။

ကဗျာစာအုပ်ကို ဖတ်ရှုနေသော ဆရာမလေးသည် လန့်ဖျတ်
းဟန် ရှိသည်။ လက်ထဲမှ ကဗျာစာအုပ်သည် ကြမ်းပြင်
ါ်သို့ လွတ်ကျသွားလေသည်။ သို့ရာတွင် လွတ်ကျသွားသော
စာအုပ်ကိုကား ပြန်မကောက်ချေ။ လူမမာကိုသာ မယုံကြ
သော မျက်လုံးကြီးများဖြင့် ကြည့်နေသည်။

သူသည် ကြမ်းပြင်ပေါ်၌ ကျနေသော ကဗျာစာအုပ်
လေးကို ကုန်း၍ကောက်ယူကာ ကြည့်ရှုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အပယ်ခံကဗျာများ

ဖွဲ့နွဲ့သူ - မောင်သစ္စာ

ကဗျာစာအုပ်၏ မျက်နှာဖုံးကို သူသည် ငေးစိုက်၍ ကြ နေသည်။ လွတ်လပ်ရေး ကျောက်တိုင်ကြီးအောက်တွင်ရပ်က တရားလွှတ်တော်ချုပ် အဆောက်အအုံကြီးကို လှမ်းမော့ကြ နေသော လူရွယ်တစ်ယောက်ပုံကို ရေးဆွဲ ဖော်ပြထားသ လူရွယ်သည် အလွန်တရာ ပိန်ချုံးလျက်ရှိလေသည်။ အဝ အစားများသည်လည်း အစုတ်စုတ် အဖြတ်ပြတ်နှင့် ဖြစ်သေ သည်။

ထိုကဗျာဆရာကလေး မောင်သစ္စာ တစ်ယောက် ဘ တစ်ပါး ကူးပြောင်းပြီးကာမှ သူ၏ အပယ်ခံ ကဗျာများ အဘယ်သူ တစ်ဦးတစ်ယောက်ကများ ယခုကဲ့သို့ စာတစ်စေ တဖွဲ့အနေနှင့် ထုတ်ဝေလိုက်သနည်း။

မျက်နှာဖုံးကို လှန်လိုက်သောအခါ ထုတ်ဝေသူကို သူသ သွား၍ တွေ့မြင်လိုက်၏။

'အပယ်ခံ ကဗျာဆရာကလေး မောင်သစ္စာ
အား အစဉ် အမှတ်ရ အောက်မေ့စိမ့်သောငှာ
သူ၏ ကဗျာများကို ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါ
သည်'

'မြင့်'



သူသည် ရည်ညွှန်းချက် စာတန်းကလေးကို တွေ့လိုက်ရသောအခါ သူ၏ကိုယ်ကို တောင့်၍ မထားနိုင်တော့ချေ။ သူသည် ကလေးသူငယ်တစ်ယောက်လို ရှိုက်၍ ရှိုက်၍ ငိုချလိုက်၏။ ကျားထိုးနေသော ဆရာမနှစ်ယောက်စလုံးရော ထိုကဗျာစာအုပ်ကို အမြတ်တနိုး ဖတ်ရှုနေသော ဆရာမကလေးပါ သူ့ကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဝိုင်း၍ ကြည့်နေကြသည်။

သူသည် ထိုကဗျာစာအုပ်ကို ရင်ဝယ်ပိုက်ထားလိုက်၏။ ထို့နောက်....

'ဒီစာအုပ်ကလေး ကျွန်တော့်ကို ပေးပါလား ဆရာမရယ်'

ဟု ဆရာမကလေးကို တောင်းပန်ပြောဆိုလိုက်သည်။

'ကဗျာဆရာ မောင်သစ္စာက ရှင်နဲ့သိလို့လားဟင်'

ဟု ကဗျာစာအုပ်ရှင် ဆရာမကလေးက အနည်းငယ်ပြုံး၍ မေးလိုက်သည်။

'ဒီကဗျာတွေဟာ ကျွန်တော်ရေးခဲ့တဲ့ ကဗျာတွေမို့လို့ပါ ဆရာမရယ်'

သူသည် ဖြည်းညင်းစွာ ပြန်ပြောလိုက်သည်။

'ရှင့်နာမည် ပေးတုန်းက ရှင့်မှာ နာမည်မရှိတော့ဘူးဆို၊ ဒီကဗျာတွေကို ရှင်ရေးတယ်ဆိုတာ ဘယ်လို ဖြစ်နိုင်ပါ့မလဲ'

ဆရာမကလေးက သွက်လက်စွာ ပြောဆိုလေသည်။

'ဒီကဗျာတွေဟာ ကျွန်တော်စပ်ခဲ့တဲ့ကဗျာတွေပါ ဆရာမရဲ့'

'ရှင့် သတိကောင်းကောင်း ရရဲ့လားဟင်'

ကျားထိုးနေသော ဆရာမနှစ်ယောက်အနက် တစ်ယောက်က ဝင်၍ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာပြုလို့လဲ ဆရာမရဲ့'

သူက တည်တည်ငြိမ်ငြိမ် ပြန်၍ မေးလိုက်လေသည်။

'ပြည်ထောင်စု မြန်မာနိုင်ငံ အလက်ာ အသင်းကြီးက လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ဒီမောင်သစ္စာရေးတဲ့ အပယ်ခံကဗျာများဆိုတဲ့ စာအုပ်ကို အတော်ဆုံး ဘဝသရုပ်ဖော် ကဗျာစာအုပ် တစ်အုပ်အနေနဲ့ ရွေးချယ်လိုက်ကြပြီ၊ လာမယ့် သုံးလေးရက်အတွင်း မြို့တော်ခန်းမမှာ ကျင်းပမယ့် စာပေဆုနှင်းသဘင်ပွဲမှာ ဆုငွေသုံးထောင် ချီးမြှင့်လိမ့်မည် ဆိုဘာကိုကော ရှင် သိရဲ့လား'

ကဗျာစာအုပ်ရှင် ကဗျာဆရာမကလေးက ဝင်၍ ပြောလိုက်လေသည်။

'သေကာမှ ငွေတစ်ရာ'

သူသည် ထိုကဲ့သို့ တိုတိုတောင်းတောင်း ပြောဆိုလိုက်သည်။

ဆရာမ သုံးယောက်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်တစ်လှည့်စီ ကြည့်နေကြသည်။ မျက်လုံးမျက်ဆန် ပြူးနေကြသည်။

'သေသွားပြီးတဲ့နောက်မှ ဒီကဗျာဆရာကို ချီးကျူးပြီး ဆုငွေသုံးထောင်တောင်မှ ပေးကြဦးမလို့တဲ့လား'

သူသည် ကျိန်ဆဲသကဲ့သို့ ပြောဆိုနေပေသည်။

ဆရာမတစ်ယောက်သည် လျှင်မြန်စွာ ထွက်သွားလေသည်။

'မသေခင်တုန်းကတော့ ဘယ်သူ့ကိုမှ လူရာတောင် မသွင်းကြဘူး'



သူသည် ကြောင်တောင်တောင် ပြောဆိုနေသည်။

'ရှင် သတိရရဲ့လားဟင်'

ကဗျာစာအုပ်ရှင် ဆရာမကလေးက ဝင်၍ မေးလာသည်။

'ကျုပ်ကို ရူးတယ်လို့များ ထင်နေကြသလား ဆရာမ'

သူသည် အော်ငေါက်၍ ပြန်မေးလိုက်သည်။

'ရှင် ကောင်းကောင်း နေကောင်းသေးတာ မဟုတ်လို့ အိပ်ရာပေါ်မှာ ပြန်လှဲနေရင် ကောင်းလိမ့်မယ်ထင်တယ်'

ကျန် ဆရာမကလေးကဝင်၍ ပြောဆိုလာပြန်သည်။

'ကျုပ် မရူးဘူး ဆရာမ၊ လူတွေသာ ရူးနေကြတာပါ'

သူသည် အော်ဟစ်၍ ပြောဆိုလိုက်သည်။

ဆရာမလေးနှစ်ယောက်တို့သည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြသည်။

'ဆရာကြီး ပီမိုးနင်း အသက်ရှင်နေတုန်းကတော့ ငတ်ငတ်ပြတ်ပြတ်နဲ့ ပစ်ထားကြပြီး သေတော့မှ အမယ်လေး ဆရာကြီးရဲ့....အားလေး ဆရာကြီးရဲ့နဲ့ လုပ်ခဲ့ကြတဲ့ အရူးတွေ'

ထိုအခိုက် ခပ်စောစောက ထွက်သွားသော ဆရာမကလေးနှင့်အတူ ဆရာဝန်သည် လိုက်ပါ၍လာသည်။ ဆရာဝန်သည် ထွေထွေထူးထူး စကားပြောဆိုခြင်း မပြုချေ။ သူ့ကို ခုတင်ပေါ်သို့ အတင်း ဆွဲတင်လိုက်ပြီးနောက် ဆေးတစ်လုံး ထိုးလိုက်သည်။ ဘာဆေးမှန်းတော့ သူမသိလိုက်ပေ။ သို့ရာတွင် အပ်တံကလေး နာနာကျင်ကျင်ခံလိုက်ရသည်။ ထိုနာနာကျင်ကျင်ခံရင်းပင် သူ၏မျက်ခွံများသည် လေးလံလာကြပြီးနောက် တစ်ခါတည်း အိပ်ပျော်၍သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

နောက်တစ်ကြိမ် သတိပြန်ရကာ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါများတွင် သူသည် ရန်ကုန် ဆေးရုံကြီးပေါ်တွင် မဟုတ်တော့ချေ။ ထိုထက် ကြောက်မက်ဖွယ်ရာကောင်းလှသောနေရာနှင့် အဆောက်အအုံတစ်ခုအတွင်းသို့ ရောက်နေသည်။

သို့ရာတွင် မည်သည့်နေရာမှန်းတိုကား သူသည် ရုတ်တရက် ခန့်မှန်း၍မရချေ။ သူ့ကို အခန်းတစ်ခုအတွင်း၌ တစ်ယောက်တည်း သီးသန့်ထားရှိပေသည်၊ ထို့ကြောင့် သူသည် ခုတင်ထက်မှ ကပျာကယာ ဆင်းကာ သူရောက်ရှိနေသော ပတ်ဝန်းကျင်နှင့် နေရာတို့ကို အကဲခတ်လေသည်။

သူသည် ငိုယိုသံများကို ကြားရသကဲ့သို့ ရယ်မောသံများကိုလည်း ကြားနေရသည်။ ထို့ပြင် အလန့်တကြား အော်ဟစ်သံများကိုလည်း နားကွဲလုမတတ်ကြားနေရသည်။ တော်တော်ပင် နားမချမ်းမြေ့စရာကောင်းသော ဒေသဖြစ်နေသည်တကား။ သို့ရာတွင် ထိုအရပ်သည် ဘာအရပ်နည်း။

သူသည် တဖြည်းဖြည်းရိပ်စားမိစပြုလာသည်။ သူသည် စိတ္တဇဆေးရုံဟုခေါ်ဝေါ်သော အရူးထောင်သို့ ရောက်နေလေသလား။ သို့ရာတွင် သူသည် အရူးတစ်ယောက်တော့ကား မဟုတ်ချေ။

ထိုအကြောင်းကို သူသည် ကောင်းစွာ စိတ်ချထားသည်။



လူတို့သည် မိမိတို့အကြောင်းကို မိမိတို့သာလျှင် အသိဆုံး ဖြစ်ကြသည်ပင် မဟုတ်လော။ 'ကိုယ့်ဝမ်းနာကိုယ်သာသိသည်' ဆိုသော စကားလည်း ရှိသေးသည် မဟုတ်လော။

သူ့ကို ဘယ့်အတွက် ဤနေရာသို့ ပို့လိုက်ကြသနည်း။ ဤနေရာသို့ပို့မည့်အစား တာမွေနှင့် ကြံတော အရပ်များသို့ ပို့လိုက်ကြလျှင် အဘယ်မျှ အေးချမ်းကောင်းမွန်လိမ့်မည်နည်း။

သူသည် နားနှစ်ဖက်ကို လက်ဖဝါးများဖြင့်ပိတ်ကာ သူ၏ ခုတင်ရှိရာသို့ ပြန်လာခဲ့ပြီးနောက် ထိုင်လိုက်သည်၊ အသက်ရှင်လျက် သေနေရသူထက် အသက်သေဆုံးပြီးနောက် ရှင်ခနေရသူ၏ ဝဋ်ကြွေးလောက် ကြီးမားသော ဝဋ်ကြွေးသည် ရှိနိုင်ပါဦးမည်လော။

'အိပ်ရာက နိုးနေပြီလား'

အသက်သုံးဆယ်သာသာခန့် စိတ္တဇဆေးရုံမှ အလုပ်သမားနှင့်တူသော လူကြီးတစ်ယောက်က အပြင်မှနေ၍ သူ့ကို နှုတ်ဆက် မေးမြန်းလာသည်။

သူသည် ထိုမေးခွန်းကို မဖြေချင်ပေ။ သူသိချင်သော ကိစ္စကိုသာ ပြန်၍ မေးလိုက်သည်။

'ကျွန်တော် ဘာဖြစ်လို့ ဒီကို ပို့ထားကြတာလဲခင်ဗျာ'

ထိုလူကြီးက ပြုံးပြီးနောက် ပြန်ထွက်သွားလေသည်။ သို့ရာတွင် သူ၏အမေးကို မဖြေသဖြင့် လူမမာ၏ မေးခွန်းကိုလည်း ဖြေ၍မသွားချေ။

သူသည် သက်ပြင်းကိုချလိုက်သည်။ သူ၏ မိခင်သည် သူ့ကို မမွေးလာခဲ့လျှင် အဘယ်မျှ ကောင်းလိမ့်မည်နည်း။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ မျှားပင် တွေးတောမိလေသည်။ ထိုသို့ တွေးတောနေခိုက်....

'မင်း....မင်း...,မောင်မြင့်မဟုတ်လား'

ဟူသော မေးမြန်းသံကိုကြားလိုက်ရသဖြင့် သူသည် အားတက်၍ သွားလေသည်။ ဟုတ်သည်။ သော့ခတ်ထားသော အခန်းအပြင်ဘက်မှ တစ်ရံရောအခါက သူ့ကို ပြည်သူ့လမ်းမကြီးတစ်ခု၏ ဘေးတွင် ငွေတစ်ကျပ် ပေးကမ်းသွားခဲ့သော ကျောင်းနေဖက်သူငယ်ချင်းကို တွေ့နေရသည်။ ထိုစဉ် ထိုလူ၏ စိတ္တဇဆေးရုံတွင် စာရေးလုပ်နေကြောင်း ပြောဆိုသွားခဲ့ဖူးလေသည်။

သူသည် ဝမ်းနည်းဝမ်းသာဖြစ်ကာ ရုတ်တရက် ဘာမျှပြန်မပြောနိုင်ချေ။ မျက်လုံးအိမ်တွေ မျက်ရည်များ ဝိုင်းလည်လာကြသည်။

'မင်း ဘယ်လိုဖြစ်လာရတာလဲဟင်'

သူသည် ခုတင်ထက်မှဆင်းကာ သံတံခါးဆီသို့ လျှောက်လာခဲ့သည်။ ထို့နောက်....

'ငါ ဘယ်လိုပြောရမှန်းမသိတော့ပါဘူး သူငယ်ချင်းရာ၊ ငါ့ဒုက္ခကို ကယ်ပါဦးကွာ'

သူသည် ဝမ်းနည်းပက်လက်ပြောဆိုလိုက်သည်။

'ဒါထက် မနက်ဖြန် မြို့တော်ခန်းမမှာ မင်းကို ဂုဏ်ပြုချီးကျူးပြီး ဆုငွေပေးမယ့် အခမ်းအနား ကျင်းပတာကကော ဘယ်လိုလဲ၊ ငါလဲ ကနေ့မနက် သတင်းစာတွေထဲမှာတွေ့လို့ သွားမယ်ပို့တောင် စိတ်ကူးထားမိတယ်'



'အဲဒီကဗျာဆရာ မောင်သစ္စာဆိုတာ ကျုပ်ပါပဲဗျာလို့ ပြောမိတာနဲ့ ငါ့ကို အရူးဆိုပြီး ဆေးရုံက ဒီကို ပို့လိုက်တာပါပဲ သူငယ်ချင်းရာ'

'ဟေ....ဟုတ်လား'

'သူတို့က ကဗျာဆရာမောင်သစ္စာဆိုတာ မီးရထားကြိတ်လို့ သေပြီတဲ့ကွာ'

'ဟေ....ဟုတ်လား၊ ဖြစ်မှဖြစ်ရလေကွာ'

'ငါ့ကို ပစ်ထားမထားပါနဲ့ သူငယ်ချင်းရာ'

'အားမငယ်ပါနဲ့ကွာ၊ မင်းကို ငါအဘက်နိုင်ဆုံး စောင့်ရှောက်ပါ့မယ်'

'မင်းဘက်နိုင်မယ်ဆိုယင်တော့ မနက်ဖြန် အခမ်းအနားကို ငါတက်နိုင်အောင် ဖြစ်တဲ့နည်းနဲ့ ကြံစည် ပေးစေချင်တယ်ကွာ၊ ငါစကားလေး တစ်မွန်းနှစ်ခွန်းလောက် တက်ပြောချင်လို့ပါ'

စိတ္တဇဆေးရုံမှ စာရေးကြီးသည် ပြုံး၍ ဦးခေါင်းကိုသာ ညိတ်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မိုးမလင်းသော်လည်း နေထွက်လာသည့် ညတစ်ည

### ( ၁ )

အချိန်မှာ ည ၉ နာရီခွဲသာသာမျှရှိနေပြီ ဖြစ်သော်လည်း မြို့တော်ခန်းမကြီးတစ်ခုလုံးသည် မီးရောင်များဖြင့် ဝင်းထိန်ကာ တစ်ခဲနက်လော ပရိသတ်ကြီးဖြင့် ကျပ်ခဲပြည့်လျှံလျက်ရှိလေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အလင်္ကာ အသင်းကြီး၏ စာပေဆုနှင်းသဘင် အခမ်းအနား ကျင်းပချိန်ဖြစ်လေသည်။ အခမ်းအနားကျင်းပရာစင်မြင့်နဖူးစည်းတွင် 'အလင်္ကာ ဆုနှင်းသဘင်' ဆိုသောရွှေစာလုံးနှင့် စာတန်းကြီးကို တခမ်းတနား ချိတ်ဆွဲထားလေသည်။

ထိုစာတန်း၏အောက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အလင်္ကာအသင်းကြီး၏ အလင်္ကာကျော်စွာဘွဲ့ရဥက္ကဋ္ဌကြီး ဦးထင်ကျော်နှင့်အမှုဆောင်လူကြီးဆယ်ယောက်ခန့်တို့သည် ဣန္ဒြေရရထိုင်နေကြသည်။ စင်မြင့်အောက်ဘက်ရှိ ခန်းမကြီးတစ်ခုလုံးတွင် ကဗျာစာပြု ပရိသတ်ကြီးသည် ကျပ်ခဲနေသည်။

နေ့စဉ် သတင်းစာတိုက်ကြီးများမှ ဓာတ်ပုံသတင်းထောက်များသည် ဓာတ်ပုံများကို သွက်လက်ဖျတ်လတ်စွာ ရိုက်ကူးလျက်ရှိကြလေသည်။

ဆုနှင်းသဘင်တွင် အလင်္ကာ အသင်းကြီးက ဆုသုံးခုကို ရွေးချယ်ထားသည်။ ပထမဆုမှာ ရသစာပေမဟုတ်သော



မြန်မာစကားပြေ အရေးအသားအတွက် ဖြစ်သည်။ ဒုတိယဆုမှာ ရသစာပေနှင့်သက်ဆိုင်သော စကားပြေအရေးအသားအတွက်ဖြစ်ပြီး တတိယဆုမှာ ကဗျာဆု ဖြစ်လေသည်။

ဆုနှင်းသဘင်ကို ကိုးနာရီမှ စတင်သဖြင့် ရသစာပေမဟုတ်သော စကားပြေဆုနှင့် ရသစာပေစကားပြေဆုများကို ပေးအပ်ချီးမြှင့်၍ ဂုဏ်ပြုစကားများ ပြောဆိုပြီးစီးကြသောအခါ ဆယ်နာရီခွဲသာသာ ဆယ့်တစ်နာရီခန့်မျှ ရှိလေပြီ။

စာပေ ပရိသတ်ကြီးသည် နောက်ထပ် ကျန်နေသော ကဗျာဆုများကို များစွာ စိတ်ဝင်စားနေကြပုံ ရလေသည်။ အဘယ်ကြောင့်ဆိုသော် မထင်မရှား ကွယ်လွန်၍ သွားသော ကဗျာဆရာကလေးတစ်ဦးကို ရွေးချယ်ထားသောကြောင့် ဖြစ်လေသည်။

ကဗျာလောကတွင် မည်သည့်အခါကမျှ စာရင်းအသွင်းမခံခဲ့ရှာသော ကဗျာဆရာကလေးတစ်ယောက်၏ ကဗျာများကို ပညာရှိ သုခမိန်ကြီးများပါဝင်သော အလင်္ကာအသင်းကြီးက အကောင်းဆုံးနှင့် အလေးနက်ဆုံးကဗျာများ အဖြစ်ဖြင့် ရွေးချယ်ကြခြင်းကို မည်သူတစ်ဦးတစ်ယောက်ကမျှ မကျေမနပ်မရှိကြချေ။ အပယ်ခံကဗျာသည် အပယ်ခံ လူတန်းစားများ၏ဘဝနှင့်သရုပ်ကို သစ္စာရှိရှိ ဖွဲ့နွဲ့ဖော်ပြခြင်း ပြုနိုင်စွမ်းသောကြောင့်လည်း ဖြစ်တန်ရာပေသည်။

အခမ်းအနား၏ အခမ်းအနားမှူးက ကွယ်လွန်သူ ကဗျာဆရာကလေး မောင်သစ္စာ၏ အပယ်ခံကဗျာကို အကောင်းဆုံးကဗျာစာအုပ်အဖြစ် ရွေးချယ်ခြင်းပြုလိုက်သည့်အပြင် စင်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်က ကြေညာလိုက်သောအခါ ပရိသတ်ကြီး အတွင်း၌ မျက်ရည်ကျသောအမျိုးသမီးနှစ်ဦးကိုကား ဘယ်သူကမျှ သတိမထားလိုက်အားကြချေ။

တစ်ယောက်မှာ ကွယ်လွန်သူကဗျာဆရာ၏ ကျောင်းနေဘက်နှင့် ငယ်ရည်စားဖြစ်သူ ပြုံးဖြစ်သည်၊ ပြုံးသည်ရှေ့ဆုံးတန်းတွင်ဖြစ်သည်၊ ပြုံး၏ဘေးတွင် ကွယ်လွန်သူ ကဗျာဆရာ၏ အစ်ကို၊ မရီးနှင့်အစ်မ၊ ယောက်ဖများသည် ကြွားကြွားဝင့်ဝင့် ထိုင်နေကြသည်။

သို့ရာတွင် သူတို့သည် ပြုံးကိုမသိကြသကဲ့သို့ ပြုံးကလည်း သူတို့ကို မသိကြချေ၊ ကျန်အမျိုးသမီးတစ်ယောက်မှာ ကွယ်လွန်သူ ကဗျာဆရာလေးကို ပြန်လည်မွေးထုတ်၍ ပြုစုပျိုးထောင်ပေးခဲ့သော ညအပျိုလေး မြင့်ဖြစ်သည်။

မြင့်သည် ပြုံးကဲ့သို့ ရှေ့ဆုံးတန်း၌ နေရာမရချေ။ ချောင်ကျလှသော နောက်ဆုံးတန်း တစ်နေရာတွင် ခပ်ကုပ်ကုပ်ကလေးထိုင်နေရှာသည်။ မြင့်၏ဘေးတွင် အပယ်ခံကဗျာများကို စာတစ်အုပ်ဖြစ်မြောက်လာအောင် ဝိုင်းဝန်းကူညီ ပေးခဲ့သော စန္ဒရားဆရာသည် ထိုင်နေသည်။

'ကိုသာရှိနေရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲ နော်'

မြင့်သည် မျက်ရည်စကလေးများကို လက်ကိုင်ပဝါနှင့် သိမ်းဆည်းရင်း စန္ဒရားဆရာကို ခပ်တိုးတိုးလှမ်း၍ ပြောလိုက်သည်။ သို့ရာတွင် သူမ၏အသံသည် အက်ကွဲနေသည်။



စန္ဒရားဆရာသည် ဦးခေါင်းကိုသာညိတ်ပြလေသည်၊ သူသည် လူတစ်ဖက်သားအား ဝမ်းနည်းနေသည့် အကြောင်းအရာကို ပြောဆိုလိုဟန် မရှိချေ။

'သူမရှိတော့တာဘဲ ကောင်းပါတယ်လေ၊ ဒါမှ မြင့်သူ့ကို တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ချစ်ရမှာ'

မြင့်သည် ရင်းဘာသာတစ်ယောက်တည်း ပြောဆိုနေသည်။

စန္ဒရားဆရာသည် မြင့်ကို စောင်းငဲ့၍ ကြည့်လိုက်သည်၊ ထိုမိန်းမ၏မေတ္တာသည် ကြောက်မက်ဖွယ်ပင် ကြီးမားလှပေသည် တကား။

အခမ်းအနားမှူးသည် ကွယ်ကုန်သူကဗျာဆရာမောင်သစ္စာကို ချီးကျူးခြင်းပြုလိုသော စာပေမြတ်နိုးသူများကို ပရိသတ်ထဲမှ ခေါ်ထုတ်ခြင်းပြုလိုက်သည်။

ကွယ်လွန်သူအပယ်ခံကဗျာဆရာကလေး၏ အပယ်ခံကဗျာများကို ပထမဦးဆုံး စင်မြင့်ပေါ်ပေါ်သို့တက်၍ ချီးကျူးစကားပြောဆိုသူမှာ ဒလ သင်္ဘောကျင်းဘက်မှအလုပ်သမားကြီးတစ်ယောက်ဖြစ်လေသည်၊ အလုပ်သမားကြီးသည်စာတတ်ပေတတ်တစ်ယောက်တော့ကား မဟုတ်ရှာချေ၊ထို့ကြောင့် သူသည် အခြား စာတတ်ပေတတ်တစ်ယောက်ကဲ့သို့ ဝေါဟာရလှလှကလေးများကို မသုံးစွဲနိုင်ရှာချေ။

သို့ရာတွင် အပယ်ခံကဗျာစုထဲမှ 'ရွှေပြည်တော်သစ်တည်လို့ နိုးပြီ' အမည်ရှိသော ကဗျာတစ်ပုဒ်ကို အလွတ်ရွတ်ပြသွားလေသည်၊ တူကိုကိုင်စွဲ၍ လှူဘောင်မနကို ထုတ်လုပ်မည်သာ

www.burmeseclassic.com



အလုပ်သမားများက ဦးဆောင်၍ တည်ဆောက်နေသော ချွေးပြည်တော်သစ်ဘည်လုနီးပြီဆိုသောကဗျာသည် ထိုသတော်ကျောင်း အလုပ်သမား၏နှလုံးကို ဆွဲခါပစ်လိုက်ဟန်ရှိသည်။

'ကျုပ်တို့အလုပ်သမားတွေအနေနဲ့ ဒီကဗျာတွေကို ရေးခဲ့တဲ့ ကဗျာဆရာကို သိပ်ကျေးဇူးတင်တဲ့ အကြောင်း ပြောချင်တယ်၊ သူသာ မသေသေးရင် ကျုပ်တို့လို အပယ်ခံတွေအတွက် အခုလို အဖိုးတန်တဲ့ ကဗျာတွေကို ရေးလိမ့်ဦးမယ် ဆိုတာကို ယုံတယ်၊ ဒါပေမယ့် ဒီကဗျာဆရာကလေး ကွယ်လွန်သွားရှာပြီ ဖြစ်တဲ့ အတွက် သူ နောက်ထပ် မရေးနိုင်တော့ပါဘူး၊ ဒါကြောင့် ကျုပ်တို့ အင်မတန် ဝမ်းနည်းကြရပါတယ်၊ ကဗျာဆရာလေး မောင်သစ္စာ ကောင်းရာသုဂတိသို့ လားပါစေလို့ ကျုပ်တို့အလုပ်သမားတွေက စုပေါင်းပြီး ဆုတောင်းကြပါတယ် ဆိုတဲ့ အကြောင်းကိုလဲ ပြောချင်ပါတယ်'

ထိုသို့ ချီးကျူးစကားပြောဆိုကာ အလုပ်သမားကြီး စင်မြင့်ပေါ်မှ ဆင်းချလာသောအချိန်တွင် ရှေ့ဆုံးတန်းမှ မြင့်ကတော့ မထိန်းသိမ်းနိုင်ဘဲ တရှုံ့ရှုံ့ ငိုယိုပေသည်။

ကွယ်လွန်သူ ထိုကဗျာဆရာကို ချီးကျူးကြသောသူပေါင်း ခုနစ်ယောက်မျှ ရှိလေသည်။ ထိုအထဲတွင် ဆေးလိပ်ခုံမှ မိန်းကလေးတစ်ဦး၊ မော်တော်ကားစပါယ်ယာ တစ်ဦး၊ အရပ်ပျက်မကလေး တစ်ဦး၊ ကျောင်းသားတစ်ဦး၊ ကဗျာဆရာတစ်ဦး နှင့် ရုံးအမှုထမ်းတစ်ဦးတို့ ဖြစ်ကြလေသည်။ တစ်ဦးတစ်ဦးလျှင် အချိန် ဆယ့်ငါးမိနစ်မှ မိနစ်နှစ်ဆယ်အထိ ယူဝင်သွားကြသဖြင့် ချီးကျူးပွဲသည် နာရီပြန် တစ်ချက်ထိုးပြီးမှ ပြီးစီးလေသည်။



သို့ရာတွင် အခမ်းအနား မပြီးသေးသဖြင့် ပရိသတ်ထဲမှ တစ်ယောက်တလေမျှ ထမပြန်ကြချေ။ ပရိသတ်က စိတ်အဝင်စားဆုံး ပြဿနာမှာ ကွယ်လွန်သူ ကဗျာဆရာ မောင်သစ္စာ၏ ဆုကို ၎င်းနှင့် အနီးစပ် သွေးသားတော်စပ်သူ တစ်ဦးက တက်ရောက် လက်ခံမည့်အရေးပင် ဖြစ်သည်။ ထိုသူသည် ဘယ်သူ ဖြစ်မည်နည်း။ ပရိသတ်သည် ထိုအချက်ကို သိလိုလှပေသည်။

အခမ်းအနားမှူးသည် အသံချဲ့စက်ရှေ့တွင် ရပ်လိုက်သည်။ ထို့နောက် ကွယ်လွန်သူ ကဗျာဆရာ မောင်သစ္စာနှင့် သွေး အနီးဆုံး တော်စပ်သူ တစ်ဦးဦးက ၎င်းအတွက် ဂုဏ်ပြုချီးမြှင့်သော ဆုငွေကို စင်မြင့်ပေါ်သို့ တက်ရောက် ယူငင်ရန် တောင်းပန် ကြေညာလိုက်လေသည်။

ယင်းသို့ ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် ကွယ်လွန်သူ ကဗျာဆရာ မောင်သစ္စာသည် ခန်းမအပြင်ဘက်တွင် ရပ်ကြည့်နေကြသော လူများအကြားမှ တိုးဝှေ့ကာ အခန်းအတွင်းသို့ ဝင်လာသည်။ မောင်သစ္စာ စင်မြင့်ပေါ်သို့ လှမ်းတက်သွားသော အချိန်တွင် စာပေ ပရိသတ်ကြီးသည် လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

သို့ရာတွင် ထိုသူသည် ကဗျာဆရာ မောင်သစ္စာ ကိုယ်တိုင် ဖြစ်နေသည်ကိုမူကား သူတို့အားလုံး တစ်ယောက်မျှ မသိကြချေ။ ကွယ်လွန်သူ ကဗျာဆရာ မောင်သစ္စာကို ကောင်းစွာသိရှိကြသော ရှေ့ဆုံးတန်းမှ လူလေးငါးယောက်တို့သည် ထိုင်နေကြရာမှ ဝုန်းခနဲ ထလိုက်ကြသည်။ ထို့အတူ နောက်ဆုံးတန်းမှ ယောကျ်ား တစ်ယောက်နှင့် မိန်းမတစ်ယောက်တို့သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား ထလိုက်ကြလေသည်။ ထိုသို့ ထလိုက်ကြသူများ အားလုံးသည်ပင် ၎င်းတို့၏ မျက်လုံးများကို မယုံကြည်နိုင်လောက်အောင် ဖြစ်နေကြပုံရသည်။

ကွယ်လွန်သွားသော လူတစ်ယောက်သည် အဘယ်သို့ ပြန်လည်ထလာနိုင်သနည်း။ ကွယ်လွန်သူသည် တမင်သက်သက် လာရောက် ချောက်လှန့်နေခြင်း ဖြစ်လေသလော။

နောက်ဆုံးတန်းမှ မြင့်နှင့် စန္ဒရားဆရာတို့သည် စင်မြင့်ပေါ်သို့ ကြွားကြွားဝင့်ဝင့် တက်သွားသော သူ့ကို ငေးမော ကြည့်ရှုနေကြရာမှ တစ်ယောက်မျက်နှာကို တစ်ယောက်က လှမ်း၍ ကြည့်နေကြသည်။

ထိုအတူ ရှေ့ဆုံးတန်းမှ ရပ်နေကြသော ပြုံးနှင့် သူ၏အစ်ကို အစ်မများနှင့် ယောက်ဖ မရီးများသည် သူ့ကို ဝမ်းသာအားရ လှမ်းနှုတ်ဆက်နေကြသည်။ သို့ရာတွင် သူကတော့ ဘာမျှ ပြန်လည်ပြောဆိုခြင်းမရှိဘဲ အသံချဲ့စက်ရှေ့တွင် ရပ်လိုက်သည်။

'ကျွန်တော်ဟာ ကွယ်လွန်သွားတဲ့ ကဗျာဆရာ မောင်သစ္စာရဲ့ သွေးအနီးဆုံး တော်စပ်တဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သေဆုံးရာက ပြန်ရှင်လာတဲ့ ကဗျာဆရာ မောင်သစ္စာ ဖြစ်တဲ့အကြောင်းကို အခိုင်အမာ ကြေညာလိုက်တယ်'

သူက ထိုကဲ့သို့ စတင်၍ ပြောဆိုလိုက်လျှင်ပင် စင်မြင့်ပေါ်မှ လူကြီးများရော စင်မြင့်အောက်မှ ပရိသတ်ကြီးပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ ထိုသို့ လှုပ်လှုပ်ရှားရှား ဖြစ်နေ



သော ပရိသတ်ထဲမှ ခပ်စွာစွာထက်ထက်နှင့် တူသော လူသုံးလေးယောက်တို့က....

'သေတဲ့လူ ပြန်ရှင်တယ်ဆိုတာ မဖြစ်နိုင်ဘူးဗျို့၊ ဒီလူ သက်သက်ညာတာ'

ဟူ၍ ထကာ အော်ဟစ်လိုက်ကြပြန်သောအခါ ပရိသတ်သည် ဆူဆူညံညံ ဖြစ်လာလေသည်။

'ဟုတ်တယ်၊ သေတဲ့လူ ပြန်ရှင်တယ်ဆိုတာ သက်သက်ညာတာပဲ၊ ဒီကောင် ညာတာ၊ ဆွဲချပေ... ဆွဲချ'

ဆိုသော တစ်ယောက်တစ်ခွန်း ဆူပွက်ပြောဆိုသံများသည်လည်း ရုတ်ရုတ်သဲသဲ ဖြစ်ပေါ်လာလေသည်။

စင်မြင့်ပေါ်မှ လူကြီးများသည် ပရိသတ်ကို ထိန်းနိုင်ပုံမရှိချေ။ ထို့ကြောင့်ပင် သူသည် လက်ခုပ်ကို ကျယ်လောင်စွာတီး၍ ပရိသတ်ကို ဟန့်လိုက်သည်။ ပရိသတ် ငြိမ်သွားသည်နှင့် တစ်ပြိုင်နက်....

'ကျွန်တော်ဟာ ကဗျာဆရာ မောင်သစ္စာဖြစ်တဲ့အကြောင်း ခိုင်လုံတဲ့ သက်သေကို ပေးပါ့မယ်၊ ငြိမ်ငြိမ်ကလေး နားထောင်ကြစေလိုပါတယ်'

ဟု ခပ်ကျယ်ကျယ်ကလေး အော်ဟစ်၍ ပြောဆိုလိုက်ရသည်။

ပရိသတ်သည် ငြိမ်၍သွားလေသည်။ အသံမျှပင် မထွက်တော့။

သူသည် အပယ်ခံကဗျာစာအုပ်တွင် ပုံနှိပ်ဖော်ပြထားသော ကဗျာသုံးပုဒ်တို့ကို တစ်ပုဒ်ပြီးတစ်ပုဒ် အလွတ် ရွတ်ဆိုပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ပရိသတ်ကြီးနှင့်တကွ စင်မြင့်ပေါ်မှ လူကြီးများသည် ငြိမ်သက်စွာ နားထောင်နေကြလေသည်။ ဤကဲ့သို့ မြို့တော်ခန်းမကြီး တစ်ခုလုံးသည် အပ်ကျလျှင်ပင် ကြားရတော့မလောက် ငြိမ်သက် တိတ်ဆိတ်နေစဉ်တွင် ပြုံးနှင့်တကွ ၎င်း၏ အစ်ကိုနှင့် အစ်မများသည် ၎င်းတို့ ရပ်နေကြသော ရှေ့တန်းတွင်ပင် ရပ်မနေနိုင်ကြတော့ဘဲ စင်မြင့်ပေါ် သို့ ဝမ်းသာအားရ နှင့် ပြေးတက်လာကြလေသည်။ ထိုလူသိုက်ကို တွေ့လိုက်ရလျှင်ပင် သူသည် စိတ်နောက်ကျိ၍ သွားလေသည်။

'ကိုအောင်မြင့်'

ပြုံးက ဝမ်းသာအားရ ခေါ်လေသည်။

'ညီလေး'

အစ်ကိုလုပ်သူကလည်း ရယ်ကာပြုံးကာနှင့် နှုတ်ဆက်နေသည်။

'ငါ့မောင် တကယ် မသေဘူးနော်၊ မမဝမ်းသာလိုက်တာကွယ်'

လင်ကို ကြောက်ရရှာသော အစ်မလုပ်သူကလည်း ဝမ်းသာအားရ မေးမြန်းလေ၏။

ယင်းသို့ ထိုလူသိုက်က သူ့ ကို တန်ဖိုးထားကာ အရေးတယူ နှုတ်ဆက်နေချိန်တွင် နောက်ဆုံးခုံတန်းတွင် မျက်နှာငယ်ငယ်နှင့် ရပ်ကြည့်နေရှာသော မြင့်ကို သူသည် သိမ်း၍ မြင်လိုက်ရသည်။

ထိုအခိုက် ပရိသတ်ထဲမှ ခပ်စွာစွာ ခပ်ကျယ်ကျယ်နှင့် တူသောလူတစ်ယောက်သည် စုန်းခနဲထကာ လက်ခုပ် တီးလိုက်



သည်။ ထို့ကြောင့်...စင်မြင့်ပေါ်မှ လူကြီး များရော ပရိသတ်များ၏ အာရုံသည် ထိုသူ့ ထံသို့ လှည့်သွားကြလေသည်။

'သေတဲ့လူဆိုတာ ဘယ်တော့မှ ပြန်မရှင်နိုင်ဘူးဆိုတာကို အလင်္ကာအသင်းရဲ့ အမှုဆောင်လူကြီးမင်းများနဲ့ ပရိသတ်ကြီးဟာ မေ့နေကြတာနဲ့တူပါတယ်၊ နောက်ပြီးတော့ ကဗျာ သုံးလေးပုဒ်ကို အလွတ်ရွတ်ပြတတ်ရုံနဲ့ သေတဲ့လူဟာ ပြန်ရှင်လာပြီလို့ ကျွန်တော်တို့က ယုံကြရမှာလား၊ ဒီလူဟာ လူညာ လူလိမ်'

ထိုသူက အော်ဟစ်ပြောဆိုလိုက်လျှင်ပင် စင်မြင့်ပေါ်မှ လူကြီးများရော ပရိသတ်ကြီးပါ ထိန်းမရအောင် လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ တစ်ယောက်တစ်ခွန်းနှင့် မကျေမချမ်း ဆူပူ ပြောဆိုလာကြ၏။

'ဟေ့ လူညာ ဆင်း'

'လူညာ အလိုမရှိ'

'တစ္ဆေကို ရိုက်ထုတ်ကြဟေ့'

ပရိသတ်သည် ထိန်းမရနိုင်လောက်အောင် ရုတ်ရုတ်သဲသဲနှင့် ဆူဆူညံညံဖြစ်လာသောအခါ သူသည် ဟက်ဟက်ပက်ပက်နှင့် ခွက်ထိုးခွက်လန်ရယ်မောရင်း လက်ခုပ်ကို တီးလိုက်သည်။ ပရိသတ်သည် ရုတ်တရက် ငြိမ်သွားကြလေသည်။

'ခုနလူက ပြောတာ မှန်တယ်ဗျို့၊ ကျုပ် ကဗျာဆရာ မောင်သစ္စာ မဟုတ်ဘူး၊ အရူးထောင်က ထွက်ပြေးလာတဲ့ အရူး တစ်ယောက်၊ ကဗျာဆရာ မောင်သစ္စာဆိုတာ သေလို့တောင် အရိုးဆွေးနေပြီ'

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုကဲ့သို့ အော်ဟစ်၍ ပြောလိုက်သောအခါ ပြုံးနှင့်တကွ ၎င်း၏ အစ်ကိုများ အစ်မများပါ မျက်လုံးမျက်ဆန် ပြူးဖြစ်နေကြသည်။

'ကိုမောင်မြင့်၊ မင်း ဘာတွေလျှောက်ပြောနေတာလဲဟင်'

'ဟော့ ညီလေး၊ မင်းဘာတွေလျှောက်ပြောနေတာလဲ'

'မောင်လေးကလဲကွယ်၊ ဘာပြုလို့ မဟုတ်တာတွေ လျှောက်ပြောနေတာလဲဟင်'

ပရိသတ်သည် အလွန်တရာ ဒေါသထွက်လာဟန် ရှိလေသည်။ ကုလားထိုင်ကို ရိုက်ချိုးသူများရိုက်ချိုး၍ အရှုးအား စင်မြင့်ပေါ်မှ ဆွဲချမည် ဆိုသူများကလည်း စင်မြင့်ပေါ်သို့ တက်လာသည်။ သည်အခိုက်တွင် နောက်ဆုံးဘန်းမှ မြင့်သည် တစ်စုံတစ်ရာကို သတိရလာသကဲ့သို့ ခန်းမ၏ အချက်အချာ မီးခလုတ်ဆီကို ပြေးသွားပြီးလျှင် မီးခလုတ်ကို ဆွဲလိုက်သည်။

မြို့တော်ခန်းမကြီးတစ်ခုလုံး မှောင်မည်း ဆူညံ၍ သွားလေသည်။

'မြင့်ရေ....ဟေ့ မြင့်'

သူသည် မီးခလုတ်ကို ဆွဲပစ်ခဲ့ပြီးနောက် အောက်ထပ်သို့ ဆင်းပြေးသွားသော မြင့်ကို စင်မြင့်ပေါ်မှ ခုန်ဆင်း၍လိုက်ရင်း အော်ခေါ်လိုက်သည်။

'ကိုသစ္စာရေ....ကိုသစ္စာ'

မြင့်ကလည်း အသံပြန်၍ပြုလေသည်။

'ကိုမောင်မြင့်....ကိုမောင်မြင့်'



ပြုံးကလည်း သူ့နာမည်ကို ခေါ်ကာ သူ့နောက်သို့ ဒရောသောပါး ပြေးလိုက်လေသည်။

မြင့်သည် မဟာဗန္ဓုလ လမ်းမကြီးကိုဖြတ်၍ ပန်းခြံထဲသို့ပင် ပြေးဝင်သွားလေသည်။ ထိုနေရာကိုသိသော ကဗျာဆရာကလည်း ထိုလမ်းကြီးကို ဖြတ်ကာ ပန်းခြံထဲသို့ ဝင်လိုက်သွားသည်။ ကဗျာဆရာကို မျက်ခြည်အပြတ်မခံသော ပြုံးကလည်း ထိုလမ်းမကြီးကိုပင် ဖြတ်ကာ ထိုပန်းခြံထဲသို့ပင် လိုက်သွားလေသည်။

လွှတ်လပ်ရေး ကျောက်တိုင်ကြီး အောက်တွင် သူတို့ သုံးယောက် ဆုံမိကြလေသည်၊ သို့ရာတွင် တစ်ယောက်ကို တစ်ယောက် စကားမပြောနိုင်ကြချေ။ အမောတွေကိုယ်စီနှင့် ငြိမ်နေကြသည်၊ ထိုသို့ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်းမရှိဘဲ ငြိမ်သက်နေကြသော ယောကျ်ားပျိုတစ်ဦးနှင့် မိန်းမပျိုကလေး နှစ်ဦးတို့ကို လွှတ်လပ်ရေးကျောက်တိုင်ကြီးသည် အတန်ကြာမျှ ငုံ့ကြည့်နေရာမှ မြို့တော်ခန်းမ အဆောက်အအုံကြီးကို လှမ်း၍ မျက်စောင်းထိုးကာကြည့်လိုက်သည်၊ မြို့တော်ခန်းမ အဆောက်အအုံသည် ရှောင်ဖယ်တိတ်ဆိတ်နေသည်။ ထို့ကြောင့် ထိုတရားကို အဘယ်သို့ စီရင်ပါမည်အကြောင်း အကူအညီတောင်း၍ မေးမြန်းသည့်အနေနှင့် တရားလွှတ်တော်ချုပ် အဆောက်အအုံကြီးကို လှမ်း၍ ကြည့်နေပြန်သည်၊ တရားလွှတ်တော်ချုပ် အဆောက်အအုံကလည်း ထိုတရားကိုစီရင်ရန် ခက်ခဲလေသကဲ့သို့ ဦးခေါင်းကို ခါယမ်းလိုက်ပြီးနောက် ဆူးလေစေတီတော်ကို လှမ်း၍ ဖူးမြော်လိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာ မောင်သစ္စာသည် ခေါင်းငုံ့ကာ ငြိမ်သက်နေကြသော မြင့်နှင့်ပြုံးတို့ကို တစ်လှည့်စီကြည့်ရှုလိုက်ပြီးနောက်...။

'ကိုယ်တို့ ဘုရားထဲဝင်ပြီး အေးအေးဆေးဆေး စကားပြောကြရင် ကောင်းမယ်ထင်တယ်'

ဟု ပြောဆိုလေသည်။

ထို့နောက် သူသည် ကျောက်တိုင်ထက်မှ ဆင်းကာ စေတီတော်ဘက်သို့ ဦးခေါင်းကို ငိုက်စိုက်ချကာ လျှောက်၍ သွားလေသည်။ မြင့်နှင့် ပြုံးတို့သည် တစ်ဦးကိုတစ်ဦးက လှမ်းကြည့်ကြပြီးနောက် သူနောက်သို့ ဆောင်ရာသို့ ဖြည်းဖြည်း လျှောက်ကာ လိုက်ပါလာကြလေသည်။

ဆူးလေစေတီတော် ရင်ပြင်ထက်တွင် တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေပေသည်။ ထိုသို့ တိတ်ဆိတ်ငြိမ်သက်လှသော စေတီတော်၏ ရင်ပြင်တွင် လူငယ် သုံးဦးတို့သည် သူတို့ သုံးဦး ဖြတ်သန်းကျော်လွှားလာခဲ့ကြရသော အတိတ်အကြောင်းများကို ပြောဆိုကြလေသည်။ တစ်ဦး၏ အတိတ်ကို တစ်ဦးက ကြင်ကြင်နာနာ နားထောင်ပေးကြလေသည်။ စာနာသောစိတ်နှင့် ကြားနာလက်ခံခြင်းလည်း ပြုကြသည်။

သူတို့သည် များပြား ရှုပ်ထွေးလှသော အကြောင်းအရာများကို ပြောဆိုနေကြခြင်းဖြစ်လေရာ အချိန်နာရီများကို သုံးစွဲမှန်းမသိ သုံးစွဲကြရပေသည်။



ပြုံးသည် မြင့်နှင့်ကိုတင်ထွန်းတို့၏ အတိတ်အကြောင်းအရာနှင့် အဖြစ်အပျက်များကို ပြည့်ပြည့်စုံစုံ ကြားနာခြင်းပြုရသောအခါ ၎င်းခွင့်မလွှတ်နိုင်သော ဆင်သားအပေါ်၌ မသိမသာနှင့်လွှတ်စပြုလာသည်။ တကယ်ဆိုတော့ အတိတ်နှင့်ကင်းသောသူ အဘယ်မှာရှိသနည်း။ ဗုဒ္ဓရှင်တော်ပင် အတိတ်ကိုဆောင်၍ လူသုံးပါးတို့ကို အလိမ္မာတိုးစေခဲ့သည် မဟုတ်လော။

ပြုံးက သူနှင့် ကိုသစ္စာခေါ် ကိုမောင်မြင့်၏ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း ပြောပြလေသည်။ မြင့်သည် မျက်ရည်စကလေးများနှင့် ပြုံးနှင့် ကဗျာဆရာကလေး ကိုသစ္စာတို့၏ အတိတ်ဇာတ်ကြောင်းကို ကြားနာရလေသည်။

'တကယ်ဆိုတော့ ကိုယ်တို့တွေရဲ့ဘဝဟာ ဘာနဲ့တူသလဲဆိုတော့ မုဆိုးမိုက်နဲ့ လှောင်ချိုင့်လွဲမှားခဲ့ကြရတဲ့ ငှက်မောင်နှံနှစ်စုံတွဲနဲ့ တူနေတယ်၊ မုဆိုးဟာ ငှက်ဖိုနှစ်ကောင်နဲ့ ငှက်မကလေးနှစ်ကောင်ကို တောထဲကဖမ်းလာပြီး ဈေးတင်ရောင်း ဖို့အတွက် လှောင်ချိုင့်နှစ်ခုလုပ်တယ်၊ ဒါပေမယ့် လှောင်ချိုင့်ထဲကို ငှက်စုံတွဲတွေ ထည့်တဲ့အခါမှာ တစ်စုံက အဖိုကိုယူပြီး ကျန်တစ်စုံက အမကလေးနဲ့မှားပြီး ထည့်ပေးလိုက်တယ်၊ ဒီလို ငှက်မောင်နှံအတွဲဟာ လှောင်ချိုင့် တစ်ခုစီထဲရောက်ပြီး ဒု များကြရတဲ့ကိန်းပါပဲလေ၊ ဒါပေမယ့်...ခုမှတော့ ဘာမှ နိုင်ကြတော့ဘူး၊ မုဆိုးဆိုတဲ့ကံက ဖန်တီးပေးလိုက်ကြတဲ့အတိုင်း ကိုယ်ရောက်ရာ လှောင်ချိုင့်ထဲမှာပဲ ကိုယ့်အတွဲနဲ့ ပျော်ပျော်ရွှင်ရွှင်နေနိုင်အောင် ကြိုးစားကြရလိမ့်မယ်ထင်တယ်'

www.burmeseclassic.com



ထိုကဲ့သို့ ကဗျာဆရာက ရှင်းလင်းပြောပြလိုက်သောအခါ ပြုံးသည် လေးလေးနက်နက် သဘောပေါက်သွားသကဲ့သို့ ဦးခေါင်းကို ညိတ်ပြလိုက်သည်။ ထို့နောက်...သုံးဦးသားတို့သည် ညှိနှိုင်းခြင်း မပြုရဘဲ ထိုင်ရာမှ တစ်ပြိုင်နက်တည်း အတူထလိုက်ကြလေ၏။

မြို့တော်ခန်းမဘက်သို့ မျက်နှာပြုထားသော စေတီတော်မုခ်ဝမှ သုံးယောက်သား အတူ ပြန်ဆင်းလာကြစဉ် ဆူးလေလမ်းမကြီးအတိုင်း တရကြမ်း မောင်းချလာသော မော်ရစ်စ်ကားကလေးတစ်စီးသည် မုခ်ဝကည့်တည့်သို့ ရောက်ရှိလာလေသည်။ မော်ရစ်စ်ကားကို အရေးတကြီး မောင်းလာသူသည် မုခ်ဝမှ ဆင်းလာသော လူသုံးယောက်တို့ကို မြင်လိုက်လျှင် မတိုက်မိစေရန်အတွက် ဘရိတ်ကို တအား နင်းချလိုက်ရဟန် ရှိသည်။

မော်ရစ်စ်ကားကို မောင်းလာသူမှာ ကိုတင်ထွန်း ဖြစ်နေသည်။

'မင်းမိန်းမ ဘိုကလေးက သူ့အစ်မ ဝမ်းကွဲများဆီ ပြေးချင် ပြေးလိမ့်မယ်၊ အဲဒီတော့ မနက်လင်းအားကြီး ဘိုကလေးသဘော်ဆိပ်ကို ဆင်းကြည့်စမ်း'

ဟု ဇင်းယော်ကွမ၏ အကြံပေးချက်အရ သူသည် မယားပျောက်ဖမ်းရန် ယခုကဲ့သို့ လင်းအားကြီး ထွက်လာခြင်း ဖြစ်လေသည်။



'ဟင်....မြုံးပါလား'

သူ၏ မယားကို သူ့လင်က အလန့်တကြား နှုတ်ဆက်လိုက်သည်။ ထို့နောက်... မြင့်နှင့် ဇင်း၏ စာပြင်ဆရာဟောင်းတို့ကို မည်သို့မျှ ဆက်စပ်နားမလည်နိုင်သော အမူအရာဖြင့် ငေးစိုက်ကြည့်နေသည်။

'ကိုကို'

ပြုံးသည် မော်ရစ်(စ်)ကားကလေးအနီးသို့ ပြေးကပ်သွားလေသည်။

ကိုတင်ထွန်းသည် မော်တော်ကားတံခါးကို ကတိုက်ကရိုက်ဖွင့်ပေးလေသည်။ ပြုံးသည် မော်တော်ကားပေါ်သို့ ဝမ်းသာအားရ ပြေးတက်သွားပြီးနောက် သူ့လင်အနီးတွင် တိုးဝှေ့၍ထိုင်လိုက်သည်။

မြင့်နှင့် ကဗျာဆရာ မောင်သစ္စာတို့သည် ပြုံးနှင့် ကိုတင်ထွန်းတို့ လင်မယားကို ဝမ်းနည်းဝမ်းသာ ပြုံး၍ကြည့်နေကြသည်။ ထို့အတူ ကိုတင်ထွန်းနှင့် ပြုံးတို့ လင်မယားကလည်း မုခ်ဝတွင် ရပ်နေကြသော မြင့်နှင့် ကဗျာဆရာ မောင်သစ္စာတို့ကို ဝမ်းနည်းဝမ်းသာ ပြုံး၍ကြည့်နေမိလေသည်။

'သွားတော့နော် မြုံး'

မြင့်က ပြုံးကို နှုတ်ဆက်လိုက်သည်။

'သွားမယ်နော် မြင့်'

ပြုံးကလည်း မြင့်ကို ပြန်၍နှုတ်ဆက်လေသည်။

ယောကျ်ားနှစ်ယောက်တို့မှကား တစ်ဦးကို တစ်ဦး အသံထွက်အောင် နှုတ်ဆက်ခြင်းသာ မပြုလိုက်ကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကို တစ်ဦးက ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်ကာ ဦးခေါင်းကိုမော့ရင်း ပြုံးလိုက်ကြသည်။

မောရစ်(စ်) ကားကလေးသည် ဆူးလေ စေတီတော်ကို ရစ်ပတ်ကာ မောင်းထွက်၍ သွားသောအခါ တရားလွှတ်တော် ချုပ် နာရီစင်မှ ငါးနာရီထိုးသံကို ကြားကြရလေသည်၊ ယင်းသို့ ငါးနာရီ ထိုးလိုက်သည်နှင့် တစ်ပြိုင်နက် မြစ်ဘက်မှ ဆူးလေ လမ်းမကြီးအတိုင်း လေရူးသည် တရကြမ်း ဝှေ့ယမ်း၍ တိုက် ခတ်လာသဖြင့် ငြိမ်သက်နေသော ဆူးလေစေတီတော်မှ ဆွဲလွဲသံ များသည် ရိုက်ခတ်ဆူညံ၍ သွားလေသည်၊ ယင်းသို့ ဆွဲလွဲသံ များ ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် စေတီတော်ထက်မှ ဥပသကာများသည် ခေါင်းလောင်းများကို ဆူညံစွာ တီးခတ် ကြလေတော့သည်။

ကဗျာဆရာ မောင်သစ္စာသည် သချိုင်းကုန်းမှ စွန့်စွန့် စားစား တူးဖော်ကာ သူ့ကို ဒုတိယအကြိမ် ပြန်လည်မွေးဖွား ပေးခဲ့ရှာသော ဒုတိယ မိခင်၏ ခါးကလေးကို ဖက်လိုက်သည်။ ထိုအခိုက် မြို့တော်ခန်းမထက်တွင် ခိုအောင်းနေကြသော ခိုအုပ် ကြီးသည် ဝှူးခနဲ ထ၍ပျံကြလေသည်။

သူတို့နှစ်ဦးသည် တစ်ဦး၏ခါးကို တစ်ဦးကဖက်ရင်း ခိုအုပ် ကြီးကို မော့၍ ကြည့်ရှုနေကြသည်၊ ခိုအုပ်ကြီးအနက်မှ ခိုမောင်နှံ နှစ်ကောင်တို့သည် အရှေ့ဘက်တည့်တည့်သို့ ပျံသန်း သွားကြသဖြင့် သူတို့နှစ်ယောက်သည် ထိုခိုမောင်နှံ အတွဲကို



ငေးမော ကြည့်ရှုနေကြပြန်လေသည်။ ထိုသို့ ခိုမောင်နှံ တောင်ပံယှက်ကာ မခွဲမခွာ ပျံသန်းသွားကြသော အရှေ့ဘက် ဆီသို့ ငေးမော ကြည့်ရှုနေကြခိုက် အရှေ့ဘက်တစ်နေရာ၌ အမှောင်ထုကြီး အတွင်းမှ ကြီးမားနီရဲလှသော ပတ္တမြားကြီး တစ်လုံးသည် ရှန်းကန်လူးလွန့်၍ ထွက်နေလေသတည်း။

ဗန်းမော်တင်အောင်

www.burmeseclassic.com